

၂၀၁၅ ခုနှစ်၊ ပခုက္ကူဦးအုံးဖေတည်ထောင်သော
ပခုက္ကူစာပေဆု၊ ကျမ်းစာပေ တတိယဆု

## ဘဝထိုထို ထန်းရိပ်ညို့

### နွေးထွေး (ပုသိမ်ကြီး)

အဖ ဦးမြို့ အမိ ဒေါ်ငွေမယ်တို့က ၁၉၄၈ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်တွင် ပုဂံညောင်ဦးမြို့နယ်၊ စဉ့်ကူတိုက်နယ်ခွဲ၊ မြေနီကျေးရွာအုပ်စု၊ ဗိုလ်ကုန်းရွာ၌ မွေးဖွားသည်။

၁၉၅၈ ခုနှစ်တွင် အစိုးရစစ် စတုတ္ထတန်းကို ရွာအစိုးရမူလတန်းကျောင်း၊ ၁၉၆၂ ခုနှစ်တွင် အစိုးရစစ် အဋ္ဌမတန်းကို ကြီးနီရွာအစိုးရအလယ်တန်းကျောင်း၊ ၁၉၆၄ ခုနှစ်တွင် အစိုးရစစ် တက္ကသိုလ်ဝင်တန်းကို ချောက်မြို့အထက်တန်းကျောင်း၊ ၁၉၆၇ ခုနှစ်တွင် ဒုတိယနှစ်သိပ္ပံတန်းကို မကွေးကောလိပ်၌ တက်ရောက်သင်ကြားခဲ့ပြီး ၁၉၆၉ ခုနှစ်တွင် သိပ္ပံဘွဲ့ကို မန္တလေးတက္ကသိုလ်မှ ရရှိခဲ့သည်။

၁၉၇၁ ခုနှစ်၊ မေလ ၅ ရက်တွင် သမဝါယမဝန်ကြီးဌာန၌ အလုပ်သင်အရာရှိအဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့ပြီး ၂၀၀၈ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်တွင် ဦးစီးအရာရှိရာထူးဖြင့် အငြိမ်းစားယူခဲ့သည်။

၂၀၀၂ ခုနှစ်တွင် မန္တလေးနေ့စဉ် သတင်းစာပါ "လင်းလက်ဝေဖြာ မြန်မာ့" ဆောင်းပါးဖြင့် စာပေနယ်သို့ စတင်ဝင်ရောက်ခဲ့သည်။


အမည်ရင်း - ဒေါ်ခင်သိန်း ဖြစ်သည်။
နေရပ်လိပ်စာ - အမှတ် ၁၄၊ ပုဂံစာပေ၊ ရတနာပုံလမ်း၊
ရန်ကင်းသာယာရပ်ကွက်၊ ပုသိမ်ကြီးမြို့
မန္တလေးတိုင်းဒေသကြီး။

နွေးထွေး (ပုသိမ်ကြီး) ◆ ဘဝထိုထို ထန်းရိပ်ညို့

ပခုက္ကူစာပေဆု ကျမ်းစာပေ တတိယဆု

# ဘဝထိုထို ထန်းရိပ်ညို့

## နွေးထွေး (ပုသိမ်ကြီး)



၂၀၁၅ ခုနှစ်၊ ပခုက္ကူဦးအုံးဖေတည်ထောင်သော
ပခုက္ကူစာပေဆု၊ ကျမ်းစာပေ တတိယဆု

# ဘဝထိုထို ထန်းရိပ်ညို

## နွေးထွေး (ပုသိမ်ကြီး)

တည်းဖြတ်သူ - ဒေါ်သန်းသန်းစီ (သန်းသန်းစီ-စာပေဗိမာန်)
စာတည်း

မျက်နှာဖုံး - သူဇာဝင်း

စာပေဗိမာန်ထုတ် ပြည်သူ့လက်စွဲစာစဉ်

၂၀၁၈ ခုနှစ်၊ ပထမအကြိမ်၊ အုပ်ရေ ၁၀၀၀

## ဒို့တာဝန်အရေးသုံးပါး

* ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
* တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
* အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

တန်ဖိုး (        ) ကျပ်

ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန
စာပေဗိမာန် စာတည်းမှူးချုပ် ဦးကိုကိုနိုင်က
မှတ်ပုံတင်အမှတ် ၀၀၉၆၁ ဖြင့်ပုံနှိပ်၍
မှတ်ပုံတင်အမှတ် ၀၃၉၁၁ ဖြင့်ထုတ်ဝေသည်။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | ချစ်နိုင် (စိတ်ပညာ) အမှာစာ | |
| | နိုင်စေရ (မန်းတက္ကသိုလ်) စာပန်းသဝဏ် | |
| ၁။ | ထန်းဆိုသည်မှာ | ၁ |
| ၂။ | စောခင် ထန်းပြင်နေသည် | ၉ |
| ၃။ | ညှပ်ရာသီ | ၁၈ |
| ၄။ | မြူအိုးကောက်သူ | ၂၉ |
| ၅။ | ချိုတမြမြ | ၄၁ |
| ၆။ | ခါးသလေ လေ့ | ၅၇ |
| ၇။ | စင်မိုးချိန် | ၆၃ |
| ၈။ | ဘဝထိုထို ထန်းရိပ်ညို | ၇၁ |
| ၉။ | ထန်းနှင့် ရွာသို့အလွမ်း | ၈၄ |
| ၁၀။ | အလယ်သီး | ၉၀ |
| ၁၁။ | သီးရင့် | ၉၇ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၁၂။ | ထန်းလျက်ချိုချို | ၁၀၆ |
| ၁၃။ | ရန်သူများ | ၁၁၄ |
| ၁၄။ | ဆွေမျိုးဉာတိ | ၁၁၉ |
| ၁၅။ | ချက်ဆေး | ၁၂၆ |
| ၁၆။ | ထန်းလျက်ပွဲရုံ | ၁၃၄ |
| ၁၇။ | တောထန်း တန်းထော | ၁၄၄ |
| ၁၈။ | တောဆူမှ မြို့ဝ | ၁၄၉ |
| ၁၉။ | ထန်းအမွေ | ၁၅၇ |
| ၂၀။ | ထန်းဦးနှောက် | ၁၆၆ |
| ၂၁။ | ရေကြီး မိုးခေါင် | ၁၇၄ |
| ၂၂။ | မိုးခေါင် ဆင်နင်း | ၁၈၂ |
| ၂၃။ | အဖြေ | ၁၉၀ |
| ၂၄။ | ခေတ်ပြောင်းပြီ | ၁၉၇ |
| ၂၅။ | နိဂုံးစကား | ၂၀၆ |
| ၂၆။ | ကျမ်းကိုးစာရင်း | ၂၀၉ |

# ဆရာချစ်နိုင် (စိတ်ပညာ) ၏ အမှာစာ

“ဘဝထိုထို ထန်းရိပ်ညို” တဲ့။

ဘဝထိုထို ထန်းရိပ်ညိုဆိုသောစာအုပ်။

စာရေးသူကား နွေးထွေး (ပုသိမ်ကြီး) တဲ့။

စာရေးသူတို့ ငယ်စဉ်ဘဝထန်းပင်ရိပ်မှာ ကြီးပြင်းခဲ့ရ၏။ ကလေးဘဝ ထန်းတောထဲမှာ ပြေးလွှားဆော့ကစားခဲ့၏။ ရွာမှ ချောက်သို့ ကျောင်းတက်သွားလျှင် ယာခင်းတွေ ထန်းတောတွေကို ဖြတ်ကျော်သွားကြရ၏။ အရှေ့ဘက်ဆီမှာတော့ ပြာမှိုင်းနေသော ပုပ္ပါးတောင်ကို အဝေးမှမြင်ရသည်။ ကျွန်တော်တို့ရွာလေးသည် ပုပ္ပါးတောင်၏ အနောက်ဘက်တည့်တည့် မိုင် ၂၀ ခန့်အကွာတွင် ရှိ၏။ ရှေးဟောင်းမြို့တော် ပုဂံ၏တောင်ဘက်တည့်တည့် မိုင် ၂၀ ကျော်အကွာတွင်ရှိ၏။

ဧရာဝတီမြစ်အရှေ့ဘက်ကမ်းပေါ်မှာတည်ရှိသော ချောက်မြို့ ရေနံမြေ၏အရှေ့ဘက် ငါးမိုင်အကွာမှာတည်ရှိသည့် ကြီးနီရွာ။

မိမိဇာတိ ကြီးနီရွာမှာ အလယ်တန်းကျောင်းရှိသည်။

ကျွန်တော်တို့ကြီးနီရွာ၏ မြောက်ဘက် နှစ်မိုင်ခန့်အကွာမှာ ဗိုလ်ကုန်းရွာရှိသည်။ မူလတန်းကျောင်းသာရှိသည်။ ဗိုလ်ကုန်းရွာရှိ

ကျောင်းသားကလေးငယ်များ လေးတန်းအောင်ကြသောအခါ ပညာဆက်သင်ချင်လျှင် ကြီးနီအလယ်တန်းကျောင်းသို့ လာတက်ကြရ၏။

ဆယ်နှစ်၊ ဆယ့်တစ်နှစ်ကလေးငယ်များသည် နှစ်မိုင်လောက်ကွာဝေးသောခရီးကို ယာတော၊ ထန်းတော၊ သဲတောကို ဖြတ်ကာ ကျောင်းလာတက်ကြရသည်။ အသွား နှစ်မိုင်၊ အပြန် နှစ်မိုင်။

ဆရာမနွေးထွေး (ပုသိမ်ကြီး) ကလောင်အမည်ရှိသော ဒေါ်ခင်သိန်းသည် ကျွန်တော်နှင့် ကြီးနီအလယ်တန်းကျောင်းတွင် ငါးတန်းအတူတူ၊ ခြောက်တန်းအတူတူ၊ ခုနစ်တန်းအတူတူ၊ သုံးနှစ်တာမျှ ကျောင်းနေဖက် ငယ်သူငယ်ချင်းများဖြစ်၏။ တကယ်ပြောလျှင် သူက ညောင်ဦးနယ်သူ၊ မန္တလေးတိုင်းသူ၊ စာရေးသူက ချောက်သား၊ မကွေးတိုင်းသား၊ နှစ်မိုင်မျှသာ ရွာချင်းကွာသော်လည်း တိုင်းဒေသကြီးအနေနှင့်တော့ မတူ။

မခင်သိန်းလေးက ငယ်စဉ်ကပင် စာတော်သည်။ ဉာဏ်ရည်ထက်မြက်သည်။ စာကြိုးစားသည်။ အတန်းထဲတွင် အမြဲထူးချွန်သည်။

သူမှမဟုတ်၊ သူ့အစ်ကို၊ သူ့မောင်၊ သူ့တူ၊ သူတို့ဆွေမျိုးမောင်နှမအားလုံးသည် စည်းကမ်းကောင်းသည်။ စနစ်ကျသည်။ စာကြိုးစားသည်။ စာတော်ကြသည်။

ကျွန်တော့်အဖေ အလယ်တန်းပြဆရာဦးမာတင်က မခင်သိန်းတို့ မောင်နှမအားလုံးကို အမြဲချီးကျူးသည်။ မျိုးနှင့် ရိုးနှင့် ဉာဏ်ရည်ထက်မြက်သောအမျိုးဟု ဆိုလေ့ရှိသည်။ ဦးမြို့က



မွေးသမျှ ဉာဏ်ရည်ဉာဏ်သွေး (Intelligence Quatient (IQ)) မြင့်တဲ့သူချည်းပဲဟု ပြောလေ့ရှိခဲ့၏။ စိတ်ပညာကို မန္တလေးတက္ကသိုလ်မှာ လေးနှစ်တာသင်ယူခဲ့ရသောအခါတွင်လည်း ဉာဏ်ရည်ပြကိန်းသည် မျိုးရိုးဗီဇ (Gen) နှင့် ဆက်သွယ်ကြောင်း သိမြင်ရ၏။ မျိုးရိုးလိုက်သောသဘော (Hereditary) ရှိကြောင်း သင်ယူခဲ့ရပါ၏။

ငယ်စဉ်ကျောင်းသားကျောင်းသူဘဝကပင် စာတော်ခဲ့သော ဒေါ်ခင်သိန်းသည် ဘွဲ့ရပြီးသော် သမဝါယမဦးစီးဌာနမှာ တာဝန်ထမ်းဆောင်သည်။ နောင်အခါပင်စင်ယူသည်။ ပုသိမ်ကြီးမြို့မှာ အခြေချနေထိုင်လေသည်။

အထက်တန်းကျောင်းတက်သည့် အချိန်မှစ၍ ကွဲကွာဝေးကွာသွားခဲ့ကြသဖြင့် သူဘယ်အချိန်မှာ စာပေကို စတင်ရေးနေပြီလဲ မိမိမသိ။ ၂၀၁၂ မှာတော့ သူ့ဆောင်းပါးများကို သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတို့၌ အဆက်မပြတ်ရေးလာကြောင်း ဖတ်ရ၊ တွေ့ရသည်။

“ပုဂံခေတ် ဒေဝီများ” ကို ခင်သိန်း (ညောင်ဦး) အမည်ဖြင့် ရေးသားထုတ်ဝေခဲ့သည်။

“ချစ်သောမြနန္ဒာ” စာအုပ်ကို နွေးထွေး (ပုသိမ်ကြီး) အမည်ဖြင့် ရေးသားထုတ်ဝေခဲ့သည်။

“ဘဝထိုထို ထန်းရိပ်ညို” ဤစာအုပ်သည် သူ၏ တတိယမြောက် လက်ရာဖြစ်ပါသည်။

မိမိသည် ထန်းပင်တွေကြားမှာကြီးခဲ့ပါ၏။ ထန်းတောထဲမှာ ဆော့ကစားခဲ့ပါ၏။ ထန်းပင်အကြောင်းကိုတော့ ဆရာမနွေးထွေး

(ပုသိမ်ကြီး) လောက် မသိပေ။ ထန်းရည်ခါး၊ ထန်းရည်ချိုတို့ကိုကား ငယ်စဉ်ကသောက်ဖူးပါ၏။ ထန်းသီးပေါ်ချိန် ထန်းသီးဆံစားရသည်ကိုလည်း နှစ်သက်ပါ၏။ ထန်းနှင့်ပတ်သက်လျှင် ဤစာအုပ်ဖတ်မိမှ မိမိ မသိသေးတာများစွာသိလာရပါသည်။ သူငယ်ချင်းကို ကျေးဇူးတင်မိသည်။

"ရသစာပေမှာ စိတ်ခံစားမှုက အဓိကကျတယ်။ အတတ်ပညာရယ်၊ အနုပညာရယ် နှစ်ခုရှိတယ်" ဟု စာရေးသက် ၁၅ နှစ်ရှိပြီဖြစ်သော စာရေးဆရာမ ပုညခင်ကဆို၏။ (၁၇-၅-၂၀၁၅ ဆဲဗင်းဒေးနယူး(စ်) ဂျာနယ်၊ စာမျက်နှာ-၅၁)

ဆရာမနွေးထွေး (ပုသိမ်ကြီး) ၏ တတိယမြောက်စာအုပ်သည် အညာဒေသဇာတိရွာကို သတိရစေပါ၏။ ထန်းအကြောင်း ပို၍ စေ့စပ်စွာ နားလည်ခွင့်ရပါ၏။ ဉာဏ်ရည်ထက်မြက်၍ လုံ့လဝီရိယကြီးမားသော ဆရာမနွေးထွေး (ပုသိမ်ကြီး) သည် ယခုထက်ပိုမိုရသမြောက်သော အနုပညာလက်ရာစာပေများကို ဆက်လက်ဖန်တီးနိုင်ဦးမည်ဟု စာရေးသူက အပြည့်အဝယုံကြည်နေပါသည်။

သူငယ်ချင်း ပိုမိုအောင်မြင် ထွန်းတောက်ပါစေ. . .။

**ချစ်နိုင် (စိတ်ပညာ)**





ထန်းပင်ငယ်လေးများ

# စာပန်းသဝဏ်

မြန်မာ့သက်တ၊ အမှတ်တံဆိပ်၊ အမျိုးသားရေးလက္ခဏာဖြစ်သော သပြေ၊ ပိတောက်၊ ကြာပန်း၊ ဟင်္သာ၊ ဒေါင်း၊ ခြင်္သေ့၊ ဆင် စသည်တို့နှင့်အတူ ထန်းသည်လည်း အဓိပ္ပာယ်အနှစ်သာရဂုဏ်အင်္ဂါစုံလင်စွာ ထူးထူးကဲကဲ ထည်ထည်ဝါဝါ ပါဝင်လျက်ရှိသည်။

အသုံးဝင်ပုံများပြားလှ၍ ပဒေသာပင်ဟု တညီတညွတ်တည်းတင်စားညွှန်းပြုကြရသည်။ အချို့က ထန်းရိပ်ညိုကို ဗဟိုပြုရ၏။ အချို့က ထန်းတောအုပ်ကို အိမ်လုပ်ရ၏။ အချို့က ထန်းထွက်ကုန်ကို စုံမက်ကြ၏။ ထန်းအကြောင်း ကဗျာ၊ ပုံပြင်၊ ဝတ္ထု၊ ပန်းချီ၊ ပန်းပု၊ ဂီတ၊ ခေတ်ပုံ အလင်္ကာဂုဏ် ဖန်ဆင်းကြသူအနုပညာရှင်များစွာလည်းရှိ၏။ ဤသည်ပင်လျှင် လူတို့၏ဘဝအထွေထွေသည် ထန်းတို့၏ သဘောသဘာဝအခြေအနေကို ဆောင်နေသည်။ ဤကား **“ဘဝထိုထို ထန်းရိပ်ညို”** ပင် ဖြစ်တော့သည်။

ဤ **“ဘဝထိုထို ထန်းရိပ်ညို”** စာအုပ်တွင် ခေတ်အဆက်ဆက် ထန်းတက်သမားတို့၏ဘဝ၊ ထန်းပင်တို့၏ဘဝ၊ ထန်းပင်တို့ဇာတိ၊ ထန်းပင်တို့၏ ပထဝီဝင်၊ ရုက္ခဗေဒအကြောင်းအရာ၊ ထန်းပင် တစ်ပင်လုံးအသုံးဝင်ပုံ၊ ထန်းရည်ထန်းလျက်ဆေးဖက်ဝင်ပုံ၊ အဆင့်ဆင့်ထုတ်လုပ်ပုံတို့ကို ရှုထောင့်စုံ၊ မြင်ကွင်းစုံ၊ ကဏ္ဍစုံ၊ ရသစုံ ရှာဖွေစုစည်း ခံစားရေးဖွဲ့ထားသဖြင့် စာဖတ်သူများ

အတွက် ဗဟုသုတ အကြောင်းအရာ၊ အကျိုးတရားတိုးပွားစေမည် ဧကန်ဖြစ်သည်။

ထိုထိုသောအကြောင်းစုံ အကျိုးဂုဏ်တို့အားဖြင့် နွေးထွေး (ပုသိမ်ကြီး) သို့မဟုတ် ခင်သိန်း (ညောင်ဦး) သည် သမိုင်းဝင်ပုဂံ ညောင်ဦးဇာတိငယ်ဘဝ၊ မိသားစုဘဝ၊ အမှုထမ်းဘဝ၊ အရာထမ်း ဘဝ၊ စာရေးဆရာမဘဝ၊ ပင်စင်စားဘဝ၊ ဓမ္မချစ်ခင်သူတော်စင် ယောဂီဘဝစသည်ဖြင့် အဖိုးတန်လူသားတစ်ဦးအဖြစ် တဖြည်းဖြည်း ရင့်ကျက်မြင့်တက်လာသဖြင့် သူ့လမ်းစဉ်သည် ထန်းပင်အသွင် ဆောင်ခဲ့ချေပြီ။

ထန်းပင်သည် ပဒေသာပင်ဟုညွှန်းဖွဲ့စာသရသလို ဤ **"ဘဝထိုထို ထန်းရိပ်ညို"** စာအုပ်သည်လည်း ဆောင်းပါး၊ ဝတ္ထု၊ ကဗျာ၊ ခေတ်ပုံ၊ သီချင်း သုတရသ စာပဒေသာအမျိုးအစားဟု မှတ်ချက်ပြုရမည် ဖြစ်သည်။


ဤသို့အားဖြင့် "နွေးထွေး (ပုသိမ်ကြီး)" သည်လည်း သုတ ရသစွယ်စုံ ပဒေသာပင် စာပေပညာရှင်အသွင်စွမ်းဆောင်နိုင် ပါစေဟု ယုံကြည်မျှော်လင့်ရင်း. . .

**ပုဂံခေတ် ဒေဝီများ၊ ချစ်သောမြနန္ဒာ၊ ဘဝထိုထို ထန်းရိပ်ညို** ဟူသော လောကအကျိုးပြု စာကောင်းပေမွန်များမှစ၍ ဖန်တီး ထုတ်လုပ်နေမည်ကိုသာ ယုံကြည်မျှော်လင့်ရင်း. . .

ပုသိမ်ကြီးမြို့နယ် စာရေးဆရာအသင်းဝင်အမျိုးသမီး စာရေးဆရာမတစ်ဦး၏ ကိုယ်တိုင်ရေးသမိုင်းတာဝန် အောင်အောင် မြင်မြင်ထမ်းဆောင်နေမှုကို မုဒိတာအဟုန်ထုဖြင့် ဂုဏ်ပြုအပ် ပါကြောင်း. . .။

**နိုင်စေရ (မန်းတက္ကသိုလ်)**







ထန်းပင်ထန်းတော လွမ်းမောဖွယ်ရာ

## နွေဦးကာလ မြူထသောခါ
## (တျာချင်း)

နွေဦးကာလ၊ မြူထသောခါ
ရင်းထောင်ရင်းဆွဲ၊ ဆောင်မြဲအိုးလွယ်ကာ
ဓားနှီးထက်စွာ၊ ခါးမှာချပ်လျက်
ထန်းပွင့်ထန်းခိုင်၊ ရှန်းမြိုင်မြိုင်
ကလိုင်သာလွယ်လို့တက်သည်နှင့်လေး။
ထန်းပင်ထန်းလက်၊ ထန်းရွက်ကယ်ဝေဝေ
စင်အောင်ခုတ်ထစ်၊ နုမြစ်ကယ်ထန်းဦးရေ
မယားငယ်ဆွေ၊ ထန်းရေသိမ်းဆည်း
သားမြေးဟစ်ကြော်၊ ခွေးဝက်ကယ်ခေါ်
ထန်းလျှော်သာ ယုန်ပိုက်စည်းငယ်နှင့်လေး။
ခေါ်သံရိုက်ဟည်း၊ လူလည်းကြော်ငြာ
ခွေးဟစ်လူဟစ်၊ ခတ်ပစ်ကယ်ခြောက်သောခါ
ပုတတ်ကယ်ယုန်ခါ၊ တောမှာရှိကြ
ငုံးကြက်ကယ် ဖွတ် မြွေ၊ ဝံပုလွေ
မနေထွက်လာကြသည်တည့်လေး။
ဝမ်းသာအားရ၊ မယားကတစ်သွယ်
ဟင်းရွက်ဆိုးကောင်း၊ သောင်းပြောင်းရော၍လွယ်

လင်ကတစ်သွယ်၊ ယုန်ငယ်ကစ
တောသတ္တဝါ၊ တွေ့တိုင်းကိုသာ
အိတ်မှာသာယူ၍ချသည်နှင့်လေး။
သို့နှင့်ရောက်က ခဏအောင့်လျှင်
တံစို့ထက်နှင့်၊ ထန်းလျက်ဖိုမှာကင်
ဟင်းအိုးဆူလျှင်၊ အကင်ခတ်ပြီး
အိုးကင်းနှင့်လှော်၊ ရေနှင့်ကြော်
မိုးမျှော်ငရုတ်သီးငယ်နှင့်လေး။
နီးဒေါင်းလန်းကြီး၊ ခူးပြီးသောခါ
သမီးနှင့်သား၊ များလို့မဝင်သာ
ဒူးတစ်ဖက်ဟာ၊ တွန်းကာဖယ်လျက်
သူ့ထက်ငါလေ၊ စားတော့မည်စေ
စားပေသာလှအုန်းခွက်ကယ်နှင့်လေး။
ငုံ့လျက်ကိုယ်စီသာ ဆုပ်ကာလွေးတော့သည်။
ပြီးလျှင်ရေမရှာ ခွေးသာကျွေးတော့သည်။

**(ဝန်ကြီးပဒေသရာဇာ)**

## ထန်းဆိုသည်မှာ

ထန်းပင်သည် ကမ္ဘာသုံးအားဖြင့် ရုက္ခဗေဒအမည်မှာ ပါလမေစီအေး (Palmceae) မျိုးရင်းဖြစ်၍ ပေပင်၊ အုန်းပင်၊ ကွမ်းသီးပင်၊ ဓနိပင်၊ စလူပင်၊ စွန်ပလွံပင်၊ ဆပ်သွားဖူးပင်တို့သည် ထန်းပင်နှင့် မျိုးရင်းတူကြသည်။ နီးစပ်သောမျိုးရင်းများမှာ ၁၅၀၀ ကျော်ရှိသည်ဟုဆိုကြ၏။

အရွက်ပုံစံကိုလိုက်၍လည်း နှစ်မျိုးခွဲခြားထားသည်။ တစ်မျိုးမှာ ငှက်မွေးပုံဖြစ်သည်။ ကျန်တစ်မျိုးမှာ ယပ်တောင်ပုံဖြစ်သည်။ အုန်းပင်၊ ကွမ်းသီးပင်၊ စွန်ပလွံပင်တို့သည် ငှက်မွေးပုံအရွက်ရှိ၏။ ထန်းပင်၊ ပေပင်တို့သည် ယပ်တောင်ပုံအရွက်ရှိကြသည်။

ထိုယပ်တောင်ပုံအရွက်ရှိသောထန်းတို့ကို ကော်ရီဖာ (Corypha) နှင့် တော်ဒီ (Toddy) ဟူ၍ ခေါ်ကြသည်။ ကော်ရီဖာထန်းကို ရှေးအခါက 'ပိယ်' ဟုခေါ်ကြ ရေးသားကြသည်။ ဗမာလူမျိုးတို့သည် 'ပေ' ဟု ရွေ့လျားခေါ်ကြသည်။ မွန်လူမျိုးတို့သည် 'ရိုက်' ဟုခေါ်ကြ၏။ တော်ဒီထန်းကို ဗမာတို့သည် 'ထန်း' ဟု ခေါ်ဆိုကြပြီး မွန်တို့သည် 'တာ' ဟု ခေါ်လာကြပြန်၏။ 'ထန်း' နှင့် 'တာ' သည် ပါဠိဘာသာ 'တာလ' မှ ဆင်းသက်ဖြစ်ပေါ်လာခြင်းဖြစ်၏။

'တာလောဝိယ ဒီဃောကာယော ယသတိ ဒီဃတာလာ' ယသာ-အကြင်မိန်းမအား၊ တာလော ဝိယ-ထန်းပင်ကဲ့သို့၊ ဒီဃော-မြင့်ရာထင်သော၊ ကာယော-ကိုယ်သည်၊ ဟောတိဖြစ်၏" ဣတိယသ္မာ-ထိုသို့ (ထန်းပင်ကဲ့သို့) ကိုယ်သဏ္ဌာန် မြင့်ရာတင်ခြင်းကြောင့်သာ ထိုမိန်းမသည် ဒီဃတာဌာ၊ ဒီဃတာဌာမည်၏။

**မင်းဘူးဆရာတော် ဦးဩဘာသ**
**(မဟောသဓာဇာတ်တော်)**

**ထန်းပေါ်ပေါက်လာပုံ**

ထန်းပင်များပေါက်၍ ပေါ်ပေါက်လာခြင်းကို ပုဂံခေတ်၌ စတင်ကာ ကျောက်စာတင်၍ မှတ်တမ်းပြုထားခဲ့ပေသည်။ ရှေးယခင်မှတ်တမ်းများ မြန်မာနိုင်ငံ၌မရှိပါ။ မဟောသဓာဇာတ်တော် ဧကူနဝီသတိပဥ္စာခန်း၌ 'မဟောသဓာသည် ထန်းပင်ထက်ရှိကျီးသိုက်အတွင်းမှ ပတ္တမြားကို သူ၏ပညာစွမ်းဖြင့် ယူဆောင်၍ ဝိဒေဟရာဇ်မင်းကြီးအား ဆက်သနိုင်ခဲ့သည်'ဟု ဖော်ပြထားခဲ့၏။ တေ၊ ဇ၊ သု၊ နေ၊ မ၊ ဘူ၊ စန်၊ နာ၊ ဝိ၊ ဝေတည်းဟူသော ဘုရားလောင်း ဇာတ်တော်ကြီး (၁၀) ဘွဲ့တွင် မဟောသဓာဇာတ်တော်သည် ပဉ္စမမြောက်ဇာတ်တော်ဖြစ်၏။ ထို့ကြောင့် ထန်းပင်သည် ရှေးနှစ်ပေါင်းများစွာတွင် ပေါ်ထွန်းခဲ့ပြီးဖြစ်ပေမည်။

ပုဂံခေတ်ကျောက်စာများတွင် ထန်းစိုက်ပျိုးခြင်း၊ ထန်းပင်၏ အသုံး၊ ထန်းပင်အလှူအကြောင်းများကို ဖော်ပြခဲ့ကြသည်။



သက္ကရာဇ် ၅၈၂ ခုနှစ်တွင် ရေးထိုးသော မင်းအနန္တသူ ကျောက်စာတွင်. . .

"ငါလေ သိမြင်နှံ့စပ်သော သဗ္ဗညုတဉာဏ်ဘုရားဆုကို လိုချင်သောကြောင့် ဤအာမနာမည်သော ကန်အရပ်နှိုက်ကား၊ များစွာသော ထန်းပင်တိလျှင် ကျောင်းအရံစိုက်လတ်၍၊ အုတ်အတိပြုသော တည်ကိုင်လေ နှစ်ထပ်ရံလတ်၍". . . ဟု ရေးထိုးဖော်ပြပါသည်။

ခရစ်နှစ် ၁၀၄၄ ခုနှစ်တွင် ပုဂံပြည်၌ အနော်ရထာမင်းကြီး နန်းတက်သည်။ ထိုမင်းလက်ထက်တွင် ထန်းအတတ်၌ တစ်ဖက်ကမ်းခပ်ကျွမ်းကျင်သူ မြင်းမူသား ငထွေရူးကို သူကောင်းပြုထားကြောင်း လေ့လာသိရှိရ၏။

**ကုသလံ-ကမ္ဗဇရယ်ကြောင့်၊ ဈာန်ရသူ-ဆိုရန် သင့်ပေလိမ့်၊ ငြမ်းမဆင်-ထန်းပင်မြင့်၊ လမ်းထွင်လင့် နိစ္စမူ။**
**ခါးယံမှာ ဓားသန်လျက်ကယ်နှင့်၊ တစ်ရက်လျှင်နှစ်ကြိမ်ပ၊ ထက်ဝတီ ဗွေတခိုမှာ၊ နေညိုလျှင် ရေချိုအိုး၊ ကြိုးနှင့် သယ်ယူ။**
**နော်ရထာစံတည်တဲ့၊ ပုဂံပြည် စည်ပွင့်လင်းစဉ်က ရွာမြင်းမူ သာတဲ့ကျေးမှာဖြင့်၊ မောင်ထွေးနာမည်နှင့် တစ်ရာရည် ပင်စည်ထန်းတို့၊ ကျင်ကျွမ်းကာ နေ့စဉ် တက်နိုင်လို့၊ ဝင်ထွက်ကာ ကျန်စစ်သားတို့နှင့်၊ ခစားရ အတူတူ၊ ကျော်ဇမ္ဗူခြိမ့်သဲ။**

**နွေအခါ ရေပြာညိုတဲ့၊ ရွှေထန်းဖို ခန်းကာပပြန်တော့၊ ထန်းမမှာ လှမ်းကာတက်လို့၊ ထန်းလျက်ပါချက်ကာရောင်းရ၊ သိန်းသောင်းရေ ရွှေငွေလျှံလို့၊ ပြေ (ပြည်) ပုဂံ ကျန်စစ်သား တို့နှင့်၊ စစ်များစွာအောင်သည့်ရေးရယ်ကြောင့်၊ မောင်ထွေး နာမည်ရင်းငယ်နှင့်၊ ရာဇဝင်စာတင်လို့သွားခဲ့ မြင်းမူသားနဲ့။ ။**

**(ရှေးစာဆို မောင်းထောင်ဦးကျော်လှ)**
**သံချို**

ထန်းပင်သည် ပုဂံခေတ်၌ပင် စီးပွားဖြစ်စိုက်ပျိုး၍၊ အကျိုးရှိပြီးလျှင် ပြည်သူများ လှူနိုင်တန်းနိုင် ပေးနိုင်ကမ်းနိုင် ခြွေနိုင်ရုံနိုင်ပုံများကို ထင်ထင်ရှားရှား ဖော်ပြလျက်ရှိခဲ့လေသည်။

## စိုက်ပျိုးပေါက်ရောက်ရာဒေသများ

ထန်းပင်သည် မိုးရေချိန်လက်မ ၂၀ မှ ၄၀ အတွင်း ရွာသွန်း၍ ပူပြင်းခြောက်သွေ့သော ရာသီဥတုကို နှစ်သက်သည်။ အာရှတိုက်၊ အာဖရိကတိုက်၊ အမေရိကတိုက်၊ ပစိဖိတ်သမုဒ္ဒရာ အတွင်းရှိ ကျွန်းများတွင် ထန်းပင်များ ပေါက်ရောက်၏။ ပူပြင်းသော အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံများတွင် ထန်းပင် အများအပြားတွေ့ရသည်။ မြန်မာနိုင်ငံတွင် ရေဝပ်ရာဒေသမှလွဲ၍ နေရာအနှံ့အပြားပေါက်ရောက်သည်။ အထူးသဖြင့် ပူပြင်း ခြောက်သွေ့သော မြေလတ်ဒေသနှင့် အထက်ပိုင်း စစ်ကိုင်းတိုင်း ဒေသကြီးတွင် အများဆုံးတွေ့ရသည်။ တနင်္သာရီတိုင်းဒေသကြီးနှင့်



ဧရာဝတီတိုင်းဒေသကြီးတို့၌ အလေ့ကျပေါက်သည့် ထန်းပင် အနည်းအပါးတော့ ရှိကြသည်။

## ပုံသဏ္ဌာန်

ထန်းပင်သည် အတွင်းတွင်အနှစ်ရှိပြီး အပြင်မှာ အကာ တည်လျက် ပေါက်လေ့ရှိသော သစ်ပင်မျိုးနွယ်မဟုတ်ချေ။ အပြင်မှာ အကာရှိ၍ အတွင်းမှာ အူချောင်းပါသည်။ မြက်အမျိုးအနွယ်ဝင်ပင် ဖြစ်သည်။ အပင်သည် မတ်စောက်ပြီး အထက်သို့ ဖြောင့်ဖြောင့် မတ်မတ် ထိုးတက်လေ့ရှိသည်။ အကိုင်းများ မထွက်ချေ။ အပင်ပေါက်ခါစ ကြီးထွားနှုန်းနှေးကွေး၏။ အရွယ်ရောက်သော် ကြီးထွားနှုန်းမြန်သည်။ ပျမ်းမျှကြီးထွားနှုန်းမှာ တစ်နှစ်လျှင် ခြောက်လက်မနီးပါးခန့်ရှိ၏။ အရပ်အခေါ် ကြက်မတစ်ဝပ်စာမျှ မြင့်လာသည်ဟု ဆိုကြသည်။ ထန်းပင်သည် ပျမ်းမျှ ပေခြောက်ဆယ် (၆၀) မှ ပေရှစ်ဆယ် (၈၀) အထိရှိသည်။ ထိုထက်မြင့်မားသော အပင်အချို့လည်း ရှိတတ်ပါသေးသည်။

ထန်းပင်သည် သက်တမ်းအားဖြင့် နှစ်ပေါင်း ၁၅၀ ကျော်မှ ၂၀၀ ကျော်အထိ ရှိနိုင်သည်။

## ထန်းရိုင်း

အသီး၊ အပွင့်ထွက်မလာသေးသော ထန်းပင်ငယ်များကို ထန်းရိုင်းဟုခေါ်ကြ၏။ ထန်းပင်သည် လူနှင့်တူသည်။ စိုက်ပျိုးပြီး စတင်ပေါက်၍ ၁၅ နှစ်၊ နှစ် ၂၀ ကြာမြင့်မှ အရွယ်ရောက်သည်။

ကလေးများအား စနစ်တကျပြုစုရန် လိုအပ်သည်။ ထို့အတူ ထန်းပင်ပေါက်ကလေးများကို ထန်းပင်ခြေအထိ ထွန်ယက်မြေဆွ ပါလျှင် ၁၅ နှစ်ခန့်တွင် သီးပွင့်သည်။ ယာစည်းရိုးရှိ ထန်းပင်များမှာ အရွယ်ငယ်စဉ် နှစ်စဉ် ထွန်ကျော်၍ ယာထွန်သဖြင့် မြန်မြန် ဖြစ်လွယ်သည်။

ထန်းရိုင်းပင် ၁၀ နှစ်သားရှိလျှင် ထန်းရွက်စတင်ခုတ်၍ အသုံးပြုကြသည်။ ထန်းရိုင်းလက်ဟု ခေါ်ကြ၏။ အိမ်မိုးကြသည်။ စင်မိုးကြသည်။ အိမ်ကာကြသည်။ စင်ကာကြသည်။ တဲထိုး၍လည်း မိုးကြကာကြသည်။

ထန်းရိုင်းပင်ဖြစ်ချင်လျှင် ထန်းလက်ပပ်ခွကို မခွာကြရပါ။ ထန်းလက်ပပ်ခွခွာ၍ ပင်စည်ထိမိလျှင် ထန်းပင်သေတတ်သည်။

## ထန်းဖို

ထန်းရိုင်းကို ထန်းရိုင်းရွက်ခုတ်ရာတွင် စနစ်တကျ ပြင်ခုတ် ခုတ်ကြရသည်။ ထန်းပတ်ခွကို အစွန်းများပါအောင်ခုတ်ရသည်။ ထိုအခါ ပင်စည်သည် အတုပ်အနှောင်မရှိတော့၍ ပင်စည်သည် အရွယ်ရောက်လာသည်။ ထန်းဖိုပင်သည် လျှော်လက် (ထန်းလက်) ထွက်ပုံကျဲသည်။ အထက်အောက် တစ်တန်းတည်းမရှိပါ။ ထန်းသမားသည် ရင်းဆွဲပေါက်ရွေးရန်ခက်ခဲသည်။ ရင်းဆွဲထိပ်ကို ထန်းလက်ပပ်ခွအောက်ရစ်မှထိုးသော်လည်း အထက်ရစ်မှ ထန်းလက်ပပ်ခွနှင့် ထိုးနေတက်ပါသည်။ အရွယ်ရောက်လျှင် ထန်းနို့ချောင်းထွက်သည်။ ထန်းသီး မသီးချေ။



## ထန်းမ

ထန်းမပင်သည် ထန်းလက်ထွက်ပုံစိပ်၏။ ထန်းလက်များ သည် ဗွီပုံသဏ္ဍာန်ကဲ့သို့ တစ်ရစ်ပြီးတစ်ရစ် ထွက်လာသည်။ အထက်အောက် တစ်တန်းတည်းရှိသည်။ ထန်းပင်အောက်မှ မော့၍ကြည့်လျှင် ထန်းလက်များသည် အထက်အောက် တစ်ထပ်တည်းတန်းနေသည်ကို တွေ့ရ၏။ ထို့ကြောင့် ထန်းမပင်ကို ရင်းဆွဲတင်လျှင် အဆင်ချောသည်။ ထန်းမသည် ထန်းသီး သီးသည်။

ပုဂံ၊ ညောင်ဦးမြို့နယ်၊ စဥ့်ကူးတိုက်နယ်ခွဲ မြေနီအုပ်စု ဗိုလ်ကုန်းရွာတွင် တောင်သူကြီးဦးထွန်းငွေသည် လေးရွာကန်ယာ၌ ထန်းဖိုနှင့်ထန်းမကို ခွဲခြားစိုက်ပျိုးခဲ့သည်။ ထန်းဖိုစေ့ချက်သည် သေး၏။ တစ်ခါတစ်ရံ ချက်မရှိ။ မတွေ့ရပေ။ ထန်းမစေ့ချက်သည် အမွှေးများရစ်ဝိုင်းနေ၏။ ထန်းမကို ထန်းဖိုထက် တောင်သူကြီးများသည် သဘောကျနှစ်ခြိုက်သည်ဟု ထိုရွာမှ ဦးအောင်ပိုက ဆိုပြန်ပါ သေးသည်။

*****



**ထန်းပင်၊ ထန်းလက်၊ ထန်းရွက်စုံညီ**

## စောခင် ထန်းပြင်နေသည်

ထန်းယဉ်နင်း ပေါက်ကင်းတဲ့လဲငုံ၊
ဆက်ရက်ကယ် သာရကာနှင့်
ရော်ရွက်ဝါတမာနု၊ လွမ်းသူ့ပူပုံ။
စရိုက်ကယ်လှူ ပင်မြုံ့မြင့်သိုက်နန်း၊
ထွက်စီးငယ်ဝှန်၊ ကျောက်စက်ကယ်ရေတံခွန်နှင့်
ဟေမဝန်သာယာနုပါဘိ ယွန်းလုနွေဆန်း။
(စာဆိုတော် ဦးကြင်ဥ)

ယနေ့သည် ၁၃၇၆ ခုနှစ်၊ တပို့တွဲလဆန်း ၁၁ ရက်ဖြစ်သည်။ ဗိုလ်ကုန်းရွာလေးသည် သေးငယ်၏။ သို့သော် နှစ်စဉ်ဤနေ့၊ ဤရက်တွင်ကျင်းပသော ရွာဦးရှိ ဆုတောင်းပြည့်ဘုရားပွဲမှာ ဆွမ်းလုံးများဖြင့် စည်ကားသိုက်မြိုက်သည်။ မြေနီရွာမှ ဆွမ်းလုံးသုံးလုံး၊ ကြီးနီရွာမှ နှစ်လုံး၊ ရွာသစ်ကလေးမှ တစ်လုံး၊ မန္တလေးရောက်ရွာသူရွာသားများမှ ခြောက်လုံး၊ ချောက်မြို့မှ နှစ်လုံး၊ ရွာဘုံတောင်တစ်လုံး၊ ရွာခံ တစ်လုံး၊ စုစုပေါင်း ၁၆ လုံးရှိသည်။ ရွာနီးချုပ်စပ်မှ သံဃာတော်များနှင့် ဘုရားအား ပူဇော်ရန် ဆွမ်းလုံးခေါင်းများကမဲနှိုက်ကြရသည်။ နံနက် ကိုးနာရီခွဲအချိန်တွင် စည်ပြောသံစဲ၍ဘုရားပွဲပြီးဆုံးသည်။

ဘုရား၏အရှေ့ဘက်တွင် ရွာရေကန်ရှိသည်။ ရေကန်၏တောင်ဘက်တွင် ကန်ဦးယာကပ်လျက်ရှိ၏။ ယာခင်းထဲတွင် အရှေ့ကုန်း၌ ထန်း ၁၀ ပင်၊ အလယ်ရေအိုင်ထဲတွင် အပင် ၃၀ ၊ အနောက်တောင်ဖျားတွင် ၁၀ ပင်မကရှိသည်။ ထန်းပင် ၅၀ ကျော်ရှိပြီး တမာပင်၊ သစ်ညိုပင်၊ သပွတ်ပင်၊ ဖလန်ပင်၊ ရှားပင်၊ ဆီးပင်များလည်းရှိသောကြောင့် ကန်ဦးယာသည် စိမ်းစိမ်းမြမြရှိပေသည်။

"အဒွေး ဘုရားပွဲလာခဲ့တာလား"

"ဩော်. . စောခင် (တင်ထွန်းအောင်) ပါလား၊ ဘာလုပ်နေတာလဲ"

"ကျွန်တော်စောခင် ထန်းပြင်နေတယ် အဒွေးရေ ဟဲ. . . ဟဲ"

ချစ်စနိုး အိမ်နာမည် စောခင် ခေါ် တင်ထွန်းအောင်သည် အသက် ၂၂ နှစ်သာရှိသေးသည်။ ငယ်ရွယ်နုပျိုသန်မာသည်။ ရုပ်ရည်ရူပကာသန့်သည်။ အရပ်အမောင်းကောင်းသော လူရည်သန့်သူဖြစ်၏။ သူသည် ဗိုလ်ကုန်းရွာသားဖြစ်၏။ သူ၏ဇနီးမှာ မခိုင်ဟုခေါ်၍ တလုန်းသွေးရွာသူဖြစ်၏။ အေးဆေးညင်သာသူဖြစ်သည်။ စောခင်တို့မိသားစုတွင် ကလေးသုံးဦးရှိသည်။ ရွာတောင်ဖျားတွင် ကိုယ်ပိုင်အိမ်လေးနှင့် နေကြသည်။

ထန်းပြင်နေသည်ဆိုသော စောခင်သည် ဂျင်းဘောင်းဘီနှင့် စပို့ရှပ်တစ်ပတ်နွမ်းကို သပ်ရပ်စွာ ဝတ်စားထားသည်။ ရှေးရှေး၌ ထန်းသမားများသည် ပုဆိုးရောင်မွဲ၊ ဖျင်ကြမ်းအင်္ကျီနှင့် ဖြစ်ခဲ့သည်ဆိုသော်လည်း စောခင်တို့ ထန်းတက်သမားခေတ်သည် ပြောင်းလဲခဲ့ပေပြီ။



ထန်းသမားဘဝသည် ဖွဲ့ရှိရသည်။ မိမိဘဝ စားဝတ်နေရေးအတွက် ထန်းပင်ပေါ်သို့တက်၍ သက်စွန့်ဆံဖျားလုပ်ကိုင်ကြရသည်။ ထန်းတက်သမားသည် ကာယလုပ်သားဟု ဆိုနိုင်၏။ သို့သော် ကာယအားနှင့်မပြီး၊ လုပ်ငန်းအပေါ်တွင် ဉာဏ်ယှဉ်ရသည်။ တွေးခေါ်မြော်မြင်တတ်ရသည်။ သတိဝီရိယရှိရသည်။ ကာယ၊ ဉာဏ၊ သတိ၊ ဝီရိယပြည့်စုံပါမှ လုပ်ငန်းခွင်၌ အောင်မြင်မှုရရှိနိုင်သည်။

"အဒွေး ထိုင်ဦးလေ"

ရင်းထောင်ပြုပြင်နေသော စောခင်ကပြောသည်။ ထန်းသမားသုံး အဓိကကိရိယာများမှာ (၁) ရင်းထောင်၊ (၂) ရင်းဆွဲ၊ (၃) မြူအိုး၊ (၄) ခါးနှီး၊ (၅) ကလိုင် စသည်တို့ဖြစ်သည်။ ထိုပစ္စည်းများကို အခြေခံမရှိမဖြစ် သုံးကြရသည်။

"တပို့တွဲလပြည့်ကစပြီးတော့ ကျွန်တော်ထန်းဖိုဦး/နု(သီးနု) ထန်းပြင်မယ်၊ ဒီနှစ်နောက်မိုး (တန်ဆောင်မုန်း၊ နတ်တော်မိုး) ရှိတော့ ထန်းရပြီးတော့ ဈေးလည်းရရင် ကျွန်တော် အဆင်ပြေမယ် အဒွေးရဲ့"

ဆောင်းနှောင်းနွေဦးကာလတွင် အနောက်တောင်မုတ်သုံလေသည် တဖြူးဖြူး ဝှေ့ယမ်းတိုက်ခတ်လာသည်။ 'ထန်းဆော်လေ' ဟု ထန်းသမားများမှ ခေါ်ကြသည်။ ထန်းဆော်လေသည် ထန်းပင်တိုင်းရှိ ထန်းစများကို အလျင်အမြန် ကြီးထွားပြူထွက်လာစေသည်။ ထန်းဆော်လေကို ထန်းပင်များက စောင့်ကြိုနေကြစမြဲဖြစ်သည်။ 'ထန်းဆော်လေ' လာလျှင် ထန်းသမားများသည် ပီတိဖြစ်ကာ မြူးကြွရွှင်လန်းပေသည်။

**"ထန်းဆော်လေသက်၊ ပင်မြေထက်လည်း**
**ရော်ရွက်မြေနွဲ၊ ကြွေမစဲနှင့်**
**ပေါက်လဲငုံမြန်း၊ မံသခဏ်းသို့**
**လျှံလန်းနီဝင်း၊ စုံခပင်းမူ. . ."**

**(ဝက်မစွတ် မြို့စား)**

တပို့တွဲလပြည့်ကျော်တွင် အရှေ့မြောက်လေများ တိုက်ခတ်သည်ကိုလည်း ထန်းပင်များနှစ်သက်၏။ လေအားကောင်းသည့်ဘက်တွင်ရှိသော ထန်းစများသည် ပိုမိုထွားကြိုင်းသည်။

ပြာသိုလတွင် ထန်းရိုင်းများသည် အထွက်စုံပြီဖြစ်သည်။ ထန်းယဉ် (အကြီးပင်) များက တပို့တွဲလဆန်းမှ အထွက်စုံသည်။ ထန်းဖိုနုသည် ထန်းဖိုပင်မှ ထန်းရည်ချိုကို ဦးစွာထုတ်ယူခြင်းဖြစ်၏။ ထန်းရာသီ၏ အဦးဆုံးထန်းရည်ချို ထုတ်ယူခြင်းဖြစ်၍လည်း ထန်းဖိုဦးဟုခေါ်ကြသည်။

ထန်းဖိုနုကို ထန်းပင်ရှိ ထန်းစမှ ထန်းခိုင်လက်ချောင်းကလေးများ (ထန်းနို့ချောင်းများ) ခေါင်းမပြုမီ ပြုလုပ်ကြရသည်။ ဒေသအလိုက် 'ထန်းရစ်' သည်၊ 'ထန်းနွှေးသည်'၊ 'နုရစ်'သည်ဟု ပြောဆိုသုံးနှုန်းကြပေသည်။ 'ထန်းရစ်'ရန် ဓားချွန်၊ ဓားပွင့်၊ ကလိုင်စသည့်ပစ္စည်းများကို ထန်းသမားများ သုံးကြရသည်။

ထန်းဖိုနုရစ်ရန် ထန်းစအောက်ရှိ ထန်းလက်များကို ထန်းစအဆုံးထိပေါ်အောင် ထန်းသမားသည် နင်းချရသည်။

ထန်းဖိုပင်သည် ထန်းစထွက်ရာတွင် ရစ်ခိုင်နှင့် ညှပ်ခိုင်ဟူ၍ နှစ်မျိုးထွက်သည်။ ထန်းပလ္လင်အခြေမှ ရစ်ခိုင်သည်ထွက်၏။ ထန်းလက်ပပ်ခွ တစ်ရစ်၊ နှစ်ရစ်ခြား၍ ညှပ်ခိုင်ထွက်သည်။



ထန်းရစ်သောအခါ ရစ်ခိုင်ပြီးမှ ညှပ်ခိုင်ကိုရစ်ရသည်။ ဖောက်၍ ညှပ်ခိုင်ကိုရစ်လျှင် ထန်းသမားသည် အသက်အန္တရာယ်နှင့် ရင်ဆိုင်ရတတ်၏။

ထန်းဖိုပင်သန်လျှင် ထန်းစမှာ ငါးခိုင်၊ ခြောက်ခိုင် ထွက်သည်။ ယခင်နှစ်ကအယိုသန်လျှင် နောက်နှစ်၌ အယိုနည်း၍ ထန်းစနည်းပါးသည်။ ထန်းသမားသည် ထန်းခိုင်များသောအပင်ကို ထန်းဖိုနု ထန်းလှီးသည်။ နည်းသောအပင်ကို ထန်းဖိုညှပ် ထန်းလှီးသည်။

"စောခင်၊ အဒွေးသိတာက တောင်သာ၊ ပခုက္ကူ ရေစကြိုနယ်က ထန်းသမားတွေက ထန်းဖိုနုထက် ထန်းဖိုညှပ် လှီးတာတဲ့။ ဒို့ညောင်ဦးနယ်၊ စဥ့်ကူ၊ ငါ့သရောက်၊ တောင်ဇင်းနယ်တွေက ထန်းဖိုနု (ထန်းဖိုဦး) ကို လှီးတာတဲ့"။

"ဟုတ်ကဲ့ခင်ဗျ။ ကျွန်တော်တို့ဆီက ဒီထန်းဖိုနုကို တပို့တွဲမှာ ထန်းစလှီးတော့ သိပ်မပူသေးတာမို့ ထန်းရည်ချိုယိုအားက ကောင်းတယ်။ ပေါ်ဦးပေါ်စဆိုတော့ ထန်းလျက်ဈေးလည်း ရတာပေါ့ အဒွေးရဲ့"

"ဟောဟိုမှာ. . . ကိုသိဟ အဒွေးကို ထမင်းစားလာခေါ်နေပြီထင်တယ်။ ကျွန်တော်လည်း ဒီနားကထန်းပင်တက်ပြီး ပြင်လိုက်ဦးမယ်နော် အဒွေး"

ထန်းပင်ပေါ်ရှိ ကလိုင်ပေါ်တွင်ထိုင်ပြီး စောခင် စဉ်းစားမိသည်။ ထန်းဖိုနုကို ထန်းပြင်ရာတွင် သက်ကြီးစကား သက်ငယ်မှတ်သားရာသည်။ 'ထန်းဖိုနု အပျိုထက်ယု'ဆိုပါလား. . .။

စောခင်သည် ကလိုင်ပေါ်၌ သတိရှိရှိ တည်ငြိမ်စွာ ထိုင်ထားသည်။ ခြေနှစ်ဖက်က ထန်းပပ်ခွအိုးများဆီသို့ ထောက်ကန်ထားရသည်။ လက်နှစ်ဖက်သည် ထန်းအနုရစ်ရန် အလွတ်ရှိနေပြီဖြစ်သည်။ သဲထိတ်ရင်ဖိုပါတကား. . .။

ဓားပွင့်ဖြင့် ထန်းစကို ရစ်၍ရစ်၍ ထန်းဖုံးဆံခွံများကို ခွာထုတ်ပစ်သည်။ ထိုအခါ ထန်းဖုံးဆံခွံအတွင်းမှ နုနယ်သွယ်ဖျောင်း ထန်းနို့ချောင်းကလေးများ ထွက်လာသည်။ မိန်းမပျိုလေး၏ လက်ချောင်းလေးများသဖွယ် နုနယ်ပြေပြစ် သွယ်သွယ်ပျောင်းပျောင်း ရှိလှသည်။ ယုယုယယ ထန်းရစ်မှ အဆင်ပြေရာသည်။

ပတ်ဝန်းကျင်တွင် နေ၊ လေစသော လောကနှင့်မထိတွေ့ သေးသော ထန်းနို့ချောင်းကလေးများကား နုနယ်၏။ ပျော့ပျောင်း၏။ မွေးကင်းစကလေးငယ်ပမာတည်း။ အကြမ်းပတမ်းမခံ၊ အမှားမခံ၊ အတိုးအလျှော့မခံနိုင်ကြ။ ပကတိအနေအထားကပင် အတိမ်းအစောင်း မခံနိုင်ချေ။ ထန်းနို့လက်ဖျံ လက်ချောင်းကလေးများသည် တစ်ဖျံ၊ နှစ်ဖျံမက ထန်းစကိုလိုက်၍ လေးဖျံ၊ ငါးဖျံစသည်ဖြင့် ကိုယ်စီကိုယ်င အသီးသီးရှိတတ်ကြသည်။

စောခင်သည် ထန်းမရစ်မီ ထန်းဖူးတိုင်မှထန်းကြောကို ရှေးဦးစွာ ဆုပ်ယူထားသည်။ ထန်းနို့ငယ်လေးများဘေးမှ ထန်းဖုံးဆံခွံကို အနေတော်ခွာရသည်။ ခွာထုတ်ပြီး ထန်းစ တစ်ခုလုံးကို ထန်းကြောဖြင့် လုံခြုံစွာပတ်ချည်ထားရသည်။ မလုံခြုံလျှင် ကျေးငှက်တိရစ္ဆာန်များက ထိုးဆိတ်ပေါက်ဆွတတ်၏။ ရစ်ပြီးထန်းစမှာ နုနယ်လှ၍ အောက်သို့ငိုက်ကျနေသည်။



ကျိုးပဲ့၍မကျအောင် ထန်းကြောဖြင့် အထက်အောက် တစ်ချက်စီ ဆိုင်းထားခဲ့ရသည်။ နေအတော်မြင့်လာပြီဖြစ်၍ စောခင် ထန်းပင်ပေါ်မှ ဆင်းလာခဲ့သည်။

ထန်းပင်အောက်ရောက်လျှင် မခိုင်နှင့် သားသမီးများက ထမင်းထုပ်ဖြင့် အဆင်သင့်စောင့်နေရှာကြပေသည်။

နောက်နေ့နံနက်တွင် စောခင် နုရစ်ပင်ကို ရင်းဆွဲ တင်ရသည်။ ရင်းဆွဲတင်သည့်နေ့၌ပင် ထန်းစများကိုဖြတ်ပြီး ထန်းဖိုနု/ဦး စတင်လှီးတော့သည်။ ဆက်၍ဆက်၍ နေ့စဉ် လှီးရမည်လည်းဖြစ်၏။ ထန်းစနုနေလျှင် ထန်းရည်ချိုအလိုက် နှေးသည်။ ထန်း "လှန်" လာမှသာ ထန်းရည်ချိုအလိုက်မြန်သည်။ စောခင်သည် မြူအိုးများကို ထန်းစများတွင် ထန်းရည်ခံရန် ချိတ်လိုက်သည်။

"ထန်းဖိုနုအသက် ခုနစ်ရက်" ဟုဆိုကြသည်။ လေများများ တိုက်သည်။ နေပူရှိန်ပြင်းသည်။ ထိုအခါ ထန်းဖိုနုမှာ ပူပြင်းသည့်ဒဏ်မခံနိုင် ထန်းရည်ချိုအတွက် နောက်ဆုတ် တတ်သည်။ ရက်တိုတိုသာ ထန်းဖိုနု လှီးခွင့်ရှိ၏။

တပို့တွဲလဆန်းပိုင်းတွင် ထန်းဖိုနုဖြိုင်ဖြိုင်ပေါ်လျှင် စောခင်တို့ မိသားစုမှာ ထန်းဖိုနုစားသက်ရှည်၏။ ရာသီဥတုမပူသေး၍ ဖြစ်သည်။

ရွာမှ စောခင်၏သူငယ်ချင်းများသည် ညောင်ဦးမြို့ပေါ်ရှိ အပပိုင်းစိုက်ပျိုးရေးသုတေသနခြံသို့ နေ့စားသွားရောက်လုပ်ကိုင် ကြသည်။ စောခင်ကိုလည်း ခေါ်ကြ၏။ စောခင်က မလိုက်ပါ။ ထန်းကိုသာ ပြင်မည်ဟု ငြင်းဆိုခဲ့သည်။

ယခုတော့ စောခင်သည် မိမိ၏အတွေးဖြင့် ပီတိဖြာဝေပြုံးနေလေ၏။ ဒီနှစ်နောက်မိုးကြောင့် ထန်းလျက်အထွက်တိုးသည်။ ထန်းလျက်တစ်ပိဿာကောက်စျေး (ရွာထန်းလျက်စုဆောင်းဝယ်သူ) အား ရောင်း/သွင်းလျှင် တစ်ပိဿာ ၇၀၀ ကျပ်နှုန်းရမည်။ လက်လီရောင်းလျှင် ၉၀၀ ကျပ်၊ ၁၀၀၀ ကျပ်ရမည်။ တစ်နေ့ အချိန်ပိဿာ ၁၀ ရလျှင်ပင် မိမိတို့မိသားစု အဆင်ပြေလှပြီ။ မနှစ်ကထန်းရာသီတွင် ရွာမှ ဟိုနားဒီနားနှင့် ချောက်မြို့သို့ သွားရန် ဆိုင်ကယ်ဝယ်စီးခဲ့သည်။


"ဒီနှစ် ထန်းဖိုဦးပြီး ထန်းဖိုညှပ်၊ ထန်းမ၊ သီးရင့်လှီးပြီးရင်တော့ ငါ့အိမ်ကို သွပ်မိုးမလား"

ကလေးများကို ရှင်ပြုရန်ကလည်း ငယ်သေး၏။ စောခင်၏ထန်းပြင်သည့်မျှော်လင့်ချက်များက တစ်မျှော်တစ်ခေါ်. . . . .။

စောခင်နည်းတူ ထန်းတက်သမားများအားလုံး ပြုံးပျော်ရွှင်လန်းနိုင်ကြပါစေသတည်း. . .။

*****





ဆည်းဆာအလှနှင့် ထန်းလုပ်သားဘဝ

## ညှပ်ရာသီ

**ထန်းလျှင်ယိုစ၊ မြစ်မကြည်းနေ**
**ကမ်းခြေရစ်ဆင်၊ ဖြူစင်သဲထက်**
**မြို့နောက်ဖက်ဝယ်၊ ကျေးငှက်တွန်သောင်း**
**ပျော်နှစ်ထောင်းသည် . . .**
**တပေါင်းလများ သခင်သောဝ်။**

**(မင်းနဝဒေး)**

ထန်းဖိုပင်မှရရှိသော ညှပ်ရည်နှင့် ထန်းမပင်မှရရှိသော သီးနုရည်တို့ကို ပေါင်းစပ်၍ (ထန်းပေါင်းလျက်) ကျိုချက်ကြသောကြောင့် ထန်းပေါင်းလဟူ၍ ခေါ်ဆိုကြသည်။

တစ်နည်းအားဖြင့်ဆိုရသော် တဟူသည်မှာ တန်း၊ ထန်းပင်၊ ပေါင်းဟူသည်မှာ ကျိုချက်သည်။ ထန်းသမားတို့သည် ထန်းရည်ချိုများကို စုပေါင်း၍ကျိုသောလ၊ ထန်းချက်သောလကို တပေါင်းလဟု အဓိပ္ပာယ်ဖွင့်ဆိုကြသည်။

ထန်းပေါင်းဟုခေါ်ဆိုရာမှ တစ်စတစ်စရွေ့လျော၍ တပေါင်းလဟုဆိုကြ၏။

"ကိုစောခင် ထန်းဖိုညှပ်ထုပ်တော့မှာလား"

"အေးကွ စန်းလင်း၊ ငါတို့ကန်ဦးယာတောမှာ ထန်းဖိုနုသိမ်းပြီးပြီလေ။ မင်းရဲ့ အနောက်တောလည်း စရတော့မှာ ပေါ့နော်. . ."





"ဟုတ်တယ်ဗျ။ ဒီနှစ်ဥတုလေးက သိပ်မပူသေးတော့ ဒီညှပ်ရာသီမှာ ကြိုးစားပြီးထန်းလှီးရမှာ ကိုစောခင်ရယ်. . ."

"ဟုတ်တယ်ဟေ့. . . ဟုတ်တယ်. . ."

စောခင်နှင့် စန်းလင်းတို့သည် ညောင်ဦးမြို့နယ်၊ မြေနီအုပ်စု ဗိုလ်ကုန်းရွာလေးမှ ထန်းသမား (ထန်းတက်သမား) လူရွယ်များဖြစ်ကြသည်။ ထန်းဖိုနုသိမ်းလျှင် ထန်းဖိုညှပ်ကို အဆက်မပြတ်ထန်းလှီးကြသည်။

'ညှပ်' ဆိုသည်မှာ သစ်သားချောင်းနှစ်ခုကို အချိုးကျပြုလုပ်ထားသော ထန်းသမားသုံးပစ္စည်းဖြစ်သည်။ 'ထမ်းပေါင်' နှင့် 'နှိပ်ပေါင်' ဟု နှစ်ပိုင်းခေါ်သည်။ ထန်းညှပ်ရာတွင် ညှပ်ကိုပခုံးဖြင့်ထမ်းကာ ကျန်သည့်တစ်ဖက်ကို လက်ဖြင့်နှိပ်၍ နှိပ်၍ညှပ်ရသောကြောင့် ထမ်းပေါင်နှင့် နှိပ်ပေါင်ဟု ခေါ်ဆိုခြင်းဖြစ်၏။

ထမ်းပေါင်သည် သုံးပေခန့်ရှည်၏။ နှိပ်ပေါင်မှာ နှစ်ပေခန့်သာရှည်သည်။ လက်ကိုင်နေရာတွင် အထက်သို့ကော့၍ ကောက်ထား၏။ ထမ်းပေါင်နှင့် နှိပ်ပေါင်ကို ထိပ်စွန်းနှစ်ခု အညီထားပြီး ထိပ်စွန်းမှ သုံးလက်မအကွာတွင် ပူးချည်ထား၏။ ညှပ်ချည်သည့် ထန်းလျှော်ကြိုးမှာ ရှည်လျားပျော့ပျောင်းရသည်။ ထန်းဖိုလျှော်ကိုအသုံးပြု၍ ကြိုးကျစ်သုံးကြသည်။

**"ရှစ်ခွင်တိုင်း မှုန်မှိုင်းတဲ့ပတ်လည်၊**
**သဇင်ကြွင်းငယ်နှင့်အင်ကြင်း သဏ္ဌာညွန့်ငယ်တို့**
**ဖူးကွန့်ကိုက်စည်။**
**ဘမရာ ရွှေပိတုန်းငယ်တို့ ခြွေသုံးကြဝတ်ရည်**
**ညွတ်ကြည်ဖွယ့်ဖော်ကွဲ၊**

**ယင်းသည့်နေ့ဆိုင်၊ ရသေ့သူတော်တိုင်မှ**
**ဉာဏ်မခိုင် ဈာန်ယိုင်လျှောရတယ်**
**ရာသီတွင် စာညီပြောပေပ ကြော၍သာမြဲ”....။**
**(ဦးကြင်ဥ)**

တပေါင်းသာခေါင် လများနှောင်ဟု စာဆိုကြသော ထိုရာသီဥတုမှာသာယာသည်။ ထိုသာယာလှပသော နှင်းယွန်းဂိမာန်သည် ထန်းသမားစောခင်တို့၏ ညှပ်ရာသီ (ထန်းဖိုညှပ်) ဖြစ်တော့သည်။

အချိန်ကား နံနက်ခင်းမဟုတ်။ နေရှိန်ထဲပြန်နေလေပြီ။ စောခင်သည် ထန်းညှပ်ရန် ထန်းပင်ပေါ်သို့ တက်သည်။ ပုဆိုးတိုကို ဒူးဆစ်အထက်မှာတင်ကာ ဝတ်ထားသည်။ ခါးပန်းတွင် ဓားချွန်ကို ဦးစိုက်ထိုးထား၏။ ဓားရိုးမှာ ညှပ်နှင့် ကလိုင်ကို ဆွဲချိတ်ထားလေသည်။

**နွေဦးကာလ၊ မြူထသောခါ**
**ရင်းထောင်ရင်းဆွဲ၊ ဆောင်မြဲအိုးကိုလွယ်ကာ**
**ဓားနှီးထက်စွာ၊ ခါးမှာချပ်လျက်**
**ထန်းပွင့် ထန်းခိုင် ရှန်းမြိုင်မြိုင်**
**ကလိုင်သာလွယ်လို့ တက်သည်နှင့်လေး။**

နံနက်စောစောသည် ထန်းညှပ်၍မကောင်းချေ။ ထန်းနို့ချောင်းများသည် မာမာဆတ်ဆတ်ရှိနေ၍ ညှပ်လျှင်ကွဲတတ်၏။ မိုးရွာ၊ မိုးအုံ့၍ ပတ်ဝန်းကျင်အေးစိမ့်နေပြန်ကလည်း ထန်းညှပ်၍မရပေ။ ညှပ်ထုပ်များသည် အနာလွန်၍ ခြောက်သွေ့သွားတတ်ပြန်သေး၏။



စောခင်သည် နေပင်မြင့်သော်လည်း ထန်းပင်ပေါ်၌ ကလိုင်ကိုခွကာ အိုးအတွင်းသို့ တင်းကျပ်တည်ငြိမ်အောင် ထိုးလိုက်သည်။ ကလိုင်ပေါ်တွင် ခြေတစ်ဖက်ကိုထောက်ထား၏။ ကျန်ခြေတစ်ဖက်ကို ညာဘက်ရှိထန်းလက်တွင် ကျကျနန ချိတ်ထားလိုက်သည်။

စောခင်သည် ဘယ်လက်ဖြင့် ထန်းနို့ခိုင်ကိုဆွဲယူလိုက်သည်။ ညာလက်ဖြင့် ညှပ်နှိပ်ပေါင်နှင့် ထန်းနို့ချောင်းကလေးများကို အလိုက်အထိုက် ညှပ်လေတော့သည်။

ထန်းညှပ်ရာတွင် ပြင်းပြင်းညှပ်၍လည်းမရ၊ ဖော့ဖော့ဟူ၍လည်း သတ်မှတ်၍မရပြန်ချေ။ ပြင်းပြင်းညှပ်လျှင် ထန်းနို့ချောင်းများကွဲ၍ ခြောက်သွားတတ်သည်။ ခပ်ဖော့ဖော့ညှပ်လျှင် ထန်းရည်ချို အထွက်နည်းသည်။ ထို့ကြောင့် သင့်လျော်မည့် ညှပ်အားကို ချိန်ဆရ၏။ တစ်ခေါက်တည်းနှင့်မရ လေးခေါက်၊ ငါးခေါက်မျှ ညှပ်ရသည်။ ထန်းသမားစောခင်တို့၏ ပညာခန်းဖြစ်တော့သည်။ ထန်းနို့ချောင်းလေးများတွင် ပန်းပွင့်ကလေးများ စုံလင်စွာပေါက်သည့်အချိန်တွင် ထန်းညှပ်ကြ၏။ ညှပ်နည်းမျိုးစုံ အဖုံဖုံရှိလေသည်။

ထန်းနို့ချောင်းတစ်ချောင်းကို လေးခေါက်၊ ငါးခေါက် နှစ်မျက်နှာအတွက် ကိုးခေါက်၊ ဆယ်ခေါက် ယေဘုယျညှပ်ကြ၏။ သုံးခေါက်စီ နာနာညှပ်ပြီး ညှပ်တုပ်လုပ်ခြင်းမျိုးလည်းရှိ၏။ ထိုနည်းသည် ထန်းနို့ချောင်းများ ညှပ်အထိနည်းသဖြင့် ပန်းတသောသောပွင့်လျက် ထန်းရည်ချိုယိုအားကောင်းသည်။ ထန်းသမား၏ ညှပ်အားအချိန်အဆ အရေးကြီးလှ၏။

ထန်းနို့ချောင်းများ ပန်းမပေါက်မီ နုနယ်စဉ်ကညှပ်ခြင်းမှာမူ ထန်းရည်စောစောရ၍ ထန်းလျက်ဦးစွာရောင်းချရလေသည်။ သို့ရာတွင် အချိန်အဆမမိပါက ထန်းနို့ချောင်းကလေးများ ခြောက်သွေ့ကာ ထန်းရည်မယိုတော့ချေ။ ထန်းသမားစောခင်တို့ သတိရှိကြရ၏။ စန်းလင်း ညှပ်မလှီးခင်ကပင် မေးလိုက်သေးသည် မဟုတ်လော။

"ကိုစောခင်. . . ကိုရင်ညှပ်ထားတဲ့ ညှပ်တုပ်လက်ချောင်းတွေ မခြောက်ဖူးလား. . ."

"ခုထိတော့ ခြောက်တာမတွေ့သေးဘူး. . . တန်ခူးလဆန်း နေပြင်းလာရင်တော့ နေပူလေပူမိရင်တော့ နည်းနည်းပါးပါး ခြောက်မှာပေါ့ကွာ. ."

"မနှစ်ကညှပ်ရာသီ ကိုရင်ရဲ့ကန်ဦးယာတော အရှေ့ထိပ်က ထန်းပင် ညှပ်ခိုင်ရာသီကုန်တာတောင် ယိုတယ်ဆိုကိုး. . ."

"တစ်ခါတလေပါ စန်းလင်းရာ။ ရှိတော့ရှိတယ် ရှားတယ်ပေါ့"

"ဘယ်လိုညှပ်ခဲ့တာလဲဗျာ. . ."

"ငါက ထန်းနို့တစ်ချောင်းကို တစ်မျက်နှာစာ လေးခါက်၊ ငါးခါက် ညှပ်တယ်။ အရင်းပိုင်းကို နည်းနည်းဖိပေး အဖျားပိုင်းကို ညှပ်လျှောက်ရုံပဲ။ ပြီးရင်ထန်းခိုင်ချောင်းအရင်းကို သုံးချက်စီ ဖိရတာဟာ နောက်ပိုင်းမှာ ဖြစ်နိုင်ရင် အရိုးစားတဲ့အထိ ယိုနိုင်အောင်ချိန်တယ်. . .။ ဒို့ထန်းသမား ဆိုရိုးရှိတယ်လေကွာ မင်းမှတ်ထား. . .။ အနုစားလို၊ ထန်းဖိုအညှပ်၊ ထန်းမအဖြတ် . . . တဲ့။ ထန်းပင်က ဗီဇရိုက်ရှိတယ်။ လူလိုပဲ အနာကြိုက်



အသာကြိုက်တွေ့ရတော့ ချိန်ဆပြီး နာသင့်တာကိုနာနာညှပ်၊ တချို့ကျရင်တော့ သာသာလေးချော့ကာ ညှပ်ကြတာပဲလေ။ ထန်းနို့ချောင်းတွေကလည်း ခိုင်ညို၊ ခိုင်စိမ်း၊ ခိုင်ဝါ၊ ခိုင်ဝါချွဲ၊ ခိုင်ညိုစိမ်းတွေကို မင်းလည်းတွေ့ဖူးတာပဲလေ။ အတိုအရှည် ကလည်း မညီဘူး။ တချို့က အကြောကြမ်းပြီး ပြုပ်ထနေတာ။ တချို့ကျ သေးသွယ်နူးညံ့နေတာလေ။ လူရဲ့လက်တွေလိုပဲ ပေါ့ကွာ. . ."ဟုပြောခဲ့၏။ ထန်းတစ်ပင်လျှင် ညှပ်တုပ် သုံးတုပ်၊ လေးတုပ်စီညှပ်ပြီး နာရီပြန်ချိန် (နေ့ ၁၂ နာရီအကျော်) တွင် စောခင် လုပ်ငန်းသိမ်းခဲ့သည်။

ထန်းဖိုတစ်ပင်တွင် ညှပ်သုံးတုပ်မှ လေးတုပ်အထိ ရှိတတ်သည်။ ထန်းပင်၏ ထန်းစကိုအခြေခံ၍ ထန်းသမားသည် ထန်းဖိုနှင့် ထန်းဖိုညှပ်ကိုခွဲ၍ ထန်းလှီးကြသည်။

ထန်းသမားသည် ထန်းဖိုပင်တစ်ပင်တွင် ညှပ်တုပ်သုံးတုပ်မှ လေးတုပ်အထိ ညှပ်သည်။ ထန်းပင်သည် ယခုနှစ်စထွက်လျှင် ထန်းဖိုနု သုံးခိုင်၊ ထန်းဖိုညှပ်လေးခိုင်ရာသီခွဲ၍ ထန်းလှီးကြသည်။ နံနက်ရည်တွင် ထန်းရည်ချို ငါးမြူရလေ့မရှိချေ။ ထန်းစများ အထွက်ပိုလျှင်မူ ထန်းသမားသည် ခုတ်ချထားလေသည်။

ညှပ်တုပ်များကို နောက်တစ်နေ့ထန်းတက်ချိန်တွင် ထန်းသမားက ဖြတ်ကြ၏။ ထန်းမဖြတ်မီ ညှပ်တုပ်၏အခြေအနေကို ကြည့်ရသေးသည်။ ညှပ်တုပ်တို့သည် ညှပ်ဒဏ်နှင့်အတူ တစ်ည အိပ်ခဲ့ရသည်။ သို့သော် ထန်းနို့ချောင်းကလေးများသည် တစ်ညတာအတွင်း ညှပ်ဒဏ်ကိုတော်လှန်ကာ ပန်းပွင့်ကလေးများ ပေါက်လာကြသည်။ ပျော့ခွေနေရာမှ တောင့်တင်းထွားကျိုင်းပြီး

ညှပ်စည်းကြိုးများတင်းလာခြင်းကို ‘ထန်းလှန်’ သည်ဟု ခေါ်ကြသည်။ ထန်းလှန်သော် ထန်းဖြတ်ရန် အကောင်းဆုံး အခြေအနေဟု သိသဖြင့် ထန်းလှီးဖြတ်ကြသည်။

ညှပ်စည်းကြိုးမတင်း၊ ပန်းမပွင့်သောထန်းနို့ချောင်းများ ပျော့ခွေနေပါလျှင် ထန်း ‘မျော’ သည်ဟုဆိုကြသည်။ ထိုအခါ ထန်းဖြတ်၍မရပေ။ ‘မလှန်’ နိုင်တော့လျှင် လုံးဝခြောက်သွေ့ သွားကြသည်။

“ကိုရင်စောခင် ပြုံးလှချေလား၊ ဘာများသဘောကျနေ သတုန်း. . ” စန်းလင်းက မေးလိုက်သည်။

“မနေ့က ငါ့ညှပ်တုပ်ထန်းနို့ချောင်းလေးတွေက ထန်းရည်ယို နေတာ မျက်ရည်စုကလေးတွေများ လိမ့်ဆင်းနေသလိုဘဲမောင်ရ။ မျက်နှာလေးတွေကလည်း လှတပတဗျာ၊ အဲတော့ ငါလည်း ကြည်နူးမိတာပါကွာ. . . ဟဲ. . ဟဲ. . ”

ညှပ်သွားပုံနည်းစနစ်မှန်၍ အဆင်ပြေခြင်းဖြစ်ပေသည်။ ညှပ်နည်းမမှန်လျှင်၊ အနာလိုလျှင်နူးနပ်မှုမရှိ စိမ်းဆတ်ဆတ် ဖြစ်နေသည်။ နာနာ လွန်းသည်။ ညှပ်ချက်မိလျှင် ထန်းနို့ချောင်း သည် စွမ်းသမျှယိုပြီး ယိုယို ခြောက်ခြောက်ဖြစ်သွားချေတော့သည်။

“ကိုရင်စောခင် ကျုပ်ကို နှီးကွင်းအပိုရှိရင်ပေးပါဦးဗျ. . ”

“အေး. . အေး. . ရှိတယ်ကွာယူသွား ထန်းလျက်ဖိုဘေးမှာ ရှိတယ်ကွ. . . ”

နှီးကွင်းဆိုသည်မှာ အကျယ် ၁၀ စင်တီမီတာခန့်ရှိသည့် ထန်းလျှော်ကြိုးကို ကွင်းလုပ်ထားခြင်းဖြစ်၏။ ထန်းသမားဦးခေါင်း



စွပ်ရုံမျှသာတည်း။ ညှပ်ရာသီမှာ နှီးကွင်းမပါလျှင် လုပ်ငန်း မအောင်မြင်ချေ။ ထန်းပင်တက်တိုင်း နှီးကွင်းကို ခေါင်းစွပ်ထား၍ တက်ရလေသည်။

ထန်းသမားသည် မောင်းတိုင်ထိုးညှပ်တုပ်ကို လှီးတော့မည် ဆိုပါက ခေါင်းပေါ်မှ နှီးကွင်းကိုဖြုတ်ယူသည်။ အောက်သို့ တန်းလန်းကျနေသည့် ညှပ်တုပ်၏အဖျားကို နှီးကွင်းဖြင့်စွပ်ပြီး ဘယ်လက်ဖြင့်တင်းတင်းဆွဲထားကာ ဓားနှီးအိမ်မှ ဓားကို ညာလက်ဖြင့်ယူ၍ ထန်းလှီးရလေသည်။ စိတ်တိုင်းကျလျှင် နှီးကွင်းကို ဖြုတ်၍ ခေါင်းမှာပြန်ချိတ်ထားကြသည်။ နှီးကွင်းမှာ ခြောက်သယောင်း မနေဘဲ ပျော့ပျော့ပျောင်းပျောင်းရှိရန်တော့လိုပေသည်။

ထန်းသမားသည် ညှပ်တစ်တုပ်လျှင် မြူအိုးကြီးချိတ်ရန် စို့ငုတ်တစ်ငုတ်စီရိုက်ပေးရသေးသည်။ ဝါးခြမ်းဖြင့်ပြုလုပ်သည်။ နှစ်လက်မသံချောင်းအရွယ်ရှိရ၏။ ထန်းနို့ချောင်းတစ်ခုခုတွင် အပေါ်ဘက်မှ ၄၅ ဒီဂရီ တိမ်းစောင်းထောင့်မတ်လျက် ရိုက်ရသည်။

ထန်းဖိုညှပ်ချိန်သည် အပူဒဏ်ပြင်းထန်လှသည်။ ထန်းသမားသည် နံနက်ပိုင်းထန်းလှီးရသည်။ ထန်းလှီးပြီးလျှင် ထန်းညှပ်ကြရသည်။ ထန်းပင်ပေါ်မှဆင်းလာချိန်တွင် ကျောက်သား နုနုထက်မှာ ဓားသွေးရသည်။

ညနေချိန် ထန်းပြန်တက်၊ လိုအပ်သောထန်းပင်ကို ရင်းဆွဲဖွဲ့ရသေး၏။ တစ်ခါတစ်ရံ ထန်းလျှော်ခွာ ထန်းလျှော်သပ်၍ မိုးချုပ်နေဝင် ညအထိပင် အလုပ်လုပ်ကြရ၏။

ထန်းဖို့ညှပ်ရာသီမှာ အရိုးစားသောထန်းဖိုပင်ဟု ရှားရှားပါးပါးရှိတတ်၏။ ထန်းဖိုတစ်ပင်တွင် ညှပ်သုံးတုပ်မှ လေးတုပ်အထိရှိတတ်သည်။ အချင်းကောင်းသောထန်းပင်သည် နံနက်ရည်တွင် တစ်ထုပ်တစ်မြူနှုန်း ယိုကျနိုင်သည်။ အနိမ့်ဆုံးလျှင် လေးထုပ်တွင် သုံးမြူခွဲအထိ ရရှိနိုင်သည်။ နေ့ရည်ညရည်ပေါင်းလျှင် ငါးမြူခွဲ ခြောက်မြူအထိ ထန်းရည်ယို၏။

ထန်းရည်ချို အယိုသန် (အချင်းကောင်း) သော ထန်းပင်သည် အရိုးစားတတ်၏။ အရိုးစားခြင်းဆိုသည်မှာ ထန်းနို့ချောင်းလေးများ တိုသွားပြီးနောက် ထန်းခိုင်ရိုး (ဆေးရိုးချောင်း) မှ ဆက်လက်၍ ယိုကျနေခြင်းဖြစ်သည်။ ထန်းခိုင်ရိုး လက်ဖျံမှ ထန်းရည်ယိုကျသည်။

ထန်းဖိုပင်တွင် ညှပ်တုပ်မည်မျှပင်ရှိစေ နောက်ပိုင်းတွင် ထန်းစတစ်ခုတည်းသာစုပေါင်း၍ ယိုကျတော့သည်။ စုပေါင်း၍ ယိုကျခြင်းဆိုသည်မှာ ညှပ်တုပ်များစု၍ ယိုခြင်းမဟုတ်ချေ။ ညှပ်တုပ်တစ်ခုတည်းမှသာ ထန်းရည်ယိုတော့ခြင်းဖြစ်၏။

အရိုးစားထန်းလှီးရသည်မှာ ထန်းခိုင်ချောင်းကိုသာ ဓားချက်တစ်ခါ နှစ်ခါတွန်းရုံတွန်းပေးရသည်။ အချင်းကောင်းသော ထန်းဖိုပင်သည် ဥတုကောင်းပါက တစ်ခွက်ရည်၊ သုံးစလယ်ရည်အထိ ထန်းရည်ရလေသည်။

ထန်းဖိုညှပ်သည် တပေါင်းလကုန်မှာစသည်။ တစ်ခါတစ်ရံ တန်ခူးလဆန်းပိုင်းတွင် အစပြုကြသေးသည်။ နယုန်လတွင် ထန်းဖိုညှပ်လုပ်ငန်းပြီးဆုံး၏။ သို့သော် အရိုးစားထန်းပင်များသည်



ထန်းမနှင့် အပြိုင်ယိုနေတတ်ကြ၍ ထန်းဆက်လှီးကြသည်။ ထန်းရည်ချိုရတော့လည်း ထန်းသမားက မပစ်ရက်နိုင်ချေ။ ကိုယ့်ထန်းပင် ကိုယ်ပင်ပြန်၍ သနားမိကြရတော့သည်။

တချို့သော ထန်းဖို/ထန်းမပင်များသည် ဗီဇကောင်းလှသည်။ ညှပ်တုပ်ရှိသမျှ တပ်တုပ်လျှင် တစ်မြူနှုန်းထွက် ထန်းရည်ရကြသည်။ နံနက် ညနေရည် နှစ်ခါပေါင်းလျှင် တစ်နေ့တာ ထန်းရည်ချိုခုနစ်မြူမှ ကိုးမြူအထိရကြသောအခါ ထန်းသမားများ ပီတိဖြစ်ကြရသည်။

သို့သော် ရလေ လိုလေ ထွက်သမျှထန်းလှီး၍ နှစ်နှစ်လောက်ကြာပါလျှင် ထန်းပင်မှာ ချည့်နဲ့ခြောက်သွေ့ သေဆုံးသွားတတ်လေတော့သတည်း။

*****



ထန်းနို့ချောင်းများ

## မြူအိုးကောက်သူ

လတန်ခူးပေမို့
အလှထူးပါဘိ
မြမြဖူးရယ်တဲ့
ခိုင်ရွှေဝါ. . . .
(စုံနံ့သာမြိုင် ဦးကြော့)

မကြာသောကာလတွင် မြန်မာတို့သည် နှစ်ဟောင်းကုန်ပျောက်၍ နှစ်သစ်မင်္ဂလာသို့ ကူးပြောင်းရောက်ရှိကြပေတော့မည်။

တန်ခူးလကို "ထန်းခူး" သောလဖြစ်၍ "ထန်းခူးလ" ဟုခေါ်တွင်ခဲ့သည်ဟုဆိုကြ၏။ ကာလရွေ့လျောခဲ့ရာတွင် "တန်ခူးလ" ဖြစ်လာသည်။ ထို့ပြင် သင်္ကြန်အတာကူးဖြစ်သောကြောင့် "တာကူးလ" ဟု ခေါ်စမှတ်ပြုရာမှ တန်ခူးလဖြစ်လာသည် ဟုလည်း ဆိုမိန့်ထားကြပြန်ပါသည်။ လတန်ခူးသည် ရွက်ဟောင်းကြွေ၍ ရွက်သစ်ဝေချိန်ဖြစ်သည်။ တောင်လေပြည် မြူးစွာ တိုက်ခတ်သည်။ ငှက်ဥဩကလေးများ တွန်သံကြားသည်။ ချိုးငှက်ကလေးများသည် "တကူးကူး. . . ကူး, တကူးကူး. . . ကူး" ဟူ၍ လွမ်းမူနှင့် ကူခွဲနေသည်။ နှစ်ဦးရာသီတွင် တောတောင် ရေမြေသဘာဝအားလုံးတို့သည် ထူးထွေသာဆန်းလှပ၍ နေသည်။

**သာဆန်းငယ်တည့် ရဂုံဗွေ၊**
**ညှင်းပြေပြေ လေပြည်လောင်း**
**ညှာခြေစိမ်းရင့်မောင်း။**
**ညောင်းရွက်ကယ်တည့် ကြွေကြွေလေဟန်**
**မြညှာရွှေရည်လျှံ . . .**
**(သာဆန်းရဂုံဗွေ ပတ်ပျိုး)**

သို့သော် တန်ခူးလရာသီတွင် နေမင်း၏ရောင်ခြည်သည် အစွမ်းကုန်ပူပြင်းလှချေသည်။ ရပ်ရွှစ်ခွင်နယ်တစ်ခိုတွင် တံလျှပ်ထနေသယောင် ပူလောင်ပြင်းပြလျက်ရှိသည်။ အပူဒဏ်များကို ကြံ့ကြံ့ခံခံတွန်းလှန်၍ ဘဝပေးသောကုသိုလ်ကြောင့် လုပ်ကိုင်စားသောက်နေကြရသူများမှာ အညာဒေသမှ ထန်းသမား (ထန်းပင်တက်သူ) နှင့် မရိုးကောက် (မြူအိုးကောက်သူ) များသာ ဖြစ်ကြချေသည်။

"မြင့်မြင့်အေး ညည်းမရိုးကောက်ခဲ့ရသလား"

"ဘာ. . . အရီး. . . " မြင့်မြင့်အေးက မဖြေတတ်ပါချေ. . . ။

"သူက မကောက်ခဲ့ရပါဘူးအရီးရဲ့၊ ကျွန်မနဲ့လှဝင်းကြည်ကသာ ကောက်ခဲ့ရတာ၊ နေကပူသနဲ့ အရီးရယ်"

ဘေးမှာထိုင်နေသော မာမာချို (လက်ထောက်ညွှန်ကြားရေးမှူး၊ အပူပိုင်းစိုက်ပျိုးရေးသုတေသနခြံ၊ ညောင်ဦးမြို့၊ ညောင်ဦးခရိုင်) မှ ဝင်၍ပြောသည်။

"ကျွန်မတို့ မရိုးကောက်တာက ထန်းရှင်အဘအလှည့် သုံးလှည့် တစ်လှည့်၊ ထန်းသမားက ဦးချစ်စိန် (ယခုသက်ရှိ)၊ သူတို့အလှည့်မှာ သူ့မိန်းမ မပြေတင် (မြေနီသူ) နဲ့ သူ့သားသမီးတွေက မရိုးကောက်တွေပဲ. . . "



"သြော်. . . အေး. . . အေး အရီးလည်းမှတ်မိပါပြီ". . .

မာမာချိုနှင့် လှဝင်းကြည်မှာ ညီမတစ်ဝမ်းကွဲဖြစ်ကြ၏။ အဖေညီအစ်ကိုအရင်းမွေးဖြစ်သည်။ မာမာချိုသည် ဆံတောက်ကောက်ကလေးတဖားဖားနှင့် ရုပ်ရည်ချောမောပြေပြစ်သူဖြစ်၏။ အမေတူပြီး မျက်လုံးမျက်ဖန်၊ နှာခေါင်း၊ နှုတ်ခမ်း၊ မျက်နှာပေါက် အားလုံးကြည့်ကောင်းသည်။ ညောင်ဦးနယ်၊ မြေနီအုပ်စု ဗိုလ်ကုန်းရွာသူလေးဖြစ်သော်လည်း အသားမညို မမည်းပါ။ ဝါဝါဝင်းသော အသားအရေလေးနှင့်တင့်တယ်သည်။

လှဝင်းကြည်သည် အသားအတော်ဖြူသူဖြစ်၏။ အသားဖြူသူမှာ မရိုးကောက်ချိန် နေပူမိလျှင် အသားအရေလေးများ နီမြန်းလျက်ရှိ၏။ ဗိုလ်ကုန်းရွာ အစိုးရမူလတန်းကျောင်းတွင် ဆရာဦးတင်စိန် သင်ပြပေးသော ယိမ်းအကအဖွဲ့တွင် အကအကောင်းဆုံးမှာ လှဝင်းကြည်ဖြစ်၏။ သွယ်သွယ်ပျောင်းပျောင်း ငြိမ့်ငြိမ့်ညောင်းညောင်း ကနိုင်ရှာသည်။

မပြေတင် (ကွယ်လွန်) သည် အသားအလွန်ညိုပါသည်။ သွားကလေးများကလည်း ခေါထွက်နေသေး၏။ အနည်းငယ်လေးဝသည်။ သပ်သပ်ရပ်ရပ်မရှိရှာပေ။ ထန်းသမား၏သားမယားဖြစ်၍ အိမ်ရှင်မဝတ္တရား စားရေးဝတ်ရေးများအပြင် မြူအိုးကောက်၊ ရေခပ်နှင့် မအားမလပ် အလုပ်နှင့် လက်မပြတ်တမ်း ကြိုးပမ်းလှုပ်ရှားကြရရှာသည်။

ထန်းတက်သမားနှင့် မြူအိုးကောက်သူသည် ထန်းလှီးချိန်တွင် အတူတကွ တွဲလျက်ရှိကြရသည်။ အပြန်အလှန်အကျိုးပြု၍ ထန်းလုပ်ငန်းကိုလုပ်ကြရသည်။ ရာသီအလိုက် ထန်းရှင်နှင့် ထန်းသမား အပြောင်းအလဲတော့ရှိကြ၏။

ထန်းရှင်မိသားစု ထန်းတက်သမားမိသားစုဝင်များအပြင် အခြားမြူအိုးကောက်ပေးသူလည်း တစ်ခါတစ်ရံရှိတတ်၏။ ထိုသူများမှာ ထန်းရည်ကြိုက်သော ထန်းရည်သမားဟု ရွာမှ အခေါ်ခံရသူဖြစ်တန်၏။ ထန်းရည်ခါးလေးသောက်ရလျှင် ပြီးသည်။ မည်သည့်အဖိုးအခမျှ မယူကြရှာပေ။

မြူအိုးကောက်သူဆိုသည်မှာ ထန်းသမားက ထန်းလှီးပြီး ချထားခဲ့သောထန်းရည်မြူအိုးများကို လိုက်လံစုဆောင်း ကောက်ယူရသောကြောင့်ဖြစ်သည်။ အရပ်အပြောအခေါ်မှာ မရိုးကောက်ဖြစ်ပါသည်။ မြူအိုးကောက်သည် ထန်းသမားထက် ဝီရိယရှိရသည်။ နံနက်မိုးမလင်းမီအချိန်ကပင် မြူအိုးပုံနား ရောက်ရ၏။ မြူအိုးပုံမှာ လွန်ခဲ့သောညနေက ထန်းအပြီးတွင် ဆေးကြောမီးဖုတ်ထားခြင်းဖြစ်သည်။ မရိုးကောက်သည် စနစ်တကျ စုပုံထားသည့်မြူအိုးများကို ညင်သာစွာချယူရသည်။ ကြမ်းကြမ်းတမ်းတမ်း မြူအိုးပုံကိုထိမိလျှင် မြူအိုးများသည် ပြိုကျကွဲအက်ကုန်တတ်လေသည်။ မြူအိုးကောက်သည် မြူအိုးများ တွင် ပြာမှုန့်နှင့်ဖုန်မှုန့်များ ကပ်နေပါလျှင် သန့်ရှင်းသော အဝတ်ဖြင့် သုတ်ခါပေးရသည်။ ထုံးရည်ကျဲကျဲကိုလည်း သင့်တင့်စွာ ဆွတ်ဖျန်းပေးရသည်။ ရှေးယခင်ကမူ ထုံးရည်အစား သစ်ရာခေါက်ကို ထည့်ခဲ့ကြသည်။ ယခုအခါ သစ်ရာပင်မှာ ရှားပါးသွားပြီဖြစ်သည်။ ထုံး (သို့မဟုတ်) သစ်ရာထည့်ခြင်းမှာ ထန်းရည်ချိုကြည်လင် စေရန်ဖြစ်သည်။ ထုံးရည်မခံလျှင် နေအတန်မြင့်လာပါက ထန်းရည်ချိုသည် ဖြူရော်ရော်ဖြစ်လာသည်။ ချိုသောအရသာတွင် ချဉ်စုတ်စုတ်အနံ့အရသာ ဖြစ်တတ်သည်။



မြူအိုးကောက်သည် ထုံးခတ်ပြီး မြူအိုးကိုးလုံး၊ ဆယ်လုံးကို ထမ်းပိုးဖြင့်လျှိုထမ်းကာ ထန်းပင်ခြေများသို့ ချပေးရသည်။ ထန်းစလှီးထားသည်ကိုအခြေခံ၍ နှစ်လုံး သုံးလုံးစသည်ချရ၏။ ထန်းသမားသည် ထိုမြူအိုးများကို ထန်းပင်ပေါ်သို့ ထန်းလှီး ဓားကောက်တွင် ချိတ်ဆွဲပြီးတက်သည်။ ထန်းပင်ပေါ်ရှိ ထန်းရည်ခံ ထားသည့် မြူအိုးများနှင့်လဲလှယ်၍ ထန်းရည်ချိုပါသောမြူအိုး များကို ထန်းပင်အောက်သို့ချပြီး ထန်းပင်ခြေ၌ ကပ်ထားခဲ့သည်။

ထန်းသမားတည်ထားသော ထန်းရည်ချိုအိုးများကို မြူအိုးကောက်က စု၍ အမှိုက်ကင်းစေရန် ပေါင်းချောင်ဖြင့် ထန်းရည်စစ်ရသည်။ ထန်းလျက်ဖိုသို့ပို့ရသည်။ အဖန်ဖန်အခါခါ ထန်းပင်မှထန်းလျက်ဖို၊ မြူအိုးပုံ၊ ပို့လိုက်သယ်လိုက် ခေါက်တုံ့ ခေါက်ပြန် သွားလာလှုပ်ရှားရသည်။

မြူအိုးကောက်သူသည် ထန်းရည်ချိုလှယ်ထည့်ပြီးသော မြူအိုးလွတ်များကိုပြန်၍ စင်စင်ကြယ်ကြယ်ရေဆေးရသည်။ သုံးလုံးတစ်တွဲထပ်ကာ မှောက်ရသည်။ ရေစစ်သည့်အခါတွင် မီးဖုတ်ရသည်။

မြူအိုးမီးဖုတ်သည့်အခါတွင် မြူအိုးများကို တစ်လုံးနှင့် တစ်လုံး ခြောက်လက်မခန့်အကွာ မျက်နှာချင်းဆိုင်၍ တန်းစီ ချထား၏။ တန်းစီရာတွင် တစ်လုံးနှင့် တစ်လုံး ဘေးချင်းထိကပ်၍ ထားရသည်။ နှစ်တန်း မျက်နှာချင်းဆိုင်စီပြီးလျှင် ထိုနှစ်တန်း ကြားသို့ ထန်းရွက်ခြောက်များကို မီးသင့်အောင်ချိန်၍ထားသည်။ မြူအိုးတန်းအပေါ် နှစ်လုံးကြား တစ်လုံးစီထပ်ရ၏။ မြူအိုးပုံသည် အပေါ်မြင့်လာသော် ထန်းရွက်ခြောက်ကိုမီးရှို့၍ မြူအိုးများကို ကျက်စေသည်။

မြူအိုးမီးဖုတ်လျှင် ထန်းရွက်ခြောက်မီးသာလျှင် အကောင်းဆုံးဖြစ်သည်။ ထန်းရွက်သစ်မီးခိုးမှိုင်း (မီးခိုးမင်) သည် ထန်းရွက်ဟောင်းမှိုင်းလောက်မကောင်းပါ။ မီးခိုးမှိုင်းကောင်းလျှင် ထန်းရည်ချိုသည် ဖြူဖွေးစိမ်းလဲ့၍နေတတ်သည်။ မီးခိုးမှိုင်းမကောင်းလျှင် ချွဲပျစ်ပျစ်ဖြစ်နေတတ်သည်။ ထန်းရည်ကောင်းမှ ထန်းလျက်ကောင်းသည်။ ထန်းရည်ချွဲလျှင် ထန်းလျက်သားမတက်၍ အရသာညံ့ဖျင်းသည်။

မြူအိုးကောက်သူသည် ထန်းရည်ချိုကြည်လင်စေရန် ဖောက်ထုံးကို မြူအိုးတွင်ထည့်ရသည်။ ဖောက်ထုံးကို မပျစ်မကျဲ အနေအထားဖျော်ရသည်။ ထုံးအိုးတစ်ခုထားကြသည်။ ထုံးခတ်သည်ဟုခေါ်ကြ၏။ ထုံးခတ်ရာတွင် ထန်းရည်ချိုယိုကျမှု၊ ရာသီဥတုအခြေအနေများအလိုက် ချိန်ဆကြရ၏။

ထုံးသည် ထန်းရည်ချိုကို ကြာရှည်အထားခံစေ၏။ ကြည်လင်စေ၏။ သို့သော် ထုံးများသွားပါက ထန်းရည်မှာ မကြည်တော့ချေ။ နီရဲသွားတတ်ပြန်သည်။ အချိန်အဆမှာ အရေးပါ၍ ထန်းရည်ချိုယိုလျှင် ဆီးဖြူသီးနှစ်လုံးစာထည့်ကြ၏။ နေပူ၍ထန်းရည်မယိုလျှင် ဆီးဖြူသီးတစ်လုံးစာခန့်သာ ခတ်ပေးကြသည်။

မြူအိုးကောက်သူသည် မှတ်ဉာဏ်ရှိ၍ တတ်သိနားလည်မှသာ ဆောင်ရွက်နိုင်သည်။ ထန်းပင်ခြေ မြူအိုးချ/တည်ပေးရာတွင် ရင်းထောင်၏ လက်ယာဘက်မှာချရ၏။ မြူအိုးကြီးများကို တပေါင်းတစည်းတည်းစုလျက် မြူအိုးပေါ်မှာ တင်ထားပေးရသည်။ သို့မှသာလျှင် ထန်းတက်သမားသည် ဘယ်လက်ဖြင့် ရင်းထောင်ကိုထိန်းကာ ညာလက်ဖြင့် မြူအိုးကြီးများကို အလွယ်တကူ ကောက်ယူချိတ်ဆွဲသွားနိုင်သည်။



တန်ခူးလဟူသည် ထန်းခူးသောလဟုဆိုကြခြင်းမှာ ထန်းဖိုနုတုံး၍ ထန်းဖိုညှပ်ထန်းမနုများကို ထန်းတက်သမားများ ထန်းလှီးနေကြကာ ထန်းပင်၏ အသီးအပွင့် ထန်းရည်မှ ထန်းလျက်ထန်းဖြိုင်ဖြိုင်၊ ထန်းမြိုင်မြိုင်ရနေ၍ ဖြစ်ပေမည်။ ထန်း၏ အသီးအပွင့်များကို ခူးစားရသည်မဟုတ်ပေလော့။ ထိုအချိန်တွင် နေမင်းကပူသည်။ လေပွေလေရူးများ တိုက်ခတ်၏။ နေကပူတော့ လေကလည်းမအေးမြတော့ပေ။ မြူအိုးများကို မီးဖုတ်လျှင်ပင် ရှာနှင့်ဝေးဝေး မီးဘေးကိုသတိထား ရှောင်ရှားကြရသည်။ လေစုန်လေဆန်ကို မြူအိုးကောက်များ အရိပ်အခြည်ကြည့်ရသေး၏။

သကြ်န်မိုးများရွာသွန်းသောကြောင့် ထန်းသမားနားလျှင် မြူအိုးကောက်လည်းနားသည်။ မိုးသည် လေပြင်းပါလျှင် ထန်းသမားက ထန်းမတက်ပေ။ အသက်က အရေးကြီးပေသည်။

မာမာချိုသည် ထာဝရမြူအိုးကောက်သူမဟုတ်ချေ။ ချောက်မြို့နယ် ကြီးနီရွာအစိုးရအလယ်တန်းကျောင်းမှ ခုနစ်တန်းကျောင်းသူလေးသာဖြစ်သည်။ ဖခင်မှာ ကျောင်းဆရာဦးမြင့်အောင်၊ မိခင်မှာ ဒေါ်သန်းစိန်ဖြစ်သည်။ မိခင်မှာ ရုပ်ရည်ချောမောလှပသူစဥ့်ကူး၊ ကြအို၊ ပိုလ်ကုန်းနယ်တစ်နယ်၌ ထင်ရှားခဲ့၏။ ကြအိုအုပ်စုရွာသစ်သူ၊ ပိုလ်ကုန်းမျိုးဖြစ်သည်။ မာမာချိုသည် နို့ညှာကလေးဖြစ်၏။ သူမ နှစ်နှစ်သမီးအရွယ်မှာပင် မိခင်ဖြစ်သူမှာ ရုတ်တရက်

လေဖြတ်၍ ဆုံးသွားရှာသည်။ အဘဖြစ်သူ ဦးမြို့၊ အမေကြီး ဒေါ်ငွေမယ်တို့နှင့် ကြီးပြင်းသည်။ အရီးမရင်က လျှော်ဖွတ် ချက်ပြုတ်ကျွေးမွေးပြုစုသည်။ အရီးဂျမ်းက ရှာဖွေ ဈေးဝယ်ဈေးရောင်း လုပ်ကိုင်ပေး၏။ အရီးခင်သိန်းသည် အတန်းပညာသိပ္ပံဘွဲ့ရသူ ဖြစ်သောကြောင့် ရေဇင်းစိုက်ပျိုးရေးတက္ကသိုလ်သို့ မာမာချိုကို လိုက်လံ၍ ကျောင်းအပ်ပေးခဲ့သည်။ အဖေသည် မိခင်သေဆုံး၍ ရှစ်နှစ်အကြာတွင်မှ တစ်ပင်လဲမှ တစ်ပင်ထူခဲ့လေသည်။ ယခုကာလတိုင်သည်အထိ ကျောင်းနား အလုပ်အားချိန်များတွင် မိရိုးဖလာ တောင်သူယာလုပ် ခြားမခုတ်လုပ်ငန်းများကို မာမာချိုတို့ မောင်နှမတစ်တွေက ဝိုင်းကူလျက်ပင်တည်း။ လေးစားမြတ်နိုး တန်ဖိုးထား၍ သမ္မာအာဇီဝအလုပ်ဟူသမျှဂုဏ်ရှိစွဟု နှလုံးသားဝယ် ကမ္ပည်းတည်လျက်ရှိကြ၏။ မာမာချိုသည် စိုက်ပျိုးရေးပညာရပ် များကို တရုတ်၊ ထိုင်း၊ အိန္ဒိယနိုင်ငံများသို့ သွားရောက်၍ လေ့လာ ခဲ့လေပြီ။

လှဝင်းကြည် မြူအိုးကောက်ရသည့်ထန်းတောမှာ ရွာ၏အရှေ့ လေးရွာကန်ယာတွင်ရှိသည်။ လေးရွာကန်တောသည် စန်းကန်ရွာ နှင့် နီးလေသည်။ စန်းကန်ရွာမှ ထန်းတက်သမား ကိုမောင်သည် လေးရွာကန်ယာမှ ထန်းတောကို သုံးလှည့်တစ်လှည့်ထန်းလှီးသည်။ ထန်းရှင် မိမိအလှည့်တွင် မြူအိုးကောက်တာဝန်ကို လှဝင်းကြည်က အများဆုံးယူခဲ့ရသူဖြစ်သည်။

ထို့ကြောင့်ပင် အစ်ကိုဖြစ်သူဖြစ်သော မောင်ကြီးနေဝင်းနှင့် မောင်လေးမြင့်ဆွေတို့သည် လှဝင်းကြည်အား ပို၍ သနား



ချစ်ခင်ကြရှာလေသည်။ ဖခင်ဖြစ်သူ ဦးထွန်းငွေ၏ အသားမှာ ဖြူဖြူ၊ အရပ်အမောင်း ထောင်ထောင်မောင်းမောင်းနှင့် မျက်လုံးမျက်ဖန်လှလှ မျက်နှာကျရှိသည်။ သူ၏ညီရင်းအစ်ကို ခုနစ်ဦးတွင် စိတ်ထက်သူဟုပြောကြ၏။ နှမငယ်သုံးဦးကိုလည်း စနစ်တကျပြောဆိုဆုံးမဩဝါဒပြုပေးသူဖြစ်၏။ လှဝင်းကြည်၏ မိခင် ဒေါ်ခင်ကြည်သည် ထာဝစဉ်ညင်သာသိမ်မွေ့သူဖြစ်၏။ အေးအေးဆေးဆေးပင်ဖြစ်သည်။ လှဝင်းကြည်သည် အမေတူ သမီးကလေးသာဖြစ်သည်။ သူမ တက္ကသိုလ်ဝင်တန်းအောင်သည့် အခါ အဝေးသင်ဖြင့် ဘွဲ့ယူခဲ့ရရှာသည်။ မောင်လေးမြင့်ဆွေသည် ထိုစဉ်က တိ/မွေးကုတက္ကသိုလ်တက်နေ၍ မောင်နှမနှစ်ဦးလုံး နေ့ကျောင်းမတက်နိုင်ခဲ့ပါ။ မြို့နယ်ပညာရေးမှူးရုံး စာရေးကြီး ဦးမြသိန်း (ကြအိုအုပ်စု၊ ဥယျာဉ်ရွာသစ်သား) အကူအညီဖြင့် ကျောင်းဆရာမလေး ဖြစ်ရပေတော့သည်။

ထန်းသမားကိုချစ်စိန်နှင့် ဇနီးမယားမပြေတင်တို့သည် ရွာ၏အရှေ့ဘက်ရွာနှင့်နီးသော ကန်ဦးယာအနောက်ခရိုးနားတွင် ကပ်လျက် ထန်းရွက်တဲဖြင့်နေကြ၏။ ရှားနှင့် သပွတ်သားများကို တိုင်အဖြစ်အသုံးပြုထား၏။ တဲအတွင်း၌ ဝါးကပ်ကလေးရှိသည်။ ထိုအပေါ်တွင် ညအိပ်ကြသည်။ ကွပ်ပျစ်ခြေမြေကြီးပေါ်တွင် ဖိုခုံလောက်သုံးလုံးဆိုင် ထင်းမီးဖိုရှိ၏။ မီးဖိုဘေးတွင် မပြေတင် မရိုးကောက်စဉ်ကဆွဲယူလာသော ဘောက်ခွေးပင် (ချုံပင်တစ်မျိုး) ခြောက်များကို မီးထိုးရန် စုပုံထားသည်။ ထင်းပုံကလေး၏ဘေးမှာ ထမင်းစားခုံလေးထောင့်စားပွဲရှိ၏။ ဆီချေးများဖြင့် မည်းနက် တက်လျက်ရှိသည်။ မီးဖို၏ဘေးနားတိုင်ခြေတွင် ထမင်းရည်ငှဲ့

ထည့်သော ခွေးစားအိုး (မြူအိုးအဟောင်း) မှာ ပိုးစိုးပက်စက် ရှိနေ၏။ မပြေတင်၏ကလေးများမှာလည်း နှပ်ချေးစက်လက်နှင့်သာ ဖြစ်ကြသည်။ သားနှစ်ဦး၊ သမီးကလေးသုံးဦးရှိ၏။

**နှီးဒေါင်းလန်းကြီး၊ ခူးပြီးသောခါ**
**သမီးနှင့်သား၊ များလို့မဝင်သာ**
**ဒူးတစ်ဖက်ဟာ၊ တွန်းကာဖယ်လျက်**
**သူ့ထက်ငါလေ၊ စားတော့မည်စေ**
**စားပေသာလှ အုန်းခွက်ကယ်နှင့်လေး။**
**ငုံ့လျက်ကိုယ်စီသာ ဆုပ်ကာလွေးတော့သည်။**
**ပြီးလျှင်ရေမရှာ ခွေးသာကျွေးတော့သည်။**

**(ဝန်ကြီးပဒေသရာဇာ)**

ထန်းတက်သမားကိုချစ်စိန်သည် မပြေတင်နှင့် အိမ်ထောင် မမြဲရှာခဲ့ပေ။ ဗိုလ်ကုန်းရွာသူ မမိပုနှင့် ထပ်မံ၍ အိမ်ရာ ထူထောင်၏။ ထန်းတက်၍ပင် လုပ်ကိုင်ကျွေးမွေးခဲ့သည်။ မမိပုသည် မမျှော်လင့်ဘဲ သေဆုံးသွားခဲ့ပြန်၏။ ထိုအခါ မသောင်းနုနှင့်လက်ဆက်၏။ အသက်တော့ကွာပေသည်။ ကန်ဦးယာ၏ အနောက်ဘက်ယာခင်းထဲတွင် ရွာခြေနားပို၍နီးနီး အိမ်ဝိုင်းဝယ်၍နေသည်။ ထန်းရွက်တဲအိမ်လည်း မဟုတ်တော့ပါ။ ရွာတံခါး၏ အရှေ့ဘက်တွင် ဦးချစ်စိန်၏အိမ်သည် သွပ်မိုး ထရံကာဖြင့် တင့်တင့်တယ်တယ်ရှိနေသည်။ ထန်းပင်ကိုလည်း မတက်တော့ပါ။ သားသမီးများက လုပ်ကျွေးပြုစုကြသည်။

ညောင်ဦး၊ ကျောက်ပန်းတောင်း၊ တောင်သာ၊ မြင်းခြံနယ်များရှိ ကျေးရွာများတွင် ထန်းလုပ်ငန်းလုပ်ကိုင်သူ ထန်းသမားနှင့်



ထန်းပိုင်ရှင်များစွာရှိကြပေသည်။ ယခုအခါ သုံးလှည့်တစ်လှည့်ပင် ထန်းပိုင်ရှင်က မရတော့ပေ။ ငါးလှည့်တစ်လှည့်သာ ခံစားခွင့် ရရှိသည်။ ထို့ကြောင့် ထန်းသမားများသည် ထန်းလျက်ပို၍ ရရှိနေကြပြီဖြစ်သည်။ မြူအိုးကောက်များမှာလည်း သားမယား များ၏ လုပ်အားဖြင့်သာ အဆင်ပြေစွာလုပ်ကိုင်နေကြပေ၏။ ဝီရိယရှိစွာဖြင့် မသောက်မစား၊ ဖဲမရိုက်၊ ကြက်မတိုက်သော ထန်းတက်သမားများသည် ရှေးခေတ်နှင့် မတူတော့ပါ။ လူမွေးလူတောင် ပြောင်နေပြီဖြစ်သည်။

သို့သော် နေပူပူ၊ ဖုန်ထူထူတွင် ပုဆိုးကို ခေါင်းစည်းလျက် မြူအိုးများထမ်း၍ မမောတမ်းလှုပ်ရှားကြရသော မြူအိုးကောက်သူ များမှာ ပင်ပန်းလှချေသည်တကား. . .။

*****



မြူအိုးကောက်နေသည့် မိန်းမပျို

# ချိုတာမြမြ

"ပုပ္ပါး × × ပုပ္ပါး × × တောင်တော်ရွှေပုပ္ပါး × × × ×
ပုပ္ပါးရယ်သာ လာချင်ပါရဲ့လေး × × × × ×
ပန်းပဲမောင်တင့်တယ်၊ နတ်မောင်နှမရယ် × × ×
ပျော်စံမြန်းတဲ့-နတ်နန်းကြီးလည်းရှိရာဒေသတကယ် × × ×
ပေါက္ကံပြည်ကို ပန်းတော်ဆက်တဲ့-ကိုဗျတ္တနဲ့မယ်ဝဏ္ဏတို့
တူစုံမောင်မယ် × × ×
ချစ်ကြိုးသွယ်နှောင်-ရွှေဖျဉ်းညီနောင်
ဖွားရာဒေသ × × ဝယ် × × × "

နွားလှည်းမောင်းလာနေသော ကိုသိန်းညွှန့်သည် သီချင်းကို အားရပါးရ ဟစ်ကာသီဆိုလိုက်သည်။

"ဟေ့ကောင် သိန်းညွှန့်၊ ဒီနေရာက ပုပ္ပါးနဲ့ ပုဂံမဟုတ်ဘူးကွနော်၊ ပုသိမ်ကြီးကွ၊ ပုဂံခေတ်တုန်းကတော့ ပုဂံမင်းသားကြီးမင်းရှင်စော (အလောင်းစည်သူမင်း၏သားတော်ကြီး) က လယ်ပယ်တွေဖော်ထုတ်ပြီး မြို့တည်နန်းတည်ခဲ့တာတဲ့၊ ပံသုကျိ ဆန်ရေစပါးပေါများသော ဒေသတဲ့နော်"

"အေးပါကွာ၊ လှည်းမောင်းရင်း မင်းတို့ငါတို့နဲ့ အရီးရယ် တစ်စုတစ်ဝေးရှိကြတော့ ဇာတိချက်ကြွေမွေးရပ်မြေ ဒို့ပုဂံညောင်ဦး ပုပ္ပါးနယ်ကို လွမ်းမိလို့ ဟဲလိုက်တာပါပဲ. . . "

ကိုသိန်းညွန့်သည် ပုသိမ်ကြီးမြို့နယ် ရေတံခွန်တောင် ဘယဆေးဥယျာဉ်ခြံမှ အခြားအဆင့် ကျွမ်းကျင်ဝန်ထမ်းဖြစ်၏။ ထိုဆေးဥယျာဉ်၏ အုပ်ချုပ်ရေးမှူး ဦးစီးအရာရှိမှာ ဦးကြည်ရှိန် ဖြစ်ပြီး သူလည်း ပုဂံညောင်ဦးနယ်သားပင်ဖြစ်သည်။

ရုံးပိတ်ရက်များတွင် အရိပ်အာဝါသကောင်းသည့် ဦးကြည်ရှိန်၏ ထန်းရွက်တဲသို့ ပုဂံညောင်ဦးမြို့နယ် စဥ့်ကူတိုက်နယ်သားများ အမြဲလိုလိုစုစည်းမိကြ၏။ ပုသိမ်ကြီးမြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးဗိုလ်မောင်၊ ပုသိမ်ကြီးမြို့နယ် သမဝါယမဦးစီးအရာရှိ ဒေါ်ခင်သိန်းတို့လည်း မကြာခဏ ရောက်ရှိတတ်ကြလေသည်။ ကိုသိန်းညွန့်၊ ကိုဌေးလွင်နှင့် ကိုကြည်ရှိန်တို့သည် ဒေါ်ခင်သိန်းကို အရီးခင်သိန်း အရီးဟုပင် တောမူတောဟန်အပြည့်ဖြင့်ခေါ်ကြ၏။ အန်တီ မကြိုက်သော အရီး ဖြစ်၏။

ယခုလည်း ရေတံခွန်တောင်မှ အိမ်ရှေ့မင်းထန်းတောသို့ မန္တလေးတူးမြောင်းမကြီး၏ဘေး၌ ယှဉ်လျက်ရှိသော မြောင်းဘောင်လမ်းမှ လာခဲ့ကြသည်။ ကိုသိန်းညွန့်က လှည်းမောင်း၏။ အရီးနှင့် သူ၏တူမများဖြစ်သော အေးအေးနှင့် မြင့်မြင့်အေးသည် လှည်းအိမ်နောက်ဖျားမှာ ခြေတွဲလွဲချ၍ နောက်ပြန်စီးကြသည်။ ကိုကြည်ရှိန်၊ ကိုဌေးလွင်နှင့် မောင်ဖြိုးဗိုလ်မောင်တို့က လှည်းအိမ်အလယ်မှ လိုက်ပါခဲ့ကြလေသည်။

တပေါင်းလ၏ရာသီဥတုသည် သာယာလှပလွန်းလှသည်။ အရှေ့ဘက်တွင်ရှိသော ရှမ်းရိုးမကြီးသည် ပြာပြာမှိုင်းမှိုင်းဖြင့် မြူခိုးငွေ့များ ဆိုင်းလျက်ရှိသည်။ မန္တလေးတူးမြောင်းကြီး၏ဘေးတွင်



စီရရီရှိသော သရက်ပင်ကြီးများထက်မှ နွေတေးရှင်၏ ဥဩ. . . ဥဩ. . . ဥဩ ဟူသည့်အသံကိုလည်း သာယာနာပျော်ဖွယ် ကြားရ၏။ နွေစပါးခင်းများသို့ ရေသွင်းပေးရန်အတွက် မြောင်းမကြီး အတွင်းမှ ရေအလျင်သည် တသွင်သွင်စီးဆင်းကာနေပေသည်။ ရွှေဝါရောင်သစ်ရွက်ကလေးများသည် လေအဝှေ့တွင် တဝဲဝဲ တလွင့်လွင့် ကြွေကျလျက်ရှိနေသည်။

'သစ်ရွက်ရော်ရီ၊ ဣန္ဒနီဝယ်၊ သိင်္ဂီတစ်ဝက်၊ ဖက်၍ဆေးစုံ၊ ခြယ်သောပုံသို့' ဟူ၍ စာဆိုကျော်က ဖွဲ့ဆိုခဲ့ခြင်းမှာ လွမ်းဖွယ်ပင် ဖြစ်လေသည်။

ကိုသိန်းညွန့်တို့အဖွဲ့၏လှည်းကလေးသည် ပုသိမ်ကြီး၊ ရေထွက်၊ ခ. လ. ရ (၄) တပ်ရင်းကို ကျော်ခဲ့ပေပြီ။ နှမ်းကြဲ (နှမ်းကျိုး) ရွာဦးရှိညောင်ပင်တွင် နွားများခေတ္တနားရင်း တူအရီးတစ်တွေ အကြော်စားကြ၏။

"အရီး၊ ဒီရွာကနှမ်းကြဲ (နှမ်းကျိုး) နော်၊ မရွှေဥချစ်ရည်းစား ကိုရင်မောင်က ဒီရွာသားမဟုတ်လားဗျ" ဖြိုးဗိုလ်မောင်က မေးလေ၏။

"အေး ဟုတ်တယ်ကွဲ့။ မြောက်ဘက်ကိုဆက်သွားလို့ ဆင်ရွာကြီးကျော်ရင်လည်း မရွှေဥရဲ့ရွာ အင်ကျယ်ရွာရှိတယ်ကွဲ့ လူလေးရဲ့"

"ကျွန်တော်တို့နားပြီး လှည်းဆက်မောင်းတော့ လှည်းပေါ်မှာ ဇာတ်လမ်းကို ဆက်ပြောပြပါနော် အရီး"

"ဟုတ်ပါပြီ လူကလေး။ မိန်းကလေးတို့လည်း မှတ်သား ထားကြပေါ့နော်"

အနော်ရထာမင်းစောသည် ပုဂံပြည်တွင် သက္ကရာဇ် သုံးရာခုနစ်ဆယ့်ကိုးခု သရဝဏ်နှစ်၊ ပြာသိုလပြည့်ကျော်ရှစ်ရက်၊ တနင်္လာနေ့၌ မင်းဖြစ်တော်မူ၏။ မင်းသား၊ မိဖုရား၊ မှူးမတ်၊ ကလန်၊ သံပျင်တို့နှင့် ပြည်သူပြည်သားတို့ကို တရားသဖြင့် စိုးအုပ်စီရင်တော်မူသည်။

မင်းကြီးသည် သာသနာတော်မှာ အလွန်သဒ္ဓါလေ၏။ ထို့ကြောင့် ဂန္ဓာလရာဇ်တိုင်းတရုတ်ပြည်တွင်ရှိသော စွယ်တော်မြတ် တစ်ဆူကို ဥတည်ဘွားဘုရင်ထံမှတောင်းယူ၍ အများသူငါ ပူဇော်ခံစေရန် စိတ်အကြံဖြစ်လေသည်။ နိုင်ငံတော်အားလုံး၌ ရှိသော ဆင်၊ မြင်း၊ ဗိုလ်ပါတို့ကို ရုံးစုစေ၏။ ရေကြောင်း သုံးကုဋေခြောက်သန်း၊ ကြည်းကြောင်း သုံးကုဋေခြောက်သန်းနှင့် တကွ နတ်မြင်းသည်လေးစီး၊ ရွှေဖျဉ်းညီနောင်တို့ကို ခေါ်တော်မူ၍ တရုတ်ပြည်သို့ ချီတော်မူ၏။

ရောက်တော်မူလျှင် တရုတ်ဥတည်ဘွားလည်း မြို့တံခါးကို ပိတ်၍ အတင်းအကျပ်ခံ၍နေလေ၏။ အနော်ရထာမင်းစောသည် အတင်းအကျပ်ခံနေကြောင်းကို သိတော်မူလျှင် အကြောင်းကို စုံစမ်းရန် ကျန်စစ်သား၊ ငထွေရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီးနှင့် ရွှေဖျဉ်းညီနောင်တို့ကို ခေါ်တော်မူပြီးလျှင် နတ်မြင်းစီး၍ ဥတည်ဘွား၏ဆရာရသေ့ကျောင်းသို့ သွားတော်မူ၏။ ဥတည်ဘွား၏ ဆရာရသေ့လည်း အရံတစ်သိန်းနှင့်တကွ ကျောင်းတွင် နေနှင့် သည်ကို တွေ့တော်မူလေ၏။

ထိုရသေ့လည်း အနော်ရထာမင်းကြီးမှစ၍ နတ်မြင်းသည် လေးစီးအား ရွှေဖျဉ်းညီနောင်တို့သည် အဖိုးအတိုင်းမသိသော



တန်ဆာတို့ကို ဝတ်စားဆင်ယင်ကုန်သည်ဖြစ်၍ "ဤသူကား မင်းဧကရာဇ်ဖြစ်သည်။ ဤသူကားအမတ်ဖြစ်သည်" ဟူ၍ အတပ်မသိလျှင် စုံစမ်းအံ့သောငှာ ကောင်းမွန်သိမ်မွေ့စွာသော နေရာခုနစ်ခုတို့ကို ခင်းလေ၏။ အနော်ရထာမင်းစောလည်း ထိုနေရာခုနစ်ခုတို့ကို အရိန္ဒမာကြိမ်လုံးဖြင့် ခတ်လေသော် တစ်ခုတည်း နေရာဖြစ်၍ ထိုနေရာထက် နေတော်မူ၏။ ကျန်စစ်သား အစရှိသော စစ်သူကြီးလေးယောက်နှင့် ရွှေဖျဉ်းညီနောင်တို့လည်း မင်းကြီးကို ရိုသေစွာခစား၍နေကုန်၏။

ဥတည်ဘွား၏ဆရာရသေ့သည် ဘုန်းကြီးသောမင်းတစ်ပါး ဖြစ်သည်ဟု သိလေ၏။ "အဘယ်အရပ်မှ အဘယ်အကြောင်းကြောင့် ငါတို့တိုင်းနိုင်ငံသို့ လာရောက်တော်မူသနည်း" ဟု မေးလေသည်။

"ငါကား အရိမဒ္ဒနတွင်သော ပုဂံရာမပြည်ကြီးကို အစိုးရသော အနော်ရထာမင်းစောတည်း။ ငါလာတော်မူသောအကြောင်းကား သဗ္ဗညုဘုရားသခင်စွယ်တော်ကို ကိုးကွယ်ချင်သောကြောင့် တောင်းမည်လာသည်" ဟူ၍ မိန့်တော်မူ၏။

ဆရာရသေ့သည် ဘုရင်ဥတည်ဘွားထံ ထိုအကြောင်းကို ကြားလေစေ၏။ ဥတည်ဘွားသည် အယုတ်အမြတ်ကိုမသိ မလေးမစားနေလေ၏။ အနော်ရထာမင်းစောလည်း ရသေ့အား ဤသို့မိန့်တော်မူ၏။ "ဤပြည်ကိုအစိုးရသော ဥတည်ဘွားသည် သံသရာပစ္စုပ္ပန်အလို့ငှာ အဘယ်ကို ကိုးကွယ်သနည်း" ဟု မေးတော်မူ၏။ ရသေ့လည်း "တရားမင်းကြီး၊ ဥတည်ဘွားသည် သံသရာအလို့ငှာကား ဘုရားရှင်စွယ်တော်မြတ်ကို ကိုးကွယ်သည်။ ပစ္စုပ္ပန်အလို့ငှာကား စန္ဒီနတ်ကို ဥတည်ဘွားရွှေနန်းရှေ့၌ တန်ဆောင်းပြာသာဒ်နှင့်ထား၍ ကိုးကွယ်သတည်း" ဟုဆို၏။

ဥတည်ဘွားသည် အနော်ရထာမင်းစောချီလာသည်။ စစ်သည်သူရဲကောင်း (၇,၂၀,၀၀,၀၀၀) ခုနစ်ကုဋေနှစ်သန်းမျှ ရှိသည်။ ဗိုလ်ပါနည်းလှသည်ဟူ၍ မလေးမစားပြုလေ၏။

အနော်ရထာမင်းစောသည် ငါသို့သောမင်းလာရောက်သည်ကို ဥတည်ဘွားသည် မဖူးမမြင် မထွက်မနပ်နေသည်။ နေရသလော ဟူ၍ ရွှေဖျဉ်းညီနောင်တို့ကို ခေါ်တော်မူပြီးလျှင် "ညဉ့်အခါ ဥတည်ဘွားနန်းသို့ဝင်၍ ဥတည်ဘွားရေစက်နှင့်အိပ်သည်ကို ရေကိုကုန်အောင်ပန်တူဖြင့် စုပ်ပြီးသော် ဥတည်ဘွားကိုယ်ကို ထုံးသုံးတန့်တားချေ။ ငါသို့သောမင်းရောက်လာသည်ကို မဖူးမမြင် မထွက်မနပ်နေသည် နေရသလော။ ယင်းကဲ့သို့နေလျှင် ဤထုံးတားရာကိုဖြတ်ပိုင်း၍ သတ်ပစ်မည်ဟူ၍ နံရံတွင် စာရေး၍ ထားခဲ့"ဟု မှာတော်မူ၏။

ရွှေဖျဉ်းညီနောင်တို့သည် အမိန့်တော်အတိုင်း ညဉ့်အခါ ဝင်၍ ရေကိုစုပ်ပြီးသော် ဥတည်ဘွားကိုယ်ကို ထုံးသုံးတန့် တားလေ၏။ နံရံတွင်လည်း စာရေး၍ထားခဲ့၏။ မိုးသောက်လျှင် အနော်ရထာမင်းစောသည် ကျန်စစ်သားကိုခေါ်တော်မူ၍ "ငါသို့သောမင်း လာရောက်သည်ကို ဥတည်ဘွားသည် မလေးမစား နေသည်။ ကြေးစန္ဒီနတ်ကို ကြိုးဖြင့်ချည်ပြီးလျှင် အရိန္ဒမာ ကြိမ်လုံးဖြင့် ရိုက်ချေ" ဟူ၍ စေတော်မူပြန်၏။

ကျန်စစ်သားသည် အမိန့်တော်အတိုင်း မကြောက်မရွံ့ ဥတည်ဘွားမှစ၍ တစ်ပြည်လုံးကိုးကွယ်သော လူလေးယောက် လက်တံအတိုင်း အရှည်ရှိသော ကြေးဖြင့်သွန်းလောင်းသော စန္ဒီနတ်ရုပ်ကို ကြိုးဖြင့်ချည်၍ အရိန္ဒမာကြိမ်လုံးဖြင့် ခတ်လေ၏။



ထိုအခါ ကြေးစန္ဒီနတ်က အရိမန္ဒနပြည်ကိုအစိုးရသော မင်းကြီးသည် စွယ်တော်မြတ်အားဖူးမြင်လိုသောငှာ ရောက်လာ သည်ကို ဥတည်ဘွားစသော အမှူးအမတ်ပြည်သူလူအပေါင်းတို့မှ မဖူးမမြင်မထွက်မနပ်နေသည်ဖြစ်၍ "ငါ့ကို အပြစ်ပေးတော်မူ၍ အနာအကျင်ရှိလှသည်" ဟူ၍ ဟစ်လေသည်။ ထိုနတ်ဟစ်သော အသံသည်ကား ဥတည်ဘွားမှစ၍ ဂန္ဓာလရာဇ်တိုင်းသားအားလုံး တို့၏ နားရင်းတွင်ဟစ်သကဲ့သို့ ထင်ကြလေတော့သည်။

ဥတည်ဘွားလည်း ရွှေဖျဉ်းညီနောင်တို့တားခဲ့သည့် ထုံးသုံးချက်၊ နံရံတွင်စာများကိုမြင်၍ ပြင်းစွာကြောက်ရွံ့သည်နှင့် ကြေးစန္ဒီနတ် ဟစ်သောအသံကိုကြားသည်ရှိသော် ခန့်ညားသွားသည်ဖြစ်၍ များစွာသောလက်ဆောင်၊ အခြွေအရံများနှင့် "အဆွေတော် အနော်ရထာမင်းစော ငါတို့တိုင်းနိုင်ငံသို့လာရောက်ကြောင်းကို ငါမသိပါ။ ယခု ကြေးစန္ဒီနတ်ဟစ်သည်တွင်မှသိရသည်" ဟူ၍ ဆိုပြီးလျှင် မင်းနှစ်ပါးတွေ့ဆုံတော်မူလေသည်။

အနော်ရထာမင်းစောလည်း "အဆွေတော် လောကီ၏ စည်းစိမ်ကို ငါအလိုမရှိပါ။ လောကုတ္တရာချမ်းသာဖြစ်ကြောင်း စွယ်တော်မြတ်ကို ကိုးကွယ်ချင်သောကြောင့် တောင်းယူပင့်ဆောင် လာသတည်း" ဟု မိန့်တော်မူ၏။ ဥတည်ဘွားလည်း "စွယ်တော်မြတ် ကိန်းဝပ်တော်မူလိုသော် ပင့်တော်မူတော့"ဟု ဆိုလေသည်။

အနော်ရထာမင်းစောသည် သုံးလတိုင်တိုင် စွယ်တော်မြတ်ထံ ကိုးကွယ်ခွင့်ရရှိရန် တောင်းပန်တော်မူလေ၏။ စွယ်တော်မြတ်သည် အနော်ရထာမင်း၏ဦးခေါင်းပေါ်သို့ မကြွရောက်ချေ။ ကောင်းကင်၌သာ သပ္ပာယ်စွာဖြင့် ရပ်တန့်၍ ဖူးမြော်ခံတော်မူရာ မင်းကြီးသည်

စိတ်တော်မချမ်းမြေ့နိုင်တော့ချေ။ မဖြစ်မနေ သာသနာပြုလိုသော မင်းဖြစ်၍ စွယ်တော်မြတ်ကိုယ်ပွား မြဆင်းတုတော်ကို သာ ပင့်ဆောင်တော်မူခဲ့ရချေသည်။

အနော်ရထာမင်းစောသည် ဥတည်ဘွားအား ထုံးသုံးရစ်တား၍ ကြောက်လန့်အောင် စွမ်းဆောင်နိုင်သည့် ရွှေဖျဉ်းညီနောင်တို့အား အိမ်ရှေ့စံ၏ အဆောင်အယောင်များကို ပေးသနားချီးမြှင့်လေသည်။ ရွှေဖျဉ်းညီနောင်သည် လူငယ်လူရွယ်များဖြစ်ကြ၍ ပျော်မဆုံး မော်မဆုံး ဂုဏ်ယူဝင့်ကြွားကြလေသည်။ တရုတ်ပြည်မှအပြန် ခရီးမှာ အနော်ရထာမင်းစောသည် ခပ်သိမ်းသောသတ္တဝါ အပေါင်းတို့၏ စီးပွားအလို့ငှာ တောင်ပြုံးအရပ်တွင် ဂူဘုရား တည်တော်မူသည်။ ဆုတောင်းပြည့်ဘုရားဟု မည်တွင်စေကာ ကျန်စစ်သားအား ကြီးကြပ်ကွပ်ကဲရန် တာဝန်ပေးသည်။ မင်းမှူးထမ်း မင်းညီမင်းသားများအားလုံးသည် သဲတစ်ဆုပ်၊ ရေတစ်မှုတ်၊ အုတ်တစ်ချပ် ဘုရားတည်သောနေရာတွင် တာဝန်ယူစေရမည်ဟု မိန့်တော်မူ၏။

တောင်ပြုံးရွာမှ အရှေ့ဘက်ရှမ်းရိုးမတောင်စွယ်လေးသည် တောင်ကုန်း၊ တောင်တန်း၊ တောင်ပုလုများတွင် သစ်ပင်ကြီးငယ် များဖြင့် အုံ့ဆိုင်းညို့မှိုင်းလျက်ရှိသည်။ ထိုတောခြေတောင်ခြေတွင် အင်ကျယ်ရွာကလေးရှိသည်။

အင်ကျယ်ရွာသူ ရှမ်း-မြန်မာမလေးများသည် ဝါဝင်းသော အသားအရေလေးများနှင့် အလွန်ပင်ချောမောပြေပြစ်ကြသည်။ ရွာ၏ပတ်ဝန်းကျင်တွင် သရဖီ၊ အင်ကြင်း၊ ကံ့ကော် စသည့် ပင်ကြီး ပင်ငယ်များမှ ပန်းရနံ့များ သင်းပျံ့မွှေးလျက်ရှိချေသည်။ အင်ကျယ်ရွာသူ



မရွှေဥလေး၏ အလှဂုဏ်သတင်းမှာလည်း လူပျိုကာလသားများ ကြား၌ မွှေးပျံ့လျက်ရှိချေသည်။

မရွှေဥကတော့ ဟင်းရွက်ခူးသွားစဉ် ချစ်ခင်နှောင်ဖွဲ့ခဲ့ရသော ကိုရင်မောင် (နှမ်းကြီးသား) မှလွဲလျှင် ကျန်သူများသည် ဖွဲဆန်ကွဲ ဟုသာ မှတ်ယူလေ၏။

**"ထန်းပင်ကျရေ. . . ထန်းပင်ကျရေ**

**ချိုတမြမြ. . . ခါးသလေလေ့"**

"ညီလေး ထန်းရည်သောက်တာ တော်တော့ကွာနော်"ဟု အစ်ကိုဖြစ်သူ ရွှေဖျဉ်းကြီးသည် သတိဖြင့် ရွှေဖျဉ်းငယ်ကို တားလေသည်။

"နောင်တော်ကလည်း ညီတော်ထန်းရည်မမူးသေးပါဘူးဗျာ . . . မရွှေဥလေးနားကို သွားကြည့်ချင်ပါသေးတယ်။ အင်ကျယ်ရွာ သွားဦးမယ် ဥရေ. . . ဥရဲ့. . . မောင်တော်လာခဲ့ပါမယ်နော်. . " ထန်းရည်မူး၍ ရွှေဖျဉ်းငယ်မင်းသားလေးမှာ ကျွဲခိုးပေါ်လေပြီ။ အင်ကျယ်ရွာမြောက်ဘက် တောင်ကုန်းခြေရှိ ထန်းတောမှာ ထန်းရည်သောက်၍ ပျော်ပျော်ပါးပါးနေကြတော့သည်။ ထို့ကြောင့်ပင် ဆုတောင်းပြည့်ဘုရားတည်ရာသို့ ရောက်မလာ နိုင်ကြသော သူတို့ညီအစ်ကိုနှစ်ဦး ပါဝင်ရမည့် အုတ်နှစ်ချပ်နေရာ လပ်နေခဲ့တော့သည်။

အနော်ရထာမင်းစောသည် အုတ်နှစ်ချပ်လပ်၍နေသည်ကို တွေ့၍ အဖြစ်မှန်ကိုမေးမြန်းပြီးသော် ကျော်စည်အရပ်သို့ ရောက်တော်မူလျှင် ရွှေဖျဉ်းညီနောင်တို့ကို ယုံကြည်တော်မမူ၍ ဝါးရင်းတုတ်အရပ်၌ ကွပ်မျက်တော်မူလေသည်။ ထိုသို့ ကွပ်မျက်

တော်မူသောအရပ်ကို ကွပ်ရွာညောင်ပင်ဟူ၍ ယခုတိုင်အောင်တွင်၏။ ထိုမှ ရတနာဖောင်တော်စီး၍ ပြန်တော်မူ၏။ ရွှေဖျဉ်းညီနောင် နတ်မိစ္ဆာဖြစ်၍ ဖောင်တော်စုန်သောအခါ တက်မကိုကိုင်၍ တားကြလေသည်။ ဖောင်တော်လည်း မသွားနိုင်ရှိလျှင် ထိုအကြောင်းကို ဟူးရားဖြူ ဟူးရားညိုတို့အား မေးတော်မူသော် "ကျွန်တော်ငဖျဉ်းညီနောင် တို့သည် အမှုတော်ကိုထမ်း၍ ကျေးဇူးတော်မခံစားရပါသောကြောင့် ဖောင်တော်တက်မကို ကိုင်၍ လိုက်သည်" ဟူ၍ နားတော်လျှောက်လေ၏။ အနော်ရထာမင်းစော လည်း တောင်ပြုံးရွာ ကောင်းမှုတော်ဆုတောင်းပြည့်ဘုရား၌ နတ်ကွန်းဆောက်၍ထားစေ၊ ကျော်စည်တစ်တန်း၌နေသောသူတို့၏ ပူဇော်ရာဖြစ်စေ" ဟု မိန့်တော်မူ၏။ ကျန်စစ်သားနှင့် အမတ်တို့လည်း အမိန့်တော်အတိုင်း ထားခဲ့လေသည်။ နှစ်စဉ် ဝါခေါင်ရောက်တိုင်း တောင်ပြုံးပွဲကို စည်ကားသိုက်မြိုက်စွာကျင်းပ၍ မြန်မာနိုင်ငံတွင် အစည်ကားဆုံးသော နတ်ပွဲကြီးဖြစ်လေသည်။

မင်းလေး (ရွှေဖျဉ်းငယ်) သည် နတ်မိစ္ဆာပင်ဖြစ်သွားသော်လည်း အင်ကျယ်ရွာမရွှေဥထံသွားရောက်၍ ကာလသားလူပျိုလှည့်ပြန်လေ၏။ ထိုအခါ မရွှေဥက အစိမ်းစော်နံသည်ဟု ပက်ပက်စက်စက်ပြောလွှတ်၏။ မင်းလေးသည် အရှက်သည်း၍ စိတ်နာပြီးလျှင် မရွှေဥကို ကျားနှင့် တိုက်၍ချီလေသည်။ ထိုအခါ မရွှေဥ၏ခေါင်းတွင်ပန်ထားသော သရဖီပန်းပွင့်များသည် တောင်ခြေမှတောင်ပေါ်အထိ တစ်ပွင့်ချင်းကြွေကျ၏။ တောင်ခံတွင်း (ဂျိုင့်တွင်း) သို့ရောက်သော် ပန်းကုံးတစ်ခုလုံး ပြုတ်ကျတော့သည်။ မရွှေဥလည်း အစိမ်းသေ သေဆုံးသွားသည်။ နတ်မိစ္ဆာဖြစ်ကာ



မရွှေဥသေဆုံးသည့်တောင်ကို သခင်မတောင် (မရွှေဥ) တောင်ဟု ယခုတိုင်တွင်လေ၏။ နှစ်စဉ် တပေါင်းလတွင် သရဖီပန်းများပွင့်သော သခင်မတောင်တွင် ပန်းကောက်ပွဲကို တန်ခူးလဆန်း ၄ ရက်တွင် ပြုလုပ်ကျင်းပကြသည်။ မရွှေဥ၏ချစ်သူ ကိုရင်မောင်မှာ သစ်ဖောင်ချသွားနေခဲ့သည်။ "ယောကျ်ားဖောင်စီး၊ မိန်းမမီးနေ" ဆိုသည့်အတိုင်း ကိုရင်မောင်မှာလည်း အသက်ဆုံးရှုံးသော် မရွှေဥရှိရာ သခင်မတောင်သို့ အပြေးများတက်သွားရှာလေသလား။

သခင်မတောင် အရှေ့ဘက်အခြေတွင် အိမ်ရှေ့မင်းထန်းတောရှိ၏။ အိမ်ရှေ့စံအရိုက်အရာအခွင့်အရေးရရှိခဲ့သော ရွှေဖျဉ်းညီနောင် ထန်းရည်သောက်ခဲ့သည့်နေရာဖြစ်၍ အိမ်ရှေ့မင်းထန်းတောဟု ယခုတိုင် ထင်ရှားပြု၏။ တချို့မှာ အိမ်ရှေ့စံကနောင်မင်းသားကြီး စိုက်ပျိုးသည်ဟု ဆိုကြ၏။

ထန်းတောအတွင်း ညောင်ပင်ကြီး၏အရိပ်တွင် ကိုသိန်းညွန့်ကလှည်းကိုရပ်နားလိုက်သည်။ ထန်းရိပ်ညိုညိုများဖြင့် အေးချမ်းသာယာသည်။

"အရီးတို့တူအရီးလေးဦးက ထန်းရည်ချိုသောက်၊ ကျွန်တော်တို့သုံးယောက်ကတော့ ထန်းရည်ခါးလေး ဟဲလိုက်ဦးမယ်"ဟု ကိုကြည်ရှိန်က စီမံခန့်ခွဲ၏။

ထန်းရည်ချိုသည် ကြည်လင်အေးမြနေသည်။ အေးအေးက အသင့်ပါလာသော 'သံပရာ' ကို သင့်လျော်ရုံညှစ်ထည့်၍ ရောလိုက်သောအခါ ပိုမိုအရသာရှိပြီး ကျန်းမာရေးအတွက်လည်း ကောင်းမွန်သင့်လျော်လှပေသည်။ ထန်းရည်ချိုတွင် ဂလိုက်ကိုဂျင် ခေါ်

ဂလူးကို့စ်ဓာတ်များစွာ ပါရှိသောကြောင့် လူကို အာဟာရဓာတ် ပြည့်ဝစေသည်။ မြန်မာမှုတွင် 'အားလိုအချိုစား'ဟူ၍ ဆိုရိုးပြုကြ၏။

ကိုကြည်ရှိန်တို့သုံးဦးသည် ပင်ကျရည် ထန်းရည်ခါးကိုမှာ၍ သောက်ကြသည်။ 'ပင်ကျရည်' ဆိုသည်မှာ ထန်းပင်ပေါ်ရှိ ထန်းရည်ယိုကျနေသောထန်းစတွင် အခါးအိုးချိတ်ဆွဲခြင်းဖြင့် ရရှိသည်။ ထန်းရည်ခါးဖြစ်ရန် ထန်းရည်ခါးအလျဉ် (အနည်) ခံ၍ မြူအိုးတွင် ထည့်ပေးရသည်။ အနည်နှင့် ထန်းရည်ချိုတွေ့ပြီးလျှင် ဓာတ်ဖောက်၍ ထန်းရည်ခါးဖြစ်သွား၏။ ထန်းသမားသည် ညနေတွင် မြူအိုးကို ထန်းပင်ပေါ်မှာချိတ်၍ နောက်တစ်နေ့မှ သာလျှင် အခါးအိုးကို ထန်းပင်ပေါ်မှ ပြန်၍ အောက်သို့ချယူသည်။ ထိုထန်းရည်ခါးကိုပင် 'ပင်ကျရည်' ဟုခေါ်သည်။

ပင်ကျရည်တွင် အချိန်အခါကိုလိုက်၍ လေးမျိုးရှိသေးသည်။ (၁) ရဟန်းကြီးကြိုက်၊ (၂) ပုစွန်ဆိတ်ခုန်၊ (၃) အနည်ထိုင်ပင်ကျရည်၊ (၄) ပင်ကျနေကျော်ဟူ၍ ဖြစ်သည်။ ပထမသုံးမျိုးသည် ထန်းပင်ပေါ်မှချစဖြစ်၍ အချိုဓာတ်ရှိနေသေးသည်။ အရသာမပြင်းလှသေးချေ။ အချိုအခါး ရောနှောနေသေးသဖြင့် 'ချိုခါးအရသာ' ရှိလေသည်။

ပင်ကျနေကျော်ရည်မှာ ထန်းပင်ပေါ်မှချလာသော အခါးအိုးကို ချက်ချင်းမသောက်သုံးသေးဘဲ အရိပ်အေးတွင် နေစောင်းသည်အထိ ထားခြင်းဖြစ်သည်။ ယင်းထန်းရည်မှာ ညနေပိုင်းတွင် ငှက်ခါးတောင်အရောင်အသွေးကဲ့သို့ ဖြစ်လာ၏။ စံချိန်မီထန်းရည်ခါးဟု ဆိုကြလေသည်။



"အစ်ကိုကြီးတို့ 'ဖောက်ရည်' ယူကြဦးမလားခင်ဗျ. . ." ထန်းတဲရှင် ထန်းသမားက ကိုကြည်ရှိန်တို့အဖွဲ့ကို ဝန်ဆောင်မှု ပေးပြန်သည်။

"အေး. . . မြည်းကြည့်မယ်ကွ. ." ကိုဌေးလွင်က ဖြေလိုက်သည်။ ဖောက်ရည်ထန်းခါးရည်မှာ ပင်ပေါ်ဖောက်ရည်နှင့် တည်လောင်း ဖောက်ရည်ဟူ၍ ရှိသည်။

ပင်ပေါ်ဖောက်ရည်ဆိုသည်မှာ ထန်းရည်အလျဉ်ရှိသော မြူအိုးတွင် ထန်းရည်တစ်ဝက်ခန့်လောင်းထည့်ပြီး ထန်းစတွင် ချိတ်ဆွဲထားခြင်းဖြစ်၏။ ကျန်တစ်ဝက်မှာ ထန်းစမှယိုသည့် ထန်းရည်ချိုဖြင့် မြူအိုးကိုပြည့်စေသည်။

တည်လောင်းဖောက်ရည်ဆိုသည်မှာ ထန်းရည်ခါးအလျဉ်အိုးမှာ ထန်းရည်ချိုလောင်းထည့်ပြီး ထန်းပင်အောက်တွင် ဖောက်ခြင်းဖြစ်သည်။ အခါးထည့်ပြီး ထန်းရည်ရောင်းသူတိုင်း ဤနည်းကို အသုံးပြုကြသည်။ 'တည်ရည်' ဟု အလွယ်တကူခေါ်ကြ၏။ ဖောက်ရည်လက်၊ ဖောက်ရည်ကြည်၊ ပင်ကျဘုတ်ရည်ဟူ၍လည်း ပြုလုပ်၍သောက်ကြသုံးကြသည်။

ပင်ပေါ်ဖောက်ရည်သည် အရသာချိုမြသည်။ အနံ့သင်းသည်။ ခံတွင်းကောင်းသည်။ မူးလွယ်၏။ တည်ရည်မှာ အရသာခါးသည်။ အားပျော့သည်။ များများသောက်မှ မူးသည်။ ဗိုက်ပြည့်သဖြင့် ထန်းရည်ခါးကြိုက်သူများ မနှစ်သက်ချေ။

ထန်းမရည်သည် ထန်းဖိုရည်ထက် ထန်းရည်ခါးပြုလုပ်ရန် သာလွန်ကောင်းမွန်၏။

အညောင်းပြေ၊ အညာပြေ ဆေးဖြစ်ဝါးဖြစ်သောက်သုံးရန် ထန်းသမားသည် ထန်းမရည်ကို ဖောက်လေ့ရှိ၏။ ထန်းမနု (ယောင်)ရည်ကိုဖောက်၍ အခါးတည်လျှင် လေးပြီးစူးရှရှရှိသည်။ အမူးစံချိန်မီသည်။ ထန်းသမားသုံး အကောင်းဆုံးထန်းရည်ခါးဟု ဆိုကြ၏။

ညနေ ထန်းပြီးချိန်တွင် ခင်မင်ကျွမ်းဝင်သူများဖြင့် ဆေးဖြစ်ဝါးဖြစ် ထန်းရည်ဝိုင်းဖွဲ့လေ့ရှိကြသည်။

ထန်းရည်ခါးသည် သင့်တင့်စွာသောက်သုံးလျှင် ကျန်းမာရေးအတွက် အထူးကောင်းမွန်စေ၏။ ဆီးရွှင်သည်။ လေသက်သည်။ ဝမ်းကိုလည်း မှန်စေသည်။ အစားအသောက်ကောင်းစေပြီး လူကို ကျန်းမာဝဖြိုးစေသည်။ ထန်းရည်ခါးတွင် ဗီတာမင်ဘီ-၁ ဓာတ်ပါရှိသောကြောင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် သင့်လျော်၏။ နေ့စဉ် လက်ဖက်ရည် ပန်းကန်တစ်လုံးစာမျှ သောက်သုံးပေးနိုင်လျှင် ဆီးဝမ်းလေမှန်ပြီး ကျန်းမာဝဖြိုးလျက် လွယ်ကူစွာမွေးဖွားနိုင်သည်ဟု အဆိုရှိလေသည်။

"နေအေးသွားပြီး၊ ကျွန်တော်တို့ပြန်ကြစို့အရီး. . . " ကိုကြည်ရှိန်ကပြောတော့ ဌေးလွင်က လှည်းထိုးလှည့်၏။ သိန်းညွှန့်က နွားဆွဲပြီးလှည်းတပ်၏။ ဖြိုးဗိုလ်မောင်က နွားကန်ကိုင်ပြီး လာလမ်းအတိုင်း အပြန်ခရီး လှည်းမောင်းလေသည်။



သူတို့က ရီဝေတဲ့ ရီဝေဝေအပျော်ကလေးများနှင့်. . . ။

**"မရှက်ဘူးလား . . . မကြောက်ဘူးလား**
**သောက်ခေါင်ကြူးတဲ့ . . . မင်းညီနောင်**
**ရွှေပြုံးကမောင် . . . ။**
**ကြောက်ကြရင် . . . ရှောင်ကြတော့**
**ပုဆိုးနီဝါ . . . ကွက်ပြောက်ကလေး**
**ဘိုးတော်၏ မြေး . . . ။**
**ရွှေပြုံးက ပန်းခွာညို . . . မွေးလှတယ်ဆို**
**ဟေ့ မောင်တို့**
**ဟေ့ လေလေ့**
**ဟေ့ သိန်းညွှန့် . . .**
**ဟေ့ ဌေးလွင် . . .**
**ဟေ့ ကိုဖြိုး . . .**
**ဟေး . . . လား . . . မောင်တို့ . . . ဝါး။**

*****



တောင်ပြုံးပွဲတော်မြင်ကွင်း

## ခါးသလေ လှေ့

**"ပမာအထူး၊ ပင်လယ်ကူးနှင့်၊ စစ်ဦးစစ်ခေါင်**
**ကိုယ်ဝန်ဆောင်မိန်းမ၊ ဆင်စီးစသည်၊ ထိုမှတစ်ချက်**
**ထန်းတက်ယောကျ်ား၊ မင်းခစားတို့၊ ယုံမှားအပ်စွာ**
**မကောင်းရာဘူး၊ ပညာအမျိုး၊ မကိုးစားသင့်". . . . .**
**(မဃဒေဝလင်္ကာပိုဒ်ရေ ၃၅၀)**

"တောက်. . . ဖြစ်ရလေခြင်းဗျာ . . . .

ဒီလောက် ခါးသီးလှတဲ့မြင်ကွင်းတော့ တစ်သက်မှာ မမေ့တော့ပါဘူး" ကိုကြည်ရှိန်သည် တောက်တစ်ချက်ပြင်းပြင်း ခေါက်၍ ပြောလိုက်လေ၏။ ဉယျာဉ်ရွာသစ်ရွာမှ လူကြီးကြီးရွယ်ရွယ် ငယ်ငယ်အားလုံးနီးပါးသည် ရွာ၏အနောက်ဘက်ရှိထန်းတောသို့ အပြေးအလွှားသွားနေကြသည်။

ထန်းတောတွင်းရှိထန်းပင်ခြေတွင် ကိုသာဝိုင်းကို လူတွေ ဝန်းရံလျက် ကြည့်ရှုနေကြလေသည်။

"ဖယ်ကြပါဦး. . . ဖယ်ကြဦး. . . ဟိုမှာ မကြင်လှလာပြီ. . . "

"ဟီး. . . . ဟီး. . . . ဟီး ကိုသာဝိုင်းရဲ့. . . ဖြစ်ရလေတော် ကျုပ်ကိုကလေးရှစ်ယောက်နဲ့ထားခဲ့ပြီလား. . . ဟီး. . . ဟီး. . . "

"အဖေ. . . အဖေ. . . အဖေရဲ့. . . "

မကြြင်လှနှင့် သမီးများ၏ ငိုကြွေးသံများမှာ စိတ်မချမ်းသာစရာ။ သားကြီးနှင့် သားငယ်များသည် အံကြိတ်ကာ ရှိနေကြလေသည်။

ထန်းပင်ပေါ်မှ ထန်းလှီးနေစဉ် အောက်သို့ပြုတ်ကျရှာခဲ့သော ထန်းသမားကိုသာဝိုင်းမှာမူ ထန်းပင်ခြေ၌ပင် ဘဝတစ်ပါးသို့ ပြောင်းသွားရှာလေပြီဖြစ်တော့သည်။ အသက်မှာတော့ လေးဆယ်ပင်မပြည့်တတ်သေးချေ။ သန်တုန်းမြန်တုန်းသာ ရှိချေသေး၏။

ထန်းသမားသည် ထန်းညှပ်ရန်အတွက် ထန်းပင်ပေါ်သို့ တက်ရ၏။ ထန်းပင်သည် နိမ့်သည်ဖြစ်စေ၊ မြင့်သည်ဖြစ်စေ၊ ထန်းသမားအဖို့ ကြောက်ရွံ့စိတ်ကင်း၍နေပေပြီ။ ထန်းပင်နှင့် မြေကြီး၊ မြေကြီးနှင့်ထန်းပင်အတူတူဟု ထင်နေကြတော့သည်။ အတွေ့အကြုံနှင့် အလေ့အကျင့်ကြောင့်ဖြစ်လေသည်။

သို့သော် မြေကြီးနှင့်ထန်းပင်မှာ အနည်းဆုံးပေနှစ်ဆယ်မှ ငါးဆယ်အထိ ကွာခြားချက်ရှိနေပြီးဖြစ်သောကြောင့် သတိနှင့် ဝီရိယရှိရန် ထန်းသမားသည်လိုအပ်၏။ အရဲမကိုးသင့်၊ သတိနည်းနည်းလစ်ရုံနှင့် လူ၏ဇီဝိန်ချုပ်နိုင်သည်။ မတော်တဆ ထန်းပင်ပေါ်မှ အောက်သို့ကျလျှင် သေဆုံးနိုင်၏။ အသက်မသေလျှင် ကျိုးပဲ့သွားနိုင်၏။ ထန်းလျှောသည်ဟု ခေါ်ကြသည်။ ထို့ကြောင့် ထန်းသမားသည် သတိနှင့် ဝီရိယကို အမြဲဦးထိပ်ထားရမည် ဖြစ်သည်။

**"ကံပင်ရှိသော်လည်း ဝီရိယကူရမည်။**
**ဉာဏ်ပင်ရှိသော်လည်း သတိကမူရမည်"။**
**(ကျည်းကန်ရှင်ကြီး မေတ္တာစာ)**



ထန်းသမားကိုသာဝိုင်းမှာ ခါးသိုင်းကြိုးကို အသုံးပြုရန် သတိမေ့ခဲ့၏။ ထန်းပင်ပေါ်မှာ သတိလက်လွတ်ဖြစ်သော်ငြား ခါးသိုင်းကြိုးမှာ အနည်းငယ် ထိန်းထားပေးလိမ့်မည်။ ခါးသိုင်းကြိုးကို ထန်းသမားများသည် မဖြစ်မနေ သုံးကြရသည်။ ခါးသိုင်းကြိုးကို ဖြစ်ကတတ်ဆန်း အချော်အချွတ် မလုပ်အပ်။ လူတစ်ကိုယ်မက ခိုင်ခန့်သည့် ချည်ကြိုးတုတ်တုတ်ကို အသုံးပြုသင့်၏။ စောင်ပိုင်း၊ လုံချည်ကွင်းစသည့် ပြေလွယ် လျော့လွယ်သောအရာများကို မသုံးအပ်ချေ။

ထန်းသမားတို့သည် ထန်းတက်နေသောကာလများတွင် ရာသီဥတုကိုလည်း သတိထားကြရလေသည်။

တန်ခူးလကုန် ကဆုန်လဆန်းပိုင်းတွင် အညာမိုးများ ရွာသွန်းဖြိုးလေ၏။

သဲကြီးမဲကြီးမိုးရွာချိန်တွင် ထန်းပင်ပေါ်ရှိမြူအိုးများမှာ မိုးရည်များနှင့် ထန်းရည်ချိုမှာ ရောထွေးကာ ပြည့်လျှံနေတတ်သည်။ ထန်းလျက်ချက်ရန် မကောင်းတော့လျှင် ထန်းသမားသည် ထန်းပင်ပေါ်ကပင် တဝေါဝေါသွန်ချပစ်တော့၏။ မြူအိုးများကိုမူ ပြန်၍ ချိတ်ဆွဲထားခဲ့သည်။

မိုးရွာပြီးလျှင် တိမ်ကင်းစင်ပြီး နေကျဲကျဲပူလာတော့လည်း ထန်းနို့ချောင်းများ အဖျားခြောက်သွေ့ကုန်ပြန်သည်။ ထန်းရည်ချို အထွက်နည်းပြန်တော့သည်။ ထန်းဖိုညှပ်ရာသီနောက်ပိုင်းမှာ ညှပ်တုပ်များ လက်ချောင်းမစုံရှိကြသည်။ ထန်းနို့ချောင်းအခြောက်များကို ထန်းသမားများက ချိုးပစ်ကြ၏။ ချိုးမပစ်ပါက ညှပ်တုပ်ကို ဓားလှီးသောအခါ ဓားမတိုးနိုင်ချေ။ တစ်ခါတစ်ရံ ထန်းနို့ချောင်း

ခြောက်သည် ထန်းသမား၏လက်ညှိုးရင်းကို ဒက်ခနဲဒက်ခနဲ ထိုးလေသည်။ လက်ညှိုးရင်းများသွေးစို့ကြသော်လည်း ထန်းသမားများမှာ သည်းညည်းခံ၍ ထန်းတက်ရသည်။ သွေးနှင့် ချွေးနှင့် ထန်းသမားဖြစ်၏။

အညာဒေသတွင် မိုးစနေ၊ လေရာဟုဟူ၍ ဆိုကြသည်။ အနောက်မြောက်အရပ်ဆီမှ လေနီကြမ်းများသည် ကြောက်မက်ဖွယ် အလွန်ကောင်း၍ ထန်းသမားများမှာ အသက်ကိုဖက်နှင့် ထုပ်ထားကြရသည်။

ထန်းသမားသည် လေဆင်လာလျှင် ကြို၍သိမြင်ကြသည်။ ကောင်းကင်ပြင်တစ်ခုလုံး မှုန်၍တက်လာသည်။ လေပြည်လေသွေး ဝင်လာပြီး တိုက်ခတ်ပြီးနောက် လေဦးကျကာ လေပြင်းတိုက်လာလေသည်။ ထန်းသမားများဘုရားတ၍ ထန်းပင်ပေါ်မှ အပြေးဆင်းရ၏။

ထန်းသမားသည် ထန်းလှီးနေစဉ် လေပြင်းကျလာပါက မြူအိုးများကို ဖြုတ်လိုက်၊ တပ်လိုက်၊ ထန်းလှီးလိုက်နှင့် ဗျာများရသည်။ စိတ်မချမ်းသာရ။ ထန်းပင်သည် ယိမ်းထိုးခါနေသဖြင့် လိမ့်ကျမည်ကို စိုးရိမ်ရလေသည်။

‘ကျလေ’ သည် ညနေပိုင်းတွင်ဖြစ်လေ့ရှိသည်။ လေကြောရှည်လျှင် ထန်းသမားမှာ လေငြိမ်အောင်စောင့်ရသည်။ ထန်းလှီးမိုးချုပ်လျှင် လက်နှိပ်ဓာတ်မီးထိုး၍ပြရသည်။ တစ်ခါတစ်ရံမှာ ထန်းရွက်ခြောက်ကိုမီးရှို့၍ပြကြ၏။ ညထန်းလှီးသည်ဟု ခေါ်သည်။ ထန်းသမားနှင့်မြူအိုးကောက်များမှာ ခြေခင်းလက်ခင်းမသာတော့၊ မြွေအန္တရာယ် သတိထားရလေ၏။ ထန်း



နပ်ပျက်မခံလိုလျှင် ဝီရိယထား၍ ကြိုးစားပမ်းစား လုပ်ကြကိုင်ကြရသည်။

ထန်းဖိုညှပ်ရာသီတွင် လေနီကြမ်းလေပြင်းများ မကြာခဏ ကျလေ့ရှိသည်။ လေ၏အခြေအနေကိုကြည့်၍ နေ့လယ်မှာ ထန်းတက်ကြရ၏။ နေပူရှိန်ဖြင့် ထန်းပင်၏ပင်စည်သည် အပူစုပ်ထား၍ ပူပြင်းသော်လည်း ထန်းသမား၏လက်ဝါးတို့မှာ ကျိုးပေါင်းတက်ပြီး မာကျောနေသည့်အတွက် တွယ်ဖက်၍ ထန်းတက်နိုင်ကြသည်။ ခါးသီးလှသည့် ထန်းသမားဘဝဖြစ်ကြ၏။

ထန်းသမားကိုသာဝိုင်းတို့မိသားစုသည် ပုဂံ-ညောင်ဦးမြို့နယ်၊ ကြအိုအုပ်စု ဥယျာဉ်ရွာသစ်ရွာတွင် နေထိုင်ခဲ့ကြသည်။ ရွာ၏ တောင်ဘက်မှာ မီးလောင်ပြားချောင်းရှိ၏။ မြောက်ဘက်မှာ မြောင်ချောင်းရှိ၏။ ထိုသဲချောင်းကြီးများသည် ရွာကို ညှပ်ထားပြီး ဧရာဝတီမြစ်သို့စီးဝင်ကြလေသည်။ ရွာ၏အရှေ့ဘက် ယာနှစ်ခင်းကျော်တွင် ညောင်ဦး-ချောက် ကတ္တရာကားလမ်းရှိသည်။ ကားလမ်းဘေးရှိ တမာပင်နှင့် သစ်ညိုပင်ရိပ် ကားဆိပ်သို့ မန္တလေးမှထွက်ခွာလာသော ရွှေမန်းသူအဲယားကွန်းလေအိတ်ကားကြီးသည် ငြိမ့်ခနဲ ထိုးရပ်လိုက်သည်။

အသားအရေဝါဝင်းနှင့် နေကာမျက်မှန်တပ်ထားသော မိန်းမပျိုလေးတစ်ဦး ကားပေါ်မှဆင်း၍လာသည်။ သူမသည် တမာပင်ရိပ်တွင် ခေတ္တရပ်လိုက်သည်။ အနောက်ဘက်ရှိရွာသို့ လှမ်း၍ ကြည့်လိုက်၏။ လှပချောမောသူမိန်းကလေးမှာ ထန်းသမား ကိုသာဝိုင်း၏နှမညီသမီးလေး မြင့်မြင့်အေးဖြစ်သည်။ ဖခင် ကိုသာဝိုင်း ထန်းပင်ပေါ်မှ လိမ့်ကျသေဆုံးစဉ်က သူမမှာ နှစ်နှစ်ရွယ် ကလေးငယ်သာ ရှိရှာခဲ့သည်ဟု ဆိုကြ၏။

ယခုတော့ နှစ်ပေါင်းနှစ်ဆယ့်ငါးနှစ်ပင် ကျော်ခဲ့ချေပြီတကား။ အစ်ကိုလေးဦးနှင့် အစ်မကြီးမှာ ကိုယ့်အိုးကိုယ့်အိမ်များနှင့် ရှိကြသည်။ အစ်မငယ် မြင့်မြင့်ဌေးသည် အမေဒေါ်ကြင်လှနှင့် အတူတူ ယာလုပ်သည်။ ကိုင်းလုပ်သည်။ ညီမငယ်လေး မြင့်မြင့်မော်မှာ ရွာ၏အနောက်ဘက်ရှိ ပခုက္ကူကျွန်းရွာတွင် အစိုးရမူလတန်းပြဆရာမဖြစ်နေပြီ။

ကားဆိပ်မှရွာသို့သွားသည့်သဲလမ်းမမှာ ဖြောင့်ဖြောင့်တန်းတန်း ရှိလှသည်။ တမာပင်၊ ထနောင်းပင်၊ မန်ကျည်းပင်ရိပ်များမှာ အေးအေးမြမြရှိနေ၏။

**"တမာတောမှာ ပျော်တယ်ဆိုတဲ့ မောင်ရယ်× × ×**
**မောင်ရယ်လေ× × ×**
**အညာသူကို မေ့လို့လား× × ×အညာသူလေးကို**
**မေ့လို့လား × × × ခွဲခွဲခြားခြား ပြောပါမောင်ရေ× × ×**
**ရွှေစည်းခုံ စေတီအပါးမှာ× × ×မောင့်သက်ထားချစ်သက်ဝေ**
**× × ×**
**တောင်းတိုင်းပြည့်စေသားလို့-**
**မြတ်ဘုရားမှာဆုပန်× × ဆုပန်ခွေ × × ×"**

မန္တလေးမြို့မှရွာသို့ ခေတ္တအလည်ပြန်လာခဲ့သော မမြင့်မြင့်အေးသည် ရွာမှာ နှစ်ရက်လောက်နားမည်၊ ပြီးလျှင် ပုဂံ-ညောင်ဦးသို့သွား၍ ဘုရားဖူးမည်။ ပင်ပန်းဆင်းရဲမှုများနှင့် ထန်းသမားဘဝကို ဖခင်ကြီး ဘဝဆက်တိုင်း မကြုံမဆုံရလေအောင် ရွှေစည်းခုံဘုရားမှာ ဆုတောင်းမိမည်မှာ မလွဲကေန်ဖြစ်လေတော့သတည်း။

*****

## စင်မိုးချိန်

**"ဆောင်းကျွတ်လုပြီ၊ နွေရာသီလည်း**
**မပီတတ်သေး၊ ဝိုးဝါးထွေး၍"**

**(စိန္တကျော်သူ ဦးဩ)**

တပို့တွဲလသည် ဟေမန္တရာသီ၏ နောက်ဆုံးလဖြစ်ပေသည်။ တပေါင်းလသည် ဆောင်းတစ်ဝက်၊ နွေတစ်ဝက်ဖြစ်လေရာ တပို့တွဲလကား ဆောင်းနှောင်းကာလဖြစ်ချေသည်။

နှင်းစဲတော့မည်။ ပါးလွှာသော မြူဝတ်မှုန်ကလေးများလည်း နှင်းကြွင်းနှင်းကျန်များပေါ်သို့ ဖြည်းညင်းသာယာစွာ ကျရောက်လာလေပြီ။

**"နှင်းယွန်းတော့မည်၊ ဖျော့ဖျော့ကလေး**
**မြူဝက်မှေးလည်း၊ နေ့းနေ့းသက်ဆင်း"**

**(ဒဂုန်တာရာ)**

တောတောင်အနှံ့တွင် ပေါက်ပင်၊ လဲပင်တို့မှ အပွင့်အငုံများ ဝေဆာနေ၏။ သရက်ရွက်နုကလေးများက တစ်တောလုံးနီ၍ တစ်တောင်လုံးရဲအောင် လွှမ်းခြုံထားသည်။ တော၊ တောင်၊ ဂနိုင်မြိုင်အနှံ့၌ ဆူးပန်းပင်၊ လက်ပံပင်နှင့် ကသစ်ပင်တို့ကလည်း ပွင့်လန်းလျက်ရှိကြသည်။

**“စုံမြိုင်ခွင်တွင်၊ ပျော်ရွှင်ကျေးသား**
**လူးလာကြက်တော၊ ဥသြဖိုမ**
**ကြွေးကြော်ကြသား၊ မိဿခေါ်မြဲ တပို့တွဲ”**

တပို့တွဲလတွင် ကျေးငှက်တို့သည် ပျော်မြူးကြသည်။ ဥသြဖိုမတို့သည် တူစုံတွဲ၍ သံချိုနှောကာ “ဥသြ ဥသြ” ဟူ၍ အပြန်အလှန်ချွဲနွဲ့ကြလေသည်။

**“ထန်းဆော်လေသက်၊ ပင်ခြေထက်လည်း**
**ရော်ရွက်မြေနွဲ၊ ကြွေမစဲနှင့်**
**ပေါက်လဲင့်မြန်း၊ မံသခဏ်းသို့**
**လျှံလန်းနီဝင်း၊ စုံခပင်းမူ. . .”**

ထန်းဆော်လေတိုက်ခတ်လာချိန်တွင် ထန်းသမားတို့သည် မြူအိုး၊ ကလိုင်၊ ရင်းထောင်၊ ရင်းဆွဲစသည့် ထန်းတက်ကိရိယာများကို ပြင်ကြဆင်ကြဖြင့် အလုပ်များနေကြသည်။

ထန်းပိုင်ရှင်တောင်သူယာသမားကြီးများမှာလည်း နေမပူ၊ မိုးမရွာမီတွင် နွားစာထားရန်နှင့် နွားများထားရန် နွားစင်၊ ပဲရိုးစင်စသည့် စင်တဲများ ဆောက်လုပ်ကြပြီးလျှင် ‘စင်မိုးချိန်’ ဖြစ်သည်။ တဲအသစ်မဆောက်ပါကလည်း စင်အဟောင်းမှ ထန်းရွက်များကို ဖယ်ရှားပြီးလျှင် ထန်းရွက်သစ် မိုးကြသည်သာဖြစ်လေ၏။

တောင်သူကြီး ကိုအောင်ပိုသည် စက်မှုလက်မှုအထက်တန်းကျောင်းမှ ဒီပလိုမာရရှိခဲ့သူဖြစ်သည်။ ဖခင်ကြီးသေဆုံးသည်မှစ၍ ရွာတွင် ယာလုပ်ငန်းကို ဦးစီးဆောင်ရွက်လုပ်ကိုင်ခဲ့သည်မှာ နှစ်ပေါင်း ၃၀ နီးပါးရှိပြီဖြစ်၏။



ကိုအောင်ပိုသည် သူ၏နွားစာစင်ကို လက်ရှိနေရာမှ မြောက်ဘက်နားသို့တိုး၍ အသစ်ဆောက်လုပ်ရန်စီစဉ်သည်။

“ကိုသီဟ. . .”

“ဗျာ. . . ကိုကြီးအောင်ပို”

“ငါ့စင်တဲအသစ်မှာမိုးဖို့ ဒီနေ့ မြောက်ယာကို ထန်းရွက်ခုတ်သွားမယ်။ ခုတ်ပေးမှာကတော့ ကိုပုပေါ့ကွာ”

“ကျွန်တော်က ဘာလုပ်ပေးရမှာလဲခင်ဗျ”

“အေးကွာ. . .။ ငါ့ညီက လှည်းယူခဲ့။ မင်းကတစ်စီး၊ ငါကတစ်စီး နှစ်စီးတိုက်ရအောင်နော်”

ကိုအောင်ပို၏ မြောက်ယာသည် ဗိုလ်ကုန်းရွာနှင့် မြေနီရွာကြား၌ရှိ၏။ ရွာ၏မြောက်ဘက်နားမှာရှိ၍ မြောက်ယာဟုခေါ်ကြလေသည်။ မြေနီနှင့် ဗိုလ်ကုန်းကြား အလယ်တည့်တည့်၊ မြောက်ယာ၏အရှေ့နားတွင် လက်ပံပင်ကြီးတစ်ပင် အထင်ကရရှိနေ၏။ လက်ပံပွင့်များမှာ ရဲရဲနီလျက်ရှိသည်။

ကိုအောင်ပိုတို့ညီအစ်ကို၏လှည်းများ မြောက်ယာသို့ ရောက်ရှိခဲ့သည်။ ကိုပု ခုတ်ချထားသောထန်းလက်များသည် ယာခရိုးတွင် ပုံလျက်ကျနေပြီ။ ဓားမထက်ထက်ဖြင့် ထန်းလက်စောင်းများကို သပ်ပစ်ကြရသည်။ ထန်းလက်စောင်းရှပါလျှင် လက်အသားများစုတ်ပြဲ၍ သွေးစိမ်းရှင်ရှင်ထွက်သည်။ ထို့ကြောင့် ဂရုတစိုက် ပြုလုပ်ကြရသည်။

“ကိုကြီးအောင်ပို တစ်ခါတည်း ‘ပါးဟက်’ ထစ်ပြီး ဒီယာထဲမှာပဲ ထန်းရွက်ကို နေလှန်းမှာလား. . .” ကိုသီဟက မေးလိုက်သည်။

"အေးကွ ပါးဟက်ကို အတိုမထစ်ဘူး။ အရှည်ထားမယ်။ ဒါမှ အမိုးကို ချိတ်တန်းနဲ့အတူတူ ပိုတောင့်တာပေါ့ကွာ"

"ဟုတ်ကဲ့အစ်ကိုကြီး"

ကိုပု၊ ကိုအောင်ပို၊ ကိုသီဟတို့သည် ခုတ်သူကခုတ်၊ ဇောင်းသပ်၊ ပါးဟက်ထစ်နှင့် တက်ညီလက်ညီ လုပ်ကြလေသည်။ ပြီးလျှင် ထန်းရွက်များကို ဖြန့်၍ဖြန့်၍ထပ်ကာ လေတိုက်လျှင် မလွင့်အောင် ယာခင်းထဲမှာပင် ဖိ၍လှန်းထားခဲ့ကြသည်။

ရွာဦးကျောင်းမှ ဆွမ်းစားမောင်းခေါက်သည့်အခါတွင် ပြန်လာခဲ့ကြသည်။ ထင်းအဖြစ်သုံးရန် ထန်းလက်ပပ်ခွများ လှည်းများပေါ်တွင် တင်လာကြ၏။

"ကိုကြီးအောင်ပို စင်က ဘယ်တော့ဆောက်မှာလဲ"

"ဒို့ရွာဘုရားပွဲပြီးမှ အားကြမှာမဟုတ်လား။ ဘုရားပွဲက လဆန်း ၁၀ ရက်၊ ၁၁ ရက်ဆိုတော့ လပြည့်လောက်မှာ စမှာပေါ့ကွာ"

၁၃၇၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက် နံနက် ဖြစ်သည်။ ဗိုလ်ကုန်းရွာမြောက်ပိုင်းမှာရှိသော ကိုအောင်ပို၏ အိမ်တွင် နံနက်လင်းသည်နှင့် တစ်ပြိုင်တည်း စင်တဲဆောက်ရန် တိုင်ကျင်းများ စတင်တူးကြသည်။ ရွာမှလူရွယ်များ ဝိုင်းဝန်း ဆောင်ရွက်ကြသည်။

ကိုအောင်ပို၏ ခြံဝင်းမှာပေ ၂၅၀×၂၀၀ ကျယ်ဝန်း၏။ အနောက်ဘက်မှာ ရွာစည်းရိုးဖြစ်သောကြောင့် ဆူးခက်ဆူးပင်များဖြင့် ပိတ်ထား၏။ တောင်ဘက်နှင့် မြောက်ဘက်မှာ ဝင်းထရံများကို ထန်းလက်ဖြင့် ကာထားသည်။



ခေတ်မီသောတောင်သူကြီး ကိုအောင်ပိုသည် သူ၏ စင်တဲတိုင်အဖြစ် ထန်းလုံးတိုင်ကိုအသုံးပြုသည်။ ထန်းပင်ကို ပင်ခြေမှလှဲချပြီး ပင်လုံးကို လိုအပ်သည့်အရွယ်အစားအဖြစ် ခွဲစိတ်၍ ဓားထက်ထက်ဖြင့် ညီအောင်ဖျင်ထား၏။ ဆိုက်စုံ၊ ဂိုက်စုံ လှီးဖြတ်ကြသည်။

ထုပ်၊ လျောက်၊ ဒိုင်း၊ မြားနှင့် ပန်းဆွဲအဖြစ်လည်း ထန်းသားကို သုံးကြသည်။ သစ်မာဈေးမှာ ရွှေဈေးအထက်မှာရောက်နေသည်။ ထိုအခါ သစ်မာအစား ထန်းသားကိုပင် အညာတစ်ခွင်၌ အသုံးများ လာကြသည်။

ထန်းသားသည် သစ်မိုးနှင့် ခြများ လွယ်လင့်တကူမစားနိုင်ပေ။ သို့သော် မြေကြီးနှင့် ကြာကြာထိနေလျှင် အဆွေးမြန်တတ်သည်။ ထို့ကြောင့်ပင် ကိုအောင်ပိုသည် သူ၏စင်တဲတိုင်ကို ကျင်တွယ်ခုံ သုံး၍ ဆောက်မည်ဖြစ်သည်။

ဗိုလ်ကုန်းရွာသားများ၏ တစ်ယောက်တစ်လက်အားဖြင့် တက်ညီလက်ညီဆောင်ရွက်မှုကြောင့် ဆွမ်းစားမောင်းတီးသည့် အခါတွင် ထုပ်၊ လျောက်၊ ဒိုင်း၊ မြား၊ အချင်၊ တန်းစသည်ဖြင့် နွားစာစင်တဲသည် ရုပ်လုံးပေါ်ပြီး ခြင်းကြားလုံး၍ ပြီးလေပြီ။

အားလုံး ခေတ္တနားကြ၏။

ရေနွေးကြမ်းဝိုင်းများသည် အဆင်သင့်ပင်၊ ကိုအောင်ပို၏ အစ်မများဖြစ်ကြသော မပု၊ ဌေးမြင့်နှင့် သန်းရီမတို့က စီစဉ် ပေးကြသည်။

ရေနွေးအမြည်းမှာ အမဲသားနှင့် ဘူးသီးရောထားသော အစိုကြော်ဖြစ်၏။ ကြက်သွန်ဖြူနံ့ကလေးတသင်းသင်း၊ ပူပူနွေးနွေး ရှိချေသည်။ ကြိုက်သလောက် အဝစားကြသည်။ ကုန်လျှင် ထပ်ထည့်ပေးသည်။ ဤသည်ကား ရွာ၏ချစ်စရာဓလေ့ကောင်း ဖြစ်၏။

"ကဲ. . . ကဲ. . . နေမပူမီထန်းရွက်မိုးကြစို့ကွဲ့"

အသက်ကြီးသူ ဦးအောင်သိုက်က နှိုးဆော်လိုက်သည်။ တချို့လူရွယ်များသည် စင်ခေါင်မိုးပေါ်သို့တက်သွားကြပြီးလျှင် အောက်မှာရှိနေသော သူများတင်ပေးသည့် ပါးဟက်ထစ်ပြီး ထန်းရွက်များကို ချိတ်တန်းများတွင် တစ်တန်းပြီးတစ်တန်း ချိတ်ကာ စင်မိုးကြသည်။ နေမွန်းမလွဲမီမှာပင် ကိုအောင်ပို၏ သုံးပင်၊ လေးပင် စင်တဲမိုး၍ ပြီးလေပြီ။

စင်များကိုထန်းရွက်မိုးလျှင် ထန်းရွက်အလက် (ထန်းလက်) ၏ အဖျားထန်းရွက်ထိပ်မှာ တစ်ထွာခန့်ချန်၍ ဓားဖြင့်အဖက်လှန်သည်ကို ပါးဟက် (ငါး၏ပါးဟက်ကဲ့သို့) ထစ်သည်ဟု ခေါ်ဆိုကြသည်။ ထိုပါးဟက်ခွဖြင့် ဝါးခြမ်းတန်းကို ချည်နှောင်ရန်မလိုဘဲ ချိတ်ပြီးလျှင် မိုးနိုင်သည်။

အောက်ပြည်အောက်ရွာတို့၌ ဓနိဖြင့်မိုးလျှင်မူ ကြိုးဖြင့် ချည်ကြရ၏။ ထန်းရွက်မိုးစင်၊ ထန်းရွက်မိုးအိမ်၊ ထန်းရွက်မိုးတဲများ အားလုံးသည် မိုးရာသီမှာ မိုးရေလုံခြုံသည်။ ပူပြင်းလှသည့် နွေအခါမှာ အလွန်ပင်အေးမြလှသည်။

ထန်းပင်၏ထန်းရွက်များကို အမိုးမိုးရန်သာမဟုတ်။ အကာအရံအဖြစ်နှင့်လည်း အသုံးပြုနိုင်သည်။ အလှူမင်္ဂလာ



မဏ္ဍပ်ကြီးများကိုလည်း ထန်းရွက်ကို အမိုးအဖြစ်အသုံးပြုကြသည်။ ထန်းရွက်ဦးထုပ်၊ ထန်းရွက်နှုန်း (ထန်းဖူးနှီး)၊ ထန်းရွက်ယပ်တောင်၊ ထန်းရွက်ပခြုပ်၊ ခေါပန်းတောင်းခွက်၊ လိပ်ပြာချုပ်၊ သပြေအိုး၊ ကန်ဆောင်အိုး၊ ပန်းရစ်ခွေများကိုလည်း ထန်းရွက်ဖူးများဖြင့် ပြုလုပ်ကြသည်။

မြန်မာပြည်တစ်ခွင် ထင်ရှားသည်မှာ မန္တလေးခရိုင်၊ ပုသိမ်ကြီးမြို့နယ်တွင်ရှိသော ရွှေစာရံဘုရားပွဲတော်ကြီးမှ ထန်းရွက်ပုတီးပင်ဖြစ်လေသည်။

**"ကျွန်မတို့အရွယ်. . . လှဖို့ရယ်× × ×အသက်မကြီးသေးပေါင်**
**မောင်ရယ်× × ×**
**ထန်းရွက်ပုတီးကလေးဆွဲလို့. . . ရွှေစာရံကို**
**အရောက်သွားလို့လည်း× × ×"**

*****



အညာကျေးလက်ဒေသမှ ထန်းလက်မိုးတဲငယ်

## ဘဝထိုထို ထန်းရိပ်ညို

ထန်းပင်ထန်းလက်၊ ထန်းရွက်ကယ်ဝေဝေ
စင်အောင်ခုတ်ထစ်၊ နုမြစ်ကယ်ထန်းဦးရေ
မယားငယ်ဆွေ၊ ထန်းရေသိမ်းဆည်း
သားမြေးဟစ်ကြော်၊ ခွေးဝက်ကယ်ခေါ်
ထန်းလျှော်သာ ယုန်ပိုက်စည်းငယ်နှင့်လေး။
(ဝန်ကြီးပဒေသရာဇာ)

ကိုအောင်ပိုသည် အတွေးများချဲ့လျက်ရှိနေ၏။ ဝန်ကြီးပဒေသရာဇာက ထန်းသမား (ထန်းတက်သမား) ၏ဘဝကို စာဖွဲ့ခဲ့သည်။ ထန်းပင်မှာလည်း ထန်းပင်၏ဘဝများ၊ ဆက်စပ်လုပ်ငန်းပစ္စည်းများရှိနေသည်ပင်။ ထို့အတူ ထန်းသမားသည်သာလျှင် ထန်းပင်နှင့် ပတ်သက်ခြင်းမဟုတ်ပါ။ ထန်းနှင့်ဆက်စပ်လုပ်ကိုင် အသက်မွေးဝမ်းကျောင်းပြုကြရှာသော ထန်းတောင်သူများ၊ သူတို့၏သားသမီးမြေးမြစ်တော်စပ်သူများ စသည်ဖြင့် ဘဝထိုထို ထန်းရိပ်ညိုဟူ၍ ကိုအောင်ပို စာဆိုချင်လှသည်။

ကိုအောင်ပို၏ဖခင်ကြီးဦးဖိုးကြည်သည် အရပ်ရှည်သည်။ အသားဖြူဝင်းသည်။ ထာဝစဉ်ပြုံး၍နေတတ်၏။ ဒေါသနည်းလျက် ခွင့်လွှတ်သည်းခံနိုင်စိတ်ရှိလှ၏။ အဖေ့တွင် အစ်ကိုတစ်ယောက်

ညီငါးယောက်ရှိပြီး နှမငယ်သုံးဦးရှိကာ မွေးချင်းတောင့်သူများဖြစ်ကြသည်။ အဖိုးနည်းလည်း မဝယ်နှင့်၊ အမျိုးနည်းလည်း မကျယ်နှင့်ဟု ဆိုရိုးကြားဖူးသည်။ အဖေ့မွေးချင်းမှပေါက်သော မောင်နှမတစ်ဝမ်းကွဲများကား လေးဆယ့်တစ်ဦးရှိလေသည်။ အဖေ့နှမများဖြစ်သော အရီးမဂျမ်းနှင့် အရီးမရင်တို့သည် ရွာမှာပင်နေကြ၏။ အရီးအငယ်ဆုံးဖြစ်သူသည် မန္တလေးမှာနေသည်။ မန္တလေးမှာနေသည့်အရီးသည် ရွာဘုရားပွဲသို့ ခေတ္တပြန်လာခဲ့သည်။ ကိုအောင်ပို၏ အေးမြလှသော ထန်းရွက်မိုးစင်အသစ်တွင် နေ့လယ်နေ့ခင်း တစ်ရေးမှေးအိပ်သွားပြီးလျှင် ကိုအောင်ပိုအား မှာကြားထားခဲ့သည်။

"ဟဲ့. . . ငါ့တူကြီးကိုအောင်ပို. . . မင်းရဲ့အရိပ်က အေးမြပါလား။ တကယ်ကောင်းတဲ့ ထန်းရွက်မိုးအသစ်နဲ့ ထန်းနံ့ကလေးတောင် မွှေးနေတာပဲနော်"

ကိုအောင်ပိုပီတိဖြစ်သွားရှာပြီးလျှင်

"ထန်းပင်ဆိုတာက ကျွန်တော်တို့အညာဒေသ ယာသမားများအတွက်တော့ 'ပဒေသာပင်' ပါပဲဗျ အရီးရဲ့. . ."

"အောင်မယ်လေးတော် တယ်ပြီးဆိုတဲ့စာပါလား။ မင်းရဲ့ပဒေသာပင် 'ထန်း' ကို အများသိကြရအောင် စာဖွဲ့ပြောကြည့်ပါလား ငါ့တူရာ. ."

ကိုအောင်ပိုသည် နှစ်နှစ်ခြိုက်ခြိုက် ပြုံးမိလိုက်သည်။ တောင်သူယာသမားအဖြစ် ရွေးချယ်ခဲ့သော မိမိ၏ဘဝကိုလည်း ဂုဏ်ယူကျေနပ်မိသည်။ မန္တလေးမှအရီးကို အရီးသိပြီးသည်ဖြစ်စေ၊



လိုအပ်နေသည်ဖြစ်စေ ဘဝထိုထို ထန်းရိပ်ညိုဟု ထန်းပင်နှင့် ထန်းပင်၏အသီးအပွင့်များကို စာသ၍ ရေးလိုက်ပါတော့မည်။

ထန်းပင်သည် လူနှင့်တူသည်ဟု ပိုင်းခြားသိနိုင်သည်။ သစ်ပင်များသည် လူကဲ့သို့ အသက်ရှူသည်ဟူ၏။ လူသည် အောက်ဆီဂျင်ဓာတ်ကိုရှူပြီးလျှင် ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ကို ပြန်ထုတ်သည်။ ထန်းပင်သည် လူနှင့် ပြောင်းပြန်ဖြစ်သည်။ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ကို ရှူပြီးလျှင် အောက်ဆီဂျင်ဓာတ်ကို ပြန်၍ထုတ်ပစ်လေသည်။ လူတွင် ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောတည်းဟူသော ဓာတ်ကြီးလေးပါးဖြင့် ဖွဲ့စည်းသည့် ၃၂ ကောဋ္ဌာနရှိသည်။ လူနှင့် ပတ်သက်သောကောင်းခြင်း၊ ဆိုးခြင်းများရှိ၏။ အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ဟူ၍ ကာလအပိုင်းအခြားများရှိသည်။ ထန်းပင်၌လည်း ထန်းပင်၏အင်္ဂါအစိတ်အပိုင်းများနှင့် ထန်းပင်ထွက်ပစ္စည်းများ၏ အသုံးဝင်ခြင်းဟူ၍ ပိုင်းခြား၍ ဖော်ပြနိုင်သည်။ ထန်းတစ်ပင်လုံး လူတို့အတွက် အသုံးဝင်သည်။ ထန်းပင်၏အင်္ဂါအစိတ်အပိုင်းများမှာ ထန်းမြစ်၊ ပင်စည်၊ ထန်းလက်၊ ထန်းရွက်၊ ထန်းဖူး၊ ထန်းနို့ခိုင်၊ ထန်းနို့၊ ထန်းမခိုင်၊ ထန်းသီး၊ ထန်းစစ်၊ ထန်းလက်ပပ်ခွ၊ ထန်းဖုံးခွံ စသည်တို့ဖြစ်၏။

ထိုထန်းပင်၏ ကိုယ်အင်္ဂါများမှဆက်စပ်သော လူသုံးအိမ်သုံးအဖြစ် ရောက်ရှိသွားသော ပစ္စည်းများမှာ ပေါများလှသည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်တွင် ပုပ္ပါးနယ်၌ ကျင်းပခဲ့သော တောင်သူလယ်သမားနှီးနှောဖလှယ်ပွဲ၌ လေ့လာသိရှိရသည့်

ထန်းတစ်ပင်လုံး၏ အသုံးဝင်သည့်ပစ္စည်းအမျိုးအစားပေါင်း ၆၅ မျိုးကို အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်-

**ထန်းမြစ်ဆုံအသုံးဝင်ပုံ**

ထန်းမြစ်ဆုံကို ထန်းလုံးဟုခေါ်ကြသည်။ အခေါင်းထွင်း၍ ရေစည်ကဲ့သို့သုံးကြ၏။ နွားစားကျင်းပြုလုပ်သည်။

**ပင်စည်အသုံးဝင်ပုံ**

အိမ်တိုင်
ထုပ်၊ လျှောက်၊ ယက်မ၊ ခါးပန်း၊ ဆင့်
ရေသွယ်မြောင်း
ဝက်စားကျင်း
ချောင်းကူးတံတား၊ ထန်းသားပါကေး၊ ထန်းသားထိုင်ခုံ
ထင်း

**ထန်းလက်အသုံးဝင်ပုံ**

အိမ်ဝင်းခြံခတ်ခြင်း
အိမ်အောက်ခြေကာရံခြင်း
ထန်းလက်ကတ်
ထန်းလက် ပက်လက်ကုလားထိုင်
ထန်းလက်စားပွဲ
ထန်းကြောဖျာ
ထန်းကောက်တောင်း
ထန်းလက်ဆွဲခြင်း



ထန်းဆန်ကော (ဗန်းဆန်ခါ)
ဖာ (ထန်းခေါက်ဖာ)
ထန်းပလို့ (ထန်းပခြုပ်)
ထန်းညှင်းကွင်း
လှည်းစီးကုန်းကွင်း
နွားတစ်စွတ်ခြင်း
ကြိုးအမျိုးမျိုး
ချိန်ခွင်

**ထန်းရွက်အသုံးဝင်ပုံ**

ထန်းရွက်မိုးအိမ်
ထန်းရွက်ကာအိမ်
ရှင်ပြုအလှူတော် မင်္ဂလာဆောင်မဏ္ဍပ်
ထန်းရွက်ဦးထုပ်
ထန်းရွက်နှီး (ထန်းဖူးနှီး)
ထန်းရွက်ယပ်တောင်
ထန်းရွက်ပခြုပ်
ထန်းရွက်ပုတီး
ခေါပန်းတောင်းခွက်
လိပ်ပြာချပ်
သပြေအိုး၊ ကန်ဆောင်အိုး၊ ပန်းရစ်ခွေ

**ထန်းခိုင်ချောင်းအသုံးဝင်ပုံ**

ထန်းခိုင်ချောင်းနွားစာ
ဆေးရိုး (ပြောင်းဖူးဖက်ဆေးလိပ်)

ထန်းဖက်ဆေးလိပ်
ထင်း

**ထန်းသီး၏ အသုံးဝင်ပုံ**

ထန်းသီးနွားစာ
ထန်းနုရည်(ထန်းသီးစုတ်ရခြင်း)
ထန်းသီးမုန့်
ထန်းသီးဟင်း
ထန်းသီးချဉ်
ထန်းခြည်ထွေး
ထန်းသီးဘာကင်
ထန်းသီးဆီမှုတ်
ထန်းပင်မြစ်

**ထန်းလျက်၏ အသုံးဝင်ပုံ**

ယိုအမျိုးမျိုး
အကြော်များ
မုန့်မျိုးစုံ
အဖျော်ရည်များ
တင်လဲရည်
ရေနု
စတုမဓူ
ထန်းလျက်ဖြူဆုပ်
ပေါက်ပေါက်ဆုပ်



ဇမ္ဗူဒီပါတောင်ကျွန်း၌ ပေါက်ရောက်လျက်ရှိသော ပဒေသာပင်ဆိုသည်မှာ လူသားများအတွက် ခူးယူစားသုံး၍ မကုန်ခန်းနိုင်ကြောင်း လူကြီးသူမများက ပြောကြားသည်ဟု စာအုပ်စာပေများကို ဖတ်ရှု လေ့လာခြင်းဖြင့် ကိုအောင်ပို မှတ်သားခဲ့ဖူးသည်။

ကျွန်တော်တို့အညာမှာ ထန်းက ပဒေသာပင်ပါဟု ကြွားဝါလိုက်ချင်သည်။ ဟိုးယခင်နှစ်ပေါင်းများစွာနှင့် ယခုများတော့ မတူနိုင်ပါ။

မပြောင်းလဲခြင်းဆိုသည်မှာ ပြောင်းလဲခြင်းအမှန် လောကနိယာမဖြစ်သည်။ ကိုအောင်ပိုတို့ခေတ်တွင် တောင်သူလယ်သမားများသည် ခေတ်မီသောစိုက်ပျိုးရေးစနစ်များကို အသုံးပြုနေသည်။ လိုအပ်သည့် ငွေကြေးအရင်းအနှီးများကိုလည်း နိုင်ငံတော်က ပံ့ပိုးသည်။ တောင်သူများသည် အသုံးနှင့် အဖြုန်းကိုခွဲခြား၍ ငွေကြေးစီမံခန့်ခွဲတတ်ရန် ဖြစ်သည်။ ရေမြင့်လျှင် ကြာတင့်သည်။

ထန်းပိုင်ရှင်များနှင့် အတူတကွရှိကြသော ထန်းသမားများမှာလည်း လူနေမှုအဆင့်များ ခေတ်မီတိုးတက်ပြောင်းလဲလာရမည်။

ကိုအောင်ပိုနေထိုင်သော မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ညောင်ဦး၊ ကျောက်ပန်းတောင်း၊ မြင်းခြံ၊ တောင်သာ၊ နွားထိုးကြီးမြို့နယ်များသည် မြန်မာနိုင်ငံ၌ ထန်းပင်အများဆုံးရှိသည့်ဒေသများ ဖြစ်ကြသည်။ ထန်းတောင်သူများ လုပ်ငန်းတိုးချဲ့နိုင်ပြီး ဝင်ငွေများ တိုးပွားလာစေရန်အတွက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ထုတ်ချေးငွေများ ထုတ်ပေးခဲ့သည်။

၂၀၁၂-၂၀၁၃ ခုနှစ်တွင် ၃၆,၅၃၃ ဧက
၂၀၁၃-၂၀၁၄ ခုနှစ်တွင် ၃၆,၅၄၈ ဧက

ထန်းပင်အရေအတွက်မှာ ၂၅,၅၈,၁၅၀ ပင်ဖြစ်သည်။ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ကျေးရွာပေါင်း ၉၂ ရွာရှိသည်။ ချေးငွေယူသူတောင်သူဦးရေ ၃၀၁၂ ဦးအား ငွေကျပ် ၂၇၃ ဒသမ ၇၂ သန်း ထုတ်ချေးခဲ့သည်။ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ကျေးရွာပေါင်း ၁၂၀ ရွာမှ တောင်သူ ၃၆၆၇ ဦးကို ငွေကျပ် ၃၆၆ ဒသမ ၇ သန်း ထုတ်ချေးပေးခဲ့သည်။

ထို့ပြင် ထန်းစီမံကိန်းများဆောင်ရွက်သည့် ဧရိယာများ အတွင်း ထန်းပင်များရှိပါက မဖြစ်မနေလိုအပ်မှသာ ခုတ်လှဲရန် ပညာပေးခြင်း၊ ညွှန်ကြားခြင်းများ ဆောင်ရွက်လျက်ရှိသည်။

မြန်မာကုမ္ပဏီတစ်ခုကလည်း တောင်ကိုရီးယားနိုင်ငံ ကုမ္ပဏီတစ်ခုနှင့် ဆက်သွယ်၍ ထန်းလျက်များကို ကွန်တိန်နာဖြင့် နိုင်ငံခြားပို့ကုန်အဖြစ် စမ်းသပ်တင်ပို့နေခြင်းကြောင့် နိုင်ငံခြား စျေးကွက်ဝင်ပစ္စည်း ဖြစ်လာပေတော့မည်။

ထိုသို့ သဘာဝပတ်ဝန်းကျင်နှင့် တောင်သူများ၏ဝင်ငွေကို အထောက်အကူပြုသည့် ထန်းပင်များကို

(က) တိုးချဲ့စိုက်ပျိုးရေး
(ခ) တည်ရှိပြီးသောထန်းပင်အိုများ အကြောင်းအမျိုးမျိုး ကြောင့် ပျက်စီးပါက ထန်းပင်ငယ်၊ ထန်းပင်လတ်တို့ အဆက်မပြတ်စေရေးအတွက် နှစ်စဉ်ထန်းစိုက်ပျိုးရန် လိုအပ်ပေသည်။



ထန်းပင်သည်လည်း မြေကောင်းရေကောင်းမှ သဘောကျ နှစ်ခြိုက်၏။ သို့သော် ရေအိုင်၊ ရေနစ်နေသည်ကိုတော့ မကြိုက်နှစ်သက်ပါ။ မြေသား (သဲနှင့် ရောသောမြေနီချိုတ်) တွင် ပေါက်ရောက်သည့် ထန်းပင်ထန်းတောများ၏ ထန်းရွက်များမှာ တစ်ရွက်ချင်းသည် ပုံမှန်အစိမ်းရောင်ဖြစ်သော်လည်း အဝေးမှ ကြည့်လျှင် ထိုထန်းတောသည် စိမ်းစိုညိုမှိုင်းနေသည်ကို တွေ့မြင် ကြရသည်။ ရင်အေးဖွယ်မျက်စိအေးဖွယ် ရှုပပသာဒကို အညာနေပူပူတွင် ဆန့်ကျင်ဘက်ခံစားနိုင်ကြသည်။ အညာ၏ အိုအေစစ်ဟု ဆိုချင်သည်။

ကိုအောင်ပိုကို အစ်မများဖြစ်သည့် ဌေးမြင့်နှင့် သန်းရီမတို့က မြို့သို့ ပြောင်းရွှေ့နေကြရန် ညှိနှိုင်းခဲ့ကြသည်ကို လက်မခံနိုင်ခဲ့ပါ။ မိမိ၏ဘဝကို ထန်းတောညိုညို၊ ယာခင်းစိမ်းစိမ်းများနှင့်သာ နေတော့မည်။ မိမိအိမ်၌ ဆိုလာပြားဖြင့် တီဗွီ၊ ဗီဒီယို ကြည့်နိုင်သည်။ မီးထွန်းနိုင်ပြီ။ ရွာဦးကျောင်းမှ ဒီဇယ်မီးစက်ဖြင့် ရွာလမ်းများ၌ မီးလင်းသည်။ ဆိုလာပြားမဝယ်နိုင်သူကို မီးချောင်း၊ မီးသီးများဖြင့် မီးပေးသည်။ တောနှင့် မြို့ကွာခြားမှု အလွန်ပင်နည်းသွားပြီ။

ထန်းပင်သည် လူ၏ပတ်ဝန်းကျင်ဖြစ်သည်။ ထို့ကြောင့်ပင် ရှေးစာဆိုများသည် ရှေးပဝေသဏီထန်းလုပ်ငန်းများ စတင်လာ ကတည်းကပင် ထန်းနှင့် စပ်လျဉ်းသည့် အကြောင်းအရာပေါ် တည်မှီ၍ လိုက်နာကျင့်သုံးရမည့် ဆောင်ရန်၊ ရှောင်ရန်စာဆိုများ ရှိခဲ့သည်။

**ရင်းထောင် တောက်ပြောင်၊ ရင်းထောင်လဲ မွဲ**

ထန်းသမားသည် ရင်းထောင်ကိုထောင်၍ ထန်းလှီး၊ ထန်းတက်နေရလျှင် ဝင်ငွေကောင်းသဖြင့် ပြောင်ပြောင်ရောင်ရောင် ရှိသည်။ နှုတ်ခမ်းဆီစို ကောင်းကောင်းမွန်မွန်စားရသည်။ ထန်းဖြုတ်ပြီး ရင်းထောင်, ထောင်၍ ထန်းမတက်ရသည့်အခါ အဆင်မပြေတော့ချေ။ မွဲသွားလေသည်။

**ညောင်ညိုမှ ယောင်ယိုသည်**

ထန်းမနုစတင်လှီးရာတွင် ညောင်ပင်၏အရွက်များသည် ညို့မှိုင်းအုံ့ဆိုင်းလာမှ ထန်းမနုထန်းစသည် ထန်းရည်ယိုသည်။

**ဒေါ်ရင်းမြည် ထန်းရည်ခန်း ထန်းသမားစိတ်ပင်ပန်း**

ထန်သမားတို့သည် ထန်းလှီးနေစဉ်ကာလ ဒေါ်ရင်းကောင်များ မြည်လာသည့်အခါ ထန်းနို့မှ ထန်းရည်များခန်းစပြုပြီးလျှင် ထန်းရည်လျော့၍ ထန်းလျက်လျော့မည်။ ဝင်ငွေလျော့နည်းမည်။ စိတ်ဆင်းရဲမည်။

**ထနောင်းပင်ပျို ရွက်နုညို ထန်းဖိုမလှီးနှင့်**

ထနောင်းပင်ပျိုမှ အရွက်နုကလေးများ ညို၍ ညိုလာလျှင် (ထန်းဖိုညှပ်) ထန်းဖိုရင့် (အလယ်သီး) ကိုလှီးပါက ထန်းရည် မထွက်ပါ။



**အမူးပြေ ထန်းနို့မော့ကြည့်**

ထန်းရည်ခါးသောက်သူသည် အလွန်အကျွံသောက်လျှင် ထန်းရည်မူးသည်။ ဇနီးမယားမှ ရန်ထောင်လျှင် ခံရသည်။ လူကြီးများက အလွန်အကျွံမသောက်ရန် ဆုံးမလျှင် မသောက်တော့ပါဟု ကတိပေးဆုံးဖြတ်တတ်ကြသည်။ သို့သော် အမူးပြေလျှင် ထန်းပင်အောက်ရောက်သောအခါ ထန်းပင်ပေါ် မျှော်၍ တပ်မက်စွာ ကြည့်တတ်ကြလေသည်။

**ထန်းသီးကြွေခိုက် ကျီးနင်းခိုက်**

ထန်းသီးသည် ရင့်မှည့်လာလျှင် သူ့အလိုအလျောက် ကြွေကျချိန်တွင် ကျီးငှက်ကလည်း ထန်းခိုင်ထန်းသီးပေါ် အနားနှင့် ကြုံကြိုက်လေသည်။ လောကီဘုံသား လူများ၏လူမှုရေးပြဿနာ များတွင်လည်း မျှော်လင့်မထားသော တိုက်ဆိုင်မှုများဖြစ်ကြလေသည်။

**နေခြည်ထန်းတစ်ဖျား**

အညာကျေးလက်များတွင် ပေါင်းနုတ်၊ ပဲကောက်၊ ကူလီ လိုက်သူများသည် နံနက်ခင်းအလုပ်လုပ်ကြ၏။ နေသည် ထန်းပင်၏အဖျားနားအထိ နေမြင့်လာလျှင် ‘နေခြည်ထန်းတစ်ဖျား ဒို့များပြန်ကြစို့’ဟု အလုပ်သိမ်းကြသည်။

**ထန်းသီးအုန်းအုန်း ဖားအုန်းအုန်း**

ဝါဆို၊ ဝါခေါင်လများတွင် မိုးသည်းလျှင်ရေကြီးသည်။ ဖားများသည် ဆူညံစွာ အုန်းအင်. . . အုန်းအင်. . . ဟု အော်ကြသည်။ မှည့်ရင့်နေသောထန်းသီးများသည်လည်း တဖုန်းဖုန်း၊ တအုန်းအုန်း ကြွေကျလေသည်။

**မိန်းမကားနှမ်း၊ ယောကျ်ားထန်း**

မိန်းမတို့မည်သည် နှမ်းပင်ကဲ့သို့ဖြစ်၏။ ပွင့်လွယ်၏။ သီးလွယ်၏။ ပျက်စီးလွယ်သည်။ အိုမင်းလွယ်သည်။ ယောကျ်ားတို့သည် ထန်းပင်ကဲ့သို့ အရွယ်ကြာညောင်းသည်အထိ အရွယ်မကျချေ။

**သောက်လေ သောက်လေ ငတ်မပြေ၊ ထန်းရည်သုံးမျိုးရသာအိုး**

(၁) ရဟန်းကြီးကြိုက်

(၂) အပျော်သောက်သူအကြိုက်

(၃) ထန်းရည်ချိုးကပ်သူတို့အကြိုက် ဖြစ်ကြ၏။

ပုဂံခေတ်တွင် အရည်းကြီး ရှင်မထီးတို့သောက်သုံးကြသည့် ချိုခါးခါးထန်းရည်ကို ရဟန်းကြီးကြိုက်ဟုဆိုသည်။

**ထန်းရည်မူး ကျွဲခိုးပေါ်**

ကျွဲခိုးထားသူသည် ထန်းရည်မူးလာသည့်အခါ သူငယ်ချင်းများနှင့် တောပြော တောင်ပြောရာမှအစ သူကျွဲခိုးသည်ကို ပြောမိလေသည်။



ရွာဦးကျောင်းဆရာတော်ဘုရားကြီး ဦးသောဘိတ၏ မိန့်မှာထားချက်ကို ကိုအောင်ပို သတိရမိသည်။

"ဒကာလေး. . . ကိုအောင်ပို"

"ဘုရား. . . "

"မင်းမှာ ထန်းပင်စုစုပေါင်း ဘယ်လောက်ရှိသလဲ. . . "

"တင်ပါဘုရား၊ မြောက်ယာ၊ လေးရွာကန်၊ သလင်းကုန်းယာ စုစုပေါင်းလိုက်ရင် တပည့်တော်မှာ ထန်းနှစ်ရာကျော် သုံးရာနီးပါး ရှိပါ့မယ် ဘုရား"

"အေးကွဲ့ ဒို့ရဟန်းတော်များ ပါရာဇိက သိက္ခာပုဒ်တစ်ပါးပါး ကျူးလွန်မိလျှင် ရဟန်းအဖြစ် တစ်ဖန် ပြန်မရတော့ဘူး. . .။ ထန်းပင်လည်ဆစ်ပြတ်လျှင် မရှင်သန်နိုင်တော့ဘူး . . .။ ဒါ့ကြောင့် ထန်းပင်လည်ပြတ်သည့်ပမာလို့ ထန်းဉပမာ စကားအရာဆိုထားတယ်. . .။ အဲဒီတော့ ထန်းပိုင်ရှင်နဲ့ ထန်းသမားများကို အကျိုးပြုနေတဲ့ လက်ရှိထန်းပင်များကိုလည်း စောင့်ရှောက်ကြရမှာပေါ့. . .။ ထန်းပင်အသစ်ကလေးတွေကိုလည်း စိုက်ကြရမှာ ဒီလုပ်ငန်းများကို ထိန်းသိမ်းကြရမယ်။ တန်ဖိုးထားလေးစားမြတ်နိုးကြရမယ်"

ကိုအောင်ပိုတို့၏အညာမှာ ထန်းပင်တွေသည် အသိန်း၊ အသန်း၊ ထန်းတောကြီးများက တစ်မျှော်တစ်ခေါ် မျက်စိတစ်ဆုံး ရှိနေသည်။ ထန်းပိုင်ရှင်တောင်သူများနှင့် ထန်းတက်သူ ထန်းသမားမိသားစုများ၏ဘဝတို့သည် ခေတ်မီတိုးတက်သော နည်းစနစ်များကို အသုံးပြုနိုင်ကြ၍ ချမ်းသာကြွယ်ဝကြပါစေဟု ဆုတောင်းမိပါတော့သတည်း။

*****

## ထန်းနှင့် ရွာသို့အလွမ်း

"သည်ဆောင်းဟေမာန်
မြောက်ပြန်လေညင်း ဆော်တယ်ကို
နတ်တော် ပြာသို
ခွာညိုတည့် နှင်းဖုံဖုံ"

ဂီတနက်သန် ကိုစောညိမ်း၏ လွမ်းဖွယ်တေးကလေးကို ရေဒီယိုမှကြားနေရလေသည်။ ဆောင်း၏ရင်နှစ်လပြာသိုသည် အအေးပိုလှချေ၏။ မြောက်လေသွေး၍ ခွာညိုပန်းရနံ့လေးသည် အိမ်ရှေ့မျက်နှာစာတွင် မွှေးပျံ့နေ၏။

မန္တလေးရွှေမြို့တော်တွင် အချုပ်တန်းဆရာဖေက "ခန်းဆောင်ရွှေ ရဝေတွင်းမှာလ၊ ချမ်းပေါင်လေ တဖေတင်းသော်လည်း ဖြေရင်းရယ်တဲ့ ခိုက်ခိုက်တုန်"...ဟု စာဆိုခဲ့သည်။

"အဒွေး...ခုချိန်ဆိုရွာမှာ ထန်းပင်မြစ်တွေပေါ်နေရော့မယ်နော်" ဟု တူမငယ်မစု (စုစုလှိုင်) က လွမ်းလွမ်းဆွေးဆွေး ပြောတော့သည်။ နောက်တစ်ရက်နှစ်ရက်ကြာတော့ ရွာအလှူသို့ မန္တလေးမှ ခေတ္တပြန်သွားသော မစု၏ယောက္ခမ ဒေါ်ကြည်ကြည်မြက ထန်းပင်မြစ်စည်းများ ပါလာခဲ့၏။

"အဒွေး...ထန်းပင်မြစ် မီးဖုတ်စားကြမယ်နော်..." တူမကြီးမစော (စောမြတ်နွယ်) က ဆိုပြီးလျှင် မစောနှင့် မစုသည်





အိမ်ရှေ့တွင်မီးဖို၍ ထန်းပင်မြစ်မီးဖုတ်ကြတော့သည်။ သူတို့၏ အဒွေး (ဒေါ်လေး) ၏စိတ်များကား အတိတ်ဆီသို့။

၁၉၅၈ ခုနှစ်ဝန်းကျင်တွင် ဖြစ်ချေသည်။ ညောင်ဦးမြို့နယ်၊ မြေနီအုပ်စု ဗိုလ်ကုန်းရွာလေးတွင် ဖြစ်သည်။ မိန်းကလေးငယ် သုံးဦးသည် ကျိတ်ကျိတ်ကျိတ်ကျိတ်နှင့် တီးတိုးပြောဆိုနေကြ၏။

တင်လှ၊ မကြည်ဝင်းနှင့် မခင်သိန်းတို့ဖြစ်သည်။ "ဟော့ ငါတို့ကန်ဦးယာထဲကို ထန်းပင်မြစ်သွားတူးပြီး မီးဖုတ်စားကြရအောင်" ဟု တင်လှကဦးဆောင်၏။ တူးရွင်းငယ်လေးတစ်ခုကို မခင်သိန်းက ယူလာသည်။ မကြည်ဝင်းသည် မီးခြစ်နှင့် ထန်းလျှော်တောင်းကို သယ်လာသည်။

ရွာအရှေ့တံခါးမှ ထွက်လာခဲ့ကြ၏။ ရွာရေကန်သို့ ရောက်သည်။ ရေကန်၏တောင်ဘက်ရှိ ကန်ဦးယာ၏ ရေအိုင်ထောင့်တွင် ထန်းပင်မြစ်ကျင်းရှိနေသည်။

ထန်းပင်မြစ်ကျင်းက လူကြီးများတူးထားလက်စဖြစ်သောကြောင့် သူငယ်ချင်းသုံးဦး ယာထဲတွင်ပင် မီးဖုတ်စားဖို့မှု မည်သည့် အခက်အခဲမျှမရှိချေ။

ထန်းပင်မြစ်ဆိုသည်မှာ ထန်းသီးစေ့မှထွက်လာသော ထန်းမြစ်ဖြစ်၏။ ထန်းစေ့အညှောက်သည် မြေကြီးထဲသို့ ထန်းမြစ်အဖြစ် စိုက်ဝင်သွားပြီး ထန်းရွက်နုကလေးများမပေါ်မီ အခြေအနေဖြစ်သည်။ ထန်းပင်မြစ်များကို စိုက်ပျိုးယူမှရနိုင်သည်။ ရင့်မှည့်နေသောထန်းသီး၏ အစေ့သည်သာလျှင် အညှောက်ပေါက်နိုင်၏။

ထန်းတောင်သူယာသမားများသည် ထန်းသီးမှည့်၏အပေါ် အနှစ်အကာများကို နွားစာအဖြစ် ခေါးဖြင့်စဉ်း၍ကျွေးကြသည်။

ထန်းစေ့များကိုမူ စုပုံ၍ထားကြသည်။ နွားစာစဉ်း၍မရတော့သော အမှည့်လွန်ထန်းသီးလုံးများကိုမူ အမြောင်းလိုက်ခွဲ၍ စုပုံထားကြ၏။

စုပုံထားသောထန်းသီးမှည့်စေ့များကို ဝါခေါင်လနှင့် တော်သလင်းလများတွင် စိုက်ပျိုးကြသည်။ ထန်းပင်မြစ်ကို တစ်စေ့ချင်းတစ်ပင်ချင်း မစိုက်ရပေ။ သဲမြေတွင် စုပြုံ၍ စိုက်ပျိုးကြရသည်။ စိုက်ပျိုးမည့် ချောင်းတိမ်၊ ချောင်းလျှံမြေကို မြေညက်အောက် ထွန်ယက်ပြီးလျှင် ထန်းစေ့များကို စုပြုံ၍ သင့်လျော်အောင်ပုံချသည်။ ချောင်းသဲများဖြင့်ပင် လုံခြုံအောင် ဖို့ပေးရသည်။ အစိုဓာတ်ရှိသောချောင်းသဲမြေကို ထန်းပင်မြစ်သည် ကြိုက်၏။ သဲများဖြင့် ထန်းသီးစေ့ပုံသည်။ မို့မို့မောက်မောက် ထန်းပင်မြစ်ကျင်းဖြစ်သည်။

နတ်တော်လနှင့် ပြာသိုလဆန်းရက်များတွင် ထန်းပင်များကို ကျင်းဖော်ကြ၏။ ထန်းပင်မြစ်များသည် ထန်းစေ့တန်းလန်းနှင့် အစေ့မကျွတ်လျှင် ထိုထန်းစေ့မှုတ်များကို ချွတ်ခွာပေးကြရသည်။

ကန်ဦးယာ၏အနောက်ဘက်အကွက်မှာ မကြည်ဝင်းတို့၏ ယာခင်းဖြစ်သည်။ ရွာခြေနှင့် လှည်းလမ်းမသာလျှင်ခြားသည်။ မကြည်ဝင်း၏အဖေမှာ ရွာသူကြီးဦးစံညွှန့်ဖြစ်သည်။ တင်လှ၏ ဖခင်ကြီးမှာမူ သေဆုံးသွားပြီဖြစ်သည်။ မကြည်ဝင်းနှင့် တင်လှသည် အသက်ပင်ငယ်သေးသော်လည်း ပြောင်းဖူးဖက်ဆေးလိပ်ကို သောက်တတ်ကြပြီဖြစ်၏။

ထန်းပင်မြစ်ကျင်း၏တောင်ဘက် ခြေလှမ်းငါးဆယ်အကွာ လောက်တွင် သူတို့သုံးယောက်သည် ထန်းပင်မြစ်များကို ထန်းရွက်



ခြောက်များ၊ တမာကိုင်းခြောက်များဖြင့် ထန်းပင်မြစ်မီးဖုတ်၍ စားကြသည်။

ထန်းပင်မြစ်ကို ကလေးလူကြီးအားလုံး ကြိုက်နှစ်သက်ကြသည်။ မီးဖုတ်၍စားကြသည်။ ရေနှင့် ပြုတ်၍လည်း စားကြသည်။ ဆောင်းရာသီတွင် မီးလှုံစဉ် ထန်းပင်မြစ်မီးမြှိုက်ပြီး ဆီ၊ ဆား ပန်းကန်တွင် တို့၍ တို့၍ စားကြသည်။ မီးဖုတ်ပြီး ထန်းပင်မြစ်ကို ဆုံတွင်ထည့်ထောင်းပြီး ဆီ၊ ဆားလောင်း၍စားပါလျှင် ပို၍ ကောင်းမွန်သည်။

"ထန်းပင်မြစ်သည် ဆိမ့်၏၊ ခါး၏၊ လေကိုနိုင်၍ အားကို ပွားစေတတ်၏" ဟု အဆိုရှိသည်။ (ရှုတော်မူဆေးကျမ်း)။ ထန်းပင်တွင် လူတို့၏ခန္ဓာကိုယ်အတွက်လိုအပ်သော ဗီတာမင်ဘီ (၁) ဓာတ်၊ ဘီ (၂) ဓာတ်တို့ပါရှိ၏။ အဆီဓာတ်နှင့် ပရိုတိန်းဓာတ်လည်း အနည်းငယ်စီပါရှိသည်။

ထန်းပင်မြစ်ကို ရာသီစာအဖြစ်စားသုံးသင့်ကြ၏။ စားကောင်းကောင်းဖြင့် များများစားမိလျှင်မူ ရင်ပြည့်တတ်သည်။ တစ်ခါတစ်ရံ ဝမ်းပိုက်နာခြင်း၊ ခေါင်းကိုက်ခြင်းများ ဖြစ်တတ်ကြသည်။

ထန်းပင်မြစ်ဖုတ်စားပြီးလျှင် မကြည်ဝင်းသည် ဆံခြည်ထွေး (ထန်းခြည်ထွေး) ရှာပြန်သည်။ ဆံခြည်ထွေးကို အညှောက်ထွက်နေသော ထန်းစေ့အတွင်းမှ ရရှိသည်။ အညှောက်ငယ်သော ထန်းစေ့တွင် ဆံခြည်ထွေးအနည်းငယ်သာသည်။ ဖန်ခါးခါး အရသာရှိ၏။ အညှောက် တစ်ပေခန့်ရှိလျှင်မူ ဆံခြည်ထွေးသည် ချိုဆိမ့်သောအရသာရှိ၍ ကလေးများနှစ်သက်သည်။

ထန်းပင်ပိန်လျှင် ဆံခြည်ထွေးကောင်းသည်။ ထန်းပင်မြစ်ကျင်းများ၌ မအောင်မြင်သော ထန်းစေ့အညှောက်ပေါက်များကိုမူ ပိုးတစ်ညှောက်ဟုခေါ်ကြသည်။

ဆံခြည်ထွေးသည် ဖြူဖွေးသောအဆံခဲဖြစ်သည်။ အုန်းပေါက်အတွင်းမှ ဆံခြည်ထွေးနှင့်ဆင်တူ၏။ ထန်းစေ့ဆံခြည်ထွေးကို ဆီနှင့်ကြော်၍ သကြားဖြူးပြီးစားသုံးကြသည်။

"ရပြီဟေ့ တင်လှ ငါတော့ဝပြီ၊ ဒါပေမဲ့ ခဏဆေးလိပ် ဖွာရဦးမယ်နော်. . . "ဟု မကြည်ဝင်းကပြော၏။

"အေး. . . ကောင်းတယ်။ ငါလည်း ဆေးလိပ်သောက်ဦးမယ်"

တင်လှကထောက်ခံ၍ သူလည်း ဖက်ဆေးလိပ်ကို မီးဖွာ၏။

မခင်သိန်းကတော့ ဆေးလိပ်မသောက်တတ်ရှာပေ။

သူတို့သုံးယောက်အိမ်များမှာ ကပ်လျက် ဖိုခုံလောက်ဆိုင်ရှိကြသည်။ နောင်ကြီးလာတော့လည်း တင်လှနှင့် မကြည်ဝင်းက သနပ်ဖက်ဆေးလိပ်များဖြစ်သော စလေမအေး၊ ညောင်ဦး-ဦးဘိုးထိုက် တံဆိပ်များကို ပိုမိုသောက်ကြ၏။

ဆေးလိပ်သောက်၍ ချောင်းဆိုးသည်။ အဆုတ်ကမကောင်းတော့၊ ပျက်စီး၍လာသည်။ တောရွာမှာမွေး တောရွာမှာကြီး၍ ကျန်းမာရေးကို မဆင်ခြင်တတ်ကြတော့ စောစောစီးစီးသေဆုံးသွားကြလေပြီ. . .။

"အဒွေး. . . ထန်းပင်မြစ်ကျက်ပြီ။ ဘာတွေကိုတွေးပြီး ငေးနေတာလဲ။ လာစားကြစို့နော်. . . "



"အေး. . . အေး. . . ကောင်းပြီလေ။ အဒွေး . . . လာပြီး ထန်းပင်မြစ်ကိုစားပါ့မယ်။ ဒါပေမဲ့ မစုရေ ထန်းမြစ်ကနေ ထန်းပင်ဆီသို့ စိတ်တွေကရောက်နေပြီပေါ့နော်. . . "

မိမိ၏အရွယ်နှင့် အဆင်တော့မပြေလှပါချေ။ သို့သော် အမေနဲ့ရွာကိုလွမ်းတယ်. . . ဟူ၍ အားရှိပါးရှိ အော်ဟစ်လိုက်ချင်မိပါတော့သတည်း။ ။

*****

## အလယ်သီး

**မြို့ကြီးပြကြီး×××မနီးတဲ့×××တောရပ်ဌာနေ×××**
**တောရပ်ဌာနေမှ×××အဲဒီကအစ×××လူဖြစ်ခဲ့ရ×××**
**ကိုယ့်ဘဝအခြေအနေ×××။**
**ကိုယ့်အသက်အရွယ်×××ငါးနှစ်ကျော်×××ဆယ်နှစ်တွင်း×××**
**အဖော်တွေများနဲ့×××ကစားခဲ့ကြ ပျော်ပျော်ရွှင်×××**
**မမေ့နိုင်ဘူးအစဉ်×××ကိုယ့်ဇာတိမြေ×××**
**တောရပ်ရွာကိုလေ×××**
**(ဂီတစာဆို စန္ဒရားထွန်းညွန့်)**

"မောင်ကြီးဝင်းအောင်. . ဘယ်တုန်းကရွာကိုရောက်လဲ"
"မနေ့ကရောက်တယ်လေဟ. . . "
"အခုဘယ်သွားမလို့လဲဟင်. . . "
"လေးရွာကန်ယာကိုပေါ့. . . "
"ဘာလုပ်လဲ. . . "
"ထန်းလျက်ယူသွားမှာပါ. . . "
"လေးရွာကန်မှာ ဘယ်သူထန်းလှီးပေးတုန်းမောင်ကြီးရဲ့"
"ဟာကွာ. . နင်ကလဲ. . . မသိဘူးလား၊ စန်းကန်ကကိုမောင်ဒီအချိန်မှာယောင် (အလယ်သီး) ထန်းလှီးနေပြီ. . . "





ဦးဝင်းအောင်သည် ချောက်မြို့တွင်နေထိုင်သည်။ အစိုးရဌာနဝန်ထမ်းဖြစ်သည်။ မွေးရပ်မြေရွာသို့ ခေတ္တပြန်လာခဲ့သည်။ အစ်မကြီးဖြစ်သူ ဒေါ်ဂျမ်းမှ ဟိုဟိုဒီဒီလျှောက်ကြည့်ရင်း လေးရွာကန်ယာထန်းတောသို့ ထန်းလျက်အလှည့်အယူခိုင်းသည်။ ရွာဦးတွင်နှမငယ်နှင့်တွေ့ကြ၍ နှုတ်ဆက်ပြောဆိုနေကြခြင်းဖြစ်သည်။

လေးရွာကန်ယာထန်းတောသည် ညောင်ဦးမြို့နယ်၊ စဉ့်ကူတိုက်နယ်ခွဲ မြေနီအုပ်စု ပိုလ်ကုန်းရွာနှင့် စန်းကန်ရွာအလယ်တွင်ရှိ၏။ ယာခင်း၏အနောက်ဘက်တွင် ရေကန်ငယ်များရှိသည်။ လေးရွာကန်နှင့်ဘုန်းကြီးကန်များဟုခေါ်ဆိုကြသည်။ မိုးရာသီနှင့်ဆောင်းရာသီများတွင် ထိုကန်များ၌ ရေရှိသည်။ နွေရာသီတွင်ရေများခြောက်ခန်းနေသည်။ ရွာနီးချုပ်စပ်မှ နွားအုပ်၊ ဆိတ်အုပ်များသည် ထိုရေကန်များတွင် ရေသောက်ကြသည်။ လူများအသုံးပြုခြင်းမရှိကြပေ။

ထန်းသမားကိုမောင်သည် လေးရွာကန်ထန်းတောတွင်ထန်းတက်သည်မှာ လေးငါးခြောက်နှစ်ရှိပြီဖြစ်သည်။ ထန်းပင်တို့သည်နတ်တော်လတွင် ထွက်စပြုသည်။ ထန်းထွက်စမှာ ထန်းလက်ပပ်ခွများကြားမှ ကြွက်မြီးသဏ္ဍာန်များစတင်၍ မြင်ရ၏။ ကြွက်မြီးဘဝမှပင် ထန်းဖိုသည် ထန်းနို့ခိုင်၊ ထန်းမသည် ထန်းသီးခိုင်များအဖြစ် ပြောင်းလဲပေါ်ထွက်လာကြသည်။

ထန်းမပင်မှထွက်လာသော ထန်းသီးလုံးကလေးများသျှောင်ထုံး (ဆံထုံး) အရွယ်တွင် ထန်းအလယ်သီးကို စတင်ဆောင်ရွက်ကြသောကြောင့် သျှောင် (ယောင်) လှီးသည်ဟု

ဆိုကြသည်။ ထန်းမပင်မှ ထန်းရည်ချိုရရန် ယောင်လှီးသည့်အခါ ဆောက်ခေါက်ကို ထန်းသမားသည်အသုံးပြုရသည်။

ဆောက်ခေါက်ကို သံဖြင့်ပြုလုပ်ထားသည်။ အရှည် ကိုးလက်မခန့်ရှိ၏။ အဖျားပိုင်းတွင် ခုံညင်းပုံသဏ္ဌာန်ပြားထားပြီး အဖျားရှူးလျက် ချွန်ထားသည်။ လက်ကိုင်တစ်လျှောက်ကို လုံး၍ထားသလို လက်မဝက်ခန့် ပြား၍ထားသည်မှာလည်းရှိသည်။ အလေးချိန်မှာ ၃၀ ကျပ်သားခန့်ရှိကြ၏။

ရွှေသျှောင်ကို မောင်ထုံးပါလို့ဟု ပြောသီချင်းရှိသည်။ ကိုမောင်တို့ထန်းသမားများသည် ရွှေယောင်ကိုမောင်ထုထုံးပါလို့ ဟူ၍ စာပြောင်ကပ်၍ ဆိုတတ်ကြသည်။

လူတို့၏ရွှေသျှောင်သည် ဆံထုံးထုံး၍ရ၏။ ထန်းယောင်ကား ဆောက်ခေါက်ဖြင့်သာ ပညာပါပါထုကြရမည်။ ထန်းသီးကလေးများ၏အနောက်ရှိ အခွက်တိုင်းကို ထုပေးရသည်။ ထပ်ချင်းထု၊ နှစ်ထပ်ထုဟူ၍လည်း ရှိသေး၏။

ထပ်ချင်းဆိုသည်မှာ ထန်းသမားက ထန်းပင်ပေါ်သို့ တစ်ကြိမ်တည်းတက်ပြီး အပြီးတိုင် စိတ်ကြိုက်ထုထားခဲ့ခြင်း ဖြစ်သည်။ နှစ်ထပ်ထုကား ထန်းပင်ပေါ်သို့ နှစ်ကြိမ်တက်ရသည်။ ပထမအကြိမ်တက်သည့်အခါတွင် ယောင်မဲသည်ဟုခေါ်၏။ သီးခွက်တစ်ခွက်လျှင် ဆောက်ခေါက်ဖြင့် လေးငါးချက်မျှ အသာအယာထုရ၏။ ယောင်မဲလျှင် ယောင်တည့်လွယ်၏။ ရာသီဥတုဒဏ်ခံနိုင်၏။ ထန်းရည်ချို ရေရှည်ရသည်။

ယောင်မဲပြီး တစ်ရက်ကျော်ကြာလျှင် ထန်းပင်တစ်ခါတက်ပြီး အပြီးတိုင်ထုကြသည်။ ယင်းကို ယောင်လျှောက်သည်ဟုခေါ်၏။



ထန်းသမားကိုမောင်သည် မိမိယောင်ထုလျှင် သီးခွက်ကို အချက်ရေ ၈၀ မှ ၉၀ အထိထုသည်။ ဗိုလ်ကုန်းသားစောခင်သည် ၁၀၀ ကျော် ၂၀၀ အထိ ထုသည်ဟုပြော၏။

ထန်းသမားသည် မိမိစိတ်ကြိုက်ထုပြီးသောယောင်စကို ပုစွန်ခွံ (ထန်းသီးခွံ) ကလေးများလွဲသည့်တိုင်အောင် လှည့်ကာ ပွတ်ကာ ကိုင်ပေးသည်။ ယောင်သာသာထု၊ ယောင်နာနာကိုင် ဟူ၍ ထန်းသမားဆိုရိုးရှိသည်။ ခပ်ကြမ်းကြမ်းထုလျှင် ကျိုးသွားတတ်၏။ ယောင်စကျိုးသွားလျှင် လုံးဝအသုံးပြု၍မရပါချေ။

ကိုမောင်သည် ယောင်ထုပြီးနောက် ထန်းပင်ကို ရင်းဆွဲတင်ရသည်။ နောက်တစ်နေ့တွင် ယောင်စများကို ဖြတ်ရသည်။ ဖြတ်သည့်နေ့မှစ၍ နေ့စဉ်မပြတ်ထန်းလှီးပေးရသည်။ ယောင်ဖြတ်သည့်နေ့သည် ရာသီဥတုအေးပါစေ၊ မိုးရွာပါစေဟု ဆုတောင်းရသည်။ မိုးရွာ၍နေအေးပါလျှင် ယောင်တည့်ရန်သေချာပြီ။

ယောင်စကို ဓားဖြင့်လှီးဖြတ်လိုက်သောအခါ မျက်နှာပြင်မှ ထန်းရည်ချိုပေါက်ကလေးများ စိမ့်၍ကျလာသည်။ စို့ရွှမ်းသော မျက်နှာပြင်ကိုလည်း မြင်တွေ့ရလျှင် မျက်နှာလှသည်ဟု ခေါ်ပြန်သည်။

ယောင်သည်ထန်းဖိုညှပ်ကဲ့သို့ ထန်းရည်ချိုအလိုက် မမြန်တက်၊ မန်းကျည်း၊ ဆီးဖြူ ခုံညင်းသီးခန့်စသဖြင့် တဖြည်းဖြည်းချင်းယိုသည်။ ယောင်စကို စပုပ်ရည်စိမ်ပေးရသည်။ စပုပ်ရည်ဆိုသည်မှာ ထန်းရည်ချိုကိုယိုသည့်နေ့မှစ၍ လှည့်မယူ၊ မြူအိုးမှာပင်စုပေါင်းချိတ်ဆွဲထားသည်ကို ခေါ်၏။ ထန်းရည်ချိုများသည် အချဉ်ပေါက်ပြီး အမြှုပ်ထလာ၏။ နှစ်ရက်၊ သုံးရက်ကြာသော် အနည်ထိုင်ပြီး ထန်းရည်ခါးဖြစ်လာသည်။

ယောင်စကို စပုပ်ရည်အိုးမှအငွေ့သည် ဟပ်၏။ ထိုအခါ ယောင်စသည် တဖြည်းဖြည်းနပ်လာသည်။ ဖြူဖွေးသောနပ်များ တွဲ၍လာလေသည်။ နပ်တွဲလျက်ယိုကျသောထန်းစသည် အဆင်ပြေဆုံး ဖြစ်၏။ စပုပ်ရည်လေးငါးရက်စိမ်ပြီးသော် မြူအိုးထပ်မံလဲပြီး ထန်းရည်ချိုလုပ်ယူရသည်။ စပုပ်ရည်စိမ်ပြီး နောက်ရက်တွင် ထန်းရည်ချိုသည် ဆန်ဆေးရည်ကဲ့သို့ ဖြူဖြူနောက်နောက် ဆင်းလာလျှင် အိုးပြည့်ခွက်ပြည့်ယိုပေတော့မည်။

နေ့စဉ်ရက်ဆက်နပ်မပျက်ထန်းလှီးသော်လည်း ထန်းရည်ချို သည် တိုး၍မယိုသောထန်းစများလည်းရှိသည်။ ယောင်သည် ထန်းဖိုညှပ်ရာသီနှင့် အပြိုင်ဖြစ်သည်။ ယောင်ကိုထန်းဖိုညှပ်ကဲ့သို့ ခြောက်သွေ့မှာမစိုးရိမ်ရ၊ အနာလိုတက်ပြီး သီးလုံးများထလာ တတ်သည်။ ယောင်တည့်မိပြီဆိုလျှင် အရိုးတိုသည်အထိယိုတော့၏။ ထန်းဖိုညှပ်တုံးသွားသည့်တိုင် ယောင်ပင်က ယိုကျပေးနေဆဲ။

တပေါင်းလကုန်တဖျားမှာ ပြုပြင်သောယောင်ပင်များသည် ဝါဆိုဝါခေါင်အထိ ယိုကျပေးနိုင်စွမ်းရှိသည်။

သီးရင့်ရာသီကား နယုန်လဆန်းတွင် အစပြုသည်။ နယုန် လပြည့်တွင် သီးရင့်မှထန်းရည်ချိုဖြိုင်ဖြိုင်ရပေပြီ။ ယောင်ပင်သည် ထန်းဖိုညှပ်နှင့် အပြိုင် ထန်းရည်ယိုကျရာမှ သီးရင့်ရာသီအထိ ကူးဆက်လာခဲ့သည်။ ညှပ်ရာသီနှင့် သီးရင့်အကြား ပေါင်းကူးပေး ထားခြင်းကြောင့် ထန်းသမားများသည် ယောင်ကို အလယ်သီး ဟုခေါ်ကြလေသည်။



ယောင်တွင် ယောင်ချော၊ ယောင်မွဲ၊ ယောင်နုဟူ၍ ရှိပြန်သည်။ ဖုံးဆံခွံအတွင်းမှ သီးတံထွက်ရာမှာ လုံးဝခါးကျွတ် မလာမီ ထန်းထုခြင်းကို ယောင်ချောဟုခေါ်၏။ ထန်းသီးအတန်ငယ် ကြီးထွားလာမှ ထန်းထုခြင်းသည် ယောင်မွဲဖြစ်သည်။ ယောင်မွဲသည် ယောင်ချောထက်အယိုသန်သည်။ ထန်းမယောင်၏သဘောသည် အစကောင်းမှအနှောင်းသေချာသည်။ ထန်းဖြတ်စတွင် ထန်းရည်ချို လိုက်ပါမှ စဉ်ဆက်မပြတ်ယိုကျသည်။ ယင်းကိုပင် ထန်းမ လုပ်ငန်းတွင် တည်သည်ဟု သုံးနှုန်းကြသည်။ ထန်းသမားများသည် ထန်းဖိုအညှပ် ထန်းမအဖြတ်ဟူ၍ ဆိုရိုးရှိ၏။ ရာသီဥတုကောင်း ပါလျှင် ထန်းအများဆုံးစားသုံးရသောအချိန်များဖြစ်သည်။ ယောင်နုသည် ဆောက်ခေါက်မသုံးပေ။ ညောင်ဦး တောင်ဇင်းသားတို့ စမ်းသပ်လုပ်ကိုင်ကြ၏။ ထန်းသီးသန္ဓေ သီးတံနုနုကလေး ထန်းဖုံးခွံ အတွင်းမှာရှိနေစဉ် ထန်းဖုံးခွံကို ဓားပွင့်ဖြင့်ရစ်ထုတ်၍ပေါ်လာသော ထန်းသီးတံနုနုကလေးကို နေ့စဉ်မပြတ် ထန်းလှီး၍ ထန်းရည်ချို ရသည်။

"ကိုမောင်. . .

"ဗျာ. . . ကိုရင်ဝင်းအောင်. . ."

"ကျုပ်လည်း ထန်းလျက်တောင်းကိုထမ်းပြီး ပြန်တော့မယ်နော်။ ကိုမောင်လည်း နားလိုက်ပေဦးတော့. . ."

"ဒီနှစ်ထန်းတစ်သီးရာသီပြီးရင် စားစားသောက်သောက် ဘယ်လောက်များ ငွေရေးကြေးရေးအဆင်ပြေမလဲဗျာ. . ."

“သိပ်ပိုလှတယ်တော့ မရှိလှပါဘူး။ ထန်းလျက်ဈေးကောင်းရင်တော့ အငယ်ကောင်လေးကို ကျုပ်တို့ရှင်ပြုမလို့စိတ်ကူးထားတယ်”

လေးရွာကန်ယာမှ ရွာသို့ သစ်ညိုတန်းလမ်းတစ်လျှောက်မှာ ထန်းလျက်တောင်းထမ်းကာ ဦးဝင်းအောင်ပြန်ခဲ့သည်။ ဆုတောင်းမိပါသည်။ ကိုမောင်နှင့်တကွ ယောင်(အလယ်သီး)ထန်းလှီးသည့် ထန်းသမားများ အဆင်ပြေကြပါစေ။ လှူနိုင်တန်းနိုင်၊ ပေးနိုင်ကမ်းနိုင်ကြသူများဖြစ်ပါစေ. . .။

“အရှေ့ကိုလျှောက်ပါလို့၊ အနောက်ကိုတဲ့မျှော်လိုက်ရင် တံခွန်တိုင်ရွှေကုက္ကားနဲ့ ဘုရားကိုမြင်။ မမလေးတို့ပျို့ဉယျာဉ်၊ အဝင်သာပေတောင်း ဗောဓိရွှေကျောင်း”

“ရွှေယောင်ကိုမောင်ထုံးပါလို့၊ ရွှေကုံးကိုတဲ့ ပန်ဆင်
ညနေဝင် ကိုရင်ဖြစ်မယ်၊ လွမ်းရစ်တော့လေး × × ×”

*****

## သီးရင့်

**ရွက်ရင့်လျော၍၊ ရွက်ကြောနုလှန်**
**ရွက်သစ်ပြန်သည်၊ ပန်းမန်ငုံကင်း**
**သုတ်လေညင်းနှင့်၊ မြေသင်းနံ့နံ့**
**တပျံ့ပျူးပျူး၊ မင်းလွင်မြူးလျက်**
**တန်ခူးလကုန်၊ လကဆုန်သည်**
**ပဇ္ဇုန်ရိုက်မည် ချုန်းချုန်းတည်း . . . . ။**
**(ရှင်အဂ္ဂသမာဓိ)**

တန်ခူးလ လပြည့်ကျော်လျှင် ထန်းသမား ကိုစန်းလင်းသည် သီးရင့်ထုလေသည်။ နောက်ကျသောထန်းမအချို့ကို ကဆုန်လဆန်းပိုင်းကျမှသာ ထုပါမည်။

သီးရင့်ဆိုသည်မှာ ထန်းသီးလုံးများကြီးထွားလာပြီးအတွင်းမှ ထန်းသီးဆန်ရင့်သည့်အချိန်တွင် ထန်းရည်ချိုရအောင် ပြုလုပ်နည်းဖြစ်၏။

ထန်းထုရန် ဆောက်ခေါက်ကိုသုံးသည်။ ထန်းအူတိုင်မှ ထန်းသီးလုံးများ ထင်ထင်ရှားရှားပေါ်သည့်အချိန်မှ ထန်းသီးလုံး တစ်ခုနှင့် တစ်ခုကြား ဆောက်ခေါက်ဝင်သာသည့်အရွယ်ထိ သီးရင့်ထန်း လှီးကြသည်။

ထန်းသမားကိုစန်းလင်းသည် နံနက်ပိုင်းတွင် ထန်းဖိုညှပ်ကို လှီး၏။ နေ့လယ်ပိုင်းတွင် ထန်းမပင်များကို သီးရင့်အတွက် ထုရသည်။ ထန်းမထုခြင်းသည် ထန်းဖိုညှပ်လုပ်ငန်းထက် လူသက်သာ၏။ မနက်ထန်းအပြီးမှ ညနေထန်းတက်ချိန်အထိ ထန်းပင်ရှစ်ပင် ထုနိုင်သည်။

သီးရင့်ထုရန် ထန်းသမားလိုအပ်သောပစ္စည်းမှာ ထန်းကိုင်ဓားနှင့် ဆောက်ခေါက်ဖြစ်သည်။ ရင်းထောင်သာရှိ၍ ရင်းဆွဲမရှိသော ထန်းပင်၏အထက်ပိုင်းကို ရှဥ့်ပိုးသကဲ့သို့ ပိုး၍တက်ရသည်။ ထန်းပင်ပေါ်သို့ရောက်လျှင် ထန်းစောင်းများကို ဓားဖြင့်သပ်၍ ပစ်ရသည်။ ထန်းစောင်းက ထက်သည်။ အထိအညိမခံ၊ ထိလိုက်သည်နှင့် မျက်ခနဲခံစားရ၏။ ပြင်းပြင်းထိမိသော ထန်းသမား၏ အသားသည် ဟက်ခနဲကွဲပြီး သွေးထွက်၍လာသည်။

ထန်းသီးခိုင်များသည် အောက်သို့တွဲလောင်းကျနေသည်။ ထန်းသမားသည် ထန်းလျှော်လက်ပေါ်သို့ ကုန်း၍ဆွဲယူပြီး ထန်းထုရန်တင်လိုက်၏။ ဆရာခိုင်များကိုသာ ထန်းသမားသည် ထန်းထု၏။ နောက်မှထွက်သောတပည့်ခိုင်များကို ချန်ထားကြသည်။

ထန်းသီးလုံးသည် လက်ဖက်ရည်ကြမ်းပန်းကန်လုံးခန့် ရှိသည့်အရွယ်တွင် သီးရင့်လှီးကြ၏။ ထန်းသီးလုံးကလေးများ၏ နောက်အခြေတွင် ဆောက်ခေါက်ဖြင့် ထုပေး၏။ သီးခွက်ကလေးများပေါက်အောင် ထန်းသီးခိုင်အရင်းမှစ၍ ခပ်ပြင်းပြင်း လက်အဆထားရသည်။ ငါးလုံး ခြောက်လုံးခွင်ကို စိတ်ကြိုက်ထုပြီးနောက် ထန်းသီးခိုင်ကိုလက်နှစ်ဖက်ဖြင့် မွှေ့ယမ်းကိုင်တွယ်



ပေးရသည်။ ထုထားသည့်နေရာမှ အနီမြုပ်၊ နောက်တစ်ဆင့် အဖြူမြုပ်များထွက်လာသည်အထိ ကိုင်တွယ်ပေးရသည်။ ခွေးခြေသတ်သည်ဟုခေါ်ကြ၏။ ထန်းစတွင် ခွေးခြေသတ်ခြင်းသည် ထန်းရည်ချိုရေရှည်ယိုစေရန်ဖြစ်၏။

ခွေးခြေသတ်ပြီး ကျန်သောသီးလုံးခွင်များကို သင့်ရုံသာ ထုကြရ၏။ ကိုင်ပေးကြရသည်။ အဖျားပိုင်းကို အထုအကိုင်နာသွားသည်ရှိသော် ထန်းရည်ချိုမယိုတတ်ချေ။ ထန်းသီးလုံးကလေးများ၏အခြေကို ထိကပ်အောင်ထုမိလျှင် ထန်းသီးလေးများကြွေကျတတ်သည်။ ထိုအခါ၌လည်း သီးရင့်မတည့်တတ်ပြန်ချေ။

စန်းလင်းသည် ဒေါ်ကြီးမအေးရှင်၏ သံလမ်းထန်းတောကို ထန်းတက်သည်မှာ သုံးလေးနှစ်ရှိခဲ့ပြီ။ ထို့ကြောင့် အသာကြိုက်၊ အနာကြိုက် ထန်းမများကို ကောင်းကောင်းကြီး ခွဲခွဲခြားခြား မှတ်သားမိနေပြီ။

ထန်းလက်ပပ်ခွများ တောင့်တင်းသည်။ ထန်းစောင်းလက်များ ကြမ်းတမ်း၏။ ထိုထန်းမက အနာကြိုက်တတ်၏။ နာနာထု နာနာကိုင်မှ ထန်းရည်ချိုဖြိုင်ဖြိုင်ရသည်။

ထန်းလက်ပပ်ခွများမှာ ပျော့ပျော့ပျောင်းပျောင်း၊ ထန်းစောင်းများလည်း မကြမ်းပါလျှင် အသာအယာချော့၍ ထုမှကိုင်မှသာလျှင် ထန်းရည်ချိုရသည်။

ထန်းမသည် မျိုးဗီဇကိုလိုက်၍အသီးသီး၏။ အသီး၏ အရောင်များမှာ အစိမ်း၊ အဖြူ၊ အနက်၊ အဝါရောင်အသီးသီး ရှိကြသည်။ ထန်းခိုင်ချောင်းများသည် အချို့ထန်းမပင်များ၌ ရှည်ကြသည်။ အချို့မှာ ခပ်တိုတိုဖြစ်၏။

တချို့ထန်းသီးများသည် ပြွတ်သိပ်၍မသီး၊ မျက်နှာပြင်နှစ်ဖက်ဦသာသီးသောထန်းမ ရှိတတ်သေး၏။ ထိုကဲ့သို့သီးသော ထန်းသီးများသည် တင်ပိုင်းချွန်၏။ မျက်နှာပြင်နှစ်ဖက်မှာသာ သီးသောကြောင့် သီးအူချောင်းသည် ဆင်၏အမြီးကဲ့သို့ ပြားချပ်ချပ် ရှိသောကြောင့် ဆင်မြီးပင်ဟု ထန်းသမားက အမည်ပေးလေသည်။

မိုးများရွာလာလျှင် ထန်းသီးများမှာ နေ့ချင်းညချင်း ကြီးထွားလာတော့သည်။ ထန်းထုထားသည့်အခိုင်သီးများမှာ အသီးငယ်၍နေတတ်သည်။ ထုခိုင်သည် နှဲပုံသဏ္ဍာန်ရှိရမည်။ အရင်းပိုင်းရှုံးပြီး အဖျားပိုင်းထန်းသီးလုံးများသည် ကြီးနေရမည်။ ထန်းထုစဉ်က အရင်းနာနာ အဖျားသာသာထုကြရမည်။ ထန်းထုပြီး တစ်လခွဲခန့်ကြာလျှင် ထန်းဖြတ်နိုင်သည်။

တစ်ခါတစ်ရံတွင် ထန်းသီးများ အလွန်ပင်ကြီးထွားနေသော ထန်းသီးခိုင်များကို ထန်းသမားသည် ထန်းပင်လည်သီးနှင့် တိုက်ပေးရသည်။ ခိုက်သည်ဟု ထန်းသမားများဆိုကြသည်။

ထန်းမပင်များသည် မိုးအလာကိုကြိုက်ကြသည်။ ထန်းဖြတ်လျှင် ရာသီဥတုကို ထန်းသမားသည် စောင့်စား၍ ထန်းဖြတ်ကြသည်။ အနုခါးလို၊ ထန်းဖိုအညှပ်၊ ထန်းမအဖြတ် သတိထားကြရမည်။ နေပူလွန်းပါက ထန်းစသည် နေလောင်၍ မျက်နှာပြင်ခြောက်သွေ့သွားတတ်၏။ နေအေးမိုးအေးပါလျှင် ထန်းမ (သီးရင့်) တည့်ပါမည်။ ထန်းရည်ချိုရရန် အဆင်ပြေ၏။ စန်းလင်းတို့သည် ထန်းပင်တို့ကို အရည်သက်လာအောင် တွန်းအားပေးသော အေးမြသည့်ဥတု အလာကို မျှော်ကိုးကြရသည်။



စန်းလင်းတို့ရွာအညာဒေသကို မိုးနည်းပါးသော မိုးခေါင် ရေရှားဒေသဟု ခေါ်ဆိုကြသည်။ စန်းလင်းငယ်စဉ်က ရေတကယ် ရှားသည်။ လေးရွာကန်နှင့် ဘုန်းကြီးကန်ဘေးရှိ လက်ရေတွင်း များတွင် ရေကိုတစ်ပုံးချင်းစောင့်၍စောင့်၍ သုံးစွဲခဲ့ကြရသည်။ ယခုတော့ ရွာဦးရှိစက်ရေတွင်းမှာ အဆင်ပြေစွာသုံးစွဲကြရသည်။

“ကဆုန်နယုန်ဆွေ့ဆွေ့ခုန်” ဟူ၍ဆိုကြသည်။ အလွန်ပင် ပူပြင်းလှချေ၏။ သို့သော် ကဆုန်၊ နယုန်လေရူးသုန်ဟု ဆိုပြန်ပါသေးသည်။ အနောက်တောင်မုတ်သုံလေ၏ လေပြည် ကလေးများနှင့် မိုးစက်မိုးမွှားကလေးများပါလာလျှင် ထန်းပင်က ကြိုက်သည်။ ထန်းသမားသဘောကျသည်။

မြောက်ဘက်အရပ်ဆီမှ လျှပ်နွယ်လျှပ်ပန်းများကို မြင်တွေ့ ရသောအခါ နှစ်ရက်သုံးရက်အကြာမှာ အေးသောခေတ် ရရှိပြန်သည်။ ထိုအခါ ထန်းမဖြတ်ခိုင်မှ ထန်းရည်ချိုလှိုင်လှိုင် ရသည်။

စန်းလင်းသည် ထန်းမဖြတ် (သီးရင့်) လှီးသောအခါ ဓားပွင့်ဦးဖြင့် ထန်းသီးလုံးများကို ထန်းဖုံးခွံနှင့် အခိုင်ထိနေသော နေရာ ထိုးမိရန်လိုသည်။ ထန်းသီးလွယ်ကူစွာကြွေကျစေရန် တည့်တည့်မတ်မတ်ချိန်ဆရသည်။ ဓားပွင့်ကို အားစိုက်ပြီးထိုးရာ၌ ချော်ထိုးမိလျှင် ဓားပွင့်ဦးက မိမိ၏မျက်နှာအား ရန်မူတတ် သေးသည်။ ထန်းသီးချွေချထားသည့် ထန်းစမျက်နှာပြင်ကို ဓားနှီးဖြင့်လှီးဖြတ်ရသည်။ ထန်းလှီးပုံနည်းစနစ်ကို ထန်းသမားများက ကာရံဖြင့်မှတ်သားလုပ်ကိုင်ကြသည်။

အနုခွေးလျှာ၊ ညှပ်မှာသင်ဖြူး၊ ထန်းမမှာ စံပယ်ဖူး ထန်းဖိုနု လှီးသည့်အခါ ခွေး၏လျှာကဲ့သို့ ထန်းစကိုလှီးရသည်။ ခွေး၏လျှာမှ ယိုစီးကျသည့်သွားရည်များမှာ အောက်သို့ တန်းတန်းမတ်မတ် ကျနေသည်။ ထန်းဖိုနုထန်းစမျက်နှာပြင်ကို ခွေးလျှာကဲ့သို့ လှီးပါလျှင် ထန်းရည်ချိုများသည် မြူအိုးအတွင်းသို့ တန်းတန်းမတ်မတ် ကျလေသည်။

ထန်းဖိုညှပ်တွင် ညှပ်ထုပ်တို့သည် အောက်သို့တန်းလန်း ကျနေ၏။ သို့သော် ညှပ်ထုပ်မျက်နှာပြင်သည် သင်ဖြူးခင်းထား သကဲ့သို့ တညီတည်းရှိရမည်။ ထန်းနို့ချောင်းသည် အရှည်အတို မညီကြပေ။ ထို့ကြောင့် တညီတည်းဖြစ်အောင် လှီးချတတ်ရန် သတိထားကြရသည်။

သီးရင့်ထန်းလှီးသောအခါ ထန်းသီးအူချောင်း ထန်းစ မျက်နှာပြင်သည် ထန်းရည်ချိုဖြင့် မပြတ်တမ်းစိုနေရမည်။ စံပယ်ဖူးပုံသဏ္ဍာန်ရှိအောင် ထန်းဖြတ်လျှင် ထန်းရည်ချိုများသည် စုဆုံ၍ ထန်းစသည် နှပ်တွဲပြီး ထန်းရည်ချို နူးနူးနပ်နပ် အဆက်မပြတ်ယိုကျသည်။ ထန်းသမားသည် သီးရင့်များကို နယုန်လအတွင်း အပြီးဖြတ်ကြရသည်။ ဝါဆိုလတွင် ထန်းမှာ ဝင်းမှည့်လာ၍ ထန်းရည်ချိုမထွက်တော့ပေ။ ‘အမယ်အို အရွယ် လွန်မှတော့ နို့ထွက်ပါတော့မလား’ ဟူ၍ သရော်လေ့ရှိကြသည်။

ထန်းမ (သီးရင့်) သည် ထန်းဖိုညှပ်ထက် စားသက်ရှည်၏။ ကဆုန်၊ နယုန်မှ သီတင်းကျွတ်လဆန်းအထိ ထန်းရည်ချိုရရှိသည်။ တော်သလင်းလကုန်တွင် ထန်းစများသည် တို၍သွားလေပြီ။ ထန်းသမားသည် ထန်းတို၍ ထန်းတုံး ထန်းဖြုတ်ကြရလေသည်။



မိုးရာသီဖြစ်သောကြောင့် သီးရင့်ထန်းမချိန်တွင် လေမိုးဒဏ်ကို ရင်ဆိုင်ကြရ၏။ မြူအိုးများသည် မိုးသက်လေပြင်းကျလျှင် ကွဲပြတ်ဆုံးရှုံးရသည်။

သီးရင့်ဖြတ်ချိန်သည် နေ့လယ်ခင်း၌ နေသည်ပြင်းစွာပူပြင်း၏။ မုတ်သုံလေကလည်း တဝေါဝေါတိုက်ခတ်နေပြန်သည်။ ထိုအခါ ထန်းစမျက်နှာပြင်သည် ခြောက်သွေ့သည်။ နီကြင်ကြင်ဖြစ်နေသည်။ လေကြောင်းပြေးကာ ပါးစပ်ပြဲနေသည်။ အစေးထွက်နေသည်။ မြူအိုးထဲတွင် ထန်းရည်ချိုမရှိပါက သီးရင့်မတည့်တော့ဟု သိရလေ၏။

ဆိုးဆိုးရွားရွားပူလွန်းသောနှစ်များတွင် ထန်းမ မတည့်ကြ တော့ချေ။ ထိုကဲ့သို့ဖြစ်သည်ကို ခုန်ဆင်းဟု ထန်းသမားများ ပြောကြသည်။

စန်းလင်းသည် သီးရင့်ချိန်တွင် ဆောက်ခေါက်ကို အသုံးမပြုသော ထန်းမပင်ရှိသည်။ စန်းလင်းသည် ထိုထန်းမပင်ကို လုံးဝတက်၍ထန်းမထု။ ထန်းပင်ရှိထန်းသီးလုံးများ မျက်နှာရစ် မဝင်မီတွင် ရင်းဆွဲတင်လိုက်သည်။ ထန်းပင်ရှိမြုပ်များကို ထိုးချပစ်၏။ ထိုအခါ ထန်းသီးခိုင်များသည် ထန်းလည်သီးနှင့် နီးကပ်စွာ တွဲလောင်းကျလာသည်။ ဆရာခိုင်လေးငါးခိုင်ချန်၍ ကျန်ထန်းသီး ခိုင်များကို ဓားဖြင့်ခုတ်ချသည်။ ထန်းပင်ထက်ရှိ ကျန်သောထန်းသီး ခိုင်များကို လေးဖက်လေးတန်လှည့်ပြီး ထန်းပင်လုံးနှင့် ပြင်းပြင်း ထန်ထန် လွဲ၍လွဲ၍တိုက်လေသည်။ ထန်းခိုက်သည်ခေါ်၏။ တိုက်လှီး ခိုက်လှီးနည်းတစ်နည်းဖြစ်သည်။ ဤနည်းကိုမူ စန်းလင်းသည် များစွာမလုပ်ကိုင်ပေ။ အရင်းပိုင်းအနာလိုသည်။ ရေရှည်မယိုကျနိုင်။ အရိုးစားဖို့ မျှော်လင့်ချက်နည်းပါးသောကြောင့်ဖြစ်သည်။

ထန်းသမားသည် တစ်နှစ်လျှင် ခြောက်လခန့်အလုပ်လုပ်ရသည်။ ထန်းဖိုသည် တစ်လလောက်ရှိ၏။ ထန်းမသည် လေးငါးလ စားရသည်။ နေပူပူတွင် ထန်းပင်ပူပူကြီးများအပေါ် နေ့စဉ်နေ့တိုင်း ဖက်ပြီး တက်ကြဆင်းကြရသည်။ ထန်းသမားများ၏လက်ဖဝါး များမှာ ကြမ်းတမ်းမာကျောလှချေ၏။ မိမိမျက်နှာကိုပင် လက်ဖဝါး နှင့်မသစ်နိုင်။ လက်ဖမိုးဖြင့်သာလျှင် သစ်ရရှာသည်။

စန်းလင်းသည် နောင်နှစ်တွင်မူ မြို့၌လျှပ်စစ်ဓာတ်တိုင် တက်သူများ အသုံးပြုနေသော သံကောက်ချိတ်ထောက်များဖြင့် ထန်းတက်မည်ဟု စိတ်ကူးပြီ။ လက်တွေ့သုံးကြည့်မည်။ အချိန်ကုန် သက်သာ၍ လူလည်းသက်သာမည်။

“တော်သလင်းမြစ်တွင်းသင်ဖြူးခင်း” ဆိုသည့်အတိုင်း မိုးများရွာ၍ မြစ်ရေကြီးသော တော်သလင်းလကုန် သီးတင်းကျွတ် လလယ်ခန့်တွင် ထန်းသမားများသည် ထန်းတို၊ ထန်းတုံး၊ ထန်းဖြုတ်ကြလေတော့သတည်း။

*****





ထန်းသီးခိုင်များ

## ထန်းလျက်ချိုချို

**"မောင်ရေ သွားကြစို့× × ×ကျွန်မတို့ရဲ့အညာ× × ×**
**ဆူးလေကစူး လေပူရူးတွေ၊ ဟူးဟူးတိုက်တဲ့**
**အချိန်များမှာ× × ×ထနောင်းပွင့်တွေ ဝေဝေဆာ× ×**
**တပေါင်းရောက်ပြီ နွေအခါ× × ×"**

**(ဂီတစာဆို ရေနံ့သာဝင်းမောင်)**

မိသင်းသည် သီချင်းကိုဟစ်၍ဆိုလိုက်သည်။ မိမိ၏မောင်လေး စန်းလင်းသည် ဒေါ်ကြီးမအေးရှင်၏ သံလမ်းထန်းတောတွင် ထန်းတက်သည်။ စန်းလင်း၏ဇနီး ဌေးမူသည် မြူအိုးကောက် (မရိုးကောက်) နေသည်။ မနေ့ညနေတွင် ချန်ထားလှုံ့ထားခဲ့သော ထန်းရည်ချိုများကို စောစောစီးစီးမီးထိုး၍ ထန်းလျက်ကျိုပေးရန် ထန်းလျက်တဲသို့ရောက်၍နေခြင်းဖြစ်သည်။

စန်းလင်း၏ထန်းလျက်တဲသည် သုံးပင်တဲဝဲကျကလေးဖြစ်သည်။ နေကျော်ဆောက်လုပ်ထား၏။ ထန်းလျက်ဖိုခွင်မှာ လေးလုံးခွင်ဖြစ်သည်။ မီးဖိုခေါင်းတိုင်သည် အပြင်သို့ထုတ်ကာ ခပ်မြင့်မြင့်ပြုလုပ်ထား၏။

ထန်းတောများတွင် ထန်းလျက်ကျိုသည့်လုပ်ငန်းကို အမျိုးသမီးများသာလျှင် ပြုလုပ်ကြလေသည်။ ထန်းသမား၏





ဇနီးသည်များက ထန်းလျက်ကျိုကြ၏။ သို့မဟုတ်လျှင် သမီးနှင့်ဆွေမျိုး နီးစပ်များက ပြုလုပ်ပေးသည်။

ထန်းလျက်ကျိုချက်ခြင်းသည် အချိန်အနည်းငယ်မျှနှင့်မပြီး၊ နံနက်ဝေလီဝေလင်းမှ နာရီပြန်သည့် နေ့လယ်အထိ လုပ်ကြရသည်။ ထန်းရည်ချိုများများရသူများမှာ နေထွက်မှနေဝင်သည်အထိ မီးဖိုနားမှမခွာရချေ။ မီးငွေ့၊ ထန်းရည်ချိုငွေ့များကြောင့် ချွေးဖြိုင်ဖြိုင်ကျကြရသည်။ သို့သော် ပင်ပန်းလှသည်ဟူ၍တော့ မရှိကြပါ။ မိမိတို့ဘဝ၏စားဝတ်နေရေးအတွက် အလုပ်လုပ်နေကြရသဖြင့် ရွှင်လန်းဝမ်းမြောက်ကြသည်။

မိသင်းသည် ထန်းလျက်ကျိုရာတွင် စိတ်ရှည်သူဖြစ်၏။ လုပ်ငန်းကိုလည်း ဇယ်ဆက်သလို ကျွမ်းကျင်သည်။ ဒယ်အိုး၊ ဖျဉ်းအိုးများကို ဖိုခွင်များပေါ်တွင် အံဝင်ခွင်ကျဖြစ်အောင်တည်၏။ လေးလုံးခွင်ဖိုဖြစ်၍ သတ္တုဒယ်အိုးသုံးလုံးနှင့် ဖျဉ်းအိုးတစ်လုံးတည်သည် မီးခေါင်းတိုင်နှင့်အနီးဆုံးတွင် ဖျဉ်းအိုးရှိသည်။ အိုးများနှင့်ဖိုခွင်သည် လေပေါက်ဝင်၊ မဝင် စေ့၊ မစေ့သတိပြုရသေးသည်။ မီးဖိုသည် မီးဆွဲအားကောင်းမှသာလျှင် ထန်းလျက်ကျိုသည်မှာ အဆင်ပြေသည်။

ထန်းလျက်တစ်ချော့စာအတွက် ခြောက်မြူ၊ ခုနစ်မြူ၊ ရှစ်မြူခန့် ထန်းရည်ချိုကိုထည့်၍ကျိုသည်။ ဖျဉ်းအိုးထဲသို့မူ ပြည့်လုနီးပါးထည့်ထားလိုက်သည်။ ပေါက်ဝမှမီးထိုး၍ မီးဆွဲအားကောင်းလျှင် မိနစ်အနည်းငယ်ကြာသော် ရှေ့ဆုံးဒယ်အိုးမှ ထန်းရည်ချိုများသည် တရှိုးရှိုးမြည်လာသည်။ မကြာမီပင် ထန်းရည်ချိုများပွက်၍လာသည်။ မီးများလျှင် ထန်းရည်ချိုများ

ဝေကျတတ်၏။ ဝေမကျစေရန် အုန်းမှုတ်ရိုးရှည်ကို စိုက်တပ်ပေးထားသည်။ တစ်ဒယ်လုံး ညီညီညာညာပွက်လျှင် 'ပွက်သေးစီ' ဟုခေါ်၏။

ဆူပွက်နေသောထန်းရည်ချိုများကို မှုတ်ရိုးရှည်ဖြင့် တစ်ဒယ်နှင့် တစ်ဒယ်ပြောင်း၍ ပေါင်းပေးရသည်။ တဗွမ်းဗွမ်း ပွက်ထနေသောထန်းရည်ချိုတို့သည် တဖြည်းဖြည်းနှင့် အနှစ်ကျ၍ ပျစ်၍လာသည်။ ဗွက်. . . ဗွက်နှင့် 'ပွက်မကြီး' ထိုးလာသည်ဟု ခေါ်ကြသည်။ ထန်းလျက်အရောင်အသွေးတက်၍လာသည်။ 'ဖိုက်' လာသည်ဟုဆို၏။ ယောက်မဖြင့် မွှေပေးနေရသည်။ 'ထန်းလျက် ရုတ်သည်' ဟု တချို့ကပြောကြသည်။ ဖိုက်ရည်များသည် ကြွက်မြီး တန်းနေပါက ဒယ်အိုးကို မြေပေါ်သို့ချလိုက်သည်။

သကာရည်အဖြစ်စားမည်ဆိုပါက ယောက်မဖြင့် သင့်လျော်စွာ ပွတ်ပြီး လေးငါးချက် ဗလုံခပ်ပေးရသည်။ သကာရည်ကျလာပြီး သကြားပွင့်ကဲ့သို့ဖြစ်လာသည်။

'ရေနု' စားမည်ဆိုလျှင် မီးဖိုပေါ်မှဒယ်ချလျှင် ဖြူဖွေးသည်အထိ ယောက်မဖြင့် ပွတ်ရသည်။ ကြာကြာပွတ်လေသော် အရောင်မှာ ဖြူဖွေး၍လာ၏။ ထန်းလျက်သားမှာ နုနုကလေးဖြစ်သည်။ 'ရေနုရည်' ဟု တစ်မျိုးစားသုံးကြသည်။

ထန်းလျက်ခဲ ခဲမည်ဆိုလျှင် ဖိုခွင်ပေါ်မှချသည့်အခါတွင် ခပ်ပျစ်ပျစ်ဖြစ်မှအဆင်ပြေသည်။ ထန်းလျက်ဖြူစေရန် ယောက်မနှင့်ပွတ်ရသည်။ လိုသည်ထက်ပို၍ပွတ်လျှင် ထန်းလျက်သည် စေးထန်းထန်းဖြစ်သွားပြန်သည်။



တစ်ချော့စာချထားသည့်ထန်းလျက်များကို ဒယ်အိုးတွင်းမှ ပူပူလောင်လောင်မှာပင် ယောက်ချစ်ဖြင့်ကော်ယူပြီး လက်ဖြင့် လုံးကာ ဗန်းထဲသို့ စီ၍ချသွားရသည်။

ထန်းလျက်ပူပူကို ထန်းလျက်လုံးရသော မိသင်း၏လက်များမှာ ကော်ပတ်တမျှကြမ်းတမ်းလျက်ရှိရှာသည်။ လုံးနေကျလည်းဖြစ်၊ လက်များမှာ အရေများထူကြမ်းနေ၍ တစ်နေ့လျှင် ထန်းလျက် ပိဿာများစွာရအောင်လုံးနိုင်လေသည်။ လုပ်စလုပ်နမရှိလျှင် ထန်းလျက်မလုံးနိုင်ပါ။ ရေအေးကို မြူအိုးကလေးနှင့် ထည့်ထားပြီး တစ်ခါတလေမှသာ လက်နှိုက်တတ်ကြသည်။

ထို့ကြောင့် ထန်းသမား၏ဇနီးမယားများသည် မီးကလည်းပူ၏၊ ထန်းလျက်အိုးကို အဆက်မပြတ်မွှေပေးရသည်။ အပူကိုလက်ဖြင့် ထန်းလျက်လုံးရသည်။ ယောက်ျားထန်းပင်ပေါ်ကဆင်းလာချိန်တွင် စားဖို့ သောက်ဖို့ ထမင်းဟင်းကိုလည်း အချိန်မီချက်ထားကြရပါသေး၏။ တစ်နေကုန်တစ်နေခန်း မနားတမ်းအလုပ်လုပ်ကြရရှာပေသည်။

အညာနွေသည် ပြင်းပြစွာပူလေသည်။ အပူရှိန်ကြောင့် လေပူလေရူးများဖြစ်ကြသည်။ တစ်ခါတစ်ရံ လေပြင်းများ ကျရောက်တတ်ပြန်သည်။ ညနေပိုင်းများတွင် လေပြင်းကျလျှင် ထန်းလျက်တဲသည် မီးရေးထင်းရေးကို စိုးရွံ့ရပြန်သည်။

မီးရေးထင်းရေးမှာ ထန်းသမားများ၏ဘဝတွင် အရေးပါသည်။ ထန်းလျက်ချက်သူများသည် ထင်းသုံးအားကြီး၍ တောပြုန်း ရသည်ဟုဆိုကြသည်။ မီးသွေးဖုတ်ခြင်းလောက်တော့ သစ်ပင်ကို မသုံးပါ။ ထန်းတောင်သူနှင့် ထန်းသမားများသည် ထင်းသားကောင်းထက်

ထန်းရွက်ခြောက်၊ ပဲခွံ၊ ထန်းလက်ပပ်ခွ၊ ပဲစင်းငုံရိုးများကိုသာ အများဆုံးသုံးကြရသည်။ သို့သော် ထန်းရာသီမှာ ခုနစ်လသာသာ ရှိသောကြောင့် နတ်တော်၊ ပြာသိုလများတွင် သစ်ပုပ်၊ ဇောင်ချမ်း၊ နဘူး၊ ဘောက်ခွေးပင်များကိုခုတ်၍ စုပုံထားကြသည်။ လိုသည့် အခါမှာ သုံးကြသည်။

မိသင်းတို့၏ရွာဘေးတွင် ရှားပင်များစွာပေါက်ရောက်၏။ ရှားတောများထဲတွင် ကြီးမားသော ထနောင်းပင်များလည်း ရောနှော၍တည်ရှိသည်။ ရှိပင်ရှိသော်လည်း ရှားပင်၊ ထနောင်း ပင်များကိုမူ ပြီးစလွယ် ထင်းခုတ်၍ မသုံးကြပါ။ မိုးခေါင်မှာ စိုးရွံ့ကြ၍ဖြစ်သည်။

ထန်းပင်များကို တချို့အရပ်များတွင် သစ်စားဘီလူး ဟူ၍ပင် ခေါ်ကြသည်ဟုဆို၏။ ထန်းလျက်ချက်ရာတွင် ထင်းကို မဆင်မခြင်သုံးကြ၍ဖြစ်လေမည်။

ချောက်မြို့ရှိ ရေနံအရာရှိများနေထိုင်ရသည့်အိမ်များသည် လျှပ်စစ်မီးဓာတ်ငွေ့ (GAS) ဖြင့် ထမင်းဟင်းချက်ကြသည်။ ထန်းလျက်များကိုလည်း လျှပ်စစ်ဓာတ်ငွေ့မီးဖြင့် ချက်ခွင့်ရမည် ဆိုပါလျှင် ထန်းလျက်ဈေးနှင့် စရိတ်ကာမိနိုင်ပါမည်လော။

ထန်းလျက်ကောင်းကောင်းစားလိုသော် ထန်းရည်ချိုသည် ကြည်လင်ရမည်။ မြူအိုး၊ ဒယ်အိုးများကို စင်ကြယ်သန့်ရှင်းစွာ ထားရှိရမည်။ မီးထိုး၊ ဒယ်ချစိတ်ရှည်လျှင် ထန်းလျက်လုံးကလေး များသည် ဗိုက်ဖြူဖြူလေးများနှင့်သန့်၍ စားဖွယ်ရှိသည်။

ထန်းလျက်ဖြူစေရန် တချို့သည် ချွတ်ဆေးခတ်ကြသည်။ ချွတ်ဆေးထန်းလျက်သည် အရောင်မှာဖြူ၍လှသော်လည်း



အရသာမှာမကောင်းလှချေ။ ကြာလျှင် ညှီစို့စို့အနံ့ထွက်သည်။ ချွတ်ဆေးများသောထန်းလျက်သည် ဝမ်းလျှောခြင်း၊ အော့အန်ခြင်း စသော အဆိပ်အတောက်လက္ခဏာများ ဖြစ်ပေါ်တတ်သည်။

ထန်းလျက်ကို သရေစာအဖြစ်စားသုံးကြသည်။ သဘာဝ ထွက်ပစ္စည်းဖြစ်၍ လူကိုအားရှိစေသည်။ 'အားလိုအချိုစား' ဟုဆိုကြသည်။

ကရေကရာ၊ ဆီးယို၊ ပေါက်ပေါက်ဆုပ်၊ ထမင်းခြောက်ဆုပ်၊ နှမ်းဖက်ဆုပ်၊ အုန်းထန်းလျက်၊ ဆီးထန်းလျက်၊ မြေပဲထန်းလျက်၊ ဇောင်ချမ်းထန်းလျက် အမျိုးမျိုးပြုလုပ်၍ စားသုံးကြရသည်။

ကရေကရာ၊ ဆီးယိုများကို သကာရည်နှင့်ရောနှယ်၍ ပြုလုပ်ကြသည်။ သကာရည်ဖြင့်ပြန်လုပ်သောစတုမဓူသည် အားဖြစ်စေသည်။

ပေါက်ပေါက်၊ အုန်း၊ ဇောင်ချမ်းထန်းလျက်များကို ထန်းလျက်ဖိုခွင်မှ ချသောအခါတွင် ရောနှောပြီး မွှေလိုက်ပွတ်လိုက် ပြုလုပ်၍ လုံးပြီး ဗန်းတွင်လှန်းလျှင် အေးပြီးခြောက်သွားသော် အသင့်စားသုံးနိုင်ကြသည်။

သာကူ၊ ဂျုံယို၊ မုန့်လက်ဆောင်း၊ မုန့်ကွဲသည်း၊ ဘိန်းမုန့်၊ မုန့်လက်ကောက်၊ မုန့်ကြက်အူများကိုလည်း ထန်းလျက်ဖြင့် လုပ်ကြစားကြလေသည်။

ထန်းသီးမှည့်နှင့် ထန်းလျက် ပေါင်းစပ်ပြုလုပ်သောရေစကြို ထန်းသီးမုန့်သည် နာမည်ကြီးသည်။

ညနေ နေကျတော့ ဌေးမူရောက်လာခဲ့သည်။

"မမိသင်း ပြီးပြီလား. . ."

"ဒီတစ်ချော့ချပြီးရင် ပြီးပြီဟေ့။ ညည်းက မီးလျှော့ပြီးသိမ်း၊ ကောက်ပြန်ကြတာပေါ့အေ. . ."

ထန်းလျက်တောင်းရွက်ပြီးလျှင် မိသင်းသည် ရွာသို့ ထန်းလျက်တဲမှ ပြန်လေသည်။

ငွေးမူသည် ညနေရည်မြူအိုးကောက်ရန်အတွက် မြူအိုးများကို ထမ်းလျက် စန်းလင်းထန်းတက်နေသည့် ထန်းပင်ဆီသို့ သွားလေတော့သတည်း. . .။

*****





ဝမ်းရေးထိုထို ထန်းလျက်ကျို

## ရန်သူများ

**သကြားထန်းလျက်၊ ပျားအိုးခွက်၌၊ နှစ်သက်မခွာ**
**မက်မောစွာလျှင်၊ သာယာတပ်ငြွေ့၊ မူးဝေမေ့လျက်**
**မရွေ့နိုင်ထွေ၊ သောက်သေသေကြ၊ ပုရွက်ခြသို့. . .။**
**(မာန်လည်ဆရာတော်ဘုရားကြီး)**

လူတို့တွင် ရေ၊ မီး၊ မင်း၊ ခိုးသူ၊ မချစ်မနှစ်သက်သောသူ ဟူသော ရန်သူမျိုးငါးပါးရှိသည်။ ထိုရန်သူများနှင့် ရင်ဆိုင်တွေ့ကြုံရသောအခါ ဘေးဒုက္ခအန္တရာယ်များ ဖြစ်ကြရလေသည်။

ထန်းသမားများ၏ထန်းလုပ်ငန်းတွင် သတ္တဝါငယ်များသည် အနှောင့်အယှက်ပေးလျက်ရှိကြသည်။ ပုရွက်ဆိတ်၊ ပျား၊ ကြွက်၊ ရှဉ့်၊ လိပ်ပြာ၊ ကျိုင်း၊ လင်းဆွဲနှင့် အခြားကျေးငှက်များ ဖြစ်ကြသည်။

ပုရွက်ဆိတ်တို့သည် ထန်းရည်ချိုကို အကြိုက်ဆုံးဖြစ်ကြသည်။ ပုရွက်ဆိတ်အနီနှင့် အနက်ရောင်နှစ်မျိုးလုံးသည် ထန်းလုပ်ငန်းတွင် နေရာဒေသမရွေး ရှိနေကြ၏။ ပုရွက်မီးထောင်တို့သည် ထန်းပင်၏ ပပ်ခွအိုးများ၊ ထန်းနို့ချပ်များကြား၌ အိမ်ဖွဲ့၍နေတတ်၏။ ထန်းသမားသည် ထန်းပြင်သောအခါ ပုရွက်ဆိတ်ထူလွန်းလျှင် ထန်းသမားသည် ထန်းပင်ပေါ်မှ ဆင်းပြေးရလေသည်။

ပုရွက်ဆိတ်များသည် အချိုနံ့ရှိသော ထန်းရည်ချိုအိုးများ၊ မြူအိုးပုံများ၊ ထန်းလျက်ဖိုများအနီးအနား၌ မပြတ်တမ်း





သွားလာစားသောက်နေကြသည်။ ထန်းသမားနှင့် မြူအိုးကောက်သူ၊ ထန်းလျက်ချက်သူများသည် ပုရွက်ဆိတ်များကိုရှောင်မနေအားပါ။ ထို့ကြောင့် မြူအိုးဖုတ်၊ ထန်းလျက်ကြိုသောမီးအပူရှိန်ဖြင့် ပုရွက်ဆိတ်များစွာသေကြလေ၏။

ထန်းရည်ချိုအိုး၌လည်း ပုရွက်ဆိတ်များသည် ဝင်ရောက်ကြသဖြင့် ထန်းရည်ချိုနစ်၍ သေကြပြန်သည်။ အန္တရာယ်ကိုမသိမြင်၊ အစာကိုသာ တပ်မက်ကြလေသည်။

ပျားသည်လည်း ထန်းသမားများ၏ အဓိကရန်သူဖြစ်၏။ ပျားသည် ဝတ်ရည်စုပ်သောသတ္တဝါဖြစ်၏။ ထန်းရာသီသည် နွေအခါဖြစ်၏။ ပျားတို့သည် ပူပြင်းသော ထိုအချိန်တွင် ဝတ်ရည်စုပ်ရန် ပန်းခိုင်ပန်းပွင့်များမရှိကြ၍ ထန်းပွင့်ထန်းခိုင်များကို စားသုံးကြလေ၏။

ထန်းနို့ချောင်းမှာရှိသော ထန်းပွင့်ကလေးများ၏အနံ့ဖြင့် ပျားများသည် မြူအိုးတွင်းမှထန်းရည်ချိုကို ဝင်ရောက်စုပ်ယူကြသည်။ နှစ်ကောင်၊ သုံးကောင်မက အုံလိုက်ကျင်းလိုက်စုပ်ယူကြ၍ ထန်းရည်ချိုတစ်ခွက်၊ တစ်စလယ်ရည်သည် ကုန်သွားလေသည်။ တစ်ဖန် ထန်းရည်ချိုယိုနေသည့်ထန်းစတွင် အလုအယက်အုံခဲနေကြပြန်သည်။ ထန်းစမှာ ထန်းရည်ချို မထွက်လာတော့ပေ။ နေ့စဉ်ရက်ဆက်လာသော် ထန်းစသည် ပျားဆိပ်တက်၍ လုံးဝမယိုတော့။ ကန်း၍သွားလေသည်။

ပျားများသည် ထန်းပင်တစ်ပင်ကို လမ်းကျမိလျှင် တခြားတစ်ပင်သို့မပြောင်းကြပေ။ ထိုထန်းပင်မှ ထည်းရည်ချိုစုပ်ယူမရမှသာ အခြားတစ်ပင်သို့ ပြောင်းရွှေ့သွားကြသည်။

ပျားများသည် ထန်းဖို၊ ထန်းမရာသီအားလုံးတွင် ထန်းရည်ချို စုပ်ယူကြသည်။ ပျားတစ်ကောင်၊ နှစ်ကောင်ဦးဆောင်၍ လမ်းဖောက်ကာ ထန်းရည်ချိုစုပ်ကြသည်။ အယိုသန်သောထန်းပင်နှင့် တွေ့ဆုံလျှင် ထိုပျားလုပ်သားများမှာ မြူအိုးထဲသို့ကျ၍ သေဆုံးကြသည်။

အယိုသန်သောထန်းပင်တွင် ပျားလုပ်သားများသည် ပျားအုံသို့ ပြန်၍ ပျားဘုရင်မနှင့် အဖွဲ့တော်သားပျားများထံ သတင်းပြန်ပို့ကြလေသည်။ တစ်နေ့ပြီးတစ်နေ့ ပျားလမ်းကျသော ထန်းပင်၏ ညရည်ကို ထန်းသမားများမှာ မရတော့ချေ။ ပျားများစုပ်၍ ကုန်လေသည်။ မြူအိုးကိုဖြုတ်လိုက်လျှင် ပျားများသည် ဝုန်းခနဲ ထပျံသွားကြသည်ကိုသာ ထန်းသမားသည် တွေ့ရလေတော့၏။ အဝေးသို့ပျံမသွား၊ ထန်းစနားတွင် ကပ်နေတတ်ကြပြန်သေးသည်။

ပျား၏ရန်ကိုတွန်းလှန်ဖို့အတွက် ထန်းသမားသည် ထန်းစတွင်အုံခဲနေသောပျားကောင်များကို ဓားပြားဖြင့် ရိုက်သတ်ကြ၏။ တချို့သည် ထန်းစကိုရေခံ၍ဆွဲကြသည်။ တစ်ခါတစ်ရံတွင်မူ ပတ်ဝန်းကျင်ရှိ ပျားအုံများကိုရှာဖွေ၍ ပျားဖွပ်လိုက်ကြ၏။

ကြွက်သည် မြူအိုးအတွင်းမှ ထန်းရည်ချိုများကို အချိန်မရွေး ဝင်၍သောက်ကြ၏။ မစင်များလည်း စွန့်ချလေသည်။ မြူအိုးကြိုးများကို ကိုက်ဖြတ်ချလေ၏။

ထန်းတောများတွင် ထန်းပင်တိုင်းလိုလိုတွင် ကြွက်များ ရှိတတ်၏။ သစ်ပင်ချုံနွယ်များနှင့် နီးကပ်လျက်ရှိသော ထန်းပင်များတွင် ပို၍ ကြွက်များနေတတ်၏။ မြူအိုးကြိုးများကို ကိုက်ဖြတ်ကြသောကြောင့် မြူအိုးများကျကွဲကာ ထန်းရည်ချိုပါဆုံးရှုံးရလေသည်။



ရှဉ့်ကလေးများသည် မြူအိုးအတွင်းဝင်၍ ထန်းရည်ချိုကို သောက်တတ်ကြ၏။ နေ့လယ်နေ့ခင်းတွင် ရှဉ့်များသည် နေ့စဉ် ဝင်သောက်တတ်ကြ၏။ ထန်းသီး၊ ထန်းနို့ချောင်းနှင့် ထန်းနို့ခိုင် များကိုလည်း ကိုက်နေတတ်၏။ တစ်ခါတစ်ရံတွင် မြူအိုးကြိုးများကို ကိုက်ဖြတ်ချလေသည်။

လိပ်ပြာအမျိုးမျိုးသည် ထန်းရည်ချိုကိုသောက်ကြ၏။ အားလွန်၍ ထန်းရည်ချိုအိုးများတွင် နစ်မြုပ်သေဆုံးကြသည်။ ပေါင်းချောင်ထဲသို့ ထန်းရည်ချိုကိုစစ်၍လောင်းသောအခါ လိပ်ပြာသေများသည် ထန်းပွင့်များနှင့် လုံးထွေး၍ကျန်ခဲ့သည်။

ကျိုင်းကောင်များကို ထန်းဖိုညှပ်နှင့် ထန်းမရာသီတွင် တွေ့ရှိရသည်။ ပူအိုက်သောညများတွင် ကျိုင်းများသည် ထွက်လေ့ရှိကြ၏။ ညအချိန်တွင် ထန်းပွင့်ကလေးများ၏ အရောင်အသွေးကို တပ်မက်ကာ ထန်းပင်ပေါ်သို့ပျံသန်းကြ၏။ ထန်းရည်ချိုကိုဝင်ရောက်စုပ်ယူရင်း အစုလိုက်သေနေကြ၍ ထန်းရည်ချိုမှာ ညစ်ညမ်းရသည်။

လင်းဆွဲသည် ညအချိန်မှသာ ထွက်သောငှက်ဖြစ်သည်။ ထန်းရည်ချိုကို ထန်းမအရိုးတိုချိန်တွင် ဝင်၍သောက်လေ့ရှိသည်။ တစ်စလယ်ခန့် ကုန်အောင်သောက်နိုင်သည်။ လင်းဆွဲသည် မြူအိုးများအတွင်းသို့ မစင်များစွန့်ချတတ်သည်။ လင်းဆွဲမစင် စွန့်ထားသည့် ထန်းရည်ချိုမှာ အသုံးပြု၍မရတော့ချေ။ အနံ့အသက် အလွန်ဆိုးဝါးသော လင်းဆွဲချေးနှင့် လင်းဆွဲကောင်ဖြစ်သည်။

ကျီးငှက်သည် ထန်းပင်ထက်မှာနေထိုင်၍ တစ်ပင်မှတစ်ပင် ကူးလာပျံသန်းကြသည်။ ထန်းဖိုနုရာသီတွင် နုနယ်လှသော

ရစ်ခိုင်ကလေးများကို ကျီးများသည် ပေါက်ဆိတ်စားသောက် ပစ်ကြ၏။ ကျီးနား၍ တစ်ခါတစ်ရံ ရစ်ခိုင်ကလေးများမှာ ကျိုးကြလေသည်။

ကျီးသည် မြူအိုးအတွင်းမှထန်းရည်ချိုသောက်ပြီးလျှင် မစင်များကိုလည်း စွန့်ချတတ်လေသည်။ ကျီးကြောင့်မူ ထန်းသမားတွင် များများစားစားမထိခိုက်ပေ။

အချို့ကျေးငှက်ကလေးများသည် ထန်းရည်ချိုအနည်းငယ်ကို ဝင်၍သောက်ကြသည်။ မည်သည့်အနှောင့်အယှက်မျှ မပေးတတ်ကြချေ။

*****

## ဆွေမျိုးဉာတိ

**"သပြေကသီး၊ ရေကကြီး**
**ထန်းသီးကကြွေ၊ မိုးကစွေ"**

ဝါခေါင်လသည် ဝသန်ခါမိုးရာသီဖြစ်လေသည်။ မြစ်ချောင်း အင်းအိုင်များတွင် မိုးရေများဖြင့် ပြည့်လျှံ၍နေ၏။ ထိုမိုးရေ တက်ရေများထဲတွင် ကလေးငယ်များသည် သပြေသီးမှည့်ကလေး များကို ပျော်ရွှင်စွာခူးယူစားသုံးကြသည်။

အညာအရပ်ဌာနေတွင် ဝါခေါင်မိုးများရွာပါက ချောင်း၊ ကန်၊ ရေအိုင်များအတွင်းမှ ဖားအော်သံလေးများ ဆူညံစွာ ကြားရ၏။ မှည့်ယွှန်းနေပြီဖြစ်သောထန်းသီးများသည် တဖုန်းဖုန်းဖြင့် ကြွေကျလေတော့သည်။ စနေနေ့မှ စတင်ရွာသောမိုးသည် တစ်ပတ်ခန့် တစ်စိမ့်စိမ့်စွေ၍ နေတတ်သည်။ "မိုးစနေ လေရာဟု" ဟူ၍ ဆိုကြ၏။

မိုးများစဲသည့်အခါ နေသာသည်။ ထိုအချိန်၌ ကျောင်းဆရာမ လေးချိုချိုစံသည် မော်တော်ဆိုင်ကယ်ကို ဖြည်းဖြည်းညင်သာစွာ ချောက်-ညောင်ဦးကတ္တရာလမ်းအတိုင်းစီး၍လာခဲ့သည်။ ရွှေပုံတောင် ဘုရားအနီးသို့ရောက်လျှင် ခဏနားလိုက်လေ၏။

"ဟယ်. . . မချို. . . ရေတွေတောင်ကြီးနေပါပြီလား. . ."

လမ်းအနောက်ဘက်တွင် ရေများပြည့်မောက်လျှံနေသော ဧရာဝတီမြစ်ကြီးကိုမြင်ရ၍ သူမ၏အရီးဖြစ်သူက သဘောကျလျက်ရှိသည်။

"အရီး. . . ဒီလမ်းအရှေ့ဘက်က ရေနံတွင်းတွေက နှစ်ပေါင်းရာချီပြီး ကျွန်မတို့ချောက်မြို့ကို လုပ်ကျွေးနေတာပေါ့"

ဆရာမ မချိုသည် ဂုဏ်ယူဝင့်ကြွားစွာပြောဆိုပြီး ဆိုင်ကယ်ကို ဆက်မောင်းလေသည်။ ရွှေပုံတောင်ဘုရားခြေရှိရွာကလေးကို ကျော်ခဲ့သည်။ 'မကွေးတိုင်းမှ နှုတ်ခွန်းဆက်သပါ၏' ဆိုင်းဘုတ်ကို ကျော်လွန်သော် ပြန့်ပြူးကျယ်ဝန်းသော စဉ့်ကူသဲချောင်းကြီးကို ရောက်၏။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ် ၁၉၆၂ ခုနှစ်တွင် ပထမဆုံးအလုပ်သမားနေ့ကို ဤချောင်းဝတွင် ကြီးကျယ်ခမ်းနားစွာ ပြုလုပ်ခဲ့သည်။

ချောင်းမှတက်သော် စဉ့်ကူတိုက်နယ်ရဲစခန်းသို့ရောက်သည်။ ရွာကြီးမျှသာမက မြို့လည်းမကျသေးပါ။ မန္တလေးတိုင်း၊ ညောင်ဦးမြို့နယ်မှ ကြိုဆိုပါ၏ဟု ကြီးမားခန့်ထည်စွာဖြင့် ဆိုင်းဘုတ်ရေးသားထား၏။ ရွာသည် တောင်မှမြောက်သို့ ၄ မိုင်ခန့် ရှည်လျားသည်။ စဉ့်ကူမြို့မ (ရွာမ) ကိုကျော်၊ ကုန်းအဆင်း ကုက္ကိုပြင်ရှိသည့် သဲချောင်းကလေးကို ဖြတ်လိုက်သော် ဆွေမျိုးဉာတိများရှိရာ ကုက္ကိုချောင်းရွာသို့ ရောက်ရှိခဲ့သည်။

"အရီး. . . ဘယ်အိမ်ကိုအရင်ဆုံးဝင်မှာလဲ. . ."

"မှုံမှုံက သူ့ဆီလာဖို့ပြောထားတယ်သမီး။ အဲဒီကို အရင်သွားရအောင်. . ."



ကုက္ကိုချောင်းရွာသည် မချို၏ အဘိုး၊ ဘကြီး၊ ဘထွေး၊ ဦးလေး၊ အရီးများနေထိုင်ကြသည်။ မချိုတို့ငယ်စဉ်ကမူ ရွာလေးမှာ ဆင်းရဲသည်။ ယခုတော့ လျှပ်စစ်မီးလည်းရရှိပြီ။ စက်ရေတွင်းအုတ်ကန်တွင်ဘဲလ်နှိပ်၍ ရေကိုလည်း အဆင်သင့်သုံးကြရလေပြီ။ အဖေတို့၏ဗိုလ်ကုန်းရွာသည် ခေတ်နောက်ကျလေပြီ။ ချောက်-ညောင်ဦးကတ္တရာလမ်းသည် နိုင်လွန်ကတ္တရာလမ်းနီးနီးကောင်းမွန်သည်။ ကားကြီးကားငယ်အသွယ်သွယ် ဥဒဟိုဖြတ်သန်းသွားလာလျက်ရှိ၏။ စဉ့်ကူ၊ ပြည်တော်သာ၊ မီးလောင်ပြား၊ ကြအိုး၊ ရွာသာ၊ ဂန့်ဂါ၊ တွင်းရွာ၊ ပုဂံမြို့သစ်အထိ ညအခါများတွင် လမ်းဘေးမီးတိုင်များသည် ထိန်ထိန်လင်းလျက်ရှိပေသည်။

"အရီး လာတယ်ဟေ့။ အရီး လာတယ်ဟေ့. . ."

မမှုံနှင့် သူမ၏ကလေးများက ဝမ်းပန်းတသာကြိုဆိုကြသည်။

"မချိုရေ. . ဒီပဲရိုးစင်က အေးတယ်။ ဒီကိုလာပါ. . ."

မောင်ကြီးဘဆွေက တပြုံးပြုံးနှင့် ခေါ်သည်။ မုန့်ကြော်နှင့် ရေနွေးကြမ်းများ စားကြ၊ သောက်ကြသည်။

"မပု နင်တောင်းရက်တာတွေကြည့်မလို့ဆို။ ကုက္ကိုချောင်းတစ်ရွာလုံးနီးနီးကတော့ ဒီထန်းတောင်းရက်တဲ့လုပ်ငန်းကို လုပ်ကြတာပဲလေ. . ."

"ဟုတ်ကဲ့ရှင်။ မောင်ကြီးဆီကို အရင်ဝင်ခဲ့တာပါ. . . ကျွန်မတို့သွားလိုက်ပါဦးမယ်"

မချိုတို့တူအရီးသည် မောင်ကြီးအေးဖေအိမ်သို့ ဝင်ကြ၏။ သူ့ဇနီး မမတင်လှိုင်က သူတို့အိမ်မှာညစာစား၍ ညအိပ်ရန် ပြောသည်။ မောင်ကြီးကျော်ညွှာ၏သမီး ရွှေနေဥမ္မာမြင့်ထံဝင်၏။

မတွေ့ရပေ။ ထိုအိမ်များသည် တောင်သူသက်သက်များသာ ဖြစ်ကြ၏။ ထန်းတောင်းမရက်ကြပါ။

မမမိဆန်း၏အိမ်သို့ ရောက်ခဲ့ကြလေပြီ။ တွေ့ရသည်။ ယောက်ျားလူငယ်ကလေးများ ငါးဦးခန့်ရှိကြ၏။ ဝါးနှီးသပ်သူ၊ တောင်းခွေသူ၊ တောင်းရက်သူ၊ တောင်းအနားကွပ်သူအသီးသီး စုစုဝေးဝေးလုပ်နေကိုင်နေကြသည်။ နောက်ဖေးတွင် လျှပ်စစ်မော်တာဖြင့် ဆီဆုံကြိတ်နေသည်ကိုလည်း တွေ့ရပါသေးသည်။ ပျိုရွယ်သည့်လူငယ်နှစ်ဦးသည် ဆီဆုံကြိတ်နေကြသည်။

မမမိဆန်း၏သားများ၊ မြေးများဖြစ်ကြသည်။ ချောက်မြို့ G.T.I တက်နေကြဆဲဖြစ်သည်။ ယနေ့ကျောင်းပိတ်ရက်တွင် တစ်ယောက်တစ်လက်လုပ်ကိုင်ကြ၍ ဝင်ငွေကိုခန့်မှန်းတွက်ကြည့်လျှင် ကျပ်နှစ်သောင်းခန့်ရှိချေသည်။ ထန်းလျှော်တောင်း၊ ထန်းလျှော်ခြင်းများ၏ဈေးသည် အရွယ်အကြီးအသေးကိုလိုက်၍ ဈေးရသည်ဆိုပါသည်။ ထန်းလျှော်တောင်းများရက်သည့် တဲ၏အနောက်ဘက်တွင် ထန်းသားများစုပုံ၍ ထပ်ထားသည်ကိုတွေ့ရ၏။

ထိုအချိန်တွင် ချောက်မြို့မှမောင်ကြီးဝင်းအောင် လိုက်လာသည်။ မမမိဆန်းက နေ့လယ်စာကိုကျွေးသည်။

မမမိစိန်၏အိမ်သို့ ကူးကြပြန်သည်။ မမ၏သားဖြစ်သူများ ဇာတ်ဆရာ၊ ဘိသိက်ဆရာ ဉာဏ်လင်းအောင်၊ ညီဖြစ်သူ မောင်တင်သိန်း (ပြဇာတ်မင်းသား၊ လူရွှင်တော်) နှင့်သမီး၊ ချွေးမစသည့် နာမည်မသိသူများစွာကို ပြုံးရွှင်စွာတွေ့ရသည်။ နွေးထွေးလှိုက်လှဲစွာကြိုဆိုကြသည်။



မြို့ကြီးပြကြီးမနီးတဲ့ တောရပ်ဌာနေ၊ လျှပ်ပန်းခွေနွဲ့. . . ယိုးဒယား။ ထူးမခြားနား ပတ်ပျိုးစသည်ဖြင့် မောင်နှမတူအရိုးတစ်တွေ ကာရာအိုကေဖြင့် အမျိုးမျိုးတေးဆိုကြလေသည်။ ပျော်စရာကောင်းပါဘိ။ ကိုယ်သန်ရာသန်ရာပြောကြ၏။ ဇာတ်သဘင်၊ တေးဂီတ၊ စာကြောင်းပေကြောင်းများ။ ပညာဟူသည် လေ့လာလိုက်စား၍ ကုန်အံ့မထင်ချေ။

"မောင်ကြီးဝင်းအောင်တို့ မမခင်သိန်းတို့ ကျွန်မတို့အိမ်ကို လိုက်ခဲ့ပါဦး. . ."

ညီမဖြစ်သူ စိန်ကြည်မက လာ၍ခေါ်သည်။ သူမ၏ အိမ်သားမှာ ကိုဖိုးသောင်းဖြစ်သည်။ ထန်းသမား (ထန်းတက်စားသူ) လည်း လုပ်တတ်သည်။ ယခုတော့ အိမ်ဆောက်လက်သမား လုပ်နေသည်ပြော၏။ စိန်ကြည်မ၏မောင်လေးမှာ ကိုမာလုံး ဖြစ်သည်။ မောင်နှစ်မနှစ်ဦး အိမ်ချင်းအရှေ့ဘက်၊ အနောက်ဘက် ကပ်လျက်ရှိသည်။

ကိုမာလုံးသမီးလတ် မစီ (B.Ed) က ထန်းလျှော်သပ်၍ နေသည်။ ချောက် G.T.I တက်နေသူက တောင်းရက်၊ ဇနီးဖြစ်သူသည် တောင်းကွပ်နေကြသည်။ ကိုမာလုံးက ဝါးခွဲ၍ ဝါးနှီး သပ်ပေး၏။

ထန်းလျှော်တောင်း၊ ထန်းလျှော်ခြင်းများကို မိသားစု စုစုစည်းစည်းလုပ်နိုင်မှသာ ပို၍အဆင်ပြေသည်ဟု ကိုမာလုံးက ပြောပြသည်။ တစ်ဦးချင်းလုပ်ဆောင်ပါလျှင် ခရီးမတွင်ပါဟု ဆိုသည်။

ထန်းလျှော်တောင်း၊ ထန်းလျှော်ခြင်းများကို မြို့သို့သွား၍ ရောင်းချရန်မလို။ ဒေါ်လှသိန်း၏ရွာရှိ ဒိုင်သို့သာရောင်းချနိုင်သည်။ ထိုမှမြို့သို့ ထော်လာဂျီဖြင့် တိုက်ရိုက်ပို့ပြီး လိုအပ်သည့် မြန်မာပြည် တစ်နံတစ်လျားသို့ ဖြန့်ဖြူးကြ၏။ ခိုင်ခံ့ပြီး အကြမ်းခံသော ထန်းလျှော်တောင်းများဖြစ်ကြသောကြောင့် တောင်သူများ၊ လယ်သမားများ လုပ်ငန်းသုံးပစ္စည်းအဖြစ် တွင်ကျယ်စွာရက်လုပ် ကြရသည်။ တောင်းရက်ထန်းလျှော်များကို လက်လှမ်းမီ ကျေးရွာများမှဝယ်ယူစုဆောင်းကြသည်။

ယာတောင်သူတစ်ဖက်၊ ကိုင်းတစ်ဖက်၊ လက်မှုပညာ၊ ထန်းလျှော်တောင်းရက်လုပ်ကြကိုင်ကြသဖြင့် ကုက္ကိုချောင်းရွာမှ ဆွေမျိုးများသည် ချောင်ချောင်လည်လည်ရှိကြသည်။

ရွာနှင့် ချောက်-ညောင်ဦးကားလမ်းသည် ယာတစ်ခင်း သာလျှင် ခြားသည်။ ထိုယာခင်းတွင် ထန်းတောကြီးရှိသည်။ အပင်ရေနှစ်ရာခန့်ကျော်မည်ထင်ရ၏။ ထန်းပင်များသည် တစ်ပင်နှင့် တစ်ပင် ခြေလှမ်းဆယ့်လေးငါးလှမ်းသာ ကွာဝေးကြ၏။ ထို့ကြောင့် ထိုထန်းပင်များ၏အရိပ်သည် အေးမြလှသည်။

*****





အညာရှုခင်း ထန်းတောမြင်ကွင်း

## ချက်ဆေး

**သကြ္န်တာကူး၊ နှစ်ဦးညောင်ရေ**
**စာပလွေခင်း၊ ပဌ္ဌင်းတော်ခံ**
**စာရေးတံနှင့်၊ မြစ်ယံပွဲကြီး**
**ဆီမီးထွန်းချိန်၊ ကထိန်နတ်ကျင်း**
**မြင်းခင်းထွက်ဝင်၊ သဘင်မီးဖုံး**
**ဂူလုံးသဲပုံ၊ စေ့စုံစီလျှင်**
**ဤသို့ယှဉ်သား၊ အစဉ်ပြုမြဲ**
**ဆယ့်နှစ်ပွဲတည့် . . . . ။**

ကျွန်မသည် အစိုးရအလယ်တန်းကျောင်း၊ ကြီးနီရွာ၊ ချောက်မြို့နယ်တွင် ပဌမတန်းမှ သတ္တမတန်းအထိ ပညာသင်ယူခဲ့ရသည်။ ကျောင်းအုပ်ဆရာကြီးမှာ ဦးသာမွေးဖြစ်သည်။ ဦးဝေ၊ ဦးမာတင်၊ ဦးထွန်းမောင်၊ ဦးအောင်ရင်၊ ဦးစိုးမောင်၊ ဦးဖေဆောင်တို့သည် မြန်မာစာ၊ ပထဝီ၊ သမိုင်း၊ သင်္ချာ၊ အင်္ဂလိပ်စာ စသည့် ဘာသာရပ်များကို သင်ကြားပေးသောဆရာ များဖြစ်ကြ၏။

အထက်ပါကဗျာလေးကို ဆရာဝေက တပည့်ဖြစ်သူများကို အလွတ်ကျက်မှတ်သားစေခဲ့သည်။ ထို့ကြောင့် မြန်မာမင်းများ လက်ထက်မှစ၍ ယခုချိန်အထိ တစ်ဆယ့်နှစ်ရာသီပွဲတော်များကို စွဲမြဲစွာမှတ်သားမိခဲ့ရ၏။





၁၃၇၆ ခုနှစ်၏ နှစ်သစ်ကူးသော တန်ခူးလတာသကြ္န်ချိန်ခါဖြစ်သည်။ ကြီးနီစံပြရွာကြီး၏ အစိုးရအလယ်တန်းကျောင်းဝင်းအတွင်း၌ ဝိပဿနာတရားစခန်းရှိသည်။

ကျောင်းနေဖက်ငယ်သူငယ်ချင်း အေးရီ၊ သန်းမြင့်၊ အငွေတို့ကို အကြောင်းပြု၍ ဆရာသမားများ၏ ကျေးဇူးဂုဏ်ကိုအထူးပြု၍ ကျေးဇူးဆပ်သောအားဖြင့် တရားစခန်း ၇ ရက်ဝင်၍ တရားနာ၊ တရားအားထုတ်ပြုလုပ်ခဲ့သည်။

အနောက်ဖျားရှိ ကျောင်းဆောင်သစ်တွင် သင်ဖြူးဖျာဖြင့် ယောဂီ ၃၀ ဦးနေရ၏။ ဆရာမကြီးဒေါ်ခင်ရင်၊ မမအောင်ဆန်းရင်တို့သည် ကြီးသူများအဖြစ်ပါရှိသည်။ အေးရီနှင့် သူငယ်ချင်းနှစ်ယောက် ဘေးချင်းယှဉ်၍ အတူတူနေသည်။ သန်းမြင့်နှင့် အငွေမှာ အကြောင်းမညီညွတ်၍ တရားစခန်းမဝင်ဖြစ်ခဲ့ကြပေ။

အရုဏ်ဆွမ်းနှင့် နေ့ဆွမ်းစားပြီးချိန်များတွင် ခေတ္တနား၍ စင်္ကြံလျှောက်ကြရသည်။

"ချက်ဆေး. . . . . စားဦးမလား" ဟု မမအောင်ဆန်းရင်က အေးရီကို မေးသံကိုကြားလိုက်ရသည်။

"ဘာချက်ဆေးလဲ. . . အစ်မရဲ့. . . "

"ထန်းလျက်နဲ့ ရှားစောင်းလက်ပပ်၊ အုန်း၊ ငှက်ပျောဖီးကြမ်း၊ စမုံမျိုးငါးပါးပေါင်းစပ်ပြီး ဆေးဖော်ထားတာပေါ့ကွယ်။ အမျိုးသမီးတွေ ကြီးကြီးရွယ်ရွယ်ငယ်ငယ် အကုန်လုံးသောက်သုံးကြရင် သွေးလေကောင်းတယ်တဲ့ . . . အိပ်ပျော်. . . စားဝင်တာပေါ့အေ. . . "

သူတို့၏ပြောစကားများကိုကြားရသောအခါ ကျွန်မ၏မျက်လုံးများသည် ကျောင်းဝင်းကိုကျော်၍ မြောက်ဘက်ရှိ ထန်းတောကြီး

ဆီသို့ ရောက်သွားခဲ့သည်။ အတွေးများသည်လည်း ထန်းလျက်ခဲနှင့် ဆေးဖက်ဝင်အသုံးချပုံများဆီသို့ . . . ။

ထန်းလျက်ခဲသည် မြန်မာတို့၏လူမှုရေးနယ်ပယ်အသီးသီး၌ အချိုတည်းစရာ ဧည့်ခံစားသောက်ဖွယ်ရာအဖြစ် တည်ခင်းကြသည်။ ကျန်းမာရေးအတွက် ဆေးမြီးတိုများဖော်စပ်ရာတွင်လည်း ထန်းလျက်ကို အသုံးပြုကြ၏။

မြန်မာ့တိုင်းရင်းဆေးပညာတွင် ထန်းသည်ဥဇာဂုဏ်ရှိသည် ဟုဖော်ပြသည်။ 'အပူ' တည်းဟူသော တေဇောဓာတ်ရှိ၏။ ချိုသော အရသာဖြစ်သည်။

ချိုသောအရသာအား ပုံမှန်သုံးဆောင်နိုင်ကြမည်ဆိုပါလျှင် ခွန်အားကိုဖြစ်စေသည်။ ဝဖြိုးစေသည်။ အဆင်းလှပစေ၏။ ဆံပင်ကောင်းစေသည်။ အသံကိုကောင်းစေသည်။ ဣန္ဒြေတို့ကို ကြည်လင်စေ၏။ နို့ရည်နှင့် သုက်ဓာတ်တို့ကိုပွားစေ၏။ ရသရည်နှင့်သွေးတို့ကို ကြည်လင်စေ၏။ လေ၊ သည်းခြေနှင့် အဆိပ်ကို နိုင်စေသည်။ အားနည်းသူ ချိနဲ့သူတို့နှင့် သင့်လျော်ခြင်းသတ္တိ ရှိသည်။

ထန်းလျက်သည်ချိုသောကြောင့် လိုသည်ထက်ပို၍ သုံးဆောင်မိခဲ့သော် အဆီတိုးနာ၊ သလိပ်ပွားနာ၊ ဆီးလွန်နာ၊ ဆီးချိုနာများ ဖြစ်စေ၏။ ပန်းနာ၊ ရင်ကျပ်၊ ချောင်းဆိုးနာများလည်း ဖြစ်တတ်လေသည်။

ထန်းဖိုဦးထန်းလျက်ခဲဖြင့် ကြိတ်မှန်ပင်ပဥ္စငါးပါးကို သုံးခွက်တစ်ခွက်တင်ကျိုသောက်ပါလျှင် မိန်းကလေးများဓမ္မတာမှန်၍ စိတ်လက်ရွှင်လန်းပေ့ါပါးစေသည်။



မန်ကျည်းသီးနှင့် ထန်းလျက်ကို ဆားအနည်းငယ်ထည့်၍ မြူအိုးအသစ်ဖြင့်စိမ်ပြီး နေ့စဉ် (သို့မဟုတ်) တစ်ရက်ခြား၊ နှစ်ရက်ခြား မှန်မှန်သောက်သုံးပါက ဆီးရွှင်သည်။ ဝမ်းမှန်သည်။ အရေပြားအနာပျောက်ကင်းသည်။

ယောကျ်ားလေးများ မြွေဟောက်ကိုက်ခံရလျှင် မြွေဆိပ်မပြန့်မီ ထန်းဖိုဦးထန်းလျက်ခဲကို အချိန်မီစားပါလျှင် မြွေဆိပ်ပြေစေနိုင်၏။

ထန်းဖိုဦးထန်းလျက်ခဲ၊ မန်ကျည်းသီး၊ ကြက်သွန်နီ၊ ကျပ်ခိုးမှုန့်၊ တောကြက်ဥ၊ နှမ်းဆီတို့ဖြင့် ခြောက်ပါးဆေးဖော်စပ်ပြီးလျှင် နွားများအပူရှပ်၊ ဆီးချုပ်၊ ဝမ်းချုပ်၊ လေးဖက်ချုပ်ဖြစ်သောအခါ တိုက်ကျွေးရသည်။ နွားများ၏ထိုရောဂါများ ပျောက်ကင်းသည်။

ခိုင်းနွားများဝမ်းချုပ်လျှင် ထန်းဖိုဦးထန်းလျက်နှင့် ပဒိုင်းရွက်ရောကြိတ်၍ နွားပါးစပ်ထဲခွံ့ပါက ဝမ်းချုပ်ပျောက်သည်။ ဆီးချုပ်လျှင် ထန်းဖိုဦးထန်းလျက်ခဲနှင့် ပေဖူးကို သုံးခွက်တစ်ခွက်တင်ကျို၍ တိုက်ကျွေးနိုင်သည်။

လူတို့တွင် ထိပ်ကပ်နာ (နှာခေါင်းရောဂါ) ဖြစ်နေလျှင် ထန်းနို့ချောင်းကိုမီးရှို့၍ နှာခေါင်းဝတွင်တေ့ပြီး ရှူရှိုက်ပေးပါက ထိုရောဂါပျောက်ကင်းသည်။

အထက်ဖော်ပြပါရောဂါဝေဒနာများအပြင် တစ်ဖက်ဖော်ပြပါ ဆေးများကိုလည်း ထန်းလျက်နှင့်ပင် ဖော်စပ်သုံးစွဲနိုင်ကြသည်။

### ကြက်ညှာချောင်းဆိုးပျောက်ဆေး

ကလေးများကြက်ညှာချောင်းဆိုးဖြစ်သော် ဟင်းနုနယ်ပင်၊ ထန်းနို့ပြာ၊ ထန်းလျက် ဆတူရော၍ ကြိတ်ပြီးလျှင် လက်ဖက်စားဇွန်း တစ်ဝက်ခန့်ကျွေးပါ။ သက်သာပျောက်ကင်းသည်။

### ခူနာပျောက်ဆေး

ခူနာဖြစ်သော် ဒန္တသုခအရွက်စိမ်းကို အရည်ညှစ်ယူပြီး ထန်းလျက်ခဲ တစ်ကျပ်သားခန့်၊ နှမ်းဆီနှင့် ရောစပ်၍လိမ်းပါ။ ပတ်တီးစည်းထားပါ။ အကိုက်အခဲမပျောက်မချင်းမခွာရ၊ မကြာမီ သက်သာပျောက်ကင်းတတ်သည်။ ပျောက်သည်အထိ ဆက်လက်၍ လိမ်းပေးရပေမည်။

### အဖောအရောင်ပျောက်ဆေး

ရှောက်သီးတစ်လုံး၊ ပုံးရည်နှစ်ပိဿာနှင့်ပြုတ်ရသည်။ ဆန်ပုံးရည်နှင့်ပြုတ်ရသည်။ နူးနပ်သော် သို့မဟုတ် ပုံးရည် ခန်းသော် ၎င်းရှောက်ပြုတ်ပြီးနှင့် အလိုကျူမှုန့် နှစ်ကျပ်သား၊ လိပ်ကျောက်ဆူး တစ်ချောင်းအမှုန့်၊ ထန်းလျက် ၂၅ ကျပ်သား၊ မန်ကျည်းမှည့် ၂၅ ကျပ်သား၊ ပွေးကိုင်း ငါးကျပ်သား ရောတော၍ မိမိတို့၏ဝမ်းကိုချင့်ချိန်စားပါ။ အဖောအရောင်ရောဂါ ပျောက်ကင်းသည်။

### မီးယပ်ကွက်ပေါ်ပျောက်ဆေး

နန်းတွင်းသံပရာသီး ၅၀ ကျပ်သားကို နူးအောင်ပြုတ်ပြီး စမုန်မျိုးငါးပါး လေးပဲသားစီ အမှုန့်ပြုထည့်၊ ထန်းလျက် ၅၀



ကျပ်သားနှင့် ထပ်ရောပြီးနယ်၍တောကာ ည၊ နံနက် လက်ဖက်စားဇွန်း တစ်ဇွန်းခန့်စားရသည်။

### ညောင်းညာကိုက်ခဲပျောက်ဆေး (အနှိပ်လွတ်)

မင်းကိုကာ နှစ်ကျပ်ရှစ်ပဲသား၊ ပွေးကိုင်း နှစ်ကျပ်ရှစ်ပဲသား၊ မန်ကျည်းမှည့် ငါးကျပ်သား၊ ဆား ငါးကျပ်သား၊ နှမ်းဆီ ငါးကျပ်သား၊ ပျားရည် ငါးကျပ်သား၊ ကြက်သွန်နီ ငါးကျပ်သား၊ ထန်းလျက် ခုနစ်ကျပ် ရှစ်ပဲသားတို့နှင့် ဖော်စပ်ရသည်။ မင်းကိုကာနှင့် ပွေးကိုင်းကို အမှုန့်ပြုပါ။ ကြက်သွန်နီကို အစိမ်းလိုက်ထုထောင်း ထည့်ပါ။ အားလုံးရောတောပြီး ည၊ နံနက် လက်ဖက်စားဇွန်း တစ်ဝက်ခန့်စားရသည်။ ညောင်းညာကိုက်ခဲရောဂါ အနှိပ် လွတ်သောဆေးကောင်းတစ်လက်ဖြစ်သည်။

### ဒူလာဝမ်းပျောက်ဆေး

ကျောက်သွေး တစ်ကျပ်သား၊ ကြံ့သွေး တစ်ကျပ်သား၊ ကုံကုမံ တစ်ကျပ်သား၊ ကျွဲချိုဖြူ (တံစဉ်းစာချပြီးလှော်) ငါးကျပ်သား၊ ထမင်းခြောက် ငါးကျပ်သား၊ အားလုံးအမှုန့်တွင် ထန်းလျက် ခုနှစ်ကျပ် ရှစ်ပဲသား ရောတောပြီးလျှင် နံနက်တစ်ခါ၊ ညတစ်ခါ တစ်ကြိမ်လျှင် လက်ဖက်စားဇွန်း တစ်ဇွန်းခန့်စားရသည်။ သွေးဒူလာဝမ်း၊ ဒူလာဝမ်း၊ မြင်းသရိုက်ရောဂါများကို သက်သာ ပျောက်ကင်းစေသည်။

## သွေးပုပ်ဆန်ပျောက်နည်း

အမျိုးသမီးများသွေးပုပ်ဆန်သော် စောင်းလျားသီး အရည်နှင့် ထန်းလျက်အရည် ဆတူရော၍ ချင့်ချိန်တိုက်ပါ။ သက်သာပျောက်ကင်းချမ်းသာသည်။

## မီးယပ်သွေးဆုံးပျောက်ဆေး

ကျောက်ဖရုံသီး (အခွံမပါ၊ အူတိုင်အစေ့မပါ) ၂၅ ကျပ်သား၊ အုန်းတစ်လုံးအရည်အဖတ်၊ ဇာတိပ္ဖိုလ်သီး တစ်လုံး၊ စမုန်မျိုး ငါးပါးအမှုန့် လေးပဲစီ၊ ထန်းလျက် ၂၅ ကျပ်သားတို့ကို ယိုထိုး၍ ည၊ နံနက် သင့်သလိုမှီဝဲပါက အမျိုးသမီးများ မီးယပ်သွေးဆုံးနာ ပျောက်ကင်း၏။

## ဒူလာပျောက်ဆေး

မင်းကိုကာမှုန့် နှစ်ကျပ်ရှစ်ပဲသား၊ နှမ်းဖတ် ငါးကျပ်သား၊ စမုန်မျိုးငါးပါးအမှုန့် လေးပဲစီ၊ ထန်းလျက် ငါးကျပ်သားတို့ကို မျှတအောင်တေပြီးလျှင် ညအိပ်ရာဝင်တိုင်း ထမင်းစားဇွန်း တစ်ဝက်ခန့်မှီဝဲပါ။ ဒူလာရောဂါသက်သာပျောက်ကင်းသည်။

## ဆီးအောင့်ပျောက်ဆေး

ကြက်သွန်နီ ရှစ်ပဲသား၊ ရှိန်းခို ရှစ်ပဲသား၊ ထန်းလျက် ရှစ်ပဲသားတို့ကို သမအောင်ကြိတ်၍စားရသည်။



## ထုံနစိုဆေးနည်း

မန်ကျည်းမှည့်၊ တရုတ်စံကားနီအဖြစ်၊ ထန်းလျက် ၁၅ ကျပ်သား၊ စမုန်မျိုးငါးပါး လေးပဲသားစီ၊ ဇာတိပ္ဖိုလ်သီး တစ်လုံး၊ ကြွေပုပ် လေးပဲသား၊ အလိုကျူ လေးပဲသားစီ ရေအသင့်အတင့်ဖြင့်ကျို၍ နံနက်၊ ည လက်ဖက်ရည်ကြမ်းပန်းကန်တစ်လုံးကျစီ သောက်ပေးရသည်။

## ဝမ်းဖောဝမ်းရောင်ပျောက်ဆေး

ထန်းလျက် တစ်ကျပ်သား၊ သံပရာရည် လေးပဲသား၊ ဆား နှစ်ပဲသား၊ ရေ ငါးကျပ်သားရောစပ်၍သောက်လျှင် သက်သာ ပျောက်ကင်းသည်။

ထန်းလျက်ဖြင့်ဖော်စပ်သော မြန်မာဆေးများအား အသုံးပြု ကြ၍ ရောဂါကင်းဝေးကာ ကျန်းမာချမ်းသာကြပါစေ။

"ဒေါင်. . . . . ဒေါင်. . . . . ဒေါင်. . . . . "

တရားနာ၍တရားအားထုတ်ကြရန် အချိန်ရောက်ပြီ ဖြစ်ကြောင်း သံချောင်းခေါက်သံကြားရသည်။ အတွေးများ မရှိတော့။

"တရားထိုင်. . . . သွားရအောင် သူငယ်ချင်း. . . . "

အေးရီက နှိုးဆော်သည်။ ယောဂီတဘက်ကလေးများကို ပခုံးပေါ် တင်ကာ သူငယ်ချင်းနှစ်ယောက် အမှတ်စိတ်ဖြင့် ကျောင်းဝင်း အတွင်းသို့ အသာအယာပင် လျှောက်လှမ်း၍လာခဲ့ကြ ပါတော့သည်။

*****

## ထန်းလျက်ပွဲရုံ

**ကုန်ထုတ်လုပ်ငန်းများသည် ကြိုးပမ်းအားထုတ်ရသည်။ ဝန်ဆောင်မှုလုပ်ငန်းများသည် စိုးရိမ်ကြောင့်ကြရ၏။ ကုန်သွယ်မှုလုပ်ငန်းများသည် သေချာသော အကျိုးငွေ ရရှိစေသည်။**

**(ကဝိလက္ခဏာဒီပနီ)**

ထန်းလျက်ပွဲရုံလုပ်ငန်းများမှာ ကုန်သွယ်လုပ်ငန်း ဖြစ်ကြလေ၏။ အပျိုကြီးဒေါ်ဂျမ်းတွင် ညီမနှစ်ဦးရှိသည်။ နာမည်များမှာ မရင်နှင့် မပုတို့ဖြစ်၏။ သို့သော် မပုဆိုသူကား ဒေါ်လောရှည်၊ မြန်မာအမျိုးသမီးများထဲတွင် အရပ်မြင့်သူဟု ဆိုနိုင်သည်။ အငယ်ဆုံး၊ အထွေးဆုံးဖြစ်၍ မပုခေါ်ကြသည်။ မပုသည် မြို့နယ်သမဝါယမဌာနမှူးအဖြစ် တာဝန်ထမ်းဆောင် ခဲ့သည်။ နောင်ချိုမြို့ မြို့ဦးဘုန်းတော်ကြီးကျောင်းဆရာတော်က ထန်းလျက်ခဲဟု အမည်ပေးခဲ့လေ၏။ မိဘများ၊ ဆရာများသည် အနန္တဂိုဏ်းဝင်ဖြစ်ကြသည်။ ဥယျာဉ်မှူးများဖြစ်သည်ဟု ဆိုကြလျှင် သံယောဇဉ်ကြီးမားစွာဖြင့် တူ၊ တူမများကိုသာ တစ်ဘဝလုံး ရှုန်းကန်ရှာဖွေ ကျွေးမွေးစောင့်ရှောက်ခဲ့ကြရရှာသော အဒေါ် အပျိုကြီးများကို မာလီဟုခေါ်ကြမည်လော။ လူပင်၊ လူညွန့်၊ လူသီးကလေးများ အောင်မြင်ဖြစ်ထွန်းလာသည့်အခါ အနံ့





ကလေးတော့ သဘာဝတရားကြီးမှ ရှူရှိုက်ခွင့်ပေးသင့်သည်။ ဥယျာဉ်မှူးမဟုတ်၍ မပိုင်မဆိုင်လေတော့ ခူးယူစားသုံးခွင့် မရှိရှာကြချေ။

ဒေါ်ကြီးဂျမ်းက တရားရှိသည်။ ဗုဒ္ဓဘုရားဟောကြားထား သည်မှာ 'အတ္တာဟိ အတ္တနော နာထော၊ မိမိကိုယ်သာ အားကိုးပါ' 'အတ္တသမ္မာ ပေမံ နတ္ထိ၊ မိမိကိုယ်သာ အချစ်ဆုံး' ဟု သိထားလေ၏။ ဗိုလ်ကုန်းရွာသည် ချောက်မြို့နှင့် ဖြတ်လမ်းမှာ သုံးမိုင်ခန့်သာ ဝေးသည်။ ယာခင်းများ၊ တောင်ကုန်းကလေးများနှင့် ရေနံမြေကို ဖြတ်ရ၏။ ကား၊ လှည်းသွားမရပါ။ အရှေ့အနောက် တည့်တည့် ရှိသည်။ ထို့ကြောင့် ကြီးနီရွာကားဖြင့် ချောက်သို့ နေ့စဉ် ဈေးရောင်းဈေးဝယ်သွားကြသည်။ ညောင်ဦးမြို့နယ်ဖြစ်သော်လည်း မိုင် ၂၀ ခန့်ဝေးသောကြောင့် ညောင်ဦးကို အရောက်အပေါက် နည်းပါးကြသည်။

ရွာအရှေ့ဘက် ရွာတံခါးဝအနီးသို့ ဂျီအမ်စီ ကြီးနီကားကြီး ဝူးခနဲ ထိုးဆိုက်လာပါပြီ။ ရွာမှာတော့ ကားမရှိချေ။

ယနေ့ ဒေါ်ကြီးဂျမ်း ချောက်ထန်းလျက်ပွဲရုံသို့ ထန်းလျက် အရောင်းသွားမည်။ ထန်းလျက်တောင်းများက ငါးတောင်းရှိ၏။ တစ်တောင်းလျှင် ထန်းလျက်အလေးချိန် တစ်ဆယ်ပတ်ဝန်းကျင် မျှ၍ ထည့်ထား၏။ ထိုထန်းလျက်များသည် မိမိပိုင်ထန်းတောမှ ထန်းအလှည့်ဖြင့် ရရှိသည်လည်းပါ၏။ အချို့မှာ မိမိတို့အိမ်မှ ရောင်းချသော ဆန်၊ ဆီ၊ ဆား၊ ငါးပိ၊ မုန့်ပဲသရေစာများနှင့် ဈေးပြန်လဲလှယ်ဝယ်ယူထားရှိခြင်းများ ပါရှိသည်။ အချို့မှာမူ

ထန်းမပေါ်မီအချိန်မှ ထန်းသမားကို ငွေကြိုပေးထားသော ထန်းလျက်ဖိုးအတွက် ပြန်ကောက်ယူထားခြင်းဖြစ်လေသည်။

သို့ရာတွင် ထန်းသမားများထဲမှ ဝယ်ယူစုဆောင်းသည့် ထန်းလျက်အပေါ်တွင် အလေးတိုးမစားပါ။ ဈေးတိုးအနည်းငယ်မျှသာ တစ်ကျပ်၊ ငါးမူးခွာ၍ ရွာနှင့်ချောက်၊ ချောက်နှင့်ရွာ ရောင်းဝယ်လုပ်ကိုင်ခြင်းဖြင့် မိသားစု ဆန်ဖိုး၊ ဆီဖိုး ဖာထေးရုံသာ ဖြစ်၏။

ထန်းလျက်များကိုထည့်သည့်တောင်းများမှာ ထန်းလျှော်တောင်းများဖြစ်သည်။ အဖေသည် တောင်းကောင်းကောင်း ရက်လုပ်တတ်သူဖြစ်၏။ အသက် ၈၅ နှစ်ကျော် မသေမီအထိ အဖေက တောင်းရက်နိုင်သည်။ ထန်းလက်မှခွာထားသည့် ထန်းလျှော်များကို ကျောသားချည်းသာ ကျန်ရှိရန် ဖိုက်သားအပွ လျှော်မျှင်များကို အဖေသည် ဓားပွင့်ဦးချွန်ကလေးဖြင့် စိတ်ရှည်စွာ လျှော်သပ်သည်။ တင်းဝါးဖြင့် အထိုင်ထားသည့် တောင်းခွင်ကို ထန်းလျှော်များ တစ်ရစ်ချင်းပတ်၍ ပတ်၍ အကွပ်ကွပ်ရန် လျာထားသည့်နေရာအထိ ရက်လုပ်၏။ တောင်းအကွပ်ကို လှပခိုင်မာစွာ ချည်တုပ်၏။

လူအဝတ် တောင်းအကွပ်ဟူ၍ အဆိုရှိသည်။ လူသည် ဝတ်တတ် စားတတ် နေတတ်လျှင်အဆင်ပြေသည်။ အဖေရက်သည့် တောင်းများသည် အကွပ်ကောင်း၍ ခိုင်မာတောင့်တင်း၏။

အဖေ့အားစံထား၍ ကြိုးစားမည်။ အလုပ်လုပ်ခြင်းဖြင့် မိမိ၏စိတ်ကို တည်ငြိမ်စွာ ထိန်းနိုင်သည်။ အသက် ၈၅ နှစ်ကျော်သည်အထိ နွားစာမြက်ရိတ်ရန် ယာထဲချောင်းထဲသို့ အဖေ သွားလာနိုင်ခဲ့သည်။ ကျန်းမာသန်စွမ်း၍ဖြစ်သည်။



ကြီးနီကားကြီးပေါ် ထန်းလျက်တောင်းများ တစ်တောင်းပြီး တစ်တောင်း ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များက အဆင်ပြေအောင် နေရာချထားသည်။ ထိုထန်းလျက်တောင်းများ၏ အပေါ်တွင် ကားဘော်ဒီတစ်ဝက် ဆင့်ထိုး၍ ကပ်ကြမ်းခင်းလိုက်သည်။ ဒေါ်ကြီးဂျမ်းနှင့်အတူ ရွာမှ မြောက်ပိုင်း၊ အနောက်ပိုင်းများမှ ထန်းလျက်လိုက်ရောင်းမည့်သူများနှင့် ဈေးဝယ်မည့်သူများသည် ဆင့်တုံးများပေါ်မှာ ထိုင်၍လိုက်ကြသည်။

ကြီးနီရွာတွင် ကားခေတ္တရပ်နားသည်။ ကြီးနီရွာက ပညာတတ်များသည်။ နိုင်ငံ့ဝန်ထမ်းများသည်။ ရေနံမြေအလုပ်သမားလည်း လုပ်ကြသည်။ ထန်းလျက်တောင်း ထပ်မတင်တော့ပါ။ ချောက်ကို လိုက်မည့်သူများသာ ကားပေါ်တက်ကြ၏။

ယခင်က ကြီးနီ-ချောက်လမ်းသည် ကျောက်ခင်းလမ်းသာ ဖြစ်၏။ ယခုအချိန်တွင်မူ ကတ္တရာခင်းထားသည်မှာ နက်မှောင်ပြောင်ချောလျက်ရှိသည်။ ထိန်ကန်ရွာလမ်းခွဲမှ ချောက်သို့ လာခဲ့ကြသည်။ အချိန်တစ်နာရီအတွင်းမှာပင် ချောက်မြို့ဈေးကြီး၏ အရှေ့ဘက်သို့ရောက်ရှိ၍ ကားရပ်နားသည်။ ဈေးဝယ်မည့်သူများ ကားပေါ်မှဆင်းပြီးသော် ဈေးမြောက်ဘက်ရှိ ထန်းလျက်ပွဲရုံများရှိရာ ပွဲစားတန်းသို့ ကားမောင်း၍ ပို့ပေးသည်။

ဦးသာကြွယ် (မလတ်) ၏ပွဲရုံတွင် ဒေါ်ကြီးဂျမ်း၏ ထန်းလျက်များကို ကတ္တားတင်၍ ချိန်တွယ်သည်။ ထိန်ကန်ရွာ၊ ကြို့ပင်ရွာမှ ထန်းလျက်ကား (တောကား) များလည်း တစ်စင်းပြီး တစ်စင်း ရောက်ရှိလာ၏။ ပွဲရုံတွင် ထန်းလျက်များကို လုံးကြမ်း၊ လုံးလတ်နှင့် စားထန်းလျက်တစ်မျိုးစီခွဲခြား၍ ထန်းလျက်ပို

(ဝါးဖြင့်ရက်ထား၏) များတွင် နေလှန်းပြီးမှ စနစ်တကျ ချိန်တွယ်ထည့်၍ မြန်မာနိုင်ငံ တစ်နံတစ်လျားသို့ မော်တော်ကား၊ မီးရထား၊ သင်္ဘောများဖြင့် ပွဲရုံများမှ တင်ပို့ရောင်းချကြသည်။

ထန်းပင်သည် မြန်မာနိုင်ငံရှိ မြေပြန့်ဒေသအများစုတွင် ပေါက်ရောက်သောကြောင့် ဒေသအလိုက် ထန်းရည်၊ ထန်းလျက်ကို ပြုလုပ်ကြသည်။

အောက်ပိုင်း၌ ထားဝယ်မြို့၊ အလယ်ပိုင်း၌ တောင်ငူမြို့၊ အညာအရပ်ခေါ် အထက်ပိုင်း၌ ညောင်ဦး၊ ကျောက်ပန်းတောင်း၊ ပခုက္ကူ၊ ရေစကြို၊ မြင်းခြံ၊ တောင်သာ၊ နွားထိုးကြီး၊ မလှိုင်မြို့များတွင် ထန်းပင်ကို များစွာတွေ့ရှိရသည်။ တောင်ငူမြို့ရှိ တပင်ရွှေထီးထန်းတောနှင့် မန္တလေးခရိုင်၊ ပုသိမ်ကြီးမြို့နယ်ရှိ အိမ်ရှေ့မင်းထန်းတောတို့သည် ထင်ရှားပြုသည်။ ထိုအလယ်ပိုင်း အထက်အညာဒေသများတွင် ၁၉၇၆ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၉၈ ခုနှစ်၌ တစ်ကြိမ်၊ ထန်းပင်စိုက်ပျိုးသောနှစ်အဖြစ် သတ်မှတ်၍ ထန်းပင်များစိုက်ပျိုးခဲ့သည်။ သဘာဝအလျောက် ထန်းသီးများ ကြွေကျပြီး ပေါက်ရောက်သည်လည်းရှိသည်။ ထို့ကြောင့် မြန်မာနိုင်ငံအလယ်ပိုင်းတွင် ထန်းပင်အရေအတွက်သည် စီးပွားရေးလုပ်ငန်းကြီးတစ်ခုအဖြစ် ရပ်တည်နေသည်။

၂၀၀၀ ပြည့်နှစ်၌ ထန်းလျက် (ထညက်) အထွက် ပိဿာချိန်မှာ ၁၆၀၆ ဒသမ ၆၃ သိန်းပင်ရှိခဲ့သည်။ ထန်းလျက်တွင် ကျောက်ပန်းတောင်းထန်းလျက်သည် အချိုကဲသည်။ လက်ဖက်ရည် ဆိုင်တွင် လက်ဖက်ရည်မှာသည်ပင် ကျောက်ပန်းတောင်းဟု အော်၍ မှာပါလျှင် လက်ဖက်ရည်အချိုကဲဟု အသိများလေသည်။



ပုပ္ပါးတောင်၏ တောရိပ်တောင်ရိပ်ကြောင့် ရာသီဥတု၊ ရေ၊ မြေကြောင့်ဖြစ်ပေမည်။ ထန်းဖိုဦးထန်းလျက်များသည် အလွန် မာကျောကြ၏။ စဥ့်အိုးကြီးများ၊ သံပေပါများဖြင့် နှစ်ပေါက် သိုလှောင်၍ ရောင်းချကြသည်။ ထန်းဖိုဦးထန်းလျက်မှာ ဆေးဖက် ဝင်လေသည်။

ရေစကြိုသည် စိုပြည်၏။ ပုံတောင်ပုံညာ ရှင်မတောင်၏ တောရိပ် တောင်ရိပ်ဖြင့် စိမ်းစိုရှိမ်းမြနေသည်။ သစ်ပင်များနှင့် ထန်းတောများမှာ အလှချင်းပြိုင် အနိုင်လုနေသည်ဟု ထင်ရသည်။

ထိုရေစကြိုနယ်တစ်ကြော ထန်းလျက်ချက်ကြသည့် နေရာမှာ တမာတန်းနှင့် ဖူလုံရွာများမှ စားထန်းလျက်များမှာ နာမည်ရကြ၏။ ထန်းလျက်ဖြူဖြူသေးသေးလေးတွေက မြင်ရသည်ပင် ချစ်ခင်နှစ်သက်စရာရှိသည်။ ထို့ကြောင့် ဈေးကလည်းအသာရ ကြ၏။

ပခုက္ကူထန်းလျက်များသည် လက်သီးဆုပ်နီးနီး ကြီးမားလှ သည်။ စိတ်ရှည် လက်ရှည် ထန်းလျက်လုံးကြဟန် မရှိချေ။ ဧရာအနောက်ဘက်ကမ်းမြို့တော်ဖြစ်၍ ပွဲရုံများ ရောင်း ဝယ်ဖောက်ကားမှု အထူးကောင်းမွန်သည်။

မြင်းခြံမြို့နယ်မှထွက်သော ထန်းလျက်များကို မြင်းခြံ ဆေးလိပ်ခုံများကပင် ဆေးရိုးများ၊ ဆေးများနှင့်ရောနယ်၍ ဆေးလိပ်လိပ်ကြရာတွင် အသုံးများကြသည်။

ပုသိမ်ကြီးမြို့တွင် လမ်းမတော်၌ အထင်ကရမုန့်တိုက်ကြီး ရှိ၏။ 'ကမ္ဘာစန်း' ဟုခေါ်သည်။ မုန့်တိုက်ပိုင်ရှင်မှာ ဒေါ်စန်းစန်း ဖြစ်သည်။ ပခုက္ကူမြို့နယ် မြစ်ခြေတိုက်နယ်ခွဲရွာမှာ မွေးဖွားသည်။

ကမ္ဘာစန်းမုန့်တိုက်တွင် မုန့်မျိုးစုံ (ပြည်တွင်း၊ ပြည်ပ) ရောင်းချ၏။ ကိုယ်ပိုင်လုပ်သောမုန့်မှာ ကမ္ဘာစန်းထိုးမုန့်နှင့် ကမ္ဘာစန်းကြက်ဥမရွှေးဖြစ်သည်။

မုန့်လုပ်ရန် တစ်နေ့လျှင် ထန်းလျက်အချိန်ပိဿာ ၁၅၀ သုံးစွဲသည်ဟူ၏။ မန္တလေးမြို့ကြီးမှ မြင့်မြင့်ခင်၊ တင်တင်အေး စသော မန္တလေးထိုးမုန့်လုပ်ငန်းကြီးများတွင် ထန်းလျက်သုံးစွဲကြမည့်ပမာဏကို ချိန်ဆကြည့်နိုင်သည်။

သကြားနှင့်လုပ်သည်ဆိုသော်ငြား ထန်းလျက်ကို သကြားချက်ရာသုံးကြခြင်းဖြစ်၏။ ထိုထန်းလျက်သကြားဖြင့် အဖျော်ယမကာ အချိုရည်မျိုးစုံ သုံးစွဲကြပြန်သည်။

ကမ္ဘာစန်းမုန့်တိုက်သည် ထန်းလျက်ကို နွားထိုးကြီးမြို့နယ် ထန်းလျက်ပွဲစားများထံမှ တိုက်ရိုက်ဝယ်ယူသည်။ နွားထိုးကြီးမြို့နယ်၌ ထန်းရည်ဒယ်ကို ညောင်စေးမတန်းမီ မီးဖိုပေါ်မှချပြီး ဇီးကွက်မျက်လုံးပေါ်လာအောင် မွှေ၍ ဒယ်နံ့ရံကိုကပ်ကာ ဖန့်သွား (အသင့်အတင့်ခြောက်) သောအခါ ဒယ်အလယ်သို့ အလုံးကြီးပြုလုပ်ထားသည်။ ထိုမှ အနည်းငယ်စီယူ၍ လင်ပန်းသန့်သန့်တစ်ချပ်တွင် ထည့်ပြီး ဘိုအိုး (ဘုန်းကြီးကျောင်းသုံး ဆွမ်းဟင်းထည့်သည့် မြေအိုးငယ်) ဖင်ဖြင့်ကြိတ်ပေးသည်။ ဖြူ၍ ဖြူ၍ လာသောအခါ လက်နှစ်ဖက်ဖြင့်ဆုပ်၍ လုံးလိုက်သောထန်းလျက် ဖြူဆုပ် (အနုဆုပ်) ကို ပြုလုပ်၍ စားတတ်ကြသည်။

ကမ္ဘာစန်းမုန့်တိုက်သို့ရောက်ရှိလာသော ထန်းလျက်များကို ရှေးယခင်လို ထန်းလျက်ပိုများနှင့် မထည့်ကြတော့ချေ။ ပလတ်စတစ်အိတ်၊ ဆာလာအိတ်ကြီးများနှင့် ထည့်ကြသည်ကို မြင်တွေ့ရသည်။



ကမ္ဘာစန်းမုန့်တိုက်ပိုင်ရှင် ဒေါ်စန်းစန်း၏ဖခင်ကို သျှောင်ဆံထုံးကြီးနှင့် ယခုခေတ်တိုင်အောင်ပင် မြင်လိုက်ရပါသေးသည်။ ပုဂံ-ညောင်ဦး ဝက်ကြီးအင်းရွာအဆက် ဆွေမျိုးများဟုသိရသည်။ ကုန်းဘောင်ခေတ် ၁၁၂၇ ခုနှစ်၊ ပုဂံမြို့စစ်တမ်းအရ ပုဂံတစ်ဝိုက်တွင် ထန်းပင်အများအပြားရှိသဖြင့် ထန်းခွန်လည်း ပေးဆောင်ရသည်။ ပုဂံစီရင်စု တောင်ဘက်တန်း ၂၇ ရွာတွင် အခွန်ဆောင်ရသည့် ဝတ်မြေထန်းများမှ တစ်ရင်းတစ်လျှင် ငွေနှစ်မတ်၊ တစ်မတ် စသည်ဖြင့် အခွန်ဆောင်ရသည်။ တူရွင်းတိုင်မြို့စီရင်စု၌ ထန်းပင်အများအပြားရှိရာ တူရွင်းတိုင်မြို့မတွင် ထန်းတစ်ရင်းလျှင် ခွန်မကြေး တစ်မူး၊ အကဲ ၇၅ ကျပ်၊ ရေးစား ၂၅ ကျပ်၊ ထိုင်စား ၂၅ ကျပ်ပေးဆောင်ရသည်။

ထူးခြားချက်အနေဖြင့် တူရွင်းတိုင်မြို့ကျေးမှ ထန်းခွန်အဖြစ် အသန့်ထန်းလျက်လည်း ဆက်သွင်းရသည်။ ဥပမာ-တူရွင်းတိုင်မြို့မှ ပိုထန်းလျက် အချိန် ၁၀၊ ဖြူဆုပ်ထန်းလျက် အချိန် ၁၀၊ ခပေါင်းစေ့ ထန်းလျက် အချိန် ၁၀၊ မန်ကျည်းကွေးထန်းလျက် အချိန် ၁၀ ကို နှစ်စဉ် တန်ခူးလ အတာမတက်မီ အနောက်ရုံးတော်သို့ ပေးသွင်းရသည်ဟု ဖော်ပြထားရှိသည်။

ထန်းလျက်မှာ ကမ္ဘာစန်းစီးပွားရေးလုပ်ငန်း၏ အဓိက ကုန်ကြမ်းပစ္စည်းဖြစ်သည်။ တန်ဖိုးထားတတ်ကြရမည်ဟု မကြာခဏ ပြောပြခဲ့ပြီးလျှင် ဒေါ်စန်းစန်းတို့ကို အောက်ဖော်ပြပါလင်္ကာကို သင်ပေးခဲ့သည်ဟုဆိုသည်။

- ထန်းလျက်ဘယ်ကရ  ထန်းပင်ပေါ်မှရ
- ထန်းနို့တံမှာ မြူအိုးကပ်၊ တစ်စက်တစ်စက် ကျမပြတ်။

- တစ်ညရပ်လို့ နေ့ရောက်ပြန်၊ မြူအိုးတွေမှာ ထန်းရည်လှုံ့။
- ထန်းရည်ခံလို့ အိုးလှုံ့ပြည့်၊ ထန်းသမားလာပြီဟေ့။
- ထန်းရည်ပြည့်လို့ ကြိုးဆွဲငင်၊ ချလိုက်ပြီပေါ့ မြေအပြင်။
- မိုးပြဲဒယ်တွင် မီးကိုထိုး၊ ထန်းရည်ကျိုတဲ့အိုး။
- ချိုးမကပ်ဖို့ မြဲတစေ၊ ယောင်းမကြီးနဲ့မွှေ။
- မွှေလေမွှေလေ ကြာလာတော့၊ ပျစ်ခဲလာပြီ သကာရည်ပေ့။
- သကာရည်လေး မာခဲသော်၊ ထန်းလျက်ရယ်လို့ခေါ်။
- ဘုရင့်နန်းတော် တင်ကာဆက်၊ ထန်းပင်ကထွက်တဲ့ ထန်းလျက်။
- ထန်းလျက်ဖြစ်ပြီ ဘာလုပ်မယ်၊ မုန့်မျိုးစုံတွက် မိတ်ဖက်ကွယ်။
- ဘကြီးဉာဏ်ကြွယ် ဆေးဆရာကြီး၊ ဆေးဖော်သုံးကာ အနည်းနည်း။
- တန်ဖိုးကြီးတဲ့ ထန်းလျက်တွေ၊ ပြည်တွင်းထွက်မို့ ပေါများပေ။
- ရောင်းလေဝယ်လေ စီးပွားဖြစ်၊ ခေတ်အဆက်ဆက် မဟောင်းသစ်။
- ဘေးမဖြစ်တဲ့ အစားအစာ၊ ထန်းလျက်ကလေး ပါဝင်တာ။
- ဧည့်သည်တွေလာ ဧည့်ခံကျွေး၊ ရေနွေးကြမ်းနဲ့လွေး။
- နည်းပညာများနဲ့ တီထွင်ကာ၊ ရောင်းကြဝယ်ကြ ဖြန့်ဖြူးပါ။
- ပြည်တွင်းကိုသာ ကျော်ကာလွှား၊ ပြည်ပကမ္ဘာ့နိုင်ငံများ။



မြန်မာနိုင်ငံအရပ်ရပ်မှာရှိကြသော ထန်းလျက်များ ရောင်းဝယ်ဖောက်ကားနေကြသော ထန်းလျက်ပွဲရုံကြီး/လတ်/ငယ်နှင့် ကျေးရွာများမှာ ထန်းလျက်ကောက်သူများ ထာဝရ အဆင်ပြေနိုင်ကြပါစေ။

*****

## တောထန်း တန်းထော

**“ထကြွမပျင်း**
**စောင့်ခြင်းဥစ္စာ၊ မိတ်ကလျာ**
**မျှစွာသက်မွေး၊ ကြီးပွားရေး”**

စီးပွားဥစ္စာရှာသည့်နည်းများမှာ မပျင်းမရိသောဝီရိယဖြင့် စီးပွားရေးကိုလုပ်ကိုင်ကြရသည်။ ရှာဖွေရရှိသည်များကို စောင့်ရှောက်ထိန်းသိမ်းနိုင်စွမ်းရှိရ၏။ မစောင့်မရှောက်နိုင်ပါလျှင် ထိုစီးပွားသည် မမြဲတတ်ပေ။ မိတ်ကောင်းဆွေကောင်းရှိရမည်။ ကောင်းမွန်သော တရားသဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း ဖြစ်ရမည်။ ထိုအချက်များနှင့် ပြည့်စုံပါလျှင် ကြီးပွားတိုးတက်ကြရာ၏။

သို့သော် “တောထန်း” ပင်ကို အိမ်တွင် အမြတ်တနိုးထားရှိပါလျှင် တန်းထောသည်ဟု ယူဆထားသူများလည်း တချို့ရှိကြပါသေးသည်။

“မမအောင်. . . ရေ. . .၊ ဖျို့ မမအောင်. . . ”

“ဟေ. . . အေး. . . အေး လာပြီနော်. . . လာပြီ. . . ”

“သြော်. . . . . ပုသိမ်ကြီးကလာကြသလား. . . ကိုမြိုင်ရေ တော့နှမလာသတော့. . . ”

ပြောပြောဆိုဆိုနှင့် ကျောင်းအုပ်ဆရာမကြီး (ငြိမ်း) ဒေါ်အောင်ကြည်သည် ဝင်းခြံတံခါးကို သော့လှပ်၍ပေးလိုက်၏။





“ဟေ. . . . . ဟုတ်လားဟဲ့. . . အစောကြီးရောက်လာကြတာကိုး. . . ”

ခရိုင်ပညာရေးမှူး (ငြိမ်း) ဆရာကြီးဦးအောင်မြိုင်သည် တိုက်အိမ်၏တံခါးပေါက်ဝတွင် ကြိုဆိုရောက်ရှိလာတော့သည်။

ဦးအောင်မြိုင်နှင့် ဇနီးဒေါ်အောင်ကြည်တို့သည် ပညာရေးဝန်ကြီးဌာနမှ သက်ပြည့်အငြိမ်းစားယူကြသောအခါ မန္တလေးမြို့ ၄၁ လမ်းနှင့် ၇၈ လမ်း၊ အမှတ် ၁၁၊ သာယာအေးရပ်ကွက်၊ မဟာအောင်မြေမြို့နယ်တွင် အခြေချနေထိုင်ကြသည်။ မွေးဇာတိ ဗိုလ်ကုန်းရွာနှင့် ချောက်မြို့၊ ညောင်ဦးမြို့များသို့ ဆွေမျိုးမွေးချင်းများ၏ သာရေး၊ နာရေးကိစ္စများနှင့် ချောက်၊ ညောင်ဦး၊ စဉ့်ကူ၊ ကျွန်းချောင်း အထက်တန်းကျောင်းများ၏ အာစရိယပူဇော်ပွဲများ ရှိမှသာလျှင် သွားရောက်လေ့ရှိကြသည်။ သားထောက်သမီးခံ ကောင်းမွန်သော ကံကြမ္မာရှိကြ၏။

“ဟောတော့. . . မောင်ကြီးအောင်မြိုင်တို့အိမ်ရှေ့မှာလည်း. . .။ တန်းထော၊ တောထန်းပင်ရှိနေပါလားနော်. . . ”

“အေးပါကွာ. . . နင့်အစ်မ မအောင်ကပြောတာတော့၊ စကားနောက်တရားပါ. . . ဇမ္ဗူဒိတ်နိမိတ်. . . ဆိုပြီး အလှစိုက်တာတဲ့။ မောင်ကြီးသိထားတာကတော့ ဒို့ရွာက ထန်းမျိုးပါပဲ. . .။ ထိုင်ကြဦး။ ထိုင်ကြဦး။ ငါ့နှမနဲ့ငါ့တူမ မစု (ပြန်/ဆက်) ကို မောင်ကြီးက တောထန်းနဲ့တောင်ထန်း ဆေးဖက်ဝင်တာကို ရှင်းပြပေးမယ်. . . မှတ်သားထားကြပေါ့နော်. . . ”

ဆရာကြီးဦးအောင်မြိုင်သည် စာသင်အလွန်ကောင်းသော ဆရာတစ်ဦးဖြစ်ခဲ့သောကြောင့် တောထန်းနှင့် တောင်ထန်းများ အကြောင်းကို ရေရေလည်လည်ရှင်းပြပေးလိုက်လေသည်။

တောထန်း (တန်းထော) စေရန် ဗေဒင်ကက်ကင်းနည်းအရ စီးပွားမြန်မြန်ဖြစ်ရမည်ဟု အိမ်ရှေ့ဥပစာတွင် ပန်းအိုးများဖြင့် အလှစိုက်ထားလေ့ရှိကြ၏။ ထန်းပင်ပုဖြစ်သည်။ တချို့ကျေးရွာဒေသများတွင် တောထန်းမြစ်ဥကို ကွမ်းစားလျှင်ထည့်၍ စားတတ်ကြ၏။ တောထဲတောင်ထဲသွား၍ ထမင်းဆာရေငတ်ခဲ့ပါက တူးဖော်စားသောက်ခဲ့ကြသည်။

အရှင်နာဂသိန်၏ ပုံပြဆေးအဘိဓာန် (ဒုတွဲ၊ နှာ-၇၂) တွင် ဖော်ပြထားသည်မှာ-

"တောထန်းနက်နှင့် တောထန်းဖြူဟူ၍ နှစ်မျိုးရှိသည်။ တောထန်းနက်သည် ထန်းပင်ကြီး၊ တောင်ထန်းစသည်တို့လို မဟုတ်။ မြက်မျိုးဖြစ်၏။ မိုးရာသီတွင် မြက်ပင် သို့မဟုတ် အခြားသောအပင်တို့၏ အရိပ်တွင်တွေ့ရ၏။

အရွက် လေးရွက်မှ ငါးရွက်ခန့်ရှိ၏။ စွန်ပလွံရွက်နှင့် တူသည်။ အပွင့်ဝါ၏။ အသီးသည် ဥသဏ္ဌာန်ရှိ၏။ လက်မဝက်ရှိပြီး အမြစ်ဥသည် ငါးလက်သစ်မှ ခုနစ်လက်သစ်ရှိတတ်၏။ အခွံသည်ပြာ၏။ အတွင်းသားဖြူ၏။ ဂုဏ်နှင့်စွမ်းရည်မှာ ချို၊ ခါး၊ သတ္တိမှာပူ၏။ ဝိပါကဥစပ်၏။ သုက်ကိုပွားစေ၊ ဝမ်းမီးတောက်စေ၊ လေကိုငြိမ်းစေ၊ အသက်ကိုရှည်စေ၊ မြင်းသရိုက်၊ ပန်းသေ၊ ပန်းနာ၊ ရင်ကျပ်၊ ဆီးလွန်ရောဂါတို့၌ အကျိုးပြုသည်" ဟု ဖြစ်၏။

တောထန်းပင်ကို ဆေးကျမ်းများ၌ 'မူဆလီ' ပင်ဟူ၍ ပါဠိလို ဖော်ပြထားကြသည်။

တောထန်းဖြူသည် အရွက် လေးရွက်မှ ငါးရွက်ခန့်ရှိသည်။ စွန်ပလွံပင် ပေါက်စနှင့်တူ၏။ အပွင့်ဝါ၍သေး၏။ လက်ချောင်းနှင့်တူသော အမြစ်များရှိသည်။ အမြစ်ခေါက်သည် အပြာရောင်ရှိပြီး



အတွင်းသား ဖြူ၏။ ထိုတောထန်းဖြူမူဆလီပင်သည် အညို၊ အဖြူ နှစ်မျိုးရှိပြန်သေး၏။ အညိုသည် ပို၍သတ္တိရှိ၏။ ဂုဏ်နှင့် စွမ်းရည်သည် သုက်ကိုပွားစေသည်။

ယခုအချိန်ကာလများတွင် မိမိတို့မြန်မာနိုင်ငံမှထွက်ရှိသော ရှားစောင်းလက်ပပ်ပင်၊ ရှဉ့်မတက်ဥ၊ ခွေးလှေးယားသီး၊ အကျော်ပွင့်မှအစ စက္ကူပန်းပင်အဆုံး အဖိုးတန်ပရဆေးပစ္စည်းများကို ဖွံ့သလဲဈေးမျှလောက်ဖြင့် ကျေနပ်နှစ်သက်စွာ တစ်ဖက်နိုင်ငံများသို့ ရသလောက်တင်ပို့ရောင်းချနေကြတော့သည်။

တောထန်းပင်များကိုလည်း မြန်မာပြည်အထက်အောက် ရွာလုံးကျွတ်နီးပါးမျှ နေ့တွက်ကိုက်ရုံဈေးမျှဖြင့် ရသမျှနုတ်မျိုးပြုတ်လုနီးပါး တူးဖော်ရောင်းချနေကြသည်။ တစ်ပိုင်တစ်နိုင်ဆေးတစ်ဖုံစာမျှလောက်ပင်မကျန်၊ မျိုးဆက်ပြတ်မှာစိုးရိမ်၍ နေရလေသည်။

တောထန်းပင်များကို မန္တလေး၊ မကွေး၊ ပဲခူးတိုင်းဒေသကြီးများအတွင်းရှိ မြို့ရွာသစ်တောဧရိယာများအတွင်း အများဆုံး တွေ့ရှိနိုင်ပါသည်။

"ဟဲ. . . ဟဲ မောင်ကြီးက အတော်လေ့လာထားတာကိုး၊ တိုင်းရင်းဆေးဆရာ့သားကျနေတာပဲ. . . "

"စာဖတ်ပါ၊ စာဖတ်ပြီး လေ့လာမှတ်သားပေါ့. . . . .

နင့်ကိုလည်း ငယ်ငယ်လေး ၃ တန်း၊ ၄ တန်း ဆံရစ်ဝိုင်းတုန်းက တိုင်းစပြီး ဒို့ရွာလင်းရောင်ခြည်စာကြည့်တိုက်က စာအုပ်တွေ၊ ရှုမဝ၊ မြဝတီ၊ သွေးသောက်စတဲ့ မဂ္ဂဇင်းတွေ စာကိုဖတ်စေပြီး စာဖတ်အောင် မောင်ကြီးနဲ့ ကိုမြင့်အောင်က လေ့ကျင့်ပေးခဲ့တာလေ. . . "

"ဟုတ်တယ်နော်. . . မောင်ကြီး. . . ကျွန်မအဘိဓမ္မာဋီကာကျော်၊ ဝိသုဒ္ဓိမဂ် အစိုးရစစ် လူပုဂ္ဂိုလ်စာမေးပွဲတွေ စာကျက်ပြီး ဝင်ဖြေတုန်းကလည်း ရှာကမမရင် ဒီလိုပြောတယ်"

"ကဲ. . . ဘယ်လိုတဲ့တုန်း. . . နင့်အစ်မ ပြောတာလေ. . . "

"ငါ့ညီမရယ် စာဖတ်တော့ စာတတ်တာပေါ့တဲ့၊ ရှင်းလိုက်တာနော်

ဟား. . . . . . . ဟား. . . . . ဟား. . . . . . "

ဆရာကြီးဦးအောင်မြိုင်သည် သဘောကျစွာ ရယ်မောလိုက်ပါတော့သတည်း။

*****

## တောဆူမှ မြို့ဝ

**တရားငယ်မှန်**
**ရှင်မြတ်ကယ်ထေရ်အရဟံနှင့်**
**ပြေ (ပြည်) ပုဂံ နော်ရထာဖုန်းငဲ့ပြင်**
**ပြည်လုံးညီညာတော့**
**ဤကမ္ဘာမှာ ပြည်မြန်မာရယ်လို့ဝင်းခဲ့သတဲ့**
**သည်မင်းသည်ပြည်ထောင်ဖြင့်**
**မလေးမောင် ချစ်မငြီးနိုင်ဘူး**
**ရွှေစည်းခုံ ခြေတော်ရင်းဆီက**
**ခေတ်ဟောင်းစံပုဂံသီချင်းကိုဖြင့်**
**ညှင်းဆိုခဲ့ကြောင်း. . . . . ။**

**ဇော်ဂျီ (၁၉၃၅)**

ညောင်ဦးမြို့ရှိ ရွှေစည်းခုံဘုရားပွဲတော်ကြီးကို နှစ်စဉ်ပင် တန်ဆောင်မုန်းလဆန်း ၈ ရက်မှ လပြည့်ကျော် ၈ ရက်အထိ စည်ကားစွာကျင်းပပြုလုပ်ကြလေသည်။

တန်ဆောင်မုန်းလသည် မိုးနှောင်းဆောင်းဦးဖြစ်၍ ရာသီဥတုသာယာ၏။ ရပ်ရှစ်ခွင်တွင် မိုးတိမ်ကင်းစင်၍ လမင်းစန္ဒာသည် ထိန်ထိန်သာ၍နေသည်။ ဤရာသီတွင် ပုဂံ-ညောင်ဦး မြို့နယ်အတွင်းရှိ ထန်းတောင်သူများသည် ထန်းတစ်ရာသီ

ပြီးဆုံး၍ လက်ဖျားတွင် ငွေရှင်နေကြပြီ။ နှမ်းလျင်များလည်း ရိတ်သိမ်းရောင်းချပြီးဖြစ်ကြ၏။ ထို့ကြောင့် ရွှေစည်းခုံဘုရားပွဲကို နှမ်းဘုရားဟူ၍ အရပ်အခေါ်သတ်မှတ်ကြသည်။ တန်ဆောင်မုန်းလတွင် ပြုလုပ်ကျင်းပမြဲဖြစ်သောကြောင့် တန်ဆောင်မုန်းပွဲဟူ၍လည်း သတ်မှတ်ကြသည်။

ပြာသိုလဆန်း ၈ ရက်မှ လပြည့်ကျော် ၈ ရက်အထိ ပုဂံအာနန္ဒာဘုရားပွဲကြီးကို ခြိမ့်ခြိမ့်သဲသဲကျင်းပကြ၏။ မြေပဲများနုတ်သိမ်းပြီးလျှင် အေးအေးဆေးဆေး လှည်းတန်းကြီးများနှင့် မိမိရွာနှင့် စု၍လာကြ၏။ ပြာသိုပွဲ၊ ပဲဘုရားဟုအရပ်မှ သတ်မှတ်သုံးစွဲသည်။

ထိုဘုရားပွဲကြီးများတွင် ကျေးလက်နေသူများသည် တစ်နှစ်စာလယ်ယာလုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူကြသည်။ ဘုရားပွဲစည်ကားမှုသည် ကျေးလက်စီးပွားရေးနှင့် ဆိုင်နေ၏။ သီးနှံအထွက်မကောင်းလျှင် မသွားနိုင် မပျော်ရွှင်နိုင်ကြပေ။ သီးနှံဖွံ့ဖြိုးသဖြင့် ငွေရှင်လေလေ၊ စည်ကားလေလေဖြစ်သည်မှာ မျက်မြင်ကိုယ်တွေ့ဖြစ်သည်။

မြို့ပြသည် ကျေးလက်တောရွာများ စုစည်းအခြေစိုက်ဖွဲ့စည်းရာမှ အမည်နာမချဲ့ထွင်၍ ခေါ်ခြင်းဖြစ်၏။ ပွားစီးလာသောလုပ်ငန်း၊ တိုးပွားလာသော လူဦးရေအခြေအနေအရပ်ရပ်ကြောင့် မြို့နေလူတန်းစား၊ မြို့ပြသရုပ်သဏ္ဍာန်များဖြစ်ပေါ်လာလေသည်။ နိုင်ငံတကာ၌လည်း ထိုနည်းတူ မြို့ရွာများဖြစ်ပေါ်၏။

မြို့ပြ၏စည်ကားမှုသည် ဈေးပြင်ဈေးတွင်းများ၌ ကျေးလက်နေသူများ လာရောက်ရောင်းချကြသော ဟင်းသီးဟင်းရွက်သားငါးများဖြစ်သည်။ ထိုရောင်းချရငွေများဖြင့် အဝတ်အထည်၊ လူသုံး၊ အိမ်သုံး၊ လုပ်ငန်းသုံးပစ္စည်းများကို ရွာသို့ဝယ်ယူ၍ သယ်ယူသွားကြပြန်လေသည်။ မြို့တစ်မြို့၏ အရှေ့အနောက်တောင်မြောက်ဝဲယာက ကျေးရွာသူရွာသားများ တစ်နည်းအားဖြင့် လာရောက်စုစည်းမိခြင်းသာဖြစ်၏။



အရောင်းအဝယ်ကောင်းမွန်ခြင်း၊ စည်ပင်ခြင်း၊ ချို့တဲ့ခြင်း၊ ပါးလျားမှု၊ မြင့်မားမှု၊ နိမ့်ကျမှုများသည်လည်း ကျေးရွာမှ ပြည်သူပြည်သားများအပေါ် မူတည်၍နေလေသည်။

ကျေးလက်ဒေသထွက်ကုန် အခြေခံစီးပွားရေးကောင်းမွန်လျှင် ကောင်းသလောက်၊ ဆိုးရွားလျှင် ဆိုးရွားသလောက် အခြေအနေအပြောင်းအလဲဆက်စပ်နေသော ကုန်သွယ်လူမှုအစုစု အထွေထွေဖြစ်သည်။ ဆိုရိုးစကားအသွင်စာပေအမြင်ဖြင့် ရှေးလူကြီးများသည် တောဆူမှမြို့ဝဟူ၍ ဆိုရိုးပြုခဲ့ကြ၏။ တောရွာများမှ လယ်ယာထွက်ကုန်ဆူဖြိုးပါမှ မြို့မှာနေသူတို့သည် ဝလင်စွာ စားသုံးခွင့်၊ ရောင်းဝယ်ဖောက်ကားဖွံ့ဖြိုးခွင့် ရရှိကြခြင်းဖြစ်သည်။

ပုဂံ-ညောင်ဦးမြို့နယ်တွင် ကျေးရွာအုပ်စု ၉၁ အုပ်စုရှိ၏။ ကျေးရွာပေါင်းမှာ ၂၂၀ ရှိပါသည်။ ဒေသခံတောင်သူလယ်သမားများသည် စပါးကို ဧရာဝတီမြစ်ရေတင်စီမံကိန်းရှိသော ကျေးရွာများ၌သာ စိုက်ပျိုးနိုင်သည်။ ညောင်ဦးမြို့နယ်တွင် မြစ်ရေတင်ငါးခုရှိသည်။ ငှါသရောက်၊ လက်ပံခြေပေါ်၊ သူကောင်းတည်၊ ကျောက်ကူး၊ လောကနန္ဒာမြစ်ရေတင်များဖြစ်၏။ ၂၀၁၄-၂၀၁၅ ခုနှစ်တွင် မူလရာထားသည့်ရေပမာဏမှာ ဧက ၆၀၀၀ ဖြစ်သည်။ သို့သော် တကယ်တမ်း ရေပေးဝေနိုင်သည့် ရေပမာဏမှာ ဧက ၆၆၀ ကျော်သာရှိလေ၏။

ညောင်ဦးမြို့နယ်သည် မိုးခေါင်ရေရှားရပ်ဝန်းဒေသဖြစ်သည်။ သို့သော်လည်း အသားတင်စိုက်ပျိုးလုပ်ကိုင်နိုင်သောမြေမှာ ၁,၆၁,၀၂၅ ဧကဖြစ်ပြီး လယ်မြေမှာ ၂၅၆ ဧကဖြစ်သည်။ ယာမြေမှာ ၁,၅၃,၅၂၃ ဧက ကိုင်း/ကျွန်းမြေ ၇,၀၄၁ ဧက၊ ဥယျာဉ်မြေ ၂၀၅ ဧကရှိသည်။

မြစ်ရေတင်ငါးခုလုံး၌ ၂၀၁၅-၂၀၁၆ ခုနှစ် စိုက်ပျိုးရာသီတွင် မိုးစပါး ၂,၄၅၅ ဧက၊ မိုးပဲတီစိမ်း၂,၇၈၅ ဧက၊ မိုးမြေပဲဧက ၁,၁၈၀၊ စုစုပေါင်းဧက ၆,၄၂၀ စိုက်ပျိုးနိုင်သည်။

မိုးကိုမျှော်ရန်မလိုသော မြစ်ရေတင်စနစ်ကို ဒေသခံပြည်သူများ ထပ်မံ၍ အထူးလိုလားတောင့်တလျက်ရှိကြသည်။

လက်ပံခြေပေါ်၊ ငါ့သရောက်၊ တောင်ဇင်း၊ စဥ့်ကူတိုက်နယ်ခွဲများတွင် ထန်းကို ထန်းရာသီအလိုက် မပြတ်တမ်း ထန်းလှီးလုပ်ကိုင်ကြသည်။ ညောင်ဦးမြို့မတိုက်နယ်ခွဲသည် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ အဓိကဖြစ်နေ၍ ဘုရားကြို ဘုရားကြားတွင် ပြောင်း၊ နှမ်း၊ မြေပဲ အနည်းငယ်သာ လုပ်ကိုင်ဆောင်ရွက်ကြသည်။

သို့ဖြစ်၍ ညောင်ဦးမြို့နယ်နည်းတူ မြန်မာနိုင်ငံတွင်ရှိသော လူဦးရေ ၅၁ သန်း၏ ၇၀ ရာခိုင်နှုန်းမှာ ကျေးလက်နေပြည်သူများဖြစ်၏။ လုပ်အားကိုအရင်းတည်ကာ ပင်ပန်းကြီးစွာ စိုက်ပျိုးထုတ်လုပ်နေသူများ၏ဘဝကို မြို့သားများသည် တန်ဖိုးထားလေးစားကြရမည်။ အထင်မသေးအပ်တော့ချေ။



ယခုအချိန်ကာလတွင် တဖြည်းဖြည်းတိုးတက်လာသော ခေတ်သစ်စိုက်ပျိုးရေးနည်းပညာကြောင့် သီးထပ်များစိုက်ပျိုးကြ၏။ နိုင်ငံခြားပို့ကုန်သီးနှံများ ဖရဲ၊ သခွားစသည်တို့ စိုက်ပျိုးနေကြပြီး ဝင်ငွေရသည်။ လူနေမှုအဆင့်မြင့်မားလာသည်။ တစ်ချိန်က ထန်းရွက်မိုး၊ ထရံကာနေအိမ်တဲများသည် သွပ်မိုး၊ အုတ်ခံတိုက်များဖြစ်လာသည်။ လူ့အသုံးအဆောင်များ ခေတ်မီလာကြသည်။ ဆက်သွယ်ရေးစနစ်ကောင်းလာ၍ လက်ကိုင်ဖုန်းကိုပင် ထန်းသမားများလည်းသုံးနိုင်လေပြီ။

သွားလာရေးယာဉ်များ တိုးပွားလာသည်။ ကျယ်ပြန့်လာသောအသိအမြင်များရှိကာ တောနှင့်မြို့ အဆက်မပြတ်တရစပ်သွားနေလာနေကြပြီ။ ရွာတိုင်းသည် မော်တော်ဆိုင်ကယ်၊ ထော်လာဂျီ၊ လိုက်ထရပ်ကားများ မောင်းနှင်စီးနင်းနေကြလေသည်။

ဗိုလ်ကုန်းရွာ၏မြောက်ဘက်တွင်ရှိသော မြေနီရွာသည် အိမ်ခြေ ၂၀၀၀ ခန့်ရှိနေပြီ။ အမှတ် ၁၊ ၂၊ ၃၊ ၄ ဟု နယ်မြေလေးခု ခွဲခြားထား၏။ စက်ရေတွင်းသည် နယ်မြေတစ်ခုလျှင် တစ်တွင်းကျရှိ၏။ ၂၄ နာရီလျှပ်စစ်မီးရတော့မည်။ အလယ်တန်းကျောင်းနှစ်ကျောင်းပင်ရှိနေပြီ။

ဗိုလ်ကုန်းရွာ၏တောင်ဘက်တွင်ရှိသော ကြီးနီရွာ၌ လျှပ်စစ်မီးရှိခဲ့သည်မှာ ၁၀ နှစ်မျှမကတော့။ ကြီးနီ-ချောက်ကတ္တရာလမ်းသည် နွေမိုးမရှောင် အဆင်ပြေစွာသွားနိုင်သည်။ စာရေးသူ အလယ်တန်းပညာသင်ယူခဲ့သောကျောင်းသည် အထက်တန်းကျောင်းကြီးဖြစ်သွားပါလေပြီ။

တစ်ချိန်က သွားလာရေးခက်ခဲပြီး မသုံးနိုင်၊ မစွဲနိုင်အခြေအနေများမှ ယခုအခါ ကောင်းမွန်တိုးတက်သောအပြောင်းအလဲများဆီသို့ ရွေ့လျားနေချေပြီ။

မိမိတို့၏ရွာများမှ ချောက်၊ ညောင်ဦး၊ ကျောက်ပန်းတောင်း၊ စလေ၊ ဆိပ်ဖြူမြို့များသို့ နံနက်ချင်းပေါက် သွားနိုင်ပြန်နိုင်၏။ တောဆူမှုမြို့ဝရခြင်းဖြစ်သည်။ ကျေးလက်စီးပွားသာ အခြေမတင့်လျှင် မြို့ပြက အရောင်းအဝယ်မတွင်ကျယ်နိုင်၊ ဈေးအတွင်းခြောက်သွေ့နေမည်သာ။ စည်ပင်ဖွံ့ဖြိုးမှုအသွင်သည် ကျေးလက်အလှမှ သဘာဝအရင်းအမြစ်ကျေးဇူးကြောင့်ဖြစ်၏။ ကျေးလက်အလှူ ပြောသံ၊ စည်သံ၊ ခြိမ့်ခြိမ့်ညံခြင်းနှင့်အတူ မြို့ပြကိုပံ့ပိုးနေသည်ကို အလေးထားရပါလိမ့်မည်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးဖြစ်သော ပညာရေး၊ လူမှုရေး၊ ကျန်းမာရေးတို့ကိုအထောက်အကူပြုကြရသည်။

ကျေးရွာအလှ မြို့ပြနှင့်မခြား ကွာဟမှုနည်းပါးသောအခြေအနေများကို ဖန်တီးကြရမည်။

တိုင်းအခြေ ပြည်အမြစ်ဟုဆို၏။ တိုင်းပြည်၏အခြေအမြစ်သည် ကျေးလက်များဖြစ်ကြသည်။ လူအများစုနေထိုင်ကြ၏။ အခြေခံစီးပွားရေးကိစ္စ၊ လူမှုရေး၊ ယဉ်ကျေးမှု၌လည်း ပဓာနကျသည်။

ဘုရားကျောင်းကန်၊ ဘာသာတရား၊ အမျိုးသားရေးစရိုက်လက္ခဏာအတွေးများသည် ကျေးလက်၌ တည်တံ့၏။ ညီညွတ်သောနှလုံးသားရှိကြ၏။ ဖြူစင်သောစိတ်ထားစေတနာပိုင်ဆိုင်ကြသည်။ ရိုင်းပင်းကူညီစိတ်ထားစေတနာပိုင်ဆိုင်ကြသည်။ ရိုင်းပင်းကူညီစိတ်ပြင်းပြကြ၏။ ဘုရားပွဲ၊ အလှူပွဲ၊ သာရေး၊ နာမှု



ကိစ္စရပ်များတွင် ကျေးရွာသဘာဝအလှတရားများကို မြင်တွေ့ကြရသည်။

ကျေးလက်ဒေသများ၏ စီးပွားလူမှုအခြေအနေမဟန်လျှင် မြို့ပြသို့ ထိခိုက်သည်။ ကျေးလက်၏ စည်ပင်ပျော်ရွှင်မှုသည် မြို့ပြတိုင်းနိုင်ငံ၏အခြေအမြစ် 'တောဆူမှမြို့ဝ' အခြေကျပေမည်။

"အဒွေး"

"ပြော ဘာလဲ မစု"

"ရွာပြန်ရင် ဒီသတင်းကောင်းလည်းယူသွားဦး။ မန္တလေးအလင်းနေ့စဉ်ထုတ်သတင်းစာမှာ ဖော်ပြထားတယ်. . . "

"မန္တလေးနေ့စဉ်မှာ မဟုတ်ဘူးနော်. . . "

"အေးပါ၊ ဖတ်ပြစမ်းပါနော်. . . "

"ထန်းဖြင့်ပြုလုပ်သောလက်မှုပစ္စည်းများ ဂျာမနီဝယ်မည် မန္တလေး ဇွန်(၁၀). . . . ဝင်းနိုင်ဦးတဲ့"

ထန်းဖြင့်ပြုလုပ်သောလက်မှုပစ္စည်းများကို ဂျာမနီနိုင်ငံကဝယ်မည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (MRCCI) ထံက သိရသည်။

ထန်းဖြင့်ပြုလုပ်ထားသောလက်မှုပစ္စည်း အထူးသဖြင့်အမျိုးသမီးလက်ဆွဲအိတ်များကို ဂျာမနီနိုင်ငံက ဝယ်ယူလိုကြောင်း၊ ဂျာမနီနိုင်ငံ၏နည်းပညာများကိုလည်း သင်တန်းပေးရန်အတွက်ကုန်သွယ်မှုမြှင့်တင်ရေးဌာန (မန္တလေးတိုင်းဒေသကြီး) နှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း MRCCI ထံက သိရသည်။

"အဓိကကတော့ ဂျာမနီက ဖက်ရှင်ကျပြီး ဒီဇိုင်းလှတဲ့လက်ဆွဲအိတ်လေးတွေလိုချင်တာ၊ နွေရာသီအပန်းဖြေသွားရင်ကိုင်တဲ့အိတ်လေးတွေပေါ့။ သူတို့ကနမူနာလေးတွေ ယူလာပြတယ်။

တော်တော်လေးကောင်းတယ်။ ပိုးသတ်ထားပြီးသားတွေထင်တယ်။ နည်းပညာတွေလည်းမြင့်တယ်။ ထန်းတောင်သူတွေလည်း လက်မှုပညာနဲ့ အပိုဝင်ငွေရလာနိုင်ပါတယ်။ သင်တန်းတွေလည်း လာပေးမယ်”ဟု MRCCI ဥက္ကဋ္ဌ ဦးအောင်သန်းကပြောသည်။

ဂျာမနီနိုင်ငံသည် ယခင်က အဆိုပါထန်းဖြင့်ပြုလုပ်ထားသော လက်ဆွဲအိတ်များကို တရုတ်နိုင်ငံမှ ဝယ်ယူခဲ့သည်။ အိတ်တွင်ဆိုးဆေးများအသုံးမပြုဘဲ ထန်းထွက်ပစ္စည်းများဖြင့် အဆင့်အတန်းမြင့်စွာ ပြုလုပ်ထားသည်။ အဆိုပါထန်းဖြင့်ပြုလုပ်ထားသောလက်မှုပစ္စည်းများ ဂျာမနီနိုင်ငံသို့ တင်ပို့ရောင်းချနိုင်ရန်အတွက် ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန (မန္တလေးတိုင်းဒေသကြီး) က ထန်းတောင်သူများနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်။

ဂျာမနီနိုင်ငံမှ ဂျာမန်လူမျိုး Mr. Mamika နှင့်အဖွဲ့သည် ထန်းဖြင့်ပြုလုပ်သော လက်မှုပစ္စည်းများ ဝယ်ယူနိုင်ရေးအတွက် မေလလယ်က MRCCI ကုန်သွယ်မှုမြှင့်တင်ရေးဌာန တိုင်းဦးစီးမှူးတို့နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ နည်းပညာများ သင်တန်းပေးဖြန့်ဝေရေးနှင့် ဂျာမနီသို့ တင်ပို့ရောင်းချနိုင်ရန်အတွက် ဆက်လက်၍ ဆွေးနွေးသွားမည်ဖြစ်၏။

မြန်မာနိုင်ငံတွင် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ထန်းပင်စိုက်ပျိုးဧကအများဆုံးဖြစ်သည်။ စုစုပေါင်းမှာ ၃၆,၅၄၅ ဧကရှိပေသည်။

ခေတ်မီသောနည်းစနစ်များဖြင့် ထန်းသမား ထန်းတောင်သူများ တိုးတက်ကြီးပွားကျန်းမာ၍ ချမ်းသာကြပါစေသတည်း။

*****

## ထန်းအမွေ

**ကျွေးမွေးမပျက်**
**ဆောင်ရွက်စီမံ**
**မွေခံထိုက်စေ**
**လှူမျှဝေ၍. . . . . ။**

အမွေဆိုသည်မှာ အရပ်သဘောအားဖြင့် မိဘဘိုးဘွားတို့၏ ပိုင်ဆိုင်ခွင့်များကို ထိုပုဂ္ဂိုလ်များ သေဆုံးကွယ်လွန်သွားသောအခါ ကျန်ရစ်သောအသက်ရှင်သူ သားသမီးများ သို့မဟုတ် အနီးစပ်ဆုံးဆွေမျိုးက လက်လွှဲရယူခံစားခြင်း၊ ပိုင်ဆိုင်ခွင့်ရခြင်းကိုခေါ်ပေသည်။

အမွေဆိုသည့်စကားနှစ်လုံးကို သာမန်အားဖြင့် စည်းစိမ်ဥစ္စာဟု အလွယ်နားလည်လက်ခံတတ်ကြ၏။ အမှန်မှာ ထိုမျှသာမက အနှစ်သာရမှာ ကျယ်ဝန်းနက်ရှိုင်းသည်။

ရွှေ၊ ငွေ၊ စိန်၊ ကျောက်သံပတ္တမြား၊ လယ်ယာမြေ၊ အိမ်ခြံမြေ၊ အိုးအိမ်၊ တိုက်တာ၊ မော်တော်ကား စသည်များနှင့် ပညာအမွေ၊ ရိုးရာယဉ်ကျေးမှုအမွေ၊ ဘာသာဓလေ့ ယဉ်ကျေးမှုအမွေ၊ အကျင့်သီလ၊ ရဲဝံ့စွန့်စားသတ္တိများ၊ မျိုးရိုးဗီဇ အသေးစိတ်ရေးသား၍ ကုန်အံ့မထင်လေ။

ချမ်းသာသူက ချမ်းသာသည့်အလျောက် တန်ဖိုးကြီးမားသော အမွေအနှစ်ကို ဆွေခုနစ်ဆက်သုံးမကုန်အောင် ရရှိကြလေသည်။

ဆင်းရဲနွမ်းပါးသူများမှာ ရွှေငွေခြံမြေ အဖိုးတန်ပစ္စည်းတော့ မရကြရှာပေ။

တချို့သည် ဗုဒ္ဓရုပ်ပွားတော်လေးတစ်ဆူသာ ကိုးကွယ်ရာ ရရှိ၏။ ဘုရားစာအုပ်၊ တရားစာအုပ်၊ အဖေ့ပုဆိုးဟောင်း၊ အမေ့ထဘီဟောင်းကလေးများသာ ရသည်လည်းရှိဖူးသည်။ စိတ်ပုတီးလေးတစ်ကုံးမျှသာ အမှတ်တရ ရဖူးသူလည်းရှိ၏။

ထို့ကြောင့် ပစ္စည်းအမွေသည် ဆင်းရဲချမ်းသာပေါ်မှာ မူတည်၍ ရရှိတတ်လေသည်။

သို့သော် အမွေဆိုသည်မှာ စံထိုက်မှစံရသည်။ အချို့သည် အမွေအမြောက်အမြားရသော်ငြားလည်း အချိန်တိုကာလအတွင်း ရရှိခဲ့သောအမွေ ရွှေ၊ ငွေ၊ ဥစ္စာ တိုက်၊ ကားတို့သည် လျှောကျ ပျက်စီး ပြုန်းတီးသွားကြ၏။ ငမွဲဘဝအထိ ရောက်သွားသည်လည်း ရှိကြသည်။

မိဘအမွေကို အရင်းပြု၍ ဒါန၊ သီလ ပြုသည့်အကျိုးကြောင့် ဆတိုးပွားပြီး အလွန်ချမ်းသာကြွယ်ဝသော သူဌေးကြီးများဘဝသို့ နေ့ချင်းညချင်း ရောက်ရှိသွားကြသည်လည်းရှိ၏။

အမွေကိုလုကြသည့်ကိစ္စရပ်များလည်းရှိကြသည်။ လောဘကို ရှေ့တန်းတင်ကြ၏။ အတ္တကို အရှိန်အဟုန်ဖြင့် ဖွံ့ထွားအောင် ရက်ရက်စက်စက်လုပ်ဆောင်ကြသည်။ ရုံးရောက်၊ ဂတ်ရောက် ဖြစ်ကြသည်။ တရားမမှုဖြင့်လည်း တရားပြိုင်ကြသည်။

ဒေါသမထိန်းနိုင်သူများသည် လူသတ်မှုအထိပင် ဖြစ်ပွားကြလေသည်။ သတင်းစာများတွင် ဖတ်နေရ၏။ အရပ်ထဲတွင်



ကြားမြင်ရသည်။ လောဘဒေါသမီးများသည် အတ္တကိုအရောင်ဆိုးကြလေပြီ။ ချစ်ခင်မြတ်နိုးခြင်းမှ မုန်းတီးခြင်းအချစ်မှ အမုန်းပင် စိုက်ပျိုးကြ၏။ ပတ်ဝန်းကျင်သည် အမုန်းကို မြှောက်ပင့်ခြင်းဖြင့် မြေသြဇာဆိုးများ ကျွေးကြလေသည်။

အမွေကို အကြောင်းပြု၍
အချစ်လည်း ဖွံ့ဖြိုးသည်ရှိ၏။
အမုန်းလည်း ကြီးထွားသည်ရှိ၏။

ပြန်၍သုံးသပ်ကြည့်ရှုပါသော် အရာအားလုံးသည် အနိစ္စ အမြဲမရှိပေ။ သေရင်တော့ မည်သည့်အရာ ကိုယ့်နောက်သို့ ပါမည်နည်း။ မပါမှန်းသိသော်ငြားလည်း အမွေသည် ရင်ထဲမှာ ကိုယ်ထဲမှာ သွေးကြောထဲမှာ လောဘမီးကြောင့် စီးမျော တောက်လောင်နေကြသည်။

၁၉၉၆-၁၉၉၇ ခုနှစ်တွင်ဖြစ်သည်။ မန္တလေးမြို့၏ ဆောင်းနှောင်းရာသီသည် သာတောင့်သာယာရှိပေ၏။ လမ်း ၃၀၊ ၆၈ နှင့် ၇၁ လမ်းကြားတွင် အရပ်အခေါ် ရုံးကြီးရှိသည်။ ထိုရုံးကြီးဝင်းအတွင်း၌ ရုံးပေါင်းစုံအစိုးရဌာနများ ရှိသည်။

မန္တလေးတိုင်းသမဝါယမဦးစီးဌာနသည် ရုံးဝင်းကြီး၏ အလယ်ကြောတွင် အရှေ့ဘက်သို့ မျက်နှာမူထားသည်။ နံကပ် နှစ်ထပ်အဆောက်အအုံဖြစ်ပြီးလျှင် ခံ့ညားသောအသွင်ဆောင်၏။ ပင်မအဆောက်အအုံ၏ မြောက်ဘက်ကပ်လျက်တွင် အစည်းအဝေး ခန်းမ တည်ရှိသည်။

“ဟော ဌာနမှူးပြောင်းလာပြီလား၊ နောင်ချိုမြို့နယ်ကနေပြီး ပုသိမ်ကြီးမြို့နယ်ရောက်တော့မယ်လို့ သတင်းကြားထားတယ် ခင်ဗျ”

ညောင်ဦးမြို့နယ်သမဝါယမအသင်း ဥက္ကဋ္ဌဦးစိုးမြင့်သည် အစည်းအဝေးမစမီနေရာယူလျက်ရှိကြစဉ် ပုသိမ်ကြီးမြို့နယ် သမဝါယမဌာနမှူးအား ဆီးကြိုနှုတ်ဆက်ပြီးလျှင်

"ခင်ဗျားတို့ဗိုလ်ကုန်းရွာက ဒေါ်အေးဆွေကို ကျွန်တော်တို့ အိမ်မှာ အခုထားပြီး ထမင်းလည်းကျွေးထားတာပေါ့။ ကျွန်တော်ရဲ့ သားက ရှေ့နေဆိုတော့ သူတို့ရဲ့ ထန်းမွေယာမွေ အိမ်နဲ့ဝိုင်းအမှု ကိုလည်း ဆောင်ရွက်ပေးနေပါတယ်"

"ဩော်. . .။ ဩော်. . . ဟုတ်ရဲ့လား"

ကိုယ့်ရွာသူကို စောင့်ရှောက်ထားတယ်ဆိုတော့လည်း ဥက္ကဋ္ဌကြီးကို ကျေးဇူးတင်ရမှာပေါ့နော်. . ဟဲ. . ဟဲ"

ထို. . . ဟဲ. . . . ဟဲ. . သည် ဘဝင်တော့မကျခဲ့လှပါ။ အဘယ်ကြောင့်နည်း။

ဗိုလ်ကုန်းရွာတွင် မမအေးဆွေ၏ ဖခင်ကြီးဦးဖေတင်နှင့် မိခင်ဒေါ်လှတင်တို့သည် စီးပွားရေးချောင်လည်သော တောင်သူ ယာသမားများဖြစ်ကြ၏။ ဗိုလ်ကုန်းရွာနှင့် ကြီးနီရွာနယ်ခြားတွင် သဲစောင်းဟူသည့် သဲများသောယာခင်းများရှိ၏။ ကြီးနီသို့ သွားသည့်လမ်းမြောင် (လှည်းလမ်း၊ လူသွားလမ်း) တောင်ချောင်း အနီးနားတွင်ဖြစ်သည်။ အရှေ့ဘက်ယာခင်း၌ သရက်ပင်ပါရှိသည်။ အနောက်ဘက်ကုန်းပေါ်မှ ယာခင်းသည် ဒေါ်ကြီးမလှရင် (ဒေါ်လှတင်၏အစ်မ) ၏သား ဦးကျော်စံ ယာဖြစ်သည်။ ရှားပင် များစွာပေါက်ရောက်သည်။ ထိုယာခင်း၏အနောက်ဘက်မှ ယာခင်းကြီးသည် ကျယ်ပြောသည်။ ထန်းပင်များသည် ယာခရိုး အပြည့်ရှိသည်။



ဘကြီးနှင့် ဒေါ်ကြီးသေဆုံးသည့်အခါ အမွေခွဲကြလေ၏။ မမအေးဆွေတို့မှာ မွေးချင်းငါးယောက်ရှိသည်။ အငယ်ဆုံးဖြစ်သူ မသန်းကျင်သည် စာရေးသူနှင့် သူငယ်ချင်း ကစားဖော်ကစားဖက် ဖြစ်သည်။ ရွာတွင်အလှူအတန်း ပွဲလမ်းသဘင်များရှိလျှင် မမအေးဆွေသည် ကြံဆစ်ရွှေလက်ကောက် ၁၀ ရံမကဝတ်ဆင်၏။ ရွှေစိုက်ဘီး၊ ရွှေဒေါင်းဘယက်၊ ရွှေလက်စွပ်များ၊ ရွှေဆွဲကြိုး အမျိုးမျိုးဖြင့် တင့်တယ်စွာမြင်ခဲ့ရသည်။

သို့သော် အမွေခွဲကြတော့ ရွာတွင် ဆွေမျိုးများနှင့် ညှိနှိုင်းသည်။ အဆင်မပြေကြပေ။ သို့ဖြစ်၍ ဗိုလ်ကုန်းရွာလူကြီး၊ မြေနီရွာအုပ်စုသူကြီးစသည်ဖြင့် အဆင့်ဆင့်တက်ကြသည်။

အတူနေ အပျိုကြီးဒေါ်အေးဆွေတစ်ဦးတည်းမှ တစ်ဖက်၊ ကျန်မွေးချင်းများသည် အားလုံးစုံညီစွာ တစ်ဖက်ဖြစ်ကြသည်။ မည်သို့မျှမပြေလည်သောအခါ ညောင်ဦးမြို့နယ်တရားရုံးသို့ ရောက်ရှိရင်ဆိုင်ကြ၏။

ဥက္ကဋ္ဌဦးစိုးမြင့်သား ရှေ့နေက လိုက်ပါဆောင်ရွက်သော်လည်း ဒေါ်အေးဆွေအမှုရှုံးလေသည်။ ရှိသမျှရွှေများလည်း ကုန်ပြီဟု သတင်းကြားရ၏။

မိတ်ကောင်းလျှင် ဆွေမသာတဲ့. . . . .။

မိတ်ဆွေကောင်းလျှင် ဆွေမျိုးထက်မသာနိုင်တာလား။

ဆွေမျိုးက မိတ်ဆွေထက် မသာနိုင်တာလား။

နောက်ဆုံးတော့ ရွာသို့သာလျှင် မမအေးဆွေပြန်ရောက်ရှိ လာသည်ကို တွေ့ရသည်။ ရွာတွင် တစ်ယောက်စာ ထန်းရွက်မိုး၊ ထန်းရွက်ကာတဲအိမ်လေးဖြင့် နေရှာသည်။ အေးအေးဆေးဆေးပင်

ရှိ၏။ သို့သော် ထန်းမွေတော့မရလိုက်ပေ။ ထန်းရှိသောယာခင်း၏ ထန်းမွေခြင်းတော့ခံလိုက်ရ၏။ သရက်ပင်ရှိသော ယာခင်းလေးတော့ အမွေရသဖြင့် ရွာရှိမွေးချင်းများကပင် လုပ်ကိုင်ပေးကြသည်။

ဗိုလ်ကုန်းရွာမှ ယာခရီး ထန်းလုပွဲများကိုလည်း တင်ပြလိုပါသည်။

မောင်ကြီးအောင်မြိုင် ပြောပြ၍သာ သိရှိခြင်းဖြစ်၏။ အနောက်ယာ ခေါ် ဖျောက်ဆိပ်ပင်ကွက်သည် ရွာ၏အနောက်ဘက် ယာနှစ်ခင်းအကျော်၌ရှိ၏။ ယာတောင်ဘက်ခြမ်းကို ကိုရင်သန်းမောင်က ပဲစိုက်၏။ မြောက်ဘက်ခြမ်းတွင် အဖေကိုမြို့က နှမ်းစိုက်ခဲ့သည်။ အနောက်ဘက်ရှိ ယာနီးချင်းများမှာ အရီးမမေ (အဖေ၏နှမဝမ်းကွဲ) နှင့် အဖိုးလေးဦးစံဒိုင်တို့ ဖြစ်သည်။ ထိုအနောက်ခရီးတွင် မောင်ကြီးအောင်မြိုင်နှင့် ကိုရင်သန်းမောင်တို့ ညီအစ်ကိုနှစ်ဦးက ထန်းပင်များစိုက်ခဲ့သော်လည်း ထန်းရိုင်းပင်များဖြစ်လာသော အခါ အရီးမမေတို့က သူတို့လည်းထန်းတစ်ဝက်ရလိုကြောင်း အဖေ့ထံ လာပြောသည်ဟုလေသည်။

"မောင်ကြီးမြို့"

"ဟေ ဘာလဲ မိမေ၊ သြော်. . . မိထွားလည်း ပါခဲ့သလား. . ."

"ဟုတ်ကဲ့ မောင်ကြီး"

"ပြောလေ. . မိမေ. . . ဘာကိစ္စရှိသတုန်းဟ. . ."

"ဟိုလေ အနောက်ယာခရီးက ထန်းပင်တစ်ဝက်ကို ထန်းရိုင်းလက်ခုတ်ချင်လို့ပါမောင်ကြီးမြို့၊ မိထွားက သူ့အိမ်လေး မိုးချင်တယ်ဆိုလို့ပါ"



ဦးမြို့သည် အဖြေကိုမပေးသေး။ သူ၏နှစ်မဝမ်းကွဲများအား ကြင်နာစွာဖြင့် စူးစူးစိုက်စိုက်ကြည့်နေလေသည်။

"မောင်ကြီးမြို့ရယ်၊ ကျုပ်မှာလည်း ကလေးတွေနဲ့မို့ ဖြစ်နိုင်ရင် ထန်းပင်တစ်ဝက်ကို ခွဲပေးပါ မောင်ကြီးရယ်နော်. . . မောင်ကြီးကို ရှိခိုးဆိုလည်း ရှိခိုးပါမယ်တော်. . ."

အရီးမမေသည် တစ်ဆင့်တိုး၍ အရေးဆိုပြန်လေတော့၏။

"သွားစမ်းမိထွား အနောက်ပိုင်းကို၊ ကိုကြီး ကိုပါစိုကို ခေါ်လာခဲ့၊ အခုချက်ချင်းလိုက်ခဲ့ပါလို့"

ဘကြီးကိုပါစိုရောက်ရှိလာသောအခါတွင် ညီအစ်ကို မောင်နှမများ ရှေးရှေးနောက်နောက် စဉ်းစားတွေးခေါ် မြော်မြင်ကြကာ ထန်းတစ်ဝက်ပေးလိုက်ခြင်းဖြင့် ထန်းလုပွဲပြီးခဲ့သည်ဟု ဆိုပါသတည်း။

နောက်တစ်ခါ ထန်းလုပွဲသည် သန်းပင်ယာအရှေ့ခရီး၌ ဖြစ်၏။ ထိုယာခင်း၌ သန်းပင်တော့မရှိချေ။ ရှားတောလေးသည် ရေကန်ငယ်၏ဘေးရှိဖွတ်ချေးမြေတွင် ပေါက်ရောက်လျက်ရှိသည်။

ရွာမှ သန်းပင်ယာသို့ လမ်းသုံးသွယ်ဖြင့် သွားနိုင်သည်။ ရွာဦးရေကန်၏ ဆည်လာအမြောင်လမ်းအတိုင်းသွားလျှင် ကြက်ကန်ရိုးသို့ကျော်ပါကရောက်သည်။ မြောက်ဘက်လမ်းဖြစ်၏။ ကြက်ကန်ဦးချောက်တောတွင် ဂုံပင်များရှိ၍ ဂုံရွက်ခူးသွားတတ်ကြသည်။

ဗိုလ်ကုန်း-စန်းကန်ခြေလျင်သွားလမ်းသည် အလယ်လမ်း ဖြစ်၏။ ဖြတ်လမ်းဖြစ်၍ ယာနှစ်ခင်းသာလျှင် ဖြတ်ရသည်။ လူသာလျှင် ယာခင်းရှင်မှ အဖြတ်ခံသည်။ နွားလှည်းမဖြတ်ရပေ။

တောင်ဘက်ဆုံးလမ်းမှာ သစ်ညိုတန်းမှ သလင်းကုန်းကို ဖြတ်၍ လေးရွာကန်ဦးမှသွားသော စန်းကန်သို့သွားသည့် လှည်းလမ်းဖြစ်သည်။ ဝါဆိုလဖြစ်၍ ဦးမှတ်ကြီး၊ ဒေါ်ရင်တို့သည် သန်းပင်ယာတွင် ပဲနောက် (ပဲတီစိမ်း) စိုက်ကြမည်ဖြစ်၏။

စနေမိုးသည် စွေ၍နေသည်မှာ ငါးရက်ကြာလေပြီ။

“မစော- သမီးရေ၊ အဖေတို့သန်းပင်ယာ သွားကြမယ်. . . ပဲတီစိမ်းစိုက်ရအောင်”ဟု ခေါ်ပြီးလျှင် ဦးမှတ်ကြီးတို့သားအဖ ရွာမှထွက်ခဲ့ကြ၏။

“အဖေ. . . ဟိုမှာကြည့်ပါဦး(အုံး) သပွတ်ပင်ကြီးလဲနေပြီ။ ဒေါ်မြအုံးတို့ ခုတ်၊ ထစ်၊ ဖျင်နေတာ တွေ့လားအဖေ”

“အေး၊ အေး. . . ဟုတ်ပေသားပဲ”

ထိုသပွတ်ပင်လဲသည့်ကိစ္စမှ စတင်ခဲ့သည်။ ကျေးရွာပြည်သူ့ ကောင်စီဝင် ဦးအောင်သန်း၏အိမ်တွင် သန်းပင်ယာအရှေ့ခရိုးရှိ ထန်းပင်၊ ရှားပင်များခွဲဝေရန် ဖြစ်လာတော့သည်။ ဒေါ်ရင်၏အစ်မ ဒေါ်ဂျမ်းနှင့် ဒေါ်မြအုံးတို့ ကိုယ့်ဘက်သူ့ဘက် အပြန်အလှန် ပြောကြဆိုကြသည်။ နောက်ဆုံးတော့လည်း တစ်ကျောင်း တစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်း ကိုယ့်အရပ်နှင့် ကိုယ့်ဇာတ်၊ ကိုယ့်ရပ်ဆွေရပ်မျိုးများသာဖြစ်ကြ၍ တစ်ယောက် တစ်ဝက်နည်းနှင့် ပြီးလေသတည်းဟူလေသည်။

၁၉၉၀ ပြည့်နှစ် ဆိပ်ဖြူမြို့နယ်တွင် နိုင်ငံတာဝန်ထမ်းဆောင် စဉ်က ဖြစ်သည်။

မမလှသီ၏ခင်ပွန်း ဦးအောင်ငွေသည် စဉ့်ကူကုက္ကိုချောင်း ရွာမှ ဆိပ်ဖြူသို့ရောက်ရှိလာခဲ့၏။ စဉ့်ကူသည် မန္တလေးတိုင်း



ဒေသကြီးကြားတွင် မကွေးတိုင်းဒေသကြီး ချောက်မြို့ခြားသည်။ စက်လှေဖြင့် ဧရာဝတီမြစ်ကိုကျော်ဖြတ်လျှင် ဆိပ်ဖြူမြို့သို့ အလွယ်တကူ ရောက်သည်။

ညောင်ဦးမြို့နယ်တရားရုံးတွင် သံဇတ်တောရှိယာမှ ထန်းတောတရားမမှု ရင်ဆိုင်နေရသည်ဟုဆို၏။ တရားပြိုင် များသည် အရှေ့ပိုင်းမှ ကိုစိန်မောင်တို့ဖြစ်၏။ မမလှသီတို့က ယာကိုရောင်းစားသော်လည်း ထန်းပြန်ရချင်နေသတဲ့။ ထိုတရားမမှုတွင် မမလှသီတို့အမှုရှုံးလေသည်။

ထန်းပင်ကို ပိုင်ရှင်၏ခွင့်ပြုချက်မရှိ ခုတ်လှဲပါလျှင် ရာဇဝတ်မှုဖြင့် တရားစွဲခံကြရမည်ဟု ညောင်ဦးမြို့နယ် အနောက်အုံ့ရွာသားသူငယ်ချင်း ဥပဒေအရာရှိ ကိုထွန်းခင် (ဒုတိယညွှန်ကြားရေးမှူး-ငြိမ်း)က ပြောပြသည်။

“မနေရလို့ သေကြတဲ့အခါ
ကိုယ့်နောက်ကိုကား
ဘာများပါမှာ၊
ပစ္စည်းဟူက မြူမျှမပါ၊
ကိုယ်ပြုထားကံများ
ကိုယ်နောက်ပါ. . . ။

လောဘ၊ ဒေါသ၊ မောဟတည်းဟူသော (၁၁) မီးများ နည်းပါးစွာဖြင့် လူ့ဘဝအားအေးချမ်းစွာဖြင့် ဖြတ်သန်း နိုင်ကြပါစေသတည်း။

*****

## ထန်းဦးနှောက်

**ပြုဗ္ဗသာဋ် ကြယ်ထွန်းလို့၊ လဝန်းတဲ့သော်တာ။**
**သည်ချိန်ကို ယုဂန်ဖျားက၊ နှစ်ပါးရောင်ခြည်စိုက်၊**
**လင်းခိုက်မို့သာ။ ရနံ့ငယ်ဖြာ၊ ညှာတံကင်ဖူး၊**
**ပုန်းညက်ကယ်ခိုင်ပင်မင်းက သင်းပျံ့ပျံ့ကြူး။**
**(ဖိုးသူတော်ဦးမင်း)**

ဝါဆိုလသို့ ရောက်ချေပြီ။ သန္တေ-တောထွက် ဓမ္မစက် ဟောမြွက်လဝါဆိုဟု သင်္ကေတပြုနေကြသည်။

(က) မဟာသက္ကရာဇ် ၆၇ ခုနှစ်၊ ဝါဆိုလပြည့် ကြာသပတေးနေ့တွင် ဂေါတမရှင်တော်ဘုရား ပဋိသန္ဓေယူတော်မူခဲ့သည်။

(ခ) မဟာသက္ကရာဇ် ၉၇ ခုနှစ်၊ ဝါဆိုလပြည့် တနင်္လာနေ့တွင် ဘုရားလောင်းသိဒ္ဓတ္ထမင်းသား တောထွက်တော် မူခဲ့သည်။

(ဂ) မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ဝါဆိုလပြည့် စနေနေ့တွင် ဓမ္မစကြာတရားဟောတော်မူခဲ့သည်။

ဘာလိုလိုနှင့် အစ်မကြီးဒေါ်ဂျမ်း ရွာတွင်သေဆုံးသွားသည်မှာ နှစ်လရှိတော့မည်။ ရွာ၏အရှေ့ဘက် မြေနီရွာ-ဗိုလ်ကုန်းရွာ-ကြီးနီရွာ-ရွာငယ် (ပြည့်ပင်) သွားသည့်လမ်းတွင် နွားအုပ်များ၊





ဆိတ်အုပ်များမောင်းသွားကြ၏။ ဆိုင်ကယ်သံများသည် အဆက်မပြတ်တော့ချေ။ နွားစာပဲရိုး၊ ထန်းသီးနှင့် မြက်များ တင်ဆောင်လာသည့်လှည်းများသည် တအိအိနှင့် မောင်းနှင် သွားလာနေကြသည်။

"အဒွေး"

ကိုသီဟသည် အဒေါ်(အဒွေး) ကိုခေါ်လေသည်။

"ဟိုတောင်သဲစောင်းနားမှာ ကိုချစ်ရှိန်တို့ထန်းပင်တွေကို လှဲခုတ်နေကြတယ်တဲ့၊ ဆိုင်ကယ်နဲ့သွားကြည့်မှာ၊ အဒွေးလည်း လိုက်ချင်လိုက်ခဲ့ပါလားဗျ"

"အေး. . . အေး. . . လိုက်မယ်ကွာ၊ သွားကြစို့"

ပြောပြောဆိုဆိုနှင့် တူအရီး ဆိုင်ကယ်စက်နှိုးပြီး ဝူးခနဲ ရွာမှ ထွက်ခဲ့ကြသည်။

ဒီနှစ်မိုးဦးလေဦးက အဆင်ပြေသည်။ မိုးကသဲသဲမဲမဲ မရွာချသေးသော်လည်း တဖွဲဖွဲကတော့ရွာချေသည်။ မိုးမပြတ်၍ စိုက်ထားပျိုးထားသော မြေပဲပင်ကလေးများက စိမ်းတမြမြ၊ နှမ်းလျှင်ပင်များသည် ငယ်ပင်ငယ်သော်လည်း လေယူရာတိမ်း၍ ယိမ်းနွဲ့နေကြသည်။

တောင်ချောင်းကလေးကိုကျော်၍ အမြောင်လမ်းကိုဖြတ်ပြီး မီးရထားလမ်းဘောင်ပေါ်မှ ဆိုင်ကယ်ကလေး ကွေ့ချလိုက်လေပြီ။

"ဝုန်း" "ဖုန်း". . . . . . . ။

"အောင်မယ်လေး. . ဘုရား. . . ဘုရား. . ၊ ဘာသံကြီးလဲ ကိုသီဟရ"

"အဲဒါကိုချစ်ရှိန်တို့လှဲတဲ့ထန်းပင် လဲကျသွားတဲ့အသံပေါ့ဗျ။ အဒွေးရဲ့"

ကိုသီဟသည် ပြောစကားဆုံးလျှင်ပင် ဆိုင်ကယ်ကို ရပ်လိုက်တော့သည်။

တွေ့ရပါပြီ၊ ကိုချစ်ရှိန်တို့အဖွဲ့ ရေသောက်၍အမောဖြေနေကြဟန်တူလေသည်။ သူတို့၏ဘေးခပ်လှမ်းလှမ်းတွင်မူ ခုတ်လှဲထားသည့်ထန်းပင်ကြီးက အပင်လိုက်တုံးလုံးကြီး အခြေမှ လဲကျလျက်ရှိချေ၏။ နှမြောစရာ။ သနားစရာလိုလိုပင်။

ကိုချစ်ရှိန်တို့အဖွဲ့သည် စန်းကန်ရွာမှဖြစ်ကြသည်။ သဲစောင်းမှာ ဗိုလ်ကုန်းရွာနှင့် ကြီးနီရွာအကြား၌ရှိသည်။ မန္တလေးတိုင်းဒေသကြီး နှင့် မကွေးတိုင်းဒေသကြီး၏အစပ်ဖြစ်သည်။ ရွာအခေါ်မှာ နယ်ခြားဖြစ်သည်။ ထိုနေရာရှိမြေကြီးများမှာ မြေသားနည်း၏။ သဲများသည်။ လေပြင်းတိုက်သည့်အခါ နာနတ်ရိုင်းပင်များအခြေတွင် လေနှင့်အတူပါလာသည့်သဲများ စုပုံ၍ ကျရှိပြီးလျှင် သဲထူထပ်၍သဲစောင်းဟု အမည်တွင်ပါသည်။ နေပူရှိန်ပြင်းသောအခါများ၌ကား သဲထူ၍ အလွန်မြေပူသောနေရာများဖြစ်ချေသည်။

ကိုချစ်ရှိန်တို့အဖွဲ့သည် လေးပင်၊ သုံးပင် အိမ်တစ်လုံး အတွက် ထန်းပင် ၁၃ ပင် ခုတ်လှဲကြရသည်ဟုဆိုပါသည်။ ထိုထန်းပင်မှထွက်သော ထန်းသားများကို ထုပ်လျောက်ဒိုင်းမြားတန်း စသဖြင့် တိုင်မပါအသုံးပြုကြသည်။

| | | |
|---|---|---|
| ထန်းတစ်ပင်လျှင် ဝယ်ယူရသည့်တန်ဖိုး | = | ၁၀၀၀၀ိ/- |
| ထန်းပင်(၁၃)ပင်အတွက်ထန်းပင်ဖိုး | = | ၁၃၀၀၀၀ိ/- |



| | | |
|---|---|---|
| ထန်းတစ်ပင်ခုတ်လှဲ | = | ၁၅၀၀၀ိ/- |
| ထန်း(၁၃)ပင်အတွက်ကုန်ကျငွေ | = | ၁၉၅၀၀၀ိ/- |
| စုစုပေါင်းကုန်ကျမည့်တန်ဖိုးငွေ | = | ၃၂၅၀၀၀ိ/- |
| သစ်မာပေါက်ဈေးဖြင့် | = | ၈၀၀၀၀၀၀ိ/- |
| သစ်တန်(၁၀)တွက် | | |
| ယခုဆောက်(မြို့) သံပင်ဈေးဖြင့် | = | ၇၅၀၀၀၀၀ိ/- |

မြို့ပေါ်တွင် အုန်းပင်ခုတ်လှဲနေသူများကို အုန်းတစ်ပင် ခုတ်လျှင် (၃၀၀၀၀ိ) ပေးရသည်။ အုန်းပင်ခုတ်သူများသည် ပတ်ဝန်းကျင်နေအိမ်အခြေအနေကိုလိုက်၍ တစ်ဖြတ်ချင်း တစ်ပိုင်းချင်း အပေါ်မှစ၍ခုတ်ချကြသည်။ နောက်ဆုံးမှ အခြေမှ ပိုင်း၍ခုတ်ကြသည်။ စက်ဖြင့်ခုတ်ကြသည်လည်းရှိကြသည်။ အုန်းပင်လှဲသကဲ့သို့ ထိပ်မှဖြတ်ချပြီးလျှင် တဲဆောက်ရန်အတွက် ပေအတိအကျတိုင်းပြီး ထန်းပင်လုံးကို ဖြတ်၍သုံးကာ ယာယီ တဲကြီးကို ထန်းတိုင်၊ ထန်းတန်း၊ ထန်းရွက်မိုးဖြင့် ဆောက်လုပ် နေခဲ့ကြသည်။

သစ်ဈေး၊ သံဈေးများကြီးမြင့်သောကြောင့် ထန်းသားများကို လွယ်လင့်တကူ ရရှိအသုံးပြုပါလျှင် ထန်းပင်များကုန်ပါချေတော့မည်။ ထန်းတစ်ပင်ဖြစ်ဖို့ရန် နှစ်ချီ၍ကြာလေသည်။ ထန်းတစ်ပင်ခုတ်လှဲခြင်းက နာရီပိုင်းမျှသာ အဖိုးတန်ရတနာ ထန်းပဒေသာပင်များကို ထိန်းသိမ်းရန်လိုအပ်ပေတော့သည်။

"အဒွေး. . . အလည်လာခဲ့သလား. . . "

ကိုချစ်ရှိန်က ခရီးဦးကြိုပြုရှာသည်။

"ကိုသီဟ. . . မင်းရော ထန်းဦးနှောက်စားဦးမလားကွ"

ကိုချစ်ရှိန်သည် ဓားမထက်ထက်ဖြင့် ထန်းပင်၏လည်ပင်းဇက်နေရာကို ခွဲဖြတ်သည်။ သူ၏အပေါင်းအသင်းများသည် ထန်းလက်၊ ထန်းရွက်များကို ခုတ်ကြဖြတ်ကြ၏။ ထန်းဖူးနုနုကလေးများ၏အောက်ခြေတွင် အလွန်နူးညံ့လှသော ထန်းဦးနှောက်ရှိသည်။ ထန်းဦးနှောက်သည် အနည်းငယ်မာမာဆတ်ဆတ်ကလေးဖြစ်သည်။ များများစားပါက ထန်းရည်ကဲ့သို့ မူးသောအရသာရှိသည်။ အဝါနုနုအရောင်လေးဖြစ်၏။

ထန်းဦးနှောက်ကို အခြောက်ခံ၍ ပျားရည်ဖြင့်စိမ်ထားပြီး စားသုံးပါလျှင် သက်ရှည်ကျန်းမာ (သက်ရှည်ဆေး) သည်ဟု ဆိုပါသည်။

လူသားသည် ဦးနှောက်သွေးကြောပြတ်ပါက အသက်သေဆုံးရ၏။ ထို့အတူပင် ဦးနှောက်မရှိသောထန်းပင်သည်လည်း အခက်အလက်မထွက်နိုင်တော့ပါ။

ဝမ်းနည်းစရာကောင်းသည်မှာ ဓားထက်ထက်ဖြင့် ထန်းသားညီအောင်ဖျင်နေသည့်ဘေးတွင် ကပ်လျက် တိုက်တိုက်ဆိုင်ဆိုင် ထန်းပင်ပေါက်စနောက်ထကလေးကို မြင်ရခြင်းပင်ဖြစ်သည်။ ထိုပင်ပေါက်ကလေး ရှင်သန်လာစေအောင် ရေရှည်လုပ်ငန်းစဉ်အဖြစ် စဉ်ဆက်မပြတ် စီမံဆောင်ရွက်ထိန်းသိမ်းနိုင်ကြပါမည်လော။

ထန်းပင်တစ်ပင်ဖြစ်ထွန်းအောင် စိုက်ပျိုးမှုနှင့် ထန်းပင်ခုတ်ယူသုံးစွဲမှု အတိုင်းအတာပမာဏတို့ကို အချိုးကျတွက်ကြည့်လျှင် ထုတ်ယူသုံးစွဲမှုကများ၍ ထန်းတောများပြုန်းတီးပျက်စီးနေပါပြီဟု



မကွေးတိုင်းဒေသကြီး ပေါက်မြို့နယ်၊ သဖန်းချောင်းရွာမှ ကိုအောင်ဇော်ထွန်းက ဆိုပါသည်။

ယခုအခါ နိုင်ငံတစ်ဝန်း မြို့ပြချဲ့ထွင်လာခြင်း၊ စက်ရုံ၊ အလုပ်ရုံများ တိုးတက်လာခြင်း၊ မြေယာသစ်များ ဖော်ထုတ်လာခြင်းတို့ကြောင့် သစ်တောဧရိယာများ တဖြည်းဖြည်းကျဉ်းမြောင်း၍လာချေပြီ။ ထို့ကြောင့် ခုတ်လှဲရန်မသင့်သောအပင်များကို သတ်မှတ်ခြင်း၊ ခုတ်လှဲပြီးအပင်များအစားပြန်လည်၍ အစားထိုစိုက်ပျိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်ဟု လေ့လာသိရှိရလေသည်။

**ထန်းပင်များပါ၏လော**

ထန်းပင်သည် ရေတိုနှင့် ဖြစ်ထွန်းသော သစ်ပင်မျိုးမဟုတ်ချေ။ ရေရှည်အမြဲမပြတ် တောင်သူယာသမားမျိုးဆက်သစ်များက စိုက်ပျိုးနေရန်လိုအပ်လေသည်။ ထန်းပင်စိုက်ပျိုးခြင်းကို သစ်တောဦးစီးဌာန၊ အပူပိုင်းစိမ်းလန်းစိုပြည်ရေးမှ သားစဉ်မြေးဆက်ထိန်းသိမ်းလုပ်ကိုင်စားသောက်နေထိုင်ကြရကြောင်းကို ပညာပေးဆွေးနွေး၍နေပေပြီ။

နွားမအုပ်နှင့် ဝါငုတ်ကို မဖြုတ်ပါနှင့်ဟူ၍ ဆိုလေ့ရှိကြသည်။ တောင်သူများသည် နွားမများရှိနေလျှင် ခိုင်းနွားလည်းအစဉ်အဆက်မွေးဖွားရရှိ၏။ စားစရာမပူရ။ ဝါပင်မှ ချည်ငင်၍ရသောကြောင့် ဝတ်စရာမပူရ။ ထန်းပင်သာရှိနေသေးလျှင် နေစရာအဆောက်အအုံက အသေအချာရှိပြီးဖြစ်သည်။

ကိုယ့်အရပ်နှင့် ကိုယ့်ဇာတ် အေးအေးလူလူ ငြိမ်းငြိမ်းချမ်းချမ်းရှိလှသည်။ မိမိနိုင်ငံ မိမိမြေ၏ တန်ဖိုးသယံဇာတများ။

ယခုအချိန်မှာ နွားဈေးများက အသားဈေးတွင် အမဲသားသည် ထိပ်ဆုံးမှ၊ ခိုင်းနွားများ နိုင်ငံခြားခိုး၍ ပို့ကြသည်။ ဈေးကြီးမြင့်၍ နွားတစ်ရှဉ်းရင်းနှီးဖို့ခက်ခဲလေသည်။

တိုင်းရင်းဖြစ်ချည်ထည်များ ဖက်ရှင်ဖြစ်လာ၍ စိတ်ချမ်းသာရသည်။

ထန်းပင်များမှာမူ လိုက်ထရပ်ကားများပေါ်တွင် သုံးပေ၊ နှစ်ပေ စသည်ဖြင့် ဖြတ်ထားပြီး တင်ဆောင်၍သယ်ပို့နေကြပြီ။ ထန်းသားပါကေးများဖြင့် ပြည်တွင်းပြည်ပ အဆောက်အအုံများကို အလှဆင်နေကြသည်။ ထန်းပင်များ၏ဆုံးရှုံးမှုနှုန်းထားမှာ ရင်လေးစရာပါတကား။

မြန်မာပြည်အလယ်ပိုင်း မိုးနည်းရေရှားရပ်ဝန်းတွင် ဆူးပါသည့် ဆီး၊ ရှား၊ ထနောင်း၊ ဆူးဖြူပင်များအပြင် တမာ၊ မကျည်းပင်များသာရှိသည်။ ထန်းတောများကသာ သိသာစွာ ပေါပါ၏။ ထန်းပင်များကုန်ဆုံးပါလျှင် သဲကန္တာရဖြစ်သွားမည်ဟု ဆိုကြ၏။

"ဗျို့. . . အဒွေး. . . သိပ်ပြီး တွေးမနေပါနဲ့. . . "

"ပြန်ကြရအောင်. . . အဒွေးရောထန်းဦးနှောက်စားမလားလို့" ကိုချစ်ရှိန်က မေးနေတယ်။

"မစားတော့ပါဘူးလူကလေးတို့ရယ်. . . ထန်းဦးနှောက်ထက်မင်းတို့ငါတို့ လူသားအရင်းအမြစ် ဦးနှောက်တွေက ထန်းပင်ကို တန်ဖိုးထားနားလည်ရမှာပေါ့နော်"



"လုပ်အားခအတွက် ကိုချစ်ရှိန်တို့ လုပ်နေကိုင်နေကြရတာကို အဒွေးတို့ နားလည်ပါတယ်ကွယ်. . . . ဒါပေမဲ့. . . "

"မိုးတွေရွာတော့မယ်. . . . ပြန်ပြီနော်. . . . "

ကိုသီဟ၏ဆိုင်ကယ်သည် ဗိုလ်ကုန်းရွာလေးဆီသို့ ပြေးနေလေတော့သတည်း။

*****

# ရေကြီး မိုးခေါင်

**ထန်းပင်စိုက်ပါ**
**ဒို့ကျေးရွာ**
**သာယာလှပ စိမ်းမြမြ။**

ကျွန်တော့နာမည်က ထွန်းထွန်းဝင်းပါ၊ ဒါပေမဲ့ တစ်ရွာလုံး တစ်ဆွေမျိုးလုံးက ထွန်းထွန်းလို့ပဲခေါ်ကြပါတယ်။ မန္တလေးမှာ နေပါတယ်။ ကျွန်တော်လုပ်ကိုင်စားသောက်တာကတော့ မော်တော်ယာဉ်ကြီးနှင့် သယ်ယူပို့ဆောင်ပေးခြင်းပါပဲ။

မွေးရပ်ဌာနေဇာတိမြေကို ဂုဏ်ပြုဂုဏ်ယူတဲ့အနေနဲ့ ကျွန်တော်ပိုင်တဲ့ ၁၀ ဘီးကားကို ဗိုလ်ကုန်းသားလို့ နာမည်ပေးထားပါတယ်ခင်ဗျာ။

ပြည်ထဲရေးဝန်ကြီးဌာနရဲ့မြေပုံမှာတော့ ဘိုကုန်းရွာတဲ့။ ဗိုလ်ဆိုတာကတော့ သဒ္ဒါဗိုလ်၊ ဝီရိယဗိုလ်၊ ပညာဗိုလ်စတဲ့ ဗောဓိပက္ခိယတရားများနဲ့ ပိုပြီးညီညွတ်တာပေါ့နော်. . . . . ။

ဒီနှစ် ၁၃၇၇ ခုနှစ် ဝါဆိုလပြည့်ကျော် ၇ ရက်က ကျွန်တော့်သူငယ်ချင်း အောင်သက်နိုင်နဲ့အတူ ရွာကို ခေတ္တပြန်ခဲ့ကြပါတယ်။ တစ်ရွာလုံးက သူ့ကို ကိုပုလို့လည်း ချစ်ခင်ဖွယ်ရာ သိထားကြပါသေးတယ်။ ကိုပုက ပုသိမ်ကြီးမြို့နယ် သစ်တောဦးစီးဌာနမှ အစိုးရဝန်ထမ်းတစ်ဦး။ သူရဲ့အစ်ကို အစ်ကိုကြီး





ဦးမြင့်အောင်က အပူပိုင်းစိမ်းလန်းစိုပြည်ရေးဦးစီးဌာနက ညွှန်ကြားရေးမှူး။ အခုတော့ အငြိမ်းစားပေါ့ ခင်ဗျာ. . . ။

ဝါဆိုလမှာ မိုးကမပြတ်တမ်းရွာပါတယ်။ မိုးတွေရွာ ရေကြီး၊ နိုင်ငံတစ်ဝန်း တိုင်းနှင့်ပြည်နယ် (၁၄) ခုရှိတာမှာ (၁၂) ခုက ရေဘေးဒုက္ခအကြီးအကျယ်ခံစားကြရပါတယ်။ ဒီသဘာဝဘေးအန္တရာယ်များကြောင့် နိုင်ငံတော်မှာ ထိခိုက်ပျက်စီးဆုံးရှုံးမှုပမာဏက ကြီးမားစွာဖြစ်ခဲ့ပါတယ်။ မူလအခြေအနေများသို့ ပြန်လည်ရောက်ရှိစေရေးအတွက် ဆောင်ရွက်ရာမှာ အခက်အခဲရှိတဲ့ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေပုဒ်မ (၁၁) အရ သဘာဝဘေးအန္တရာယ်ကျရောက်နေသောဒေသများအဖြစ် နိုင်ငံတော်သမ္မတရုံးက ကြေညာချက်အမှတ်- ၁/၂၀၀၅ ဖြင့် (၃၁-၇-၂၀၁၅) ရက်နေ့မှာ ကြေညာခဲ့ပါတယ်။

ကျွန်တော် အသက် ၄၀ ရှိပါပြီ။ တစ်သက်နဲ့တစ်ကိုယ် ခုတစ်ခါပဲကြားဖူးကြုံဖူး မြင်ဖူး တွေ့ဖူးရတာပေါ့။

ရေကြီးလို့မိုးခေါင် ဘာကြောင့်များဖြစ်ရတာလဲပေါ့။ ကျွန်တော်က လေ့လာမိပါသေးတယ်။ ၇-၈-၂၀၁၅ ရက်က ထုတ်တဲ့ THE VIOCE ဂျာနယ်ထဲမှာ ကယားပြည်နယ်မှာ မိုးကို မျှော်နေရတာတဲ့။ သစ်တောသစ်ပင်တွေကိုခုတ်ပြီး သစ်ထုတ်လုပ်မှုပမာဏများနေလို့ မိုးနည်းသွားတာပါတဲ့ ခင်ဗျာ. . . ။

ကမ္ဘာမြေထုကြီးဟာ ပိုပူလာပြီတဲ့၊ ပိုပူလာတာနဲ့အမျှ ရေခဲတွေကလည်းပိုအရည်ပျော်သွားပြီး လျော့ကျလာကြတယ်။ ကမ္ဘာမြေကြီးပေါ်က လူသားတွေကြောင့်ပါတဲ့။ လွန်ခဲ့တဲ့နှစ်ပေါင်း ၈၀၀၀ လောက်က ကမ္ဘာ့မြေဧရိယာရဲ့ ၅၆ ရာခိုင်နှုန်းခန့်ဟာ သစ်တောတွေဖုံးလွှမ်းခဲ့ပါတယ်။ ယခုအချိန်မှာတော့ ၃၀ ရာခိုင်နှုန်း အောက်ထိလျော့နည်းလာပြီ။ လွန်ခဲ့သောနှစ်ပေါင်း ၁၀၀ အတွင်းက အာဖရိကတိုက် အမေဇုန်သစ်တောကြီးကို ပြောင်သလင်း ဖြစ်လုနီးပါး ခုတ်လှဲခဲ့ကြသတဲ့။

သစ်တောသဘာဝသယံဇာတအရင်းအမြစ်ကြီးကို ရေရှည်တည်တံ့အောင် ဆောင်ရွက်ရမယ့်အစား တရားမဝင်ရော၊ တရားဝင်ပါ အလွန်အကျွံခုတ်ယူသုံးစွဲကြပါတယ်။ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်တွေထွက်လာပြီး ကမ္ဘာမြေကြီးက ပိုပြီး ပူနွေးလာတယ်၊ ရာသီဥတုကပြောင်းလဲပြီး ငလျင်နဲ့ဆူနာမီစတဲ့ သဘာဝဘေးအန္တရာယ်ကပ်ဆိုးတွေ အမျိုးမျိုးကြုံတွေ့ရတော့တာ ပါတဲ့ခင်ဗျာ။

ကမ္ဘာပေါ်မှာ အပူပိုင်းဒေသသစ်တောတွေဟာ အထူထပ်ဆုံးနဲ့ အကျယ်ပြန့်ဆုံးဖြစ်ခဲ့ပါတယ်။ သစ်တောတွေကို လယ်တွေယာတွေ စိုက်ရအောင် ခုတ်ထွင်ပြောင်းလဲပစ်ကြတယ်။ တရားမဝင် သစ်ခိုးထုတ်ရောင်းဝယ်ကြတယ်။ တောမီးလောင်တာတွေကလည်း ရှိတော့ သစ်တောတွေပျက်စီးပြုန်းတီးကုန်တာပေါ့။ သစ်တောတွေ နေရာမှာ တောင်ကတုံးတွေဖြစ်သွား၊ မိုးရွာတော့ ရေတွေက ဒလဟောအတားအဆီးမရှိ အရှိန်အဟုန်နဲ့စီးတော့တာပေါ့ဗျာ။ ချောင်းတွေမြောင်းတွေရေလျှံရေကြီးမှုရဲ့ အဓိကတရားခံက သစ်ပင်ခုတ်ခြင်းပါတဲ့. . . . . ။



ခုတ်ထားတဲ့သစ်ပင်တွေနေရာမှာ ဘယ်လောက်များ အစားထိုးပြီး စိုက်ပျိုးပြီးကြပါပြီလဲ. . . ။

နည်းနည်းပါးပါးလား. . . များများစားစားလား. . . ။

ကျွန်တော်နဲ့သူငယ်ချင်းအောင်သက်နိုင်တို့က ရွာကိုတန်းပြီး မပြန်သွားပါဘူး။ ချောက်မြို့ကို တောက်လျှောက်သွားခဲ့ပါတယ်။ ချောက်မှာသွားစရာလာစရာကိစ္စကြီးငယ် ဆောင်ရွက်ပြီးတော့မှ ချောက်. . . . ကျောက်တဲ. . . . အုံမြားကြီး . . . . . ပုတီးကုန်း။ ဖွံ့ဖြိုးရေးကျောက်ခင်းလမ်းက လာခဲ့ကြပါတယ်။

ချောက်ရေနံမြေက တောင်ကတုံးတွေပါ၊ ချောက်တောတွေပါ၊ ရွှေပုံတောင် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးတဲ့ ဆိုင်းဘုတ် ကလေးဟောင်းလှပါပြီ၊ တမာပင်၊ ကျွန်းပင်တွေက အနည်းအပါးနဲ့ပေါ့။ အနောက်ဘက်ဆီမှာတော့ ဧရာဝတီမြစ်ရေများအဖွေးသားပါ ခင်ဗျာ။

ပုတီးကုန်းဆရာတော်ကြီး ဘဒ္ဒန္တဦးသောမန သက်တော် ၉၁ နှစ်ကို ဝင်ရောက်ဖူးမြော်ကန်တော့ကြပါသည်။

ဆရာတော်ကြီးဟာ ရပ်ကျိုးရွာကျိုးကို မျှော်ကိုးပြီး ထောက်ပံ့နိုင်ခဲ့၊ ထောက်ပံ့နေဆဲဖြစ်ပါသည်။ ကျောင်းဝင်းအတွင်း မှာပဲ အစိုးရအလယ်တန်းကျောင်းလည်းရှိပါတယ်။

ဘုန်းကြီးကျောင်းအရှေ့ဘက် ယာတစ်ခင်းအကျော်မှာ မြေနီ-ဗိုလ်ကုန်းသွား လှည်းလမ်းမြောင်းကိုဖြတ်ကျော်ပြီး ကျွန်တော်တို့ သူငယ်ချင်းနှစ်ဦး ယာခင်းထဲမှာဖြတ်သွားတဲ့ ခြေသွားလမ်းကို လာကြပါတယ်။

"ဟေ့ကောင်. . . . ထွန်းထွန်း. . . "အောင်သက်နိုင်က ခေါ်ပါတယ်။

"ဘာလဲကွ. . . မင်းကလည်း၊ အထိတ်တလန့်နဲ့. . . "

"သွားပါပြီကွာ. . . ကုန်ပါပြီ. . . . ထန်းလုံးတွေ တင်ထားခဲ့ထားတာ မြေနီရွာခြေနားမှာလေ. . . မင်းမြင်ဘူးလား။ ထန်းတောတွေတော့ ဒီပုံဒီနည်းဆိုရင်တော့ ပြုန်းကုန်တော့မယ် မောင်ရေ. . . "

"ဟုတ်ပါရဲ့ကွာ မြေနီကရွာကလည်းကြီးကြီးလာတယ်"

မြောက်ဘက်မှာကလည်း 'သဲချောင်းကြီး' က ညောင်ဦးမြို့နယ်မှာတော့ အကျယ်ဆုံးပဲတဲ့။ တို့မြို့နယ်မှာ (၅၅) ချောင်းရှိတာတဲ့။ အေး ကြုံလို့ မင်းကိုငါတို့သစ်တောဦးစီးဌာန သစ်တောကျောင်း (ပြင်ဦးလွင်) က သင်တန်းမှာသိရတာပြောပြဦးမယ်။

လွန်ခဲ့တဲ့ဆယ်စုနှစ်သုံးခုလောက်က အင်္ဂလိပ်ပညာရှင်တစ်ယောက်ပြောတယ်တဲ့။ မြန်မာပြည်အလယ်ပိုင်း မိုးနဲရေရှားတို့ဒေသများဟာ ရာစုနှစ်နှစ်ခုသုံးခုအတွင်းမှာ သဲကန္တာရဖြစ်သွားမယ်တဲ့. . ။

အစ္စရေးပညာရှင်က ကန့်ကွက်တယ်။ ဒါကြီးဘယ်သွားထားမှာလဲဆိုပြီး ဧရာဝတီမြစ်ကြီးကို လက်ညှိုးညွှန်သတဲ့ဗျား။

ဒါန်းရွာ၊ တောင်ဘီလေး၊ တက်ယာကုန်း၊ ကျွန်းဘိုကန်၊ ပျဉ်းချောင်း၊ မြေနီ၊ အုံမြားကြီး၊ ရေတွင်းကြီး စတဲ့ ဒီသဲချောင်းကြီးဘေးမှာရှိတဲ့ရွာတွေကို ဒီသဲမြေမှာစိုက်နိုင်အောင် ကြိုးစားနိုင်ကြရင် ကောင်းမှာပဲပေါ့။



သဲကန္တာရလောက်တော့ သဲချောင်းက မပူနိုင်လောက်ဖူးပေါ့နော်။ သဲကန္တာရထဲမှာ ရေဝယ်သောက်နေရတဲ့ အစ္စရေးတိုင်းပြည်ဟာ ကြိုးစားပြီး စားသုံးသီးနှံပင်စိုက်လိုက်တာ ပြည်ပတောင်တင်ပို့နေရတယ်။ အာဖရိကသဲကန္တာရထဲက အင်ဂိုလာနိုင်ငံမှာလည်း အစ္စရေးအကူအညီနဲ့ စားသုံးသီးနှံစိုက်တာဖြစ်ထွန်းလို့ ပြည်ပတောင်တင်ပို့နေပြီ၊ ရေခံမြေခံကောင်းတဲ့ တို့တိုင်းပြည်မှာ စိုက်ချင်တဲ့အပင်စိုက်ပါ အကုန်ဖြစ်ထွန်းတယ်။ ဂရုစိုက်ဖို့တော့ လိုတာပေါ့ကွာ။ စိုက်ပြီးတော့ ပစ်ထားရင်တော့ အပင်သေသွားမှာပေါ့။

လူတော်လူကောင်းဖြစ်ဖို့ကို ဂရုစိုက်ရသလိုပါဘဲ။

သစ်ပင်ကလည်း လူလိုပဲ၊ သူ့ဂရုစိုက်မှ ဖြစ်ထွန်းတာပေါ့။

အေးကွာ. . . . မင်းပြောပြတာတွေ နားထောင်ရတာကောင်းလှတယ်. . . . ။

မနက်ဖြန် တို့ရွာဘုန်းကြီးကျောင်း သီလယူပြီးရင် သူငယ်ချင်းက လူတစ်ယောက် သစ်တစ်ပင်စိုက်ပျိုးကြလျှင်ဆိုပြီး ပြောပြနိုင်ရင်သိပ်ကောင်းမှာပဲ။ အနည်းဆုံးတော့ ထန်းပင်စိုက်ပါလို့။

အေးကွာ ကောင်းတယ်။ ရွာတံခါးလည်းရောက်ပြီ၊ ငါကမြောက်ပိုင်း၊ မင်းကတောင်ပိုင်းသွားမှာ၊ လမ်းခွဲပြီဟေ့၊ မနက်ဖြန်မှ ကျောင်းမှာဆုံကြမယ်။

ရွာတံခါးဝဝင်ဝင်ချင်း တောင်ဘက်သွားတဲ့လမ်းကို ချိုးလိုက်ပါတယ်။ အိမ်နှစ်အိမ်ကျော်လိုက်တော့ ကျွန်တော့်ရဲ့ရွာက အမေ့အိမ်ကို ရောက်ပါပြီခင်ဗျား. . . ။

အမေနဲ့ညီလေးကိုသီဟက အပြုံးများလှိုင်လှိုင်နဲ့ ဆီးလို့ကြိုကြပါတယ်။ ကျွန်တော်အိမ်ရှေ့ ခုတင်မှာထိုင်ပြီး အိမ်ခြံဝင်းကို မျက်လုံးဝေ့ကြည့်လိုက်တယ်. . . .။

အိမ်ရဲ့အရှေ့ဘက်ထန်းလပတ်ဝင်းထရံအခြေမှာ ကျွန်းပင်နှစ်ပင်၊ လျှော်ဖြူပင် နှစ်ပင် စိုက်ထားတယ်။ မြောက်ဘက်ဝင်းထရံမှာလည်း အတူတူပဲစိုက်ထားတာကို တွေ့မြင်ရပါတယ်။

"ညီလေးရေ. . မင်းစိုက်ထားတဲ့အပင်တွေက ရတနာတန်းဝင်သစ်ပင်တွေပါလား. . .။ မင်းဒီပျိုးပင်တွေကို ဘယ်ကရခဲ့သလဲကွ. . . ."

"ဒီလိုဗျ. . . အစ်ကိုရ. . .

ကျွန်တော်တို့ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ဝက်ကြီးအင်းရွာအနီးက 'မြစည်းခုံ' ပျိုးဥယျာဉ်မှာ မိုးရာသီအမီ သစ်ပင်စိုက်ပျိုးနိုင်ဖို့ မြို့နယ်သစ်တောဦးစီးဌာနက အနီးကပ်ကြီးကြပ်ပြီး သစ်ပင်ပေါင်းစုံပျိုးထောင်ခဲ့ပြီး ရပ်ကွက်ကျေးရွာများသို့ အခမဲ့ဖြန့်ဝေပေးခဲ့ပါတယ်. . .။

ဒီနှစ်မှာ ပြည်သူလူထုအင်အားသုံးအခြေပြုပြီး အမှန်တကယ်စိုက်ပျိုးလိုသူများ၊ သစ်ပင်ချစ်တတ်သူများထံအရောက် ဖြန့်ဝေပေးအပ်လျက်ရှိပါတယ်။ ပျိုးပင်ပေါင်း ၁၇၀၀၀၀ ပျိုးထားတာတဲ့ သစ်ပင်အမျိုးအစားတွေကတော့ လျှော်ဖြူပင်၊ ယူကလစ်ပင်၊ ကျွန်းပင်၊ ယင်းမာပင်၊ တမာပင်၊ ကုက္ကိုပင်၊ ဝါးပိုးဝါးပင်၊ ကျခတ်ဝါးပင်များ ပါရှိတယ်။ ယူကလစ်ပင်ကို ကျေးရွာတိုင်း မစိုက်မနေရ တစ်ရွာကိုတစ်ဧကလောက် စိုက်စေပါတယ်လို့ ပျိုးပင်တာဝန်ခံ ဦးကြည်ဟန်က ပြောပြလိုက်သေးတယ်ဗျ. . ."



"ဟင်. . . . ငါတို့ရဲ့ထန်းပင်လည်း မပါပါလားကွာ. ."

"ဟာ အစ်ကိုကလည်း ကျွန်တော်တို့ထန်းပင်က မိရိုးဖလာ စိုက်ကြတာပဲဗျာ။ ဒီအပင်တွေကတော့ သစ်တောကပေးလို့ရတာပါ။ ကျွန်တော်တို့ရွာလိုပဲ ချောက်ကန်၊ ယန်းဆန်း၊ ပုဂံမြို့သစ်၊ ဆင်သားမွေး၊ စဥ့်ကူ၊ ကြအို၊ ရှင်မိန်ရွာတွေလည်း အခမဲ့ယူသွားကြပြီလေ။ အမှတ် (၄၁၅) စစ်တပ်ကလည်း ဒီနှစ်မိုးရာသီ သစ်ပင်စိုက်ပွဲလုပ်မှာတဲ့၊ ကျွန်တော်တို့အရင်ယူသွားကြတယ်တဲ့. .။

ကျွန်တော်တို့က စိုက်ပျိုးစရိတ်ဘဏ်ငွေထုတ်ရင်းနဲ့ ရွာကကားနဲ့သွား အပြန်ဝင်ပြီးသယ်လာခဲ့ကြတာ. . ."

"မင်းတို့က ဘယ်နားမှာစိုက်ကြမှာလဲ"

"ရွာဘုန်းကြီးကျောင်းဝင်းပတ်လည်၊ စာသင်ကျောင်းပတ်လည်နဲ့ ရွာဦးစက်ရေတွင်းပတ်ချာလည်မှာ စနစ်တကျစိုက်ပျိုးကြမှာပါ အစ်ကိုရ. . ."

ကျွန်တော်က ညီလေးသီဟကို ပြောလိုက်ပါတယ်။

"စာသင်ကျောင်းနဲ့ကန်ဦးယာကြားခရိုးမှာ မင်းကတော့ ၁၀ ပေခြားပြီး ထန်းပင် ၃၀ စိုက်လိုက်ပါညီလေးရာ၊ တောင်မြောက်တန်းတန်းမတ်မတ်ကလေးဆိုရင် စာသင်ကျောင်းနဲ့လှနေမှာပဲကွာ. . ."

အမေဒေါ်ရင်ကတော့ သူ့သားများပြောနေတာကို ပြုံးပြုံးကြီး ကြည့်နေပါတယ်ခင်ဗျာ. . .။

*****

## မိုးခေါင် ဆင်နင်း

**ဦးကင်းပန်းကုံး၊ စွယ်ဖုံးလျှနစ်၊ သရစ်စီစီ**
**လရေးညီလျက်၊ လှမ်းချီယာပေါက်၊ ရှေ့နောက်ထပ်မျှ**
**သည်မသည်ရံ၊ မင်းစံဂီဝါ၊ သန္တာလိုလို**
**နဂိုရေသား၊ ပိုင်းခြားပြတ်လျှပ်၊ ဆေးဒန်းကပ်သို့**
**ဖိနပ်ဖဝါး၊ ရောင်ပြားဖြူးဖြူး၊ တန့်လူးလုလင်**
**နေ့နှယ်ထင်၍၊ အပြင်ပုနှော၊ အပြောပြန့်ပြန့်**
**လင်ပန်းသဏ္ဍာန်၊ လုံးဖန်လည်ရေး၊ အားမေးခံတွင်း**
**စွယ်ရင်းပေါ်ပေါက် . . .**

**(ဝက်မစွပ်မြို့စား မင်းနဝဒေး)**

ဆင်သည် ရတနာတစ်ပါးဟု မြန်မာများခံယူမှတ်သားကြ၏။ ပုဂံပြည့်ရှင်အနော်ရထာမင်းကြီးသည် သန်မြန်စွာဟု အမည်တွင်သော ဆင်ဖြူတော်အပါအဝင် ဆင်တပ်ကြီးကို ပိုင်ဆိုင်ခဲ့သည်။ နရသီဟပတေ့မင်း၏ ဆင်တပ်မဟာကို တရုတ်တို့သည် လွန်စွာအံ့သြခဲ့ကြလေသည်။ ရေမြေတော တောင်သဘာဝများ၊ ရာသီဥတု ကောင်းမွန်၍ ဆင်သတ္တဝါ ပေါများခဲ့လေသည်။

ကုန်းဘောင်ခေတ် ရတနာပုံနေပြည် မန္တလေးမြို့အနီး ပုသိမ်ကြီးမြို့နယ်တွင် ဆင်တပ်များ စခန်းချရပ်တည်သော





နေရာများကို ဆင်ရွာကြီး၊ ဆင်ပွတ်ကြီး၊ ဆင်ပွတ်ကလေးရွာများ အဖြစ် ယခုတိုင် ထင်ရှားရှိသည်။

ဆင်သည် တစ်နာရီလျှင် ၁၅ မိုင်မှ မိုင် ၃၀ အထိ သွားလာနိုင်သည်။ ဆင်တွင် မျက်စိလည်ရိုးထုံးစံမရှိဟုဆိုသည်။

ပဲခူးရိုးမမှ တောဆင်ရိုင်းခြောက်ကောင်သည် ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်၊ နံနက် ၆ နာရီတွင် နတ်မောက်မြို့နယ် ရွှေနတ်ကယ်တောင်သို့ ရောက်ရှိ၍လာခဲ့သည်။ မိတ္ထီလာမြို့နယ်နှင့် တောင်သာမြို့နယ်များကိုဖြတ်၍လာကြသည်။ ပုပ္ပါးတောင်ဘက်သို့ သွားမည့်ဟန်ပြုခဲ့သည်။ သို့သော် ဩဂုတ်လ ၂၄ ရက်တွင် ညောင်ဦးခရိုင် ငါ့သရောက်မြို့နယ်သို့ လှည့်ဝင်လာတော့သည်။

ကန်တိန်ရွာမှ အသက် ၆၅ နှစ်အရွယ် အမျိုးသားတစ်ဦး တောထိုင်နေသည်ကို တောဆင်ရိုင်းအုပ်က ဝင်တိုးသွားခဲ့၏။ ကံကောင်း၍ အသက်မသေခဲ့ချေ။ ထို့နောက် ညောင်ဦးမြို့ တောင်ဘက် တောင်ဇင်းတိုက်နယ်အတွင်း ဝင်ရောက်လာသည်။ တောဆင်ရိုင်းများကို တချို့ကကြောက်ကြ၏။ တချို့ရွာသားများသည် အရဲကိုးကပ်ကြည့်ကြသည်။ ဓာတ်ပုံရိုက်ကြသည်။ အသံပြုကြသည်။

သို့သော် ဆင်များက ရန်မပြုသေး။ လူများနှင့် ဝေးဝေးသွားနေကြသည်။ ရွာတွေထဲဝင်၍ ရန်မလုပ်ကြ။ ကကျဲရွာအနီး ရောက်သည့်အခါ လူငယ်တစ်ဦးသည် ဆင်ငယ်လေးအနီးသို့ ချဉ်းကပ်၍ ဖုန်းဖြင့် ဓာတ်ပုံရိုက်သည်။ ထိုအခါ အခြား ဆင်တစ်ကောင်က ထိုလူငယ်ကို ရန်ပြုတိုက်ခိုက်လိုက်သောကြောင့် အသက်ဆုံးရှုံးရလေသည်။

ထိုနေ့မှာပင် ညနေပိုင်း၌ ညောင်ပင်ကန်တဲတိုက်အနီးတွင် အသက် ၄၅ နှစ်အရွယ် ရွာသားတစ်ဦး ဆင်နင်းခံရသည်။ ဒဏ်ရာပြင်းထန်သဖြင့် မန္တလေးဆေးရုံသို့ ပို့ဆောင်ပေးကြရသည်။

တောဆင်ရိုင်းများသည် နပ္ပလင်ကျေးရွာအနီး ဘူးကင်းတောင်ထိပ်ရောက်လာကြသည်။ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်အတွင်းရှိ သူကောင်းတည်၊ ဆယ်လံ၊ ထောင့်ကြီး၊ ပခုက္ကူစသော ကျွန်းရွာများသည် ရေကြီး၍ ရေဘေးဒုက္ခရောက်နေကြသည်။ တူရွင်းတောင်တစ်ကြောမှ နပ္ပလင်၊ ချောင်းရှည်၊ အနောက်အုံ၊ စုတည်၊ တက်မ၊ သပြေအိုင်(ပျဉ်းမ)၊ ငါ့မင်းမေးရွာများမှာ ဆင်အန္တရာယ်ကို စိုးရွံ့ထိတ်လန့်နေကြရပြန်သည်။

တချို့သောပုဂ္ဂိုလ်များမှာမူ ဆင်များနောက်သို့ တကောက်ကောက်လိုက်၍ ကားစုငှားကာ ဘူးကင်းတောင်ခြေသို့ ဆင်ကြည့်ရန် သွားကြလာကြပြန်၏။

ဆင်ဟူသည် ဆင်ဦးစီးကို တစ်နေ့လျှင် သုံးကြိမ် သေကြောင်းကြံတတ်သည်။ ဆင်ဆိုသည်ကို ဘယ်တော့မှ ပြီးပြည့်စုံအောင် သင်ကြားမရပါဟု ဆင်ကျွမ်းကျင်သူများ ဆိုရိုးပြုခဲ့သည်ရှိ၏။

ဆင်ကြီးငါးကောင်မှာ ဩဂုတ်လ ၂၇ ရက်တွင် ကျောက်ပန်းတောင်းနယ်ထဲသို့ ရောက်သွားသည်။ ညောင်ဦးနယ်အတွင်း၌ ဆင်ငယ်လေးတစ်ကောင် ကျန်ခဲ့သည်။ ဆင်ငယ်ကလေးသည် အထီး။ ဟံအမျိုးအစားဆင်။ အရပ်က လေးပေခွဲ၊ အသက်မှာ လေးနှစ်ခွဲလောက်ရှိပြီ။ ဩဂုတ်လ ၂၈ ရက်တွင် မေ့ဆေးဖြင့် ပစ်၍ဖမ်းခဲ့၏။



စာရေးသူတို့၏ ပုဂံညောင်ဦးနယ်မှာ သစ်ကြီးဝါးကြီး တောအုပ်ဟူ၍ မရှိတော့ပါ။ ယာစည်းရိုးများမှ ထန်းတောတန်းများသာရှိသည်။ ယာအလယ်မှာတော့ ထွန်ရေးထွန်ရာတွင် အဆင်မပြေကြ၍ ထန်းပင်ကို မထားတတ်ကြတော့ပေ။ မြန်မာနိုင်ငံ၏ အလယ်တစ်ကြောတွင် တောင်မှမြောက်သို့ တန်းနေသည့် ပဲခူးရိုးမ၏မြောက်ဖျား ပုပ္ပါးတောင်အစွယ် တူရွင်းတောင်တန်းကလေးသည် ညောင်ဦး တောင်ဇင်းတိုက်နယ်ခွဲနှင့် စဉ့်ကူတိုက်နယ်ခွဲကြား တောင်မြောက်တန်းလျက်ရှိသည်။ ထိုတောင်စွယ်ကလေးသည် ညောင်တိုရွာအနီး မြကန်တွင် တောင်ကုန်းအဆုံးသတ်သည်။

**မြကန်သာ**

**တောင်ကျချောင်းတေး၊ ရေဝင်ပြေးလှည့်**<br>
**ရေအေးကြည်စွာ၊ ကန်ပိုင်မာလျက်**<br>
**ကြာပေါင်းထုံထုံ၊ ငှက်မျိုးစုံသည်**<br>
**ဘုံဝတီသာ၊ နန္ဒာပေလော**<br>
**တူစွဟုတ္တာ။ ။**

ပုဂံခေတ်မှကဗျာလေးတစ်ပုဒ်ဖြစ်သည်။ လွမ်းမောစရာရှိပါဘိ၏။ ယခုတော့ ကန်ထဲတွင် ရေကိုပင်အနိုင်နိုင်ထိန်းသိမ်းထားကြရသည်။ တောတွေပြုန်းသဖြင့် ရေနင်း (ရေလွှမ်းခြင်း) ခံကြရသည်။ တောတွေပြုန်းသဖြင့် ဆင်နင်းခံရပြန်၏။

၂၀၁၅ ခုနှစ် ဩဂုတ်လ ၃၀ ရက်တွင် ဆင်အုပ်သည် ကျောက်ပန်းတောင်း၊ နတ်မောက်၊ မြို့သစ်မြို့နယ်များကို ဖြတ်သန်းသွားခဲ့ကြသည်။ သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဆင်ဖမ်းအဖွဲ့

များသည် ပဲခူးရိုးမ စတုံကြိုးဝိုင်းအတွင်းရှိ စံပယ်တောင်သို့ ထိန်းကျောင်းမောင်းနှင်ပေးခဲ့မှုကြောင့် ဩဂုတ်လ ၃၁ ရက် နံနက် ၃ နာရီခန့်တွင် မူရင်းဒေသသို့ ဆင်များပြန်၍ရောက်ရှိသွားရတော့သည်။

ထိုဆင်သတ္တဝါများသည်လည်း လူသားများကဲ့သို့ ရေကြည်ရာ မြက်နုရာ နေရန်၊ စားရန် စားကျက်များ လှည့်လည်ရှာဖွေခဲ့သည်ဟုဆိုကြသည်။ ဆင်များသည် တောနက်ရာဒေသများ၌သာ နေကြသည်။ လျှိုများ မြောင်များတွင် နေတတ်၏။ ရေလည်းရှိသည့် နေရာကို ခိုမှီးကြသည်။

ဆင်ခြောက်ကောင်မှာ နေရင်းဒေသ၌ တောပြုန်းခြင်း၊ တောမုဆိုးများအန္တရာယ် ကြုံရခြင်းတစ်ခုခုကြောင့်သာ နယ်ကျွံလာကြ၏။

၂၀၁၅ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လအတွင်း မြန်မာနိုင်ငံတစ်ဝန်း၌ ရေကြီးမှုဖြစ်ပွားခဲ့သည်။ သစ်တောများ ပြုန်းတီးနေခြင်းမှာ သဘာဝအန္တရာယ်ဖြစ်စဉ်၏ အဓိကအကြောင်းရင်းဟု ပညာရှင်များက သုံးသပ်ကြသည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရစဉ် ၁၉၅၀ ပြည့်နှစ်ကာလတွင် သစ်တောဖုံးလွှမ်းမှုဧရိယာ ၇၀ ရာခိုင်နှုန်းရှိခဲ့သည်။ နှစ် ၆၀ အကြာ ၂၀၁၀ ပြည့်နှစ်တွင် သစ်တောဖုံးလွှမ်းဧရိယာမှာ ၃,၁၇,၇၃,၀၀၀ ဟက်တာ ၄၈ ဒသမ ၃ ရာခိုင်နှုန်းကျော်သာကျန်ရှိသည်ဟုဆိုသည်။ ထို့ကြောင့် နှစ်ပေါင်း ၂၀ ခန့်ကာလအတွင်း သစ်တောဧရိယာပေါင်း ၇၄,၄၅,၀၀၀ ဟက်တာ (သစ်တောဧရိယာ ၂၈၇၅၀ စတုရန်းမိုင်) ဆုံးရှုံးခဲ့ရ၏။ နှစ်စဉ် ပျမ်းမျှအားဖြင့် ၀ ဒသမ ၃ ရာခိုင်နှုန်း ဆုံးရှုံး၍နေသည်။



ကမ္ဘာပေါ်မှ သစ်တောပြုန်းတီးမှုအများဆုံး ၁၀ နိုင်ငံတွင် မြန်မာနိုင်ငံသည် အဆင့် ၇ ဖြစ်သည်။ ၂၀၁၄ ခုနှစ်တွင် နေပြောက်မထိုးသော အမြဲစိမ်းသစ်တောမှာ ၁၉ ဒသမ ၆ ရာခိုင်နှုန်းသာ ရှိတော့သည်။ ထိုအခါတွင် ကမ္ဘာမှာ နံပါတ် ၄ အဆင့်ဖြစ်သွားမည်ဟု ပညာရှင်များကဆိုသည်။

သစ်တွေ၊ ဝါးတွေရှားလေပြီ။ ရှားနေပြီ။ ဤသို့ဖြစ်လျှင် ထန်းပင်လေးတွေ မျက်ခုံးတလှုပ်လှုပ်ဖြစ်ရတော့မည်။ ဈေးကလည်းပေါ။ ရေရှည်ခိုင်ခန့်သော ထန်းသားများကို အိမ်ဆောက်၊ တဲဆောက်ကြရန် လူတွေက မျက်စောင်းထိုးကြပါတော့မည်။

ထန်းအပါအဝင် သစ်ပင်အသစ်များကို အစားထိုးမစိုက်ပျိုးကြလျှင် မိုးခေါင်မည်။ ရေရှားမည်။ ပူပြင်းခြောက်သွေ့မည်ဟု သိကြလျှင် အဖြေတော့ရှိသည်။

**"သစ်တောရှိမှ၊ ဘဝလှ**
**စုပေါင်းပါဝင်၊ စိုက်ပျိုးကြ"**

**TREE TREE AND TREE**

**ESTABLISH FOREST**

ကိုယ်လုပ်လျှင် ကိုယ်ရသည်။ မိမိအားကို မိမိယူ၍ ပင်ကိုအခံစိတ်များဖြင့် မိမိ၏ပတ်ဝန်းကျင်တွင် တစ်ဦးချင်းမှ သစ်ပင်များစိုက်ပျိုးခြင်းကိုတော့ စွမ်းနိုင်သူများချည်းသာ ဖြစ်သည်။

၁၉၉၇ ခုနှစ်တွင် ပုသိမ်ကြီးမြို့မှ မန္တလေးမြို့သို့သွားသည့် အမှတ် (၁၉) လမ်းမကြီး၏ဘေးတွင် ပုသိမ်ကြီးမြို့နယ်မှ ဌာနဆိုင်ရာများသည် သစ်ပင်များကို စုပေါင်းစိုက်ပျိုးခဲ့ကြသည်။

ယခု ၂၀၁၅ ခုနှစ်တွင် ကျွန်းပင်၊ ကျွန်းတောများနှင့် မဲဇလီ၊ ကုက္ကို၊ အော်ရေးရှား၊ တမာစသည့် လမ်းဘေးဘယ်ညာတွင် တောတန်းသဖွယ် အပင်ကြီးများဖြစ်နေသည်ကို မျက်တွေ့ လက်တွေ့ တင်ပြအပ်ပါသည်။

သတ္တဝါများသည် မိမိပတ်ဝန်းကျင်ကို ဖျက်ဆီးပါလျှင် မိမိကိုယ်ကို ဖျက်ဆီးနေခြင်းဖြစ်သည်။ မြန်မာတို့၏ဆိုရိုးစကားနှင့် ဆိုပါလျှင် အရိပ်နေ အခက်ချိုးချိုး၊ သားရေပေါ်အိပ် သားရေနားစား ပြုလုပ်ကြ၏။ သစ်တစ်ပင်ခုတ်သောသူသည် နှစ်ပင်စိုက်ရမည်။ သစ်ပင်ပေါင်းများစွာ မိမိတို့ရွာမှာ ခုတ်မိကြလျှင် အဆတစ်ရာ တစ်ထောင်မက ပြန်လည်စိုက်ပျိုးကြရမည်။ အနာဂတ်မြန်မာပြည် စိမ်းလန်းစိုပြည်မှုအတွက် အင်တိုက်အားတိုက် သစ်တောများ ပြန်လည်ထူထောင်ကြရပါတော့မည်။ စိုက်ရုံစိုက်ပြီး ပစ်မထားဘဲ သားသမီးကဲ့သို့ တယုတယ ရေလောင်းပေါင်းသင် စောင့်ရှောက်ကြရပါမည်။

“နိုင်ငံတစ်ဝန်း စိမ်းလန်းဖို့၊ ပြည်သူအားလုံးပါဝင်စို့”

*****





တောဆင်ရိုင်းတစ်အုပ်

## အမြေ

**သစ်တောသစ်ပင်၊ ချစ်ခင်တဲ့လူမျိုး**
**သစ်ပင်ကိုနှစ်စဉ်စိုက်၊ ရွှေတိုက်ကိုစိုး**

ကျွန်တော် ထွန်းထွန်းဟာ အမေ့အရိပ်မှာ ညက နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ခဲ့ပါတယ်ခင်ဗျာ။ အာရုံကျင်းလင်းလာစမှာပဲ အိပ်ရာကထ၊ မျက်နှာသစ်၊ အမေကျွေးတဲ့ ထမင်းကြော်ကိုစား၊ ရေနွေးသောက်ပြီး ရွာအပြင်ဘက်ကို လမ်းလျှောက်ထွက်ခဲ့ပါတယ်။

ရွာတံခါးအဝမှ အရှေ့ကိုသွားရင်တော့ ကိုချစ်စိန်၊ ကိုပုစတဲ့သူများရဲ့အိမ်တွေက သစ်ညိုပင်တန်းအထိ ရောက်နေပါပေါ့လား။

မြောက်ဘက်မှာတော့ အစိုးရမူလတန်းကျောင်း ဝင်းနှင့်ခြံနှင့် အဆောက်အအုံ ကျက်သရေရှိလှပါဘိတော့။ ကျောင်းရှေ့မှာ အလံတိုင်ကလေးထူထားတယ်။ ကျောင်းစည်းရိုးတစ်လျှောက်မှာတော့ အလှပင်၊ အရိပ်ရပင်ကလေးများကို စနစ်တကျစိုက်ပျိုးပြီးဖြစ်နေတာကို တွေ့ရပြန်ပါတယ်။

စာသင်ကျောင်းကို ကျော်လိုက်တော့ လမ်းအရှေ့ဘက်က ရွာရေကန်ကုန်းပေါ်ကို ကျွန်တော် တက်ထိုင်ပြီးနေလိုက်ပါတယ်။ ရေကန်ကုန်းက ကျပ်မြေတွေပါ။ ကန်ထဲကို ရေနဲ့အတူ နှစ်စဉ်





ဝင်လာတဲ့နုန်းမြေတွေကို တူးတင်ရင်းနဲ့ အတော်မြင့်လာနေပါပြီ။ ဒ့ါကြောင့် ရေကန်ကလည်း အနောက်ဘက်ခြမ်းက စောက်နက်ပြီး ကလေးတွေလိမ့်ကျမှာ စိုးမိပါသေးတယ်။ ကန်ရဲ့တောင်ဘက်မှာတော့ ကျွန်တော်တို့ရဲ့ကန်ဦးယာပါပဲ။ ဒီနှစ်မိုးဦးလေးမဆိုးတော့ အပင်ကလေးတွေဖြစ်ထွန်းလို့၊ စိမ်းစိမ်းစိုစိုရှိပါတယ်။

ဒါကြောင့်လည်း ရေတစ်အိုး. . . မိုးတစ်ပေါက်. . . လို့ ရှေးလူကြီးတွေက ပြောခဲ့ကြတာအမှန်ပဲပေါ့ ခင်ဗျာ။ မိုးရေရဖို့ မိုးရွာဖို့က အလွန်ပဲအရေးကြီးပါတယ်။

တောင်ဘက်ကန်ကုန်းပေါ်မှာ ၁၀ နှစ်၊ ၁၁ နှစ်အရွယ် ကလေးတွေ လျှောက်လာနေကြပါတယ်။

"ဘယ်ကလာကြတာလဲ. . ."

"စန်းကန်ရွာက"လို့ ပြန်ဖြေကြတယ်။

"ဘယ်ကျောင်းကို သွားကြမှာလဲ. . ."

"ပုတီးကုန်းကျောင်းကို" တဲ့ . . .

ကလေးများဟာ အသွားအပြန် သုံးမိုင်ခရီးရှိလောက်တယ်။ စန်းကန်ရွာမှာ မူလွန်ကျောင်းဖြစ်သွားစေချင်လှပါတယ်။ ကျွန်တော်တို့ ငယ်ငယ်ကနေခဲ့တဲ့ ကြီးနီကျောင်းနဲ့လည်း သူတို့ရွာက သုံးမိုင်ကျော်ဝေးလောက်ပါတယ်ခင်ဗျာ . . . ။

ရွာထဲက ဉပုသ်စောင့်မယ့်လူကြီးတွေထွက်လာနေကြပြီမို့ ကျွန်တော်လည်း ဘုန်းကြီးကျောင်းဝင်းထဲကို ကန်ကုန်းပေါ်ကဆင်းလမ်းဖြတ်ပြီးဝင်လိုက်တော့တယ်။ ကျောင်းရဲ့အရှေ့ဘက်လူဝင်ပေါက်က ဝင်တာပါ။ ကျောင်းအနောက်ဘက်မှာတော့ လှည်းဝင်/ကားဝင်ပေါက်ရှိပါတယ်။

လက်ဝဲဘက်မှာ သိမ်၊ လက်ယာဘက်မှာ ဆုတောင်းပြည့်ဘုရား၊ မန်ကျည်းပင်နားက ကုန်းလေးဆင်းတယ်ဆိုရုံဆင်းလိုက်တော့ နှစ်ထပ်ကျောင်းကြီးရှိပါတယ်။ မြောက်ဘက်နားက မန်ကျည်းပင်ရိပ်၊ ယခင်ပြည်တော်သာကျောင်းနေရာမှာတော့ ဆွမ်းစားကျောင်း (တိုက်ကျောင်း) အသစ်ကလေးရှိပါတယ်။ ကျောင်းဝင်းကြီးက အကျယ်ကြီးပါ။

ကျောင်းကြီးခြေရင်း ကျွန်တော်ရောက်ခါနီးမှာပဲ ကျောင်းဝင်းအနောက်ပေါက်က အောင်သက်နိုင်လာနေတာမို့ ခဏစောင့်၊ ကျောင်းပေါ်ကို အတူတူတက်ခဲ့ကြပါတယ်။ ကျောင်းကြီးပေါ်မှာ လူတော်တော်များများရောက်ရှိနေပါပြီ. . .။

"ငါ့ညီလေးတို့ ဒီကိုလာကြ. . . လာကြ. . ." လို့ ကိုကြီးအောင်ပိုက လှမ်း၍ခေါ်ပြီး နေရာပေးပါတယ်။ မကြာမီမှာ ဆရာတော်ဦးဉာဏိဿရထံမှ ရှစ်ပါးသီလခံယူကြပါတယ်။ ဘုန်းကြီးကျောင်းက လက်ဖက်နဲ့ စုံစီနဖာ စားသောက်စရာများကို ရေနွေးကြမ်းနဲ့ ဧည့်ခံပါတယ်ခင်ဗျာ။

ရွာလူကြီး ဦးကျော်အုန်းမောင်က

"ညီလေး အောင်သက်နိုင်၊ မင်း လူတစ်ယောက် သစ်တစ်ပင် စိုက်ပျိုးကြလျှင်ဆိုပြီး ရွာကို လက်ဆောင်ပေးမလို့ဆို။ ကဲ ပြောကွာ" ဟုဆိုလေတော့ ကိုအောင်သက်နိုင်က ပြောပြသည်မှာ-

"ရွာက ဆရာတော်ဘုရား၊ အစ်ကို၊ အစ်မများ၊ ညီငယ် ညီမငယ်များကို ဂါရဝပြုအပ်ပါတယ်. . . ကျွန်တော်နဲ့ ထွန်းထွန်း ရွာကိုပြန်လာတော့ လမ်းမှာ ထန်းပင်တွေခုတ်လှဲထားတာကို တွေ့ရပါတယ်။ အရင်တုန်းကလို ချောင်းဘေးတွေနား ရှားပင်၊ ထနောင်းပင်တွေကိုလည်း သိပ်ပြီး များများစားစားမတွေ့ခဲ့ရပါဘူး။ မနှစ်ကဆို မိုးခေါင်တာ ဒီလို ဝါဆို၊ ဝါခေါင်အထိ ကန်ထဲမှာရေမရှိသေးပါဘူးနော်. . .။



အဲဒီတော့ မိုးမခေါင်ချင်ရင် သစ်ပင်စိုက်ကြရပါမယ်။ သစ်ပင်များဟာ လူသားတို့ရဲ့ အသက်သခင်ကျေးဇူးရှင်ဟုပင် ဆိုထိုက်ပါတယ်။ လူသားတွေရှင်သန်နေထိုင်စေရေးအတွက် သစ်ပင်များက တိုက်ရိုက်၊ ဒါမှမဟုတ် သွယ်ဝိုက်ပြီး အကျိုးပြုကြပါတယ်။ လူတွေဟာ သစ်ပင်များရဲ့ အသီး၊ အရွက်၊ အမြစ်၊ အခေါက်၊ ပင်စည်အားလုံးကို အသုံးပြုကြပါတယ်။

နမူနာကတော့ ထန်းပဒေသာပေါ့ခင်ဗျာ. . . သစ်ပင်ဟာ အေးမြတဲ့အရိပ်၊ သဘာဝဘေးဒဏ်များရဲ့အကာအကွယ်ကိုလည်း ပေးအပ်ပါတယ်။

သစ်ပင်ဟာ လူသားများအသက်ရှင်နေထိုင်ရေးအတွက် အောက်ဆီဂျင်ဓာတ်ကို ထုတ်လွှတ်ပေးပြီး လူတို့စွန့်ထုတ်တဲ့ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ကိုတော့ လက်ခံပေးပြန်ပါတယ်။ ဥတုရာသီ တောကိုမှီဆိုစကားနဲ့အညီ သစ်ပင်နဲ့ထန်းတောများက ရာသီဥတုမျှတမှုကို ဖန်တီးပေးကြတယ်။ ဒါပေမဲ့ သစ်တော သစ်ပင်များ ပြုန်းတီးမှုကြောင့်လည်း ရာသီဥတုကို ကမောက်ကမ ဖြစ်စေပြန်ပါတယ်။

သစ်တောများကြောင့် မြေဩဇာတိုးပွားတယ်။ မြစ်ကြောင်းများကို သဘာဝအလျောက် ထိန်းသိမ်းပေးတယ်။ သစ်တောမှီ ဇီဝမျိုးကွဲများကို ဖွံ့ဖြိုးစေတယ်။ သစ်တောများတည်ရှိရာ ရပ်ဝန်းတစ်ခုလုံးကို ဂေဟစနစ်မပျက်ယွင်းအောင် ထိန်းသိမ်း

ကာကွယ်ပေးတယ်။ ဤကဲ့သို့ လူသားတို့အားအကျိုးပြုသော သစ်တောများကို လူသားများက ခုတ်ထွင်ရှင်းလင်းဖြုန်းတီးပါက ကမ္ဘာ့မိုးသစ်တောကြီးများ ပြုန်းတီးလာခြင်း၊ ကမ္ဘာ့သစ်တောများ နှစ်စဉ် စတုရန်းမိုင် နှစ်သောင်းမှ သုံးသောင်းအထိ ပျက်စီးနေခြင်းတို့ကြောင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဒဏ်ကို လူသားများက ခံစားလျက်ရှိပါတယ် ခင်ဗျား ။

ယခု ကျွန်တော်တို့နိုင်ငံမှာ လက်တွေ့ဖြစ်နေခဲ့ပါတယ်။ အိန္ဒိယသမုဒ္ဒရာ၊ ဘင်္ဂလားပင်လယ်အော်မှာ ကိုမန်ဆိုတဲ့ မုန်တိုင်းကြောင့် ကျွန်တော်တို့မြန်မာပြည်မှာ မိုးများ ဇူလိုင်လထဲမှာ အဆက်မပြတ် ရွာသွန်းခဲ့ပါတယ်. . . ။

သစ်တောတွေပြုန်းတီးပျက်စီးခဲ့တာမို့ တိုင်းဒေသကြီးများနဲ့ ပြည်နယ် (၁၂) ခုမှာ ရေကြီးပြီး ရေလျှံတယ်။ ၂၀၀၈ ခုနှစ်က နာဂစ်မုန်တိုင်း သဘာဝဘေးအန္တရာယ်ကြီးအပြီးမှာ ယခု ၂၀၁၅ ခုနှစ်မှာ သဘာဝဘေးကို ပြည်သူတွေကြုံတွေ့ခံစားကြရပြန်ပါတယ်. . . ။

ကျွန်တော်တို့ ရွာအပြန်လမ်းမှာ ထန်းပင်တွေကို ခုတ်ထားထစ်ထား ဖြတ်ထားတာတွေကို မြင်ရပေမယ့် ထန်းတက်နေတဲ့သူကို မတွေ့ခဲ့ရပါဘူး။ တွေ့ရင်တော့ ထန်းရည်ချိုတောင်းပြီး သောက်မလို့ပါပဲ။

ဘာကြောင့်လဲမေးကြည့်တော့ အရင်ထန်းတက်တဲ့အုပ်စု ဇဒယ်(စုတည်ရွာ)တဲတိုက်၊ ကန်မြောက်ဘက်ကလည်း သူတို့ရွာကို တချို့ပြန်သွားကြတယ်ဆိုပဲ. . . ။



မြေနီရွာ လူငယ်လူရွယ်များကလည်း အကြောင်းအမျိုးမျိုးကြောင့် ထန်းတက်မစားကြတော့ဘူးတဲ့။ နိုင်ငံရပ်ခြားတိုင်းပြည်များ မလေးရှားနဲ့ အခြားတိုင်းပြည်တွေသွားပြီး အလုပ်လုပ်ကြတယ်။ ရွာပြန်ပြီး ငွေလှမ်းပို့နေကြတယ်ဆိုပဲ။ ဒါ့ကြောင့် ထန်းတက်၊ ထန်းလှီးသူ နည်းပါးလာနေပြီပေါ့. . . ။

ထန်းပင်ထန်းတောတွေထဲက ရှီ. . . ရှီ. . . ရှီဆိုတဲ့ လေချွန်သံ၊ သီချင်းတွေအော်ဆိုသံကလေးများတောင် မကြားရပါဘူး။ ကျွန်တော်တော့ လွမ်းမိသလိုလိုပါပဲ. . . ။

အခုလို မိုးရာသီကာလမှာ မြေဆီစိုခိုက် သစ်ပင်စိုက်ကြဖို့ အကောင်းဆုံးအချိန်ဖြစ်ပါတယ်။ ကမ္ဘာ့သစ်ပင်စိုက်ပျိုးရေးနေ့ဟာ ဇူလိုင်လ (၇) ရက်ပါ။ လူသားများရှင်သန်နေထိုင်နိုင်ရန် သစ်တော သစ်ပင်နဲ့ သဘာဝဂေဟစနစ်များ ရှင်သန်ဖြစ်ထွန်းဖို့ လိုအပ်လှပါတယ်။ ယနေ့ ကမ္ဘာ့လူဦးရေ၊ မြန်မာ့လူဦးရေဟာ တစ်နေ့တခြား တိုးပွား၍ရှိနေပါတယ်. . . ။

ဒါပေမဲ့ ပတ်ဝန်းကျင်ထိန်းသိမ်းမှုက အားနည်းတယ်။ ကျွန်တော်တို့ငယ်ငယ်တုန်းက ရွာစည်းရိုးမှာ တန်ဆောင်းဖူး (ဆူး) ပင်တွေရှိတယ်။ အရိုးစည်းပင်တွေလည်းရှိခဲ့ပါတယ်။ ရွာတောင်ဘက်ချောင်းကြီးနီကျောင်းသွားတဲ့လမ်းမှာ နာနတ်ရိုင်းပင်လက်ဖျားတွေပေါ်မှာ တုတ်ကလေးတွေနဲ့ စာတမ်းလေးတွေ ရေးခြစ်ပြီး တစ်ဦးနှင့်တစ်ဦးစခဲ့နောက်ခဲ့ကြပါတယ်။ အခု အဲဒီအပင်တန်းတွေမရှိတော့ဘူး။ ထင်းခုတ်ကြတော့ မျိုးပြုတ်ကုန်ပြီလေ။

အဲဒီတော့ ဖြစ်နိုင်ရင် ရှိပြီးသားသစ်ပင်များကို မခုတ်ကြပါနဲ့။ ခုတ်ရင်လည်း အစားထိုးစိုက်ပျိုးရန်လိုပါတယ်။ သစ်ပင်များ

ပျိုးထောင်စိုက်ပျိုးခြင်းသည် အနာဂတ်မျိုးဆက်သစ်များအား အမွေခံကောင်းများကို စွမ်းဆောင်ပေးခြင်းပဲဖြစ်ပါတယ်။

ရာသီဥတုကမောက်ကမဖြစ်ခြင်းနှင့် သဘာဝဒဏ်များ ကျရောက်ခြင်းကို ကာကွယ်ရန်အတွက် လူသားများဆောင်ရွက်ရမည့်နည်းလမ်းဟာ ကိုယ့်အရပ် ကိုယ့်ဒေသမှာ ရှင်သန်ဖြစ်ထွန်းမယ့် သစ်ပင်စိုက်ပျိုးခြင်းသာ ဖြစ်ပါတယ်ခင်ဗျား။

"လူသားများရဲ့ဘဝလုံခြုံစွာ အသက်ရှင်သန်ရပ်တည်နေထိုင်နိုင်ရေးအတွက် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းမှ သဘာဝပတ်ဝန်းကျင်တည်တံ့မှုရရှိစေရေး (Environmental Sustainability) ဆိုတဲ့ ထောင်စုနှစ်ရည်မှန်းချက်ဖြစ်တဲ့ လူတစ်ယောက် သစ်တစ်ပင်စိုက်ပျိုးကြပါရန် ရိုသေလေးစားစွာဖြင့် တိုက်တွန်းအပ်ပါတယ်ခင်ဗျား"

"ရော့ ငါ့ညီလေး။ ငါ ရေနွေးကြမ်းလေးကို မင်းအတွက် အအေးခံပေးထားတာနော်။ သောက်လိုက်ပါဦး" ရွာလူကြီးဦးကျော်အုန်းမောင်မှ ရေနွေးခွက်လှမ်းပေးပြီးလျှင်

"ငါ့ညီရေ ငါတို့ ဗဟုသုတများစွာရရှိပါတယ်။ တို့မြန်မာတွေဟာ သစ်တောသစ်ပင်တွေကို ခင်ခင်မင်မင် ရှိပါတယ်။ သနပ်ခါးပင်၊ ကျွန်းပင်၊ လျှော်ဖြူပင်၊ မကျည်း၊ ထန်းကအစ သစ်ပင်ဟာ တို့လူသားတွေကို အကျိုးပြုပြီး 'ငွေ'ရစေတာမို့ တို့တောင်သူများရဲ့ 'ရွှေခဲကြီး'တွေလို့ မှတ်ယူပြီး နှစ်စဉ် မှန်မှန် စိုက်သွားပါတော့မယ်ဗျား. . . "ဟု ပြုံးရွှင်စွာ ပြောချလိုက်တော့သတည်း. . . . ။

*****

## ခေတ်ပြောင်းပြီ

**ရွှေဗဟိုရ် စည်သံများကိုလ**
**မကြားရကြာချေပြီ၊ လေးလရာသီ**
**တိုင်းဌာနီ၊ မဟုတ်ကယ်ပါပြီမို့**
**ကြက်သံကို ဗဟိုရ်ပြုတယ်**
**တောသူရွာမို့. . . . . . . ။**

အောက်. . . အီး. . . . အီး. . . အွတ်
လင်းကြက်များ တွန်လေပြီ . . . . . . . ။
ဒင်. . . ဒင်. . . ဒင်. . . ဒင်. . . ဒင်. . . ဒင်. . . . ။

ရွာဦးကျောင်းမှ သံစုံအော်ဂင်နာရီကြီး၏ နံနက်လေးနာရီမြည်သံကိုကြားရ၏။

ကိုအောင်ပိုအိပ်ရာမှ နိုးပါပြီ။ ရုတ်တရက်မူ မထနိုင်သေးချေ။ အတွေးကအရင်ဝင်လာသည်။ ဆွေးသလိုလို၊ လွမ်းသလိုလို စောစောစီးစီးငါ့နှယ် ဖြစ်ရလေခြင်းဟု အောက်မေ့သည်။

"နောင်. . . . ဒူဝေ. . . . ဒူဝေဝေ. . . ဒူဝေဝေ. . . "

ကြေးစည်သံ

"အောက်. . . . အီး. . . . . အီး. . . . အွတ်. . . . . "

ကြက်တွန်သံ

"မဂျမ်း. . . ရေ. . . . ဟေ မဂျမ်း. . . .။ ချောက်ကို သွားကြမယ်။"ဒွေးလှရှင်၏ မြောက်ပိုင်းမှ တောင်ပိုင်းသို့အထိ ကြားလေအောင် အော်၍ခေါ်သံ. . .။

ကိုအောင်ပိုင်ယဉ်စဉ်ကလေးဘဝမှစ၍ ၁၆ နှစ်၊ နှစ် ၂၀ အထိ ထာဝရကြားခဲ့သိခဲ့ရသော ပိုလ်ကုန်းရွာ၏ အရှက်ဦးကာလများ ဖြစ်သည်။

ယခုတော့ ဆရာတော်ကြီးဦးသောဘိတပျံလွန်တော်မူခဲ့ပြီ။ ရွာဆက်ရပ်ဆက်ရဟန်းပျိုနှစ်ပါး ကျောင်းထိုင်ခဲ့ကြ၏။ အကြောင်း မညီညွတ်၊ လူထွက်ကြ၏။ ယခုကျောင်းထိုင်ဆရာတော်မှာ ရေစကြိုနယ်က ကြေးစည်ထုရန်ခက်ခဲသည်ဆို၍ ကိုညိုလှ(မန္တလေး)မှ အော်ဂင်နာရီစီစဉ်ရသည်တဲ့။

ခေတ်ပြောင်းပြီ။ မနေ့က နေ့လယ်တွင် စိုက်ရေးပျိုးရေး ပြောခဲ့ကြသေးသည်။ ထန်းဆိုသည်က နှစ်ရှည်ပင်။ သားစဉ် မြေးဆက်စားရသည်။

"ကိုသီဟ". . . . ရေ။

"ဗျာ ကိုကြီးအောင်ပို. . ."

"ငါ့ညီလေးလည်း ယခုအစ်ကိုကြီးလိုတောင်သူပေါ့၊ ဒါပေမဲ့ မင်းက စိုက်ပျိုးရေးဌာနဝန်ထမ်း။ စိုက်ပျိုးရေး ဒီပလိုမာဘွဲ့ ရထားတာဆိုတော့. . .

ခေတ်မီနည်းစနစ်တွေ၊ ဗဟုသုတအထွေထွေ၊ နိုင်ငံတကာမှ တစ်ဆင့်ရရှိတဲ့ ကူညီထောက်ပံ့မှုတွေနဲ့ တို့ရွာ၊ တို့အုပ်စု တို့မြို့နယ်ကစပြီး နိုင်ငံတော်အဆင့်အထိ စိုက်ပျိုးရေး၊ စက်မှု လက်မှုနဲ့ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ဘယ်လိုရှိသလဲမောင်ရင်ရဲ့ ပြောပြပေးပါဦး"



"ဟုတ်ကဲ့ခင်ဗျာ ကိုကြီးအောင်ပို၊ နည်းနည်းတော့ ရှည်တာမို့ အချိန်ပေးပါခင်ဗျာ. . . . ညြော်ဟိုမှာ ကိုစတင်းနဲ့ကိုပြားတို့လည်း လာနေကြတယ်"

"လာကြပေ့ ငါ့ညီတို့ ဒီမှာကိုသီဟက တို့များတောင်သူတွေ အတွက် စိုက်ပျိုးရေးကိစ္စတွေပြောမှာ. . . ရေနွေးကြမ်းသောက်ရင်း အေးအေးဆေးဆေး နားထောင်ကြရအောင်နော်"။

ကိုသီဟက ရှင်းပြလေသည်။ မြို့ပြနှင့်ကျေးလက်ဒေသများ အနာဂတ်တွင် တိုးတက်ဖြစ်ထွန်းရန်လိုအပ်၍လာချေပြီ။ ထို့ကြောင့် စိုက်ပျိုးရေး၊ စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေး၊ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစသည့်ကဏ္ဍများပါဝင်သည့် "အမျိုးသား နယ်မြေဒေသ ဖွံ့ဖြိုးမှုစီမံကိန်း (National Spactial Developement Plan) ကို ရေးဆွဲလျက်ရှိသည်။

ထိုစီမံကိန်းသည် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ နယ်မြေအသီးသီး၏လိုအပ်ချက်များကို အနာဂတ်ကာလ သားစဉ် မြေးဆက်တိုင်အောင် ဖြည့်ဆည်းပေးနိုင်ရန် မြေသယံဇာတကို စနစ်တကျ အကျိုးရှိရှိ စီမံကိန်းချမှတ်၍ အသုံးပြုနိုင်ရန် ရည်ရွယ်ပါသည်။

စီမံကိန်းလုပ်ငန်းများမှာ-

- စီးပွားရေးယှဉ်ပြိုင်လုပ်ကိုင်နိုင်မှုတိုးမြှင့်နိုင်ခြင်း။
- စိုက်ပျိုးရေးအရင်းအမြစ်များနှင့် ကျေးလက်ဖွံ့ဖြိုးရေး လျာထားထိန်းသိမ်းခြင်း။
- လူနေမြို့ရွာများ ပြောင်းလဲတိုးတက်မှုစီမံခန့်ခွဲခြင်း။

- သဘာဝအရင်းအမြစ်များ၊ ဇီဝမျိုးစိတ်များ၏ ပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ခြင်း။
- အမျိုးသားအဆင့်နှင့် မြို့ပြဆိုင်ရာလမ်းကွန်ရက်စနစ် ပေါင်းစည်းခြင်း၊
- သင့်လျော်သည့် အခြေခံပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဖြစ်သည့် ရေပေးဝေမှု၊ မိလ္လာစနစ်၊ အမှိုက်စနစ်ထားရှိခြင်း၊ ရေကြီးရေလျှံမှုကာကွယ်ခြင်း၊ လျှပ်စစ်ဓာတ် ဖြန့်ဖြူးခြင်းများ ဖြစ်ကြ၏။

အထက်ပါလုပ်ငန်းများကို မြို့ပြနှင့်ကျေးလက်များတွင် အနာဂတ်ဖွံ့ဖြိုးတိုးတက်ဖြစ်ထွန်းနိုင်ရေးအတွက် စီမံဆောင်ရွက်ကြရပါမည်။

"သိဟ. . . ငါကဖြတ်ပြီးမေးပါရစေ။ အဲဒီလုပ်ငန်းတွေက ဘာကိုအခြေခံရေးဆွဲမှာလဲကွာ" ကိုစတင်းမှ စိတ်ဝင်တစား မေးလေ၏။

"ဒီလိုလေဗျာ. . .

နောင်တစ်ချိန်မှာ တိုင်းဒေသကြီးနဲ့ပြည်နယ်တွေရဲ့ စီးပွားရေးဖွံ့ဖြိုးမှုအခြေအနေ၊ တိုးတက်လာမဲ့လူဦးရေအခြေအနေ၊ ရှိပြီးအခြေခံအဆောက်အအုံတွေ၊ ထိန်းသိမ်းရမယ့်ရှေးဟောင်း ယဉ်ကျေးမှုနယ်မြေတွေ၊ သီးသန့်ချန်ရမယ့်နယ်ပယ်တွေကို လျာထားပြီး မြေအသုံးချမှုစနစ်ပေါ်ပေါက်ဖို့ပါပဲတဲ့ခင်ဗျာ"

"ဒီမှာ ညီလေး . . . မင်းပြောတာကို တို့နိုင်ငံမှာ လက်တွေ့နဲ့ ပြောပြပါဦးကွာနော်" ကိုပြားကဝင်၍ ထောက်ပြန်လေသည်။

"ဟုတ်ကဲ့ပါခင်ဗျာ . . .



ဒီလိုဗျ ကိုပြား။ နိုင်ငံတော်ရဲ့ရည်မှန်းချက်က ၂၀၂၀ ပြည့်နှစ်မှာ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ်မှ လွတ်မြောက်ရေးနဲ့ အလယ်အလတ်အဆင့် ဝင်ငွေရရှိတဲ့နိုင်ငံဖြစ်ဖို့ မျှော်မှန်းထားပါတယ်။ အစ်ကိုတို့လည်း တောင်သူလုပ်နေကြပေမယ့် အခြေခံပညာ (၁၀) တန်း အထိ နေခဲ့ကြတာနော်။ အခုက ခေတ်ပြောင်းနေပြီလေ။

နိုင်ငံတော်က ယခင် GDP Plan ကို ကာလတို ၅ နှစ် စီမံကိန်းများရေးဆွဲခြင်း၊ အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှု မျှော်မှန်းချက်ကိုအခြေခံပြီး ရန်ကုန်နှင့် မန္တလေးမြို့တို့ကို အဓိကဖွံ့ဖြိုးတိုးတက်ရေးအတွက် Two Polar Growth Strategy နဲ့ အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းတွေ ရေးဆွဲခဲ့ပြီတဲ့ ခင်ဗျာ. . . ။

နိုင်ငံရဲ့ကဏ္ဍပေါင်းစုံ ဖွံ့ဖြိုးတိုးတက်ရေးကိုရေးဆွဲတဲ့ Special Plan မှာ အမျိုးသားအဆင့်၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်အဆင့်၊ ဒေသန္တရအဆင့်ဆိုပြီး လုပ်ငန်းတွေပါရှိပါတယ်။ ပုဂ္ဂလိက အဖွဲ့အစည်းကဏ္ဍကိုလည်း ထည့်သွင်းဆောင်ရွက်မှာတဲ့။ ကျယ်ကျယ်ပြန့်ပြန့်နဲ့ ဒီစီမံကိန်းကြီးကို ပြည်ထောင်စုအစိုးရအဖွဲ့နဲ့ လွှတ်တော်ကို တင်သွင်းရမယ်တဲ့။ ပြည်သူလူထုများသိမြင်အောင်လည်း ရှင်းလင်းဆွေးနွေးလုပ်ကိုင်ကြရမယ်တဲ့ခင်ဗျာ. . . "

"အေး. . . အေး ငါ့ညီလေးမောသွားပြီ။ ရေနွေးကြမ်းသောက်ဦး။ နားဦး. . . ငါလေ့လာထားတာ တို့ညောင်ဦးနယ်မှာ ငါကြားတာလဲပြောပြဦးမယ်နော်. . . "

"ဟုတ်ကဲ့. . . ကိုကြီးအောင်ပို၊ အခုအချိန်ကျွန်တော်တို့ ညောင်ဦးနယ်မှာလား. . . "

“ဟုတ်တယ်ကွ. . . ကိုပြားရ၊ ဒီလိုတဲ့လေ. . . ”

ညောင်ဦးမြို့နယ် ရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (KOICA) သည် သစ်ပင်မျိုးစုံ ဧက ၆၀၀ ကို မိုးရာသီအတွင်း စိုက်ပျိုးတည်ထောင်သွားမည်။

KOICA အဖွဲ့သည် ပုဂံ-ညောင်ဦးဒေသ၌ ၁၉၉၈ ခုနှစ်မှ စတင်၍ ပထမအကြိမ်၊ ၂၀၀၅ ခုနှစ်တွင် ဒုတိယအကြိမ်၊ ၂၀၀၉ ခုနှစ်တွင် တတိယအကြိမ် စိုက်ပျိုးခဲ့ကြသည်။ ယခုစတုတ္ထအကြိမ်၌ စိုက်ခင်းဧရိယာဧက ၂၀၀၀ ကျော် စိုက်ပျိုးမည်။

စိုက်ခင်းများတည်ထောင်ရာတွင် စိုက်ခင်းများရေရှည်တည်တံ့စေရေး၊ ထိန်းသိမ်းဆောင်ရွက်မှု၊ စိုက်ခင်းများထိရောက်စွာဖြစ်ထွန်းစေမှု၊ ဒေသဖွံ့ဖြိုးရေးတာဝန်ယူဆောင်ရွက်မှုများကို စီမံကိန်းတာဝန်ခံများနှင့် ကိုရီးယားကျွန်းကျင်ပညာရှင်များ ဆွေးနွေးခဲ့ကြသည်။ (မြန်မာ့အလင်းသတင်းစာ၌ဖော်ပြချက်)။

“ဟာဗျာ. . . ကိုကြီးအောင်ပိုကလည်း ကျွန်တော်တို့ရွာနဲ့က ၁၀ မိုင်လောက်ဝေးနေတာကို. . . ဘာဆိုင်လို့လဲဗျာ. . . ”

“ဟကောင်. . . ကိုပြားရ. . ဂန့်ဂါရွာနားထိဆိုတော့ သစ်တောတွေ တို့နား နီးနေတာပဲလေ။ သစ်တောတွေကောင်းလာရင် မိုးကောင်းလာဖို့ မျှော်လင့်ရတာပေါ့ကွာ”

သောက်၍ကုန်သွားသော ရေနွေးကြမ်းခရားတွင် ရေနွေးများဖြည့်ရန် ခိုင်မွန် ရောက်လာသည်။

“ခိုင်မွန်”



“ရှင်. . . ဘာလဲရှင့်”

“ဟိုတစ်နေ့က သန်းရီမ ယူလာတဲ့ တို့ကျေးရွာဂျာနယ်ကို ဒီယူခဲ့စမ်းပါ။ ဒီမှာငါ့ညီတို့၊ ဒီသတင်းကောင်းလေးကိုလည်း နားထောင်ကြည့်ကြပါဦး။ သမီးခိုင်မွန်ရေ. . . .။ ဖတ်ပြလိုက်ပါဦး. . . ”

မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့သည် နှစ်နိုင်ငံစီးပွားရေးနှင့်နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးတို့ကို ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် ငွေပမာဏ ဒေါ်လာ ၈ ဘီလီယံခန့်ရှိသော နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခဲ့ကြောင်း Sichuan Myanmar Business Matchins Conference မှ သိရသည်။

မြန်မာနိုင်ငံ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏသည် ပြည်ပနိုင်ငံ ၃၃ နိုင်ငံအနက် တရုတ်နိုင်ငံ၏ရင်းနှီးမြှုပ်နှံမှုသည် အများဆုံးဖြစ်သည်။ လုပ်ငန်းစီမံကိန်း ၇၄ ခုတွင် အမေရိကန်ဒေါ်လာ ၁၄၆ ဒသမ ၁၂၃ သန်း ရင်းနှီးမြှုပ်နှံထားသည်။ ရင်းနှီးမြှုပ်နှံမှုအားလုံး၏ ၂၃ ရာခိုင်နှုန်းရှိ၏။ အခြားအိမ်နီးချင်းနိုင်ငံများနှင့် နှိုင်းယှဉ်ပါက အများဆုံးဖြစ်ကြောင်း UMFCCI မှ တာဝန်ရှိသူ၏ ပြောကြားချက်အရသိရသည်။

အသုံးပြုမည့်လုပ်ငန်းများမှာ. . . .

ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေး၊

မွေးမြူရေးနှင့်ရေလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေး၊

ရေအားလျှပ်စစ်စီမံကိန်း၊

ရေနံနှင့်သဘာဝဓာတ်ငွေ့များကဏ္ဍများတိုးချဲ့ရေး၊

ဆက်သွယ်ရေးကဏ္ဍတိုးတက်ဖွံ့ဖြိုးရေး၊

ကျေးလက်ဒေသဖွံ့ဖြိုးရေးတို့ဖြစ်ကြသည်။

"ကိုကြီးအောင်ပိုရာ. . . ကျွန်တော်တို့ဆီကို အကျိုးသက်ရောက်မှု ဖြစ်လာနိုင်ပါ့မလားဗျာ. . . "

"ဟကောင်. . . စတင်းရ. . . တို့ကောင်တွေမျှော်တော့ မျှော်နိုင်ရတာပေါ့။ ကျေးလက်ဒေသဖွံ့ဖြိုးရေးက အခုဆို တို့ရွာအစိုးရမူလတန်းကျောင်းမြောက်ဘက်မှာ စက်ရေတွင်းအသစ် တစ်တွင်းတောင်တူးပေးမယ်လို့ ရွာအုပ်ချုပ်ရေးမှူး ကိုကျော် အုန်းမောင်က မနေ့ကပဲ ငါ့ကို ပြောလိုက်တာကွ"

"ဟာ. . . အဲဒီလိုဆိုရင်တော့ ရွာတောင်ပိုင်းအတွက် ယခု ရွာဦးစက်ရေတွင်းက ရေဖြန့်ဝေပေး၊ မြောက်ပိုင်းနဲ့ ရွာဘုန်းကြီးကျောင်းကို ကျေးလက်ဒေသဖွံ့ဖြိုးရေးစက်ရေတွင်းက ရေဖြန့်ဝေပေးနိုင်ရင်တော့ အိုကေပဲဟေ့. . . . " ကိုပြား ဝမ်းသာပီတိဖြစ်သွား၏။

"ဒါပေမဲ့". . . ကိုစတင်းသက်ပြင်းချလေသည်။

"စတင်းရ၊ ဘာလဲကွ မင်းရဲ့ ဒါပေမဲ့က"

"ဒီလိုပါဗျာ ကိုကြီးအောင်ပို၊ ပင်မဆွဲယူရမယ့်ရေပိုက်ကြီး၊ ရေပိုက်ခေါင်းနဲ့ တစ်အိမ်ချင်းအတွက် လိုအပ်မယ့် ငွေလုံးငွေရင်း ကလည်း ရှိသေးတာကိုးဗျ"

"အေး. . . ဒါကတော့ တို့ရွာက မန္တလေးမှာအများကြီး ရောက်နေကြတာ၊ သူတို့လည်းဝိုင်းကူညီကြမှာပါ။ အရင်ကတော့ ကိုရဲအောင်ရွှေက အစစအရာရာ ကမကထလုပ်ရှာတယ်"

"ဟုတ်တယ်ဗျာ. . . ဒီနှစ် ၂၀၁၅ ဇူလိုင်လ ၁၃ ရက်က သူသေသွားတာနာသဗျာ။ ကျွန်တော်ဖြင့် နှမြောလွန်းလို့ပါ"

"အေးပါ့ကွာ. . . လောကနိယာမ မတားနိုင်ဘူးပေါ့။ သူ့ကံက ဒီလောက်ပဲရှိတာကိုး။ ကိုညိုလှတစ်ယောက်တော့



အားကိုးနိုင်ကောင်းပါရဲ့၊ တို့အစိုးရမူလတန်းကျောင်းမြေကြီးကိုလည်း ညိုလှက ဝယ်လှူထားတာလေ"

ကိုအောင်ပိုသည် စိတ်ရှည်စွာဖြင့် သူ၏ညီငယ်များကို ရှင်းပြလေသည်။

"အစ်ကိုကြီး. . . စကားတော့ကောင်းပါတယ်ဗျာ။ နေစောင်းလာပြီ။ ကျွန်တော် ထန်းတောသွားရမှာမို့ ပြန်ပါတော့မယ်"

ကိုသီဟဆိုလေလျှင် ကျွန်တော်တို့လည်း သွားပါတော့မယ် ခင်ဗျဟု ကိုစတင်းနှင့် ကိုပြားတို့သုံးဦးသည် ပြောပြောဆိုဆို ပြန်၍သွားကြလေသည်။

"ဟဲ့. . . အောင်ပို အိပ်ရာကနိုးရက်သားနဲ့ ဘာလို့မထသေးတာလဲ၊ နွားတွေကို နွားစာကျွေးတော့လေ"

မင်း မြောက်ယာကမြေပဲပင်တွေ ကြားတိုက်ရင်း ထန်းသီး ခုတ်ဦးမှာဆို. . . ထတော့လေ"

အစ်မလတ် ဌေးမြင့်က ရေနွေးအိုးကျိုရာမှ လှမ်း၍ ပြောလေသည်။

အင်း. . . ဟုတ်လေသားပဲ အတွေးများရပ်သွား၏၊ ခေတ်ပြောင်းပြီ၊ တို့တောင်သူတွေလည်း အခြေမြင့် အနေတင့်ကြလေအောင် ခေတ်နှင့်အညီ ဝီရိယထား၍ ကြိုးစားဖို့တော့ လိုကြပေမည်ဟု ထထတွေးတွေးထပ်မံတွေးမိပါသေးသည်။

အချိန်ကာလနှင့်တစ်ပြေးညီ ခေတ်မီရန်တော့ လိုအပ်ကြလေဦးမည်။

*****

## နိဂုံးစကား

"ဘဝထိုထို ထန်းရိပ်ညို" ကို ရေးသားသူမှာ ပုဂံညောင်ဦးမြို့နယ်၊ စဥ့်ကူတိုက်နယ်ခွဲ မြေနီအုပ်စု ဗိုလ်ကုန်းရွာတွင်နေထိုင်သည့် ယာတောင်သူ မိလက္ခူမှ မွေးဖွားခဲ့သူဖြစ်၏။ ထို့ကြောင့် အညာဒေသမှာရှိသော မြေပဲ၊ နှမ်း၊ ဝါ၊ ထန်း၊ မန်ကျည်း၊ ထနောင်း၊ တမာ၊ နွား၊ ဆိတ် စသည်တို့သည် စာရေးသူ၏ သူငယ်ချင်းငယ်ပေါင်းများဖြစ်ကြ၏။

စတုတ္ထတန်းမအောင်မီ နွားများကိုကျွေးရန် နွားစာကို လက်ဖြင့် နုတ်ရသည်။ မိုးကောင်း၍ ပေါင်းမြက်ထူပါလျှင် တံစဥ်ဖြင့်ရိတ်ရသည်။ အစ်မကြီးဖြစ်သူနှင့်အတူ ချောက်မြို့ရှိ မြောက်ပိုင်းဈေးလေးသို့ရောင်းချရန် မန်ကျည်းပင်တက်၍ မန်ကျည်းရွက်လည်းခူးရပါသည်။

အလယ်တန်းကျောင်း (ကြီးနီရွာ) နှင့် အထက်တန်းကျောင်း (ချောက်မြို့) သူဘဝများတွင် ကျောင်းအားရက်များတွင် နွားစာ ထန်းသီးစဥ်းရသည်။ ထန်းသီးစဥ်းရာတွင် ချောက်မြို့သို့ အစ်မကြီးဖြစ်သူသွားရောက်၍ ထန်းသီးဆံရောင်းချနိုင်ရန် ကြားခွဲ၍ တစ်မျိုးစဥ်းရသည်။ ထန်းနို့ခိုင်ကို ဆေးရိုးစဥ်းရသည်။ လက်ညှိုး၊ လက်ခလယ်များနှင့် ထန်းသီးစုပ်တတ်ပါသည်။ ထန်းရွက်မိုးရန် သယ်ပေးရသည်။ ထန်းရွက်ဖြင့် ပဲရိုးပုံအုပ်ခဲ့ရသည်။ မြူအိုး





ကောက်ရသည်။ ထန်းလျက်ကျိုရ၏။ မြင့်သည့် ထန်းပင်များတော့ မတက်ခဲ့ရပါ။ သို့သော် ထန်းရိုင်းပင်မျှလောက်တော့ ထန်းပင်တက်၍ ထန်းလက်ပပ်ခွာခဲ့ရသည်။

ဝါကောက်ရသည်၊ ပဲစိုက်ရသည်၊ ပဲနုတ်ရသည်၊ ပြောင်းဖူးပင်ရိတ်ရသည်။ ကင်းပုံရွက်၊ ဂုံရွက်၊ ဆူးပုပ်ရွက်စသည့် ဟင်းရွက်စုံလည်း ခူးတတ်သည်။

သို့သော် ရတနာသုံးပါးနှင့် မိဘဆရာသမားများ၏ ဂုဏ်ကျေးဇူးဖြင့် အတန်းပညာကို တစ်နှစ်တစ်တန်း မှန်မှန် အောင်မြင်ပြီးလျှင် မန္တလေးတက္ကသိုလ်မှ သိပ္ပံဘွဲ့ကို ရရှိခဲ့ပါသည်။

၁၃၇၆ ခုနှစ်၊ ပြာသိုလတွင်ဖြစ်သည်။ ဗိုလ်ကုန်းရွာရှိ ရေကန်၏တောင်ဘက် ကန်ဦးယာခင်းထဲ ပဲရိုးပုံ၏ဘေးတွင် အမျိုးသမီးကြီးနှစ်ဦး၊ အရွယ်ကောင်းသူ (၄) ဦး၊ ကျား (၁) ဦးနှင့် ကလေးငယ်တစ်ဦးသည် မြေပဲဆွတ်၍နေကြသည်။

ဆောင်းလေပြည်ကလေးသည် တသွေးသွေးတိုက်ခတ်နေသောကြောင့် အေးစိမ့်စိမ့်ရှိလေ၏။

"ကျွေးထိုက်လို့ကျွေးရတာ၊ မွေးထိုက်လို့မွေးရတာ" ဟု မဖြူသီမှ ခပ်ကျယ်ကျယ်ပြောသည်။

"ဟား. . . ဟား. . . ဟား. . . "

ကျန်မိန်းမငယ်များ ပျော်ရွှင်စွာရယ်ကြလေသည်။ သူတို့အထာနှင့်သူတို့ ဟုတ်လှပေ၏။

သူတို့သည် လုံးဝပင်ပန်းဟန်မရှိကြပေ။ ပကတိရိုးသားဖြူစင်စွာရှိကြသည်။

လူငှားရန် ခဲယဉ်းလှသူ ရှာနေရသော အစ်မလတ်ကိုသနား၍ မြေပဲကူဆွတ်နေသော စာရေးသူသည် သူတို့အားကြည့်၍ သဘောကျမိသည်။

ထိုစဉ်က ရွာအကြောင်းစာဖွဲ့မည်ဟု ဆုံးဖြတ်ခဲ့သည်။ သို့သော် မိမိ၏စာသည် စာဖတ်သူ၏အချိန်အတွက် တန်ဖိုးရှိသော ဗဟုသုတရရှိရန်တော့လိုပေဦးမည်။ ဤဆောင်းပါးစာစုမှ အကြောင်းအရာများသည် အဖြစ်မှန်များဖြစ်ပါ၏။ ဇာတ်ကောင်များ၏အမည်များသည်လည်း အမှန်တကယ်ဖြစ်ပါသည်။ ဘ၀ထိုထို ထန်းရိပ်ညိုကို စွမ်းနိုင်သမျှကြိုးစားပြီး ရေးသားခဲ့ပါသည်။ ခေတ်မီသောနည်းစနစ်များကိုကျင့်သုံး၍ ဖွံ့ဖြိုးတိုးတက်သော လူ့အသိုင်းအဝိုင်းများကို အနာဂတ်လူငယ်လူရွယ်များ ဖန်တီးနိုင်ကြပါစေရန် စိတ်ရည်သန်၍ လေးစားရိုသေစွာဖြင့် ရေးသားတင်ဆက်ခြင်းဖြစ်ပါသည်။

**နွေးထွေး (ပုသိမ်ကြီး)**

## ကျမ်းကိုးစာရင်း


၁။ မှန်နန်းရာဇဝင်တော်ကြီး အတွဲ-၁

၂။ မောင်လင်းသူ(ညောင်ဦး)၊ ထန်းပင်အကြောင်း သိကောင်းစရာ

၃။ ကာတွန်းကြည်ဝင်း၊ မြန်မာ့မြေမှ မြန်မာ့ထန်း

၄။ ဒေါက်တာချစ်၊ ကျေးလက်စီးပွား ပြည်သူ့အား

၅။ တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)၊ မြန်မာ့တိုင်းရင်းဆေးပညာ

၆။ မဂ္ဂဇင်းစုံ၊ "ထန်း"အကြောင်းများ

၇။ The Voice ဂျာနယ် (၂၀၁၅ ခုနှစ်၊ ဇူလိုင်မှ ဩဂုတ်လအထိ)

၈။ 7 DAYS JOURNAL (၂၀၁၅ ခုနှစ်၊ ဇူလိုင်မှ စက်တင်ဘာလ အထိ)

၉။ မန္တလေးသတင်းစာတိုက်၊ မန္တလေးမြို့

မန္တလေးနေ့စဉ်သတင်းစာ

# စာကြည့်တိုက်တွင်းသုံးရန်

၆၃၄. ၉၇၄
နွေး

နွေးထွေး (ပုသိမ်ကြီး)

ဘဝထိုထို ထန်းရိပ်ညို/နွေးထွေး (ပုသိမ်ကြီး)။ - - ရန်ကုန်၊ စာပေဗိမာန်၊ ၂၀၁၈။

၂၀၉ စာ၊ ပုံများ၊ ၁၈ စင်တီ။ - -(စာပေဗိမာန် ပြည်သူ့လက်စွဲစာစဉ်)

၂၀၁၅ ခုနှစ်၊ ပခုက္ကူဦးအုံးဖေတည်ထောင်သော ပခုက္ကူစာပေဆု ကျမ်းစာပေ တတိယဆုရစာအုပ်ဖြစ်သည်။

၁။ ထန်းလုပ်ငန်း

(၁) ဘဝထိုထို ထန်းရိပ်ညို

(၂) စာပေဗိမာန်ပြည်သူ့လက်စွဲစာစဉ်